www.burmeseclassic.com


စိတ်ကူးချိုချိုအနုပညာ

မင်္ဂလာဆောင်မယ်

# ကာတွန်းပုံပြင်များ

# ၁

ဒေါက်တာခင်ရီဝင်း



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုစာအုပ်

# မင်္ဂလာမောင်မယ် ကမ္ဘာ့ပုံပြင်များ (၁)

ဒေါက်တာခင်ရီဝင်း

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ
ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာမောင်မယ်ကမ္ဘာ့ပုံပြင်များ(၁)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၉၅၁၀၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၁၄၂၅၁၂၀၇ တို့ဖြင့်

ပန်းချီဆရာကြီး ဦးစိန်၏ သရုပ်ဖော်ပုံကို မျက်နှာဖုံးဒီဇိုင်း ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ ဇန်နဝါရီလတွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| အမှာစာ | | ၇ |
| ကန်တော့ပန်း | | ၉ |
| သူ့ရဲကောင်းသားအဖ | (ပါးရှားပုံပြင်) | ၁၁ |
| မောင်ပန်းသီး | (ဂျပန်ပုံပြင်) | ၁၇ |
| ဆုသုံးဆု | (အိန္ဒိယပုံပြင်) | ၂၃ |
| ရွှေဆံထိုးပျောက်မှု | (တရုတ်ပုံပြင်) | ၂၇ |
| ရွှေလည်ဆွဲ | (သီရိလင်္ကာပုံပြင်) | ၃၁ |
| သွေးရင်းသားရင်း | (ဗီယက်နမ်ပုံပြင်) | ၃၅ |
| သားကောင်းရတနာ | (တရုတ်ပုံပြင်) | ၄၀ |
| သတ္တိရှင် | (ဂျပန်ပုံပြင်) | ၄၄ |
| လက်ဆောင် | (ဂျာမန်ပုံပြင်) | ၄၇ |
| အမြင်မှန်ရသူ | (ထိုင်းပုံပြင်) | ၅၀ |
| ပညာရှိမင်းသား | (အိန္ဒိယပုံပြင်) | ၅၅ |
| ပညာရှိအဘိုးအို | (အိန္ဒိယပုံပြင်) | ၆၀ |
| လိုတရကျောက် | (ဗီယက်နမ်ပုံပြင်) | ၆၄ |
| ထူးဆန်းသောမိန်းမပျို | (တရုတ်ပုံပြင်) | ၆၉ |
| မိတ်ဆွေလေးဦး | (အိန္ဒိယပုံပြင်) | ၇၃ |
| ယုန်ပညာရှိ | (အိန္ဒိယပုံပြင်) | ၇၆ |
| မသေနိုင်သူ | (စပိန်ပုံပြင်) | ၈၀ |


www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ထူးဆန်းသောအရုပ်ကလေး | (ဂျပန်ပုံပြင်) | ... ... ... ၈၄ |
| မိုးပျံလယ်သမား | (ဂျပန်ပုံပြင်) | ... ... ... ၈၉ |
| ရွှေအိုးကြီး | (မြန်မာပုံပြင်) | ... ... ... ၉၂ |
| ထူးဆန်းသောဉကြီး | (မြန်မာပုံပြင်) | ... ... ... ၉၅ |
| စေးနဲသောသစ်သီးသည် | (တရုတ်ပုံပြင်) | ... ... ... ၉၈ |
| မြင်းကလေး | (ဂျာမန်ပုံပြင်) | ... ... ... ၁၀၂ |
| ကြေးမုံထဲကမိခင် | (ဂျပန်ပုံပြင်) | ... ... ... ၁၀၅ |
| သမီးထူး | (တရုတ်ပုံပြင်) | ... ... ... ၁၁၀ |
| သူ့အကျိုးဆောင်သူ | (ဆိုဗီယက်ပုံပြင်) | ... ... ... ၁၁၃ |
| သမီးပညာရှိ | (သီရိလင်္ကာပုံပြင်) | ... ... ... ၁၁၈ |
| ဦးခေါင်းနှစ်လုံး၊ လက်လေးဖက်နှင့်လူ | (အိန္ဒိယပုံပြင်) | ... ... ... ၁၂၁ |
| အရှုံးမပေးသောမင်းသား | (အီဂျစ်ပုံပြင်) | ... ... ... ၁၂၅ |
| လိုတရကြိမ်လုံး | (ကော့ကေးရှပ်ပုံပြင်) | ... ... ... ၁၃၁ |
| ပျားရည်တစ်စက် | (မြန်မာပုံပြင်) | ... ... ... ၁၃၆ |
| အရည်အချင်းရှိသူ | (မြန်မာပုံပြင်) | ... ... ... ၁၃၈ |
| အကြံပိုင်သူ | (ဟော်လန်ပုံပြင်) | ... ... ... ၁၄၀ |
| ညဏ်ကြီးရှင် | (အိန္ဒိယပုံပြင်) | ... ... ... ၁၄၄ |
| စိတ်ကောင်းရှိသူ | (ဘင်္ဂါလီပုံပြင်) | ... ... ... ၁၄၈ |
| စေးနဲသူ | (အိန္ဒိယပုံပြင်) | ... ... ... ၁၅၂ |
| ထူးဆန်းသောမိန်းမသုံးဦး | (ဆွီဒင်ပုံပြင်) | ... ... ... ၁၅၆ |
| ဝမ်းဘဲသုံးကောင် | (အီတလီပုံပြင်) | ... ... ... ၁၆၁ |


❖

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

ဆရာမင်းယုဝေနှင့် ဆရာမ ငွေတာရီတို့၏ သမီးဖြစ်သူ ဒေါက်တာ ခင်ရီဝင်း (Ph.D.) သည် ကမ္ဘာ့နိုင်ငံများမှ လက်လှမ်းမီရာ ပုံပြင်များကို ဖခင်ဖြစ်သူ ဆရာမင်းယုဝေ၏ အကူအညီဖြင့် ရှာဖွေ ရွေးချယ်ပြီးလျှင် မြန်မာဘာသာ ပြန်ဆိုခဲ့ပါသည်။ ယင်းတို့ကို ဆရာ မင်းယုဝေက တည်းဖြတ်ပေးပါသည်။

ထို့နောက် မင်္ဂလာမောင်မယ် စာစောင်သို့ ပေးပို့ရာ မင်္ဂလာမောင်မယ် အယ်ဒီတာအဖွဲ့ကလည်း နှစ်သက် ရွေးချယ်၍ လစဉ် ဖော်ပြခဲ့ပါသည်။ ထိုပုံပြင်များသည် ရသမြောက်၍ စိတ်ဝင်စားဖွယ်လည်း ကောင်းသည်။ သင်ခန်းစာပါ၍ အကျိုးပြု ပုံပြင်များလည်း ဖြစ်သည်။ ဖတ်ရှုသူတို့ကို စိတ်ကောင်း စေတနာကောင်းများ ပေါ်ထွန်းလာအောင်လည်း စွမ်းဆောင်နိုင်ပါသည်။ လိမ္မာရေးခြား ရှိလာအောင်လည်း အကျိုးပြုနိုင်ပါသည်။

ထို့ကြောင့် ယင်းတို့ကို မင်္ဂလာမောင်မယ် စာစောင်တွင် ဖော်ပြရုံမျှမက တစ်ပေါင်းတည်း ဖတ်ရှု လက်စွဲပြုနိုင်အောင် စုစည်း၍ စာအုပ်ထုတ်ဝေခြင်း ပြုခဲ့ပါသည်။

ယင်းသို့ ထုတ်ဝေရာ၌ ပထမတွဲ (ပုံပြင် ၃၈ ပုဒ်) ကို ၁၉၉၂ ခုနှစ်၊ ဒုတိယတွဲ (ပုံပြင် ၄၁ ပုဒ်) ကို ၁၉၉၇ ခုနှစ်၊ တတိယတွဲ (ပုံပြင် ၅၄ ပုဒ်) ကို ၂၀၀၀ ပြည့်နှစ်တွင် အသီးသီး ထုတ်ဝေခဲ့ပါသည်။

ဤပုံပြင်များသည် ကလေးလူငယ်များ အတွက်သာမက လူရွယ်၊ လူကြီးများအတွက်ပါ အကျိုးပြုသော ပုံပြင်များ ဖြစ်၍လည်း ဝမ်းမြောက်ဝမ်းသာ စိစဉ်တင်ဆက်အပ်ပါသည်။

စိစဉ်သူ

www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာခင်ရီဝင်း (Ph.D.)

* ကဗျာဆရာ၊ စာရေးဆရာ၊ အယ်ဒီတာ ဦးဝင်းမောင် (မင်းယုဝေ) နှင့် ကွယ်လွန်သူ ကဗျာ စာဆို ဒေါ်ခင်ရီ (ငွေတာရီ) တို့၏ သမီးဖြစ်သည်။

* ရန်ကုန်မြို့၊ စိန့်ဂျွန်း ကွန်ဗင့် (ယခု အ.ထ.က ၂ လသာ)၊ အ.မ.က (၃) ဗဟန်း၊ အ.ထ.က (၂) ဗဟန်းနှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ယူခဲ့သည်။

* ၁၉၇၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်သည်။ ၁၉၈၀ ခုနှစ်တွင် မြန်မာစာ အဓိကဖြင့် ဝိဇ္ဇာဘွဲ့၊ ၁၉၈၃ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ ၁၉၈၇ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ၂၀၀၇ ခုနှစ်တွင် ပါရဂူဘွဲ့ (P.hD) တို့ကို အသီးသီး ရရှိခဲ့သည်။

* မြန်မာစာ နည်းပြ (ရန်ကုန်တက္ကသိုလ်၊ လှိုင်နယ်မြေ)၊ မြန်မာစာ လက်ထောက်ကထိက (တောင်ကြီးတက္ကသိုလ်)၊ မြန်မာစာကထိက (ဒဂုံတက္ကသိုလ်)၊ (ထားဝယ်တက္ကသိုလ်) တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ မြန်မာစာကထိက (ဌာနမှူး) အဖြစ် အမျိုးသား စီမံခန့်ခွဲမှုပညာ ကောလိပ် (ဗိုလ်တထောင်)တွင် တာဝန်ထမ်းဆောင်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကန်တော့ပန်း

ကွယ်လွန်သူ ကျေးဇူးရှင်မိခင်
ကဗျာစာဆို ငွေတာရီ(ဒေါ်ခင်ရီ) ကို
ဤစာအုပ်ဖြင့် ကန်တော့ပါ၏။

ခင်ရီဝင်း

လူ့ဘုံပျော်ညောင်း၊ ဗိမာန်ဖြောင်းလည်း
စာတ်ပေါင်းပြီးချုပ်၊ စာကိုးအုပ်ဖြင့်
ထုပ်ထုပ်ပိုက်ပိုက်၊ သင်္ဂြိုဟ်လိုက်၏
တိုက်ရိုက်နတ်နား၊ ကြားပါလေ၍
နာစေခလို၊ တောင့်တဆိုသည်
ကုသိုလ်ဝေငှ၊ ဆင့်လောင်းတည်း

(ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့)

www.burmeseclassic.com

www.burmeseclassic.com



## သူရဲကောင်း သားအဖ

ရှေးအခါက ပါရှားပြည်တွင် သူရဲကောင်း တစ်ယောက် ရှိသည်။ သူ၏ အမည်မှာ 'ရုပ်စတန်' ဖြစ်သည်။ သူသည် စစ်ပွဲတိုင်း၌ အနိုင် ရရှိသော နာမည်ကျော် စစ်သူကြီး တစ်ဦး ဖြစ်သည်။ ထို့ကြောင့် သူ၏ ကျော်ကြားမှု သတင်းမှာ လူတိုင်း၏ နှုတ်ဖျားတွင် ရေပန်းစားလျက် ရှိသည်။ သူ့ကိုလည်း အားလုံးက ချစ်ခင် လေးစားကြသည်။

တစ်နေ့သော် ပါရှန်း သူရဲကောင်း ရုပ်စတန်သည် ဝေးလံသော ကျွန်းတစ်ကျွန်းသို့ သွားရောက်ရသည်။ ထိုကျွန်းကို အုပ်စိုးသော ဘုရင်တွင် 'တမိနာ' အမည်ရှိ သမီးတော် တစ်ပါး ရှိသည်။ ဘုရင်သည် ရုပ်စတန်ကို သဘောကျကာ သူ၏ သမီးတော်နှင့် လက်ဆက်ပေးသည်။ ရုပ်စတန်သည် ထိုကျွန်းတွင် တစ်နှစ်နှင့် တစ်လကြာ နေထိုင်သည်။ ထို အချိန်တွင် ဇနီးသည်မှာ ကိုယ်ဝန် ရှိနေပြီ။ သူသည် သားယောကျ်ားလေးကို အလိုရှိသည်။ မကြာမီ သူသည် ထိုကျွန်းမှ သူ နေထိုင်ရာ တိုင်းပြည်ကို ပြန်လာရသည်။

မပြန်မီတွင် ဇနီးသည်အား သူ၏ လက်မောင်းတွင် အမြဲ ဆင်မြန်းထားသော အဖိုးတန် အဆောင် လက်ဖွဲ့ကို ပေးသည်။

"နှမတော်၊ တကယ်လို့ မင်းမှာ သားယောကျ်ားလေး မွေးခဲ့ရင် မောင် အခုထားခဲ့တဲ့ လက်ဖွဲ့ကို သားတော်ရဲ့ လက်မောင်းမှာ ပတ်ထားပေးပါ။ သားတော်လေး ကြီးပြင်းလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ ဒီလက်ဖွဲ့နဲ့အတူ မောင့်ထံကို လွှတ်လိုက်ပါ။ သားကလေးရဲ့ လက်မောင်းမှာ ဆင်မြန်းထားတဲ့ ဒီလက်ဖွဲ့ကို ကြည့်ပြီး မောင့်ရဲ့သားတော် ဖြစ်ကြောင်း သိပါလိမ့်မယ်။ တကယ်လို့ သမီးမွေးရင်တော့ မောင့်ဆီကို မလွှတ်ပါနဲ့။ နမတော်သာ ခေါ်ထားပါ။ ဒါပေမဲ့ ဒီလက်ဖွဲ့ကိုတော့ သူ့ရဲ့ ဦးခေါင်းပေါ်မှာ ဆင်မြန်းပေးထားပါ"

ဤသို့ မှာကြားပြီးနောက် သူသည် သူနေထိုင်ရာ တိုင်းပြည်သို့ ပြန်သွားလေသည်။ ထိုအချိန်မှစ၍ သူသည် သူ၏ဇနီးရှိရာ ကျွန်းသို့ တစ်ခေါက်မျှ ပြန်မရောက်တော့ပေ။

မကြာမီပင် ရပ်စတန်၏ ဇနီးသည် သားယောကျ်ားလေး တစ်ယောက် မွေးဖွားသည်။ သို့သော် သူသည် 'မိန်းကလေး မွေးဖွားသည်' ဟု လိမ်ညာကာ ရပ်စတန်ထံ သတင်းပို့စေသည်။ သူသည် သူ၏ သားကလေးနှင့် ခွဲရမည်ကို အလွန်ပင် စိုးရိမ်ရှာသည်။ သူသည် သားကလေးကို သူ့ထံတွင်သာ ထာဝရ နေစေလိုသည်။ ရပ်စတန်သည် သမီးကလေး မွေးဖွားကြောင်း အကြောင်းကြားသည်ကို သိရလျှင် စိတ်မကောင်း ဖြစ်သွားလေသည်။ ထို့ပြင် ဇနီးသည် တမီနာ အပေါ်တွင်လည်း ချစ်ခင်မှု လျော့နည်းသွားသည်။ "သမီးကလေး မွေးဖွားမည့်အစား သားကလေး မွေးဖွားပါက ကောင်းလေစွ" ဟုလည်း မြည်တမ်းမိလေသည်။ ရပ်စတန်၏ သားကလေးသည် တဖြည်းဖြည်း ကြီးပြင်းလာသည်။ သူငယ်ကလေးသည် ဖခင်ကဲ့သို့ပင် ခွန်အားဗလနှင့် ပြည့်စုံသည်။ ဓားခုတ်၊ လှံထိုး စသည်တို့ အလွန်ကျွမ်းကျင်သည်။ ရဲစွမ်းသတ္တိနှင့်လည်း ပြည့်စုံသည်။ သူ၏အမည်မှာ 'ဇိုးရပ်' ဟု ခေါ်တွင်သည်။ သူသည် သူတို့နေထိုင်ရာ ကျွန်းတွင် သူရဲကောင်းတစ်ယောက် ဖြစ်လာသည်။ သူ့နိုင်ငံတွင် သူ့ကို လက်ရုံးရည်ဖြင့် ယှဉ်ပြိုင်နိုင်မည့်သူဟူ၍ တစ်ယောက်မျှ မရှိပေ။ သူသည် သူ့ဖခင် သူရဲကောင်းကြီး အကြောင်းကို သူ့မိခင်ထံမှ အကုန်အစင် ကြားသိခဲ့ရသည်။ သူသည် သူ့ဖခင် သူရဲကောင်းကြီးနှင့် တွေ့ဆုံရန် အလွန်ပင် စိတ်အားထက်သန်နေသည်။

သူသည် သူ့ဖခင်၏ ခြေရာကို နင်းနိုင်သူဖြစ်ကြောင်း ဖခင်အား ပြသလိုပေသည်။ ထို့ကြောင့် သူသည် သူ့မိခင်ထံ ခွင့်ပန်ကာ ဖခင်ကို ရှာဖွေရန် ထွက်ခဲ့သည်။ ထိုအချိန်မှာ တာတာလူမျိုးနှင့် ပါရှန်းလူမျိုးများ စစ်ဖြစ်နေကြသည်။ ဇိုးရပ်သည် တာတာလူမျိုးများနှင့် ဝင်ရောက် ပူးပေါင်းလိုက်သည်။ သူ၏ ရည်ရွယ်ချက်မှာ စစ်မြေပြင်တွင် သူ့ဖခင် ရပ်စတန်နှင့် တွေ့ဆုံခွင့်ရရေးပင် ဖြစ်သည်။ သို့မှသာ 'သူ၏ အစွမ်းသတ္တိကို သူ့ဖခင်အား ပြခွင့်ရမည်' ဟု သူ ယုံကြည်သည်။ ဖခင်နှင့် တွေ့ရသောအခါ ဖခင်အား သူ့အကြောင်း ပြောပြမည်။ သူ့ဖခင် သူရဲကောင်းကြီး၏ ချီးကျူးခြင်းကိုလည်း ခံယူမည်ဟူ၍ မျှော်မှန်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဖိုးရပ်က ပါရှန်းလူမျိုးများထဲမှ အစွမ်းဆုံး သူရဲကောင်းနှင့် မိမိ ယှဉ်ပြိုင် တိုက်ခိုက်လိုကြောင်း ပါရှန်းလူမျိုးများထံ အကြောင်းကြားစာ ပို့လိုက်သည်။ ပါရှန်းလူမျိုး များသည် ဤသူရဲကောင်း လူငယ်ကလေးကို ကြောက်ရွံ့သောကြောင့် ရုတ်တရက်သော် တွေဝေသွားကြသည်။ ထို့နောက်မှ သူတို့ထဲတွင် သူရဲကောင်းကြီး ရပ်စတန် ရှိသေးကြောင်း သတိရကြသည်။ သို့သော် ထိုအချိန်တွင် ရပ်စတန်သည် ဘုရင်နှင့် မသင့်မတင့် ဖြစ်နေချိန် ဖြစ်သည်။ ထို့ကြောင့် သူ့အနေဖြင့် ထိုတိုက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည် မဟုတ်ပေ။ ဤသို့ဖြစ်လျှင် တစ်ယောက်ချင်း ယှဉ်ပြိုင် တိုက်ခိုက်မည့်ပွဲ၌ သူတို့ဘက်မှ ရှုံးနိမ့်ပေတော့မည်။ ပါရှန်းလူမျိုးတို့အတွက် ဂုဏ်ပျက်ပေတော့မည်။

ထို့ကြောင့် ပါရှန်းသူရဲကောင်းများသည် သူရဲကောင်းကြီး ရပ်စတန်ထံသို့ သွားကြ သည်။ သူတို့စိတ်တွင် 'ရပ်စတန်သည်သာ ပါရှားပြည်၏ဂုဏ်ကို ဆောင်နိုင်လိမ့်မည်' ဟု ယူဆကြသည်။ ထို့ကြောင့် သူတို့က "သူရဲကောင်းကြီး ရပ်စတန်ခင်ဗျာ၊ သူရဲကောင်းကြီး သာလျှင် ပါရှားပြည်၏ ဂုဏ်ကို ဆောင်နိုင်ပါလိမ့်မည်။ ထို့ကြောင့် ယှဉ်ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ပေးပါ" ဟု ဝိုင်းဝန်း တောင်းပန်ကြသည်။

ရပ်စတန်သည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော သူရဲကောင်းကြီး ဖြစ်သည်။ ထို့ကြောင့် ဤစကားကို ကြားလျှင် သူသည် သွေးပွက်ပွက် ဆူသည်အထိ စိတ်လှုပ်ရှားသွားသည်။ သူ တစ်ယောက် အတွက်နှင့် တိုင်းပြည်ကို မနစ်နာစေလိုပေ။ သို့သော် သူသည် ပါရှားနိုင်ငံ၏ ဂုဏ်ဆောင် သူရဲကောင်းကြီး ရပ်စတန် အနေဖြင့် မဟုတ်ဘဲ သာမန် စစ်သည်တော်တစ်ဦး အနေဖြင့်သာ မထင်မရှား ယှဉ်ပြိုင် တိုက်ခိုက်ရန် စီစဉ်သည်။

ပါရှန်း စစ်စခန်းတွင် အားလုံးမှာ ပျော်ရွှင်နေကြသည်။ သူတို့သည် သူတို့ဘက်မှ ယှဉ်ပြိုင်မည့် သူရဲကောင်း ရရှိကြပေပြီ။ သို့သော် လူနည်းစုကသာ ထိုသူသည် ရပ်စတန် ဖြစ်ကြောင်း သိကြသည်။ အများစုမှာ မသိကြပေ။

မကြာမီပင် သူရဲကောင်း နှစ်ဦးတို့သည် ညီညာပြန့်ပြူးသော မြေကွက်လပ်ကြီး တစ်ခု ပေါ်တွင် ရင်ဆိုင်မိကြသည်။ တစ်ဦးနှင့်တစ်ဦး သားအဖမှန်း မသိရှာပေ။ ရပ်စတန်သည် ဖိုးရပ်၏ရှေ့တွင် ရပ်နေသည်။ သူသည် ငယ်ရွယ်နုနယ်သော သူရဲကောင်းကလေး ဖိုးရပ်ကို ကြည့်ကာ ရင်ထဲတွင် အထူးပင် လှုပ်ရှားလျက်ရှိသည်။ ထို့ကြောင့် သူက "ချစ်စရာကောင်းတဲ့ လူကလေးရယ်၊ မင်းရဲ့တိုင်းပြည်ကိုသာ ပြန်ပါကွယ်။ ငါနဲ့ တိုက်ခိုက်ခြင်းအားဖြင့် ဘာကြောင့် မင်းရဲ့အသက်ကို အဆုံးရှုံး ခံချင်ရတာလဲ။ ငါနဲ့ယှဉ်ပြိုင်လို့ကတော့ မင်း ရှုံးနိမ့်ရတော့မှာပဲ" ဟု ပြောလေသည်။

www.burmeseclassic.com



ဇိုးရပ်သည် ရပ်စတန်ကို မြင်မြင်ချင်းပင် အလွန်ပင် ချစ်ခင်သွားသည်။ သူသည် ရပ်စတန်ထံ ပြေးသွားပြီး "ပြောစမ်းပါ၊ ခင်ဗျားဟာ ရပ်စတန် မဟုတ်လား" ဟု မေးလိုက်သည်။

ထိုအခါ ရပ်စတန်၏စိတ်၌ 'ဤသူငယ်သည် တိုက်ခိုက်လိုစိတ် မရှိတော့ဘဲ သူ့တိုင်းပြည်သို့ ပြန်သွားလိုသည်။ သို့ရာတွင် သူသည် ရပ်စတန်နှင့် တွေ့ခဲ့သည်ဟု ပြောကာ လူပုံအလယ်တွင် ဂုဏ်ယူ ဝင့်ကြွားနေတော့မည်' ဟု ထင်မှတ်သွားသည်။ သူသည် ဤသို့ သူ့ရဲဘောကြောင်မှုမျိုးကို မနှစ်သက်ပေ။ ထို့ကြောင့် သူက "ဒီမှာ သူငယ်၊ ငါဟာ ရပ်စတန် ဟုတ်မဟုတ် ဘာမှ မေးနေစရာ မလိုဘူး။ တိုက်ခိုက်ဖို့သာ လိုရင်းပါ။ သတ္တိရှိရင် ထွက်ခဲ့" ဟု ပြန်ပြောလိုက်သည်။

ဇိုးရပ်သည် ထိုစကားကို ကြားရသောအခါ သူ့ရဲကောင်းပီပီ မခံချင် ဖြစ်သွားသည်။ ထို့ကြောင့် သူသည် ရပ်စတန်နှင့် ယှဉ်ပြိုင် တိုက်ခိုက်တော့သည်။ သူတို့နှစ်ဦးသည် လှံများကို ကိုင်စွဲ၍ တိုက်ခိုက်ကြသည်။ သူတို့သည် လက်ရည်ညီနေသည့် အတွက် မည်သူမျှ ထိခိုက်ဒဏ်ရာ မရကြပေ။

အတန်ကြာသော် ရပ်စတန်သည် သူ၏ လေးလံလှသော တင်းပုတ်ကြီးဖြင့် ဇိုးရပ်ရှိရာသို့ အားကုန် လွှဲ၍ ပေါက်လိုက်သည်။ ဤသို့ ပေါက်လိုက်မှုကြောင့် ဇိုးရပ်သည် ဘေးသို့ ယိမ်းယိုင်သွားသည်။ သူ၏ လက်ထဲမှ ဒိုင်းမှာလည်း ဘေးသို့ လွင့်ကျသွားသည်။ မရှေးမနှောင်းမှာပင် ရပ်စတန် ကိုယ်တိုင်မှာလည်း သူ၏ အလေးချိန်ကို မဟန်နိုင်ဖြစ်ကာ မြေပေါ်သို့ လဲကျသွားသည်။ ထိုအချိန်တွင် ဇိုးရပ်သည် ရပ်စတန်ကို အလွယ်တကူ သတ်နိုင်သော အခြေတွင် ရှိသွားသည်။ သို့သော် သူက "ပြောစမ်းပါ ခင်ဗျာ။ ခင်ဗျားဟာ သူရဲကောင်းကြီး ရပ်စတန် မဟုတ်လား။ ကျွန်တော် ခင်ဗျားကို မသတ်ချင်ပါဘူး။ တကယ်လို့ ခင်ဗျားဟာ ရပ်စတန် ဖြစ်ခဲ့ရင် ကျွန်တော်တို့နှစ်ယောက် ချစ်ချစ်ခင်ခင် နေသွားကြရအောင်" ဟု ပြောလိုက်သည်။

ရပ်စတန်သည် ဇိုးရပ်ထံမှ နူးညံ့ချိုသာသော ကမ်းလှမ်းချက်ကို ကြားရလျှင် မခံချင် ဖြစ်သွားသည်။ ထို့ကြောင့် လဲနေရာမှ ထကာ "လူကလေး၊ မင်းစကားတွေကို ရပ်လိုက်တော့။ ငါဟာ မိန်းကလေး တစ်ယောက်နဲ့ တိုက်ခိုက်ဖို့ လာတာ မဟုတ်ဘူး။ ပြင်တော့။ တိုက်ကြရအောင်" ဟု ပြန်ပြောလိုက်သည်။

ဇိုးရပ်သည် စိတ်မကောင်း ဖြစ်သွားသည်။ သူသည် သူ့ဓားကို မထုတ်ချင်ထုတ်ချင်ဖြင့် ထုတ်လိုက်သည်။ သူသည် ရပ်စတန်နှင့် တိုက်ခိုက်သည်။ ရပ်စတန်၏ လက်ချက်ကြောင့်

www.burmeseclassic.com



သူ၏ သံမဏိဓားနှင့် သံချပ်ကာ အင်္ကျီတို့သည် အပိုင်းပိုင်း ပြတ်ကုန်သည်။ သူသည် ရပ်စတန် ၏ ရှေ့တွင် အကူအညီမဲ့စွာ ရပ်၍နေသည်။

ရပ်စတန်သည် ယခုအခါ အခွင့်ကောင်းပင်။ သူသည် "ရပ်စတန်ကွ" ဟု နှုတ်မှ ကျယ်လောင်စွာ အော်လိုက်ရင်း သူ့ယက်ထဲမှ လှံကြီးဖြင့် ဗိုးရပ်ရှိရာသို့ တစ်အား လွှဲ၍ ပစ်လိုက်သည်။ "ရပ်စတန်" ဟူသော စကားလုံးကို ကြားလိုက်ရသည်နှင့် ဗိုးရပ်သည် အံ့ဩကာ တစ်ကိုယ်လုံးရှိ အကြောများ ရပ်ဆိုင်းသွားသလို ခံစားလိုက်ရသည်။ သူ၏ လက်တွင်းရှိ ဒိုင်းကြီးပင် မြေပေါ်သို့ ကျသွားသည်။ တစ်ပြိုင်နက်တည်းမှာပင် သူသည် ရပ်စတန်၏ လှံချက် ထိမှန်ကာ မြေပေါ်သို့ လဲကျသွားလေတော့သည်။

ရပ်စတန်သည် လဲကျသွားသော ဗိုးရပ်၏ အနီးတွင် ထိုင်ချလိုက်သည်။ ဗိုးရပ်သည် ဝေဒနာ ခံစားကာ ညည်းညူနေရင်းမှ "သူရဲကောင်းကြီးခင်ဗျာ၊ အသင်က ကျွန်တော့်ကို သတ်တာ မဟုတ်ပါဘူး။ ရပ်စတန်ဆိုတဲ့ နာမည်ကသာ ကျွန်တော့်ရဲ့ အင်အားတွေကို ဆုတ် ယုတ်သွားစေပြီး ရှုံးနိမ့်စေတာပါ။ ဒါပေမဲ့ ခင်ဗျား ကြာကြာ အသက်မရှည်နိုင်ပါဘူး။ ကျွန်တော့်အဖေ ရပ်စတန်ဟာ ခင်ဗျားကို လက်စားလာချေမှာပါ။ ကျွန်တော်ဟာ ရပ်စတန်ရဲ့ သားဗျာ။ ကျွန်တော် သေရမှာ ဝမ်းမနည်းပါဘူး။ ဒါပေမဲ့ ကျွန်တော် နေရာအနှံ့ လိုက်ရှာ နေတဲ့ ကျွန်တော့်အဖေ ရပ်စတန်ကို မတွေ့လိုက်ရဘဲ သေသွားရတာကိုပဲ ဝမ်းနည်းလှပါ တယ်" ဟု ပြောလိုက်သည်။

ထိုအခါ ရပ်စတန်၏ မျက်လုံးထဲတွင် အမှောင်ထုကြီး ဖုံးအုပ်သွားသလို ခံစားလိုက်ရ သည်။ သူသည် ယခုတိုင် ဗိုးရပ်ကို သူ့သားမှန်း မသိရှာ။ သူက "လူကလေးရယ်၊ မင်းဟာ မကြာခင် သေတော့မှာပါ။ မသေခင်မှာ ဘာကြောင့်များ လိမ်ညာပြီး ပြောနေရတာလဲ။ သူရဲကောင်း ရပ်စတန်မှာ သားမရှိပါဘူး။ သူ့ဇနီး တမီနာက သမီးကလေးပဲ မွေးတာပါ။ ဒီ သမီးကလေးဟာ သူ့မိခင်နဲ့အတူ ဟိုအဝေးကြီးက ကျွန်းမှာ နေပါတယ်" ဟု ပြန်ပြောလိုက် သည်။

ထိုစကားကိုကြားသော် ဗိုးရပ်သည် ပြုံးလိုက်ကာ "အဖေ၊ ကျွန်တော်ဟာ သေခါနီး မှာ မဟုတ်တာတွေ ပြောပြီး အချိန်ဖြုန်းနေတာ မဟုတ်ပါဘူး။ ကျွန်တော့်အမေဟာ တမီနာ ပါ။ ကျွန်တော်ဟာ သူ့သားဖြစ်ပါတယ်။ မယုံရင် သက်သေအဖြစ်နဲ့ ကျွန်တော့်လက်မောင်း မှာ ဆွဲထားတဲ့ လက်ဖွဲ့ကို ကြည့်ပါ။ ဒီလက်ဖွဲ့ဟာ အဖေက အမေ့ကို ပေးခဲ့တဲ့ လက်ဖွဲ့ မဟုတ်လား" ဟု ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုဖြင့် ဖိုးရပ်သည် သူ့လက်မောင်းမှ လက်ဖွဲ့ကို ပြလိုက်သည်။ လက်ဖွဲ့ကို မြင်သည်နှင့် တစ်ပြိုင်နက် ရပ်စတန်သည် ဆောက်တည်ရာမရ ဖြစ်ကာ ကြက်သေသေနေတော့သည်။ သူသည် သေချာစေရန် လက်ဖွဲ့ကို အကြိမ်ကြိမ် ကြည့်သည်။ သူသည် စိတ်ထိခိုက်မဆုံး ရှိသည်။ သူသည် ရင်နာစွာဖြင့် "လူကလေးရယ် ငါဟာ မင်းရဲ့အဖေ ရပ်စတန်ပါပဲကွယ်" ဟု ပြောလိုက်သည်။ ထို့နောက် သူသည် မေ့မြောသွားသော ဖိုးရပ်ကို ပွေ့ချီကာ ကြင်နာယုယစွာ နမ်းရှုပ်ရှာသည်။ ဤသို့ နမ်းရှုပ်နေစဉ်မှာပင် ဖိုးရပ်သည် သူ့ဖခင်၏ လက်ပေါ်တွင် သေဆုံးသွားရှာလေသည်။ ဖခင်ကို မသေမီ တွေ့လိုသော ဖိုးရပ်၏ ဆန္ဒကား ပြည့်ဝခဲ့ပေပြီ။

ကောင်းကင်တွင် နေမင်းကြီးသည် ဝင်ခါနီးဆဲဆဲ ဖြစ်နေသည်။ ညနေခင်း၏ အမှောင်ရိပ်များသည် ကန့်လန့်ကာကြီးတစ်ခုပမာ တဖြည်းဖြည်း ကျလာနေသည်။ နှစ်ဖက်စလုံးမှ စစ်တပ်များသည် ကရုဏာသက်ဖွယ် ကောင်းသော ဤမြင်ကွင်းကို ထိတ်ဆိတ် ငြိမ်သက်စွာဖြင့် ဝိုင်းဝန်း ကြည့်ရှုနေကြသည်။ သူတို့၏ အလယ်တွင်ကား သူရဲကောင်းကြီး ရပ်စတန်သည် မျက်ရည်များ တွေတွေစီးကျလျက် သူ့သားကလေး ဖိုးရပ်၏ အလောင်းဘေးတွင် မလှုပ်မယှက် ထိုင်နေလေသည်။

(ပါရှားပုံပြင်)

◆

www.burmeseclassic.com



# မောင်ပန်းသီး

တစ်ရံရောအခါ ဂျပန်ပြည်ရှိ ရွာကလေးတစ်ရွာတွင် အဘိုးအိုနှင့် အဘွားအို ဇနီးမောင်နှံ နှစ်ယောက် ရှိသည်။ သူတို့သည် လယ်ယာလုပ်ကိုင်သူများ ဖြစ်ကြသည်။ သူတို့သည် အလွန်ဆင်းရဲပြီး ထမင်းတစ်လုတ်အတွက် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင် ရှာဖွေ စားသောက်ကြရသည်။ သို့ရာတွင် သူတို့သည် သားသမီး အလွန်လိုချင်ကြသည်။ ဘုရားရှိခိုးပြီးတိုင်း 'သားသမီး ရပါစေ' ဟူ၍ ဆုတောင်းသည်။ သို့သော်လည်း အိုမင်းသော အရွယ်သို့ ရောက်သည့်တိုင် သူတို့တွင် သားသမီး တစ်ယောက်မျှ မထွန်းကားပေ။

တစ်နေ့သော် အဘိုးအိုသည် ထင်းခွေရန် တောထဲသို့ ထွက်ခဲ့သည်။ အဘွားအိုမှာ ထုံးစံအတိုင်း အဝတ်များလျှော်ရန် မြစ်ဆိပ်သို့ ထွက်ခဲ့သည်။ မြစ်ဆိပ်သို့ ရောက်သော် အဘွားအိုသည် အဝတ်များကို မြစ်ကမ်းဘေးရှိ ကျောက်တုံးကြီး တစ်တုံးပေါ်တွင် တင်၍ လျှော်သည်။ ထိုစဉ် မြစ်အတွင်း၌ အလွန်ကြီးမားသော အရာဝတ္ထု တစ်ခု မျောပါလာသည်ကို တွေ့ရသည်။ အဘွားအိုသည် ထိုအရာကို စိတ်ဝင်စားစွာ ကြည့်နေသည်။ အနီးသို့ရောက်သော် ထိုအရာမှာ အလွန်ကြီးမားသော ပန်းသီးကြီးတစ်လုံး ဖြစ်နေသည်ကို တွေ့ရသည်။ အဘွားအိုသည်း ထိုပန်းသီးကြီးကို ဝမ်းသာအားရ ဆင်း၍ ဆယ်ယူသည်။ ထို့နောက် အဘိုးအိုအတွက် အိမ်သို့ ယူဆောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ရောက်သော် အဘွားအိုသည် ထိုပန်းသီးကြီးကို ပန်းကန်ပြားကြီး တစ်ခုထဲတွင် ထည့်ကာ အဘိုးအိုအတွက် အသင့် ပြင်ဆင်ထားလိုက်သည်။ မကြာမီ အဘိုးအို အိမ်သို့ ပြန်လာသည်။ အဘွားအိုသည် ဝမ်းသာအားရဖြင့် အိမ်ထဲမှ ပြေးထွက်ကာ အဘိုးအို၏ ပစ္စည်းများကို သယ်ပိုးသည်။ နှုတ်မှလည်း "မြန်မြန် လာစမ်းပါတော်၊ ရှင့်အတွက် အကောင်းဆုံး အစာ စီမံထားပါတယ်" ဟု ပြောဆိုသည်။

အဘိုးအိုသည် ထိုစကားကိုကြားလျှင် အလွန် ဝမ်းသာ ကျေနပ်သွားသည်။ သူသည် အိမ်သို့ရောက်သော် လက်များကို စင်ကြယ်စွာ ဆေးပြီးလျှင် စားရန် ပြင်ဆင်သည်။ သူသည် ပန်းသီးကြီးကို တွေ့လျှင် အံ့သြလွန်းသည့်အတွက် သူ့ဇနီးသည်အား "ဘယ်က ရခဲ့သလဲ" ဟု မေးသည်။

အဘွားအိုလည်း အကျိုးအကြောင်း ရှင်းပြသည်။ ထို့နောက် အဘိုးအိုသည် စားတစ်ချောင်းကို ယူကာ ပန်းသီးကြီးကို အလယ်တည့်တည့်မှ ခွဲလိုက်သည်။ ထိုသို့ ခွဲလိုက်သည်နှင့် ပန်းသီးကြီး အတွင်းမှ "နေကြပါဦးခင်ဗျာ၊ နေကြပါဦး။ ကျွန်တော့်ကို ဓားနဲ့ လှီးမိပါ့မယ်" ဟူသော အသံကလေးတစ်သံ ထွက်ပေါ်လာသည်။ အဘိုးအို ဇနီးမောင်နှံလည်း အံ့သြတကြီးဖြင့် ငေးကြည့်နေကြသည်။ ထိုစဉ် ပန်းသီးကြီးထဲမှ အလွန် ချောမောလှပသော သူငယ်ကလေး တစ်ယောက် ထွက်ပေါ်လာသည်။

အဘိုးအို ဇနီးမောင်နှံအဖို့ သူတို့မျက်စိကို သူတို့ မယုံနိုင်အောင် ဖြစ်ကြရသည်။ ထိုသူငယ်ကလေးက "မကြောက်ကြပါနဲ့ ခင်ဗျာ၊ အဘိုးတို့ အဘွားတို့ရဲ့ သားသမီးလိုချင်တဲ့ ဆန္ဒကို ဖြည့်ဆည်းတဲ့ အနေနဲ့ နတ်တွေက ကျွန်တော့်ကို အဘိုးတို့ဆီ လွှတ်လိုက်တာပါ" ဟု နူးညံ့ ချိုသာစွာ ပြောပြသည်။

အဘိုးအို ဇနီးမောင်နှံမှာ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် လည်လာကြသည်။ သူတို့၏ ဆုတောင်းကား ပြည့်ခဲ့လေပြီ။ သူတို့သည် သူငယ်ကလေးကို ဝမ်းသာအားရ ပွေ့ဖက်ထားလိုက်ကြသည်။ ပန်းသီးအတွင်းမှ ရရှိသည်ကို အစွဲပြုကာ သူငယ်ကလေး၏ အမည်ကိုလည်း 'မောင်ပန်းသီး' ဟု မှည့်ခေါ်လိုက်ကြသည်။

သူတို့သည် အလုပ်ကို တိုး၍လုပ်ကာ မောင်ပန်းသီးကို ကောင်းစွာ ပြုစု စောင့်ရှောက်ထားကြသည်။ မောင်ပန်းသီးသည် တဖြည်းဖြည်း ကြီးပြင်းလာရာ ၁၅ နှစ်သား အရွယ်သို့ ရောက်လာခဲ့သည်။ သူသည် သန်မာထွားကျိုင်းပြီး သတ္တိရှိရုံမက ရုပ်ရည်အားဖြင့်လည်း ချောမောလှပပေသည်။ ထို့ပြင် သူနှင့်ရွယ်တူ အခြား ယောကျ်ားလေးများထက်လည်း ပို၍ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော် သူသည် အဘိုးအိုနှင့် အဘွားအိုအား "အဖေတို့ အမေတို့၊ ကျွန်တော့်ကို အခုလို ကျွေးမွေးပြုစု စောင့်ရှောက်ထားတဲ့အတွက် ကျွန်တော် ကျေးဇူးဆပ်လိုပါတယ်။ ဒါကြောင့် ကျွန်တော့်ဆန္ဒအတိုင်း ပြုလုပ်ခွင့်ပေးပါ" ဟု ပြောသည်။

ထိုအခါ အဘိုးအိုက "ငါတို့ကို ကျေးဇူးဆပ်ဖို့ မလိုပါဘူး သားရယ်။ ဒါပေမဲ့ မင်းရဲ့ ဆန္ဒက ဘယ်လိုရှိတယ်ဆိုတာ သိပါရစေကွယ်" ဟု မေးသည်။

မောင်ပန်းသီးက "ကျွန်တော်တို့ နေထိုင်တဲ့ နေရာနဲ့ တော်တော်ဝေးဝေးက ကျွန်းမှာ ဓားပြတွေ ရှိပါတယ်။ ဒီဓားပြတွေဟာ နှစ်စဉ် လာရောက်ပြီး ကျွန်တော်တို့ကို တိုက်ခိုက် ဒုက္ခပေးလေ့ရှိတယ် မဟုတ်လား။ ကျွန်တော် အဲဒီကျွန်းကိုသွားပြီး ဓားပြတွေကို နှိမ်နင်းလိုပါတယ်။ သူတို့မရှိမှ လူအများဟာ ကောင်းကောင်း နေနိုင်ကြပါရပါမယ်။ ဒီလိုနည်းအားဖြင့် အဖေတို့ အမေတို့ကို ကျေးဇူးဆပ်လိုပါတယ်" ဟု ပြန်ပြောသည်။

၁၅ နှစ်သားကလေး မောင်ပန်းသီး၏ စကားများသည် အခြားသူများအဖို့ ဆိုပါက ရယ်ဖွယ်သာ ဖြစ်နေပေမည်။ သို့သော် အဘိုးအိုနှင့် အဘွားအိုကား မောင်ပန်းသီး၏ အစွမ်းသတ္တိကို သိရှိသူများ ဖြစ်ကြသည်။ ထို့ကြောင့် သူ့စကားကို ယုံကြည်သည်။ သူတို့သည် သားကလေး မောင်ပန်းသီးနှင့် မခွဲလိုပေ။ သို့သော် နောက်ဆုံးတွင် သူ၏ဆန္ဒကို လိုက်လျော ခဲ့ပေသည်။ သွားခါနီးတွင် သူတို့က မောင်ပန်းသီးအား "လိမ္မာတဲ့ ငါတို့သားကလေး ဘေးရန် ကင်းပါစေ။ ဓားပြတွေနဲ့ တိုက်ခိုက်ရာမှာ အောင်ပွဲခံနိုင်ပါစေ" ဟု ဆုတောင်းမေတ္တာ ပို့သ ကြရှာသည်။ အဘွားအိုက မောင်ပန်းသီး လမ်းတွင်စားရန် ဆန်ဖြင့် မုန့်များ ပြုလုပ်ပေးလိုက် သည်။ မောင်ပန်းသီးသည် ထိုမုန့်များကို ယူကာ ခရီးထွက်ခဲ့သည်။

မောင်ပန်းသီးသည် ခရီးထွက်လာရာ မကြာမီ မွန်းတည့်ချိန်သို့ ရောက်လာသည်။ သူသည် ခေတ္တနားကာ အပန်းဖြေရင်း ပါလာသော မုန့်များကို ထုတ်၍စားသည်။

ထိုသို့ စားနေစဉ် သူ့အနီးသို့ အလွန်ကြီးမားသော ခွေးကြီးတစ်ကောင် ရောက်လာ သည်။ ထိုခွေးကြီးသည် သူ၏သွားများကို ဖြဲလျက် မောင်ပန်းသီးအား ကိုက်မည့်ဟန် ပြု သည်။ ထို့ပြင် ခွေးကြီးက "ငါ့ပိုင်နက်ထဲကို ဘာကြောင့် ဝင်ရတာလဲ။ မင်းမှာ ပါလာတဲ့ မုန့်တွေအားလုံး ငါ့ကိုပေးရင် ပေး၊ မပေးရင် မင်းကို တစ်စစီ ဖြစ်သွားအောင် ကိုက်ပစ်လိုက် မယ်" ဟု ကြိမ်းဝါးလိုက်သည်။

မောင်ပန်းသီးက ခြေစုံရပ်လျက် "ငါ့နာမည် မောင်ပန်းသီးဆိုတာ မင်း မကြားဖူးဘူး လား။ ငါဟာ ဓားပြတွေရှိရာ ကျွန်းကို သွားပြီး နှိမ်နင်းမယ့်သူပဲ။ သတ္တိရှိရင် ရှေ့ကိုထွက်ခဲ့" ဟု ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစကားကို ကြားသည်နှင့် ခွေးကြီးသည် အလွန်ပင် ကြောက်ရွံ့သွားသည်။ ခွေးကြီးက "မောင်ပန်းသီးဆိုတာ အရှင်လား။ အရှင့်အကြောင်းကို ကျွန်ုပ် ကြားဖူးနေတာ ကြာပါပြီ။ ကျွန်ုပ်အပြစ်တွေကို ခွင့်လွှတ်ပါ။ အရှင်သွားရာနောက်ကို ကျွန်ုပ် လိုက်ပါရစေ။ ကျွန်ုပ်ကို အဖော်အဖြစ် ခေါ်သွားပါ" ဟု တောင်းပန်ရှာသည်။

မောင်ပန်းသီးက "ကောင်းပြီ" ဟု ဆိုကာ သူ့တွင် ပါလာသော မုန့်အနည်းငယ်ကို ခွေးကြီးအား ချကျွေးသည်။ မုန့်များကို စားပြီးနောက် ခွေးကြီးသည် မောင်ပန်းသီးနောက်မှ တကောက်ကောက် လိုက်လေတော့သည်။

အတန်ကြာ သွားမိသော် သူတို့သည် လမ်းတွင် မျောက်ကလေး တစ်ကောင်ကို တွေ့သည်။ ထိုမျောက်ကလေးကို ခွေးကြီးက ကိုက်မည်ပြုသည်။ မောင်ပန်းသီးက မကိုက်ရန် ဟန့်တားပြီးလျှင် မျောက်ကလေးကိုပါ သူနှင့် တစ်ပါတည်း ခေါ်ဆောင်သွားသည်။

လမ်းတွင် အလွန်လှပသော ငှက်တစ်ကောင်ကို တွေ့ပြန်သည်။ ခွေးသည် ငှက်ကို ကိုက်မည်ပြုရာ မောင်ပန်းသီးက ရှေးနည်းအတိုင်း ဝင်ရောက် ကယ်ဆယ်ရပြန်သည်။ ထိုငှက်ကိုလည်း သူတို့နှင့်အတူ ခေါ်ဆောင်သွားသည်။

မကြာမီပင် သူတို့သည် ပင်လယ်ကမ်းစပ်သို့ ရောက်ကြသည်။ သူတို့သည် ကြီးမားသော လှိုင်းလုံးကြီးများကို ကြည့်ကာ တစ်ဖက်ကမ်းသို့ ကူးရန် အခက်တွေ့နေကြသည်။

ထိုစဉ် ငှက်ကလေးက "ဟို ခပ်လှမ်းလှမ်းမှာ ရွက်သင်္ဘောတစ်စင်း မြင်တယ်" ဟု ဝမ်းသာအားရ အော်ပြောလိုက်သည်။ မောင်ပန်းသီးလည်း ငှက်ကလေးအား ရွက်သင်္ဘော ဆီသို့ စေလွှတ်ကာ သူတို့အား တင်ဆောင် ခေါ်သွားရန် အကူအညီ တောင်းခံစေသည်။ မကြာမီ ရွက်သင်္ဘောသည် ကမ်းသို့ ဆိုက်ကပ်လာကာ မောင်ပန်းသီး၊ ခွေးနှင့် မျောက်တို့ကို ခေါ်ဆောင်သွားသည်။ ငှက်ကလေးမှာ သင်္ဘောပေါ်မှ ဝဲပျံကာ လိုက်ပါလာသည်။ ထို့နောက် သူတို့သည် ဓားပြများနေထိုင်ရာ ကျွန်းသို့ ရောက်လာကြသည်။

ကျွန်း၏ အလယ်တည့်တည့်တွင် ရဲတိုက်ကြီးတစ်ခု ရှိသည်။ ရဲတိုက်ကြီး၏ ပတ်လည်တွင် မြင့်မားသော နံရံကြီးများ ကာရံထားသည်။ ထိုရဲတိုက်ကြီး အတွင်း၌ ဓားပြများ နေထိုင်ကြသည်။

မောင်ပန်းသီးက ငှက်ကလေးအား ခေါ်ကာ "ငှက်ကလေး၊ မင်းက ရဲတိုက်ရဲ့ အပေါ်နားက ပျံဝဲပြီး သူတို့ကို ဒေါသဖြစ်အောင် အမျိုးမျိုး လုပ်ပြ။ သူတို့ မင်းဆီမှာ အာရုံရောက်နေတုန်း ငါတို့က ရဲတိုက်ထဲကို အလစ်မှာ ဝင်မယ်" ဟု ပြောသည်။ ငှက်ကလေးကလည်း "ကောင်းပါပြီ" ဟု ဆိုကာ ရဲတိုက်ပေါ်တွင် ပျံဝဲလိုက်၊ ဓားပြတို့၏ ဦးခေါင်းများပေါ်သို့

www.burmeseclassic.com



ဆင်းတော့မည့်ဟန် ပြုလိုက်ဖြင့် အမျိုးမျိုး ရန်စသည်။ ဓားပြများသည် ဒေါသဖြစ်ကာ ငှက်ကလေး ကြောက်ရွံ့စေရန် အမျိုးမျိုး ခြောက်လှန့်ကြသည်။ သို့သော် ငှက်ကလေးက မကြောက်။ တစ်ဖန် သူတို့သည် သူတို့အနီးသို့ ငှက်ကလေး မလာစေရန် တုတ်များဖြင့် တစ်ခတ် ခြောက်လှန့်ကြသည်။ သို့သော် ငှက်ကလေးသည် ဟိုဘက်ပျံလိုက်၊ သည်ဘက်ပျံလိုက် လုပ်နေသဖြင့် တုတ်များသည် ငှက်ကလေးကို မထိဘဲ ဓားပြတို့၏ ဦးခေါင်းများပေါ်သို့သာ ပြန်၍ကျကုန်သည်။ သူတို့သည် အလွန်ပင် ဒေါသဖြစ်ကြပြန်သည်။

ငှက်ကလေးက တစ်ဖက်တွင် ဤသို့ အယောင်ပြနေစဉ် မောင်ပန်းသီး၊ ခွေးကြီးနှင့် မျောက်တို့သည် ရဲတိုက်၏ တံတိုင်းကြီးများ အတွင်းသို့ အခြားတစ်လမ်းမှ ဝင်ရောက်လာကြသည်။ သူတို့သည် တစ်နေရာသို့ ရောက်သော် အချုပ်အနှောင် ခံနေရသော လှပသည့် မိန်းမပျိုကလေး နှစ်ယောက်ကို တွေ့ကြသည်။ မိန်းမပျိုကလေးများသည် ငိုကြွေးနေကြရာသည်။ သူတို့ကို ကြည့်ရသည်မှာ သနားဖွယ် ကောင်းလှသည်။

မောင်ပန်းသီးက မိန်းမပျိုကလေးများထံသို့ သွားကာ "မမတို့ ဘယ်သူတွေပါလဲ။ ဘာကြောင့် ခုလို ငိုကြွေးနေကြတာလဲ" ဟု မေးသည်။

မိန်းမပျိုကလေးများက "မမတို့က အမတ်ကြီးရဲ့ သမီးတွေပါ။ ဓားပြတွေက ဖမ်းဆီးလာပြီး ချုပ်နှောင်ထားတာပါ။ မမတို့ကို ကယ်ပါဦး" ဟု ပြန်ပြောသည်။ မောင်ပန်းသီးလည်း "ကောင်းပြီ၊ ဘာမှ မကြောက်ပါနဲ့တော့။ ဒီရဲတိုက်ကြီးထဲကို ဘယ်လိုဝင်ရမယ် ဆိုတာသာ ပြောပါ။ မမတို့ကို ကျွန်တော် ကယ်မယ်" ဟု ပြောသည်။

ထိုအခါ မိန်းမပျိုကလေးများက ရဲတိုက်ကြီး၏ ဝင်ပေါက်မှာ သော့ခတ်ထားပြီး ထိုသော့ကို ဝင်းတံခါး၏ အလွန်မြင့်သော နံရံတွင် ချိတ်ဆွဲထားကြောင်း ပြောပြကြသည်။

ဤတွင် မျောက်ကလေးသည် ဝင်းတံခါး၏ ဆင့်တန်းများပေါ်တွင် တွဲလဲခိုကာ သော့ကို လှမ်းယူသည်။ ထို့နောက် သော့ကို မောင်ပန်းသီးထံ ပစ်ပေးလိုက်သည်။ မောင်ပန်းသီးသည် ဝင်းတံခါးများကို လျင်မြန်စွာ ဖွင့်ကာ မိန်းမပျိုလေး နှစ်ယောက်ကို ကယ်ဆယ်သည်။ ထို့နောက် သူတို့အား ထိုနေရာတွင် စောင့်ဆိုင်းနေစေသည်။ မောင်ပန်းသီး၊ ခွေးကြီးနှင့် မျောက်တို့သည် ဓားပြများနှင့် ငှက်ကလေး တွေ့ဆုံ တိုက်ခိုက်နေသော နေရာသို့ အလျင်အမြန် သွားကြသည်။ ထိုနေရာသို့ရောက်သော် သူတို့သည် ငှက်ကလေးကို ကူညီ တိုက်ခိုက်ပေးကြသည်။ တိုက်ပွဲမှာ ပြင်းထန်လှသည်။ မောင်ပန်းသီးသည် သူ့တွင် ပါလာသော ဓားကြီးဖြင့် ရန်သူများကို ခုတ်သည်။ ခွေးကြီးသည် ရန်သူများကို ကိုက်သည်။ မျောက်ကလည်း သူ၏

www.burmeseclassic.com

www.burmeseclassic.com



လက်သည်းများဖြင့် ကုတ်ခြစ်သည်။ ငှက်ကလေးကလည်း အောက်သို့ ပျံဆင်းလာကာ ရန်သူများကို နှုတ်သီးဖြင့် ထိုးသည်။

သူတို့၏ ညီညီညာညာ တိုက်ခိုက်မှုကြောင့် မကြာမီပင် ရန်သူ အကြီးအကဲမှတစ်ပါး ကျန်သူအားလုံး သေဆုံးသွားကြသည်။ မောင်ပန်းသီးက ရန်သူ အကြီးအကဲအား "မင်းကို အကျဉ်းသားဖြစ် ဖမ်းလိုက်ပြီ" ဟု ပြောသည်။

မောင်ပန်းသီးက သူ့ကို လက်ပြန်ကြိုးတုပ်ကာ ရဲတိုက်ကြီး၏ အပြင်ဘက်သို့ ခေါ်ဆောင်သွားသည်။ ရဲတိုက် အပြင်ဘက်တွင် စောင့်နေသော မိန်းမပျိုကလေး နှစ်ဦးက သူတို့အား ဝမ်းသာအားရ ကြိုဆိုကြသည်။ သူတို့ အားလုံးသည် မြစ်ကမ်းပါးသို့ ပြန်လာကြသည်။ မြစ်ကမ်းပါးသို့ ရောက်သော် သူတို့စီးလာသော ရွက်သင်္ဘောကြီးက အသင့် စောင့်ဆိုင်းနေသည်ကို တွေ့ရသည်။ ထိုရွက်သင်္ဘောကြီးဖြင့်ပင် နေရင်းဒေသသို့ ပြန်ခဲ့ကြသည်။

သူတို့နေထိုင်ရာ ကျွန်းသို့ ရောက်သော် ဘုရင်ထံ သွားရောက်ကာ အကျိုးအကြောင်းကို သံတော်ဦးတင်ကြသည်။ ဖမ်းဆီးခဲ့သော ဓားပြကြီးကိုလည်း ဘုရင်ထံ အပ်ကြသည်။ သူတို့၏ အောင်မြင်မှုသတင်းကို ကြားလျှင် ဘုရင်နှင့်တကွ မြို့သူမြို့သား အားလုံးသည် ဝမ်းသာပီတိဖြစ်ကာ သူတို့ကို ဝိုင်းဝန်း ချီးကျူးကြသည်။ ဘုရင်ကလည်း သူတို့အား ဆုတော်လာဘ်တော်များ ချီးမြှင့်သည်။ မောင်ပန်းသီး၏ မိဘများမှာလည်း သားကလေးအတွက် အထူးပင် ဂုဏ်ယူမဆုံး ဖြစ်ကြသည်။ မောင်ပန်းသီးသည် ရရှိသော ဆုလာဘ် ရွှေငွေ အားလုံးကို အဘိုးနှင့် အဘွားအား ပေးအပ်လေသည်။ သူတို့ သားအမိ သားအဖ သုံးဦးတို့သည် အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်သွားကြပေတော့သည်။

(ဂျပန်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com





## ဆုသုံးဆု

ရှေးသရောအခါ မြစ်ကမ်းပါးတစ်ခု အနီးရှိ ရွာကလေး တစ်ရွာတွင် တံငါသည် တစ်ယောက် ရှိသည်။ သူသည် မြစ်အတွင်းရှိ ငါးများကို ဖမ်းယူကာ ဈေးသို့ နေ့စဉ် သွားရောက်ရောင်းချသည်။ ဤသို့ဖြင့် နှစ်အတန်ကြာသောအခါ သူသည် သူပိုင်ငွေများ စုဆောင်းမိလာသည်။ သို့သော်လည်း သူသည် မကျေနပ်နိုင်။ အလွန်တရာ ကပ်စေးနဲပြီးလျှင် ငွေကို အလွန်ခုံမင်လေသည်။

တစ်နေ့သော် သူသည် မြစ်ထဲ၌ ငါးဖမ်းနေစဉ် အလွန်ကြီးမားသော ငါးကြီးတစ်ကောင်ကို ဖမ်းမိသည်။ သူသည် ဝမ်းသာအားရဖြင့် ပိုက်ကွန်ကို ရေထဲမှ ဆွဲယူလိုက်သည်။ ကုန်းပေါ်သို့ရောက်သော် ငါးကြီးကို ပိုက်ကွန်ထဲမှ ဝမ်းသာအားရ ထုတ်ယူလိုက်သည်။ သူ့လက်တွင်းသို့ ရောက်သော် ငါးကြီးက "ကျွန်တော့်ကို ရေထဲ ပြန်လွှတ်ပေးပါ ခင်ဗျာ၊ ရှိခိုးပါရဲ့" ဟု ပြောဆို တောင်းပန်သည်။

တံငါသည်လည်း ငါးကြီးထံမှ စကားပြောသံ ကြားရလျှင် လွန်စွာ အံ့ဩသွားသည်။ သို့သော် သူက "ဘာကြောင့် ပြန်လွှတ်ပေးရမှာလဲ၊ မလွှတ်နိုင်ပါဘူး။ မင်းကို ဈေးမှာ သွားရောင်းရင် ငါ ပိုက်ဆံ အများကြီးရမှာ" ဟု ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ငါးကြီးက "ပိုက်ဆံရတာကတော့ ဟုတ်ပါတယ်ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော်ဟာ တခြားငါးတွေလို သာမန်ငါးမျိုး မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော့်ကို လွှတ်ပေးရင် ခင်ဗျားမှာ အံ့ဖွယ် အကျိုးထူးကို ခံစားရပါလိမ့်မယ်" ဟု ပြောသည်။

ထိုအခါ တံငါသည်က "မင်းပြောတာကို ငါ မယုံပါဘူး။ ဒီလို ဖမ်းမိတဲ့ ငါးတိုင်းကို သာ ငါ ပြန်လွှတ်နေရမယ်ဆိုရင် ငါ့အဖို့ ရောင်းစရာငါး ဘယ်မှာကျန်တော့မလဲ။ မင်းကို မလွှတ်နိုင်ပါဘူး" ဟု ပြောသည်။ တံငါသည်သည် ပြောပြောဆိုဆိုနှင့် ငါးကို လက်တွင်း၌ ပွေ့ပိုက်ထားသည်။ သူသည် ငါးကြီးကို ကြည့်ရင်း ပီတိဖြစ်နေသည်။ အလွန်ကြီးမားသော ငါးကြီးကို ဖမ်းမိသည့်အတွက် ထိုငါးကြီးကို ရောင်းချခြင်းဖြင့် ငွေများစွာ ရမည့်အရေးကို တွေးကာ ဝမ်းသာနေသည်။

အချိန်မှာ နံနက်စောစော ဖြစ်၍ ဈေးတွင် ရောင်းသူ ဝယ်သူများဖြင့် စည်ကားနေဆဲ ဖြစ်သည်။ ထို့ကြောင့် တံငါသည်သည် ဈေးချိန်အမီ ရောင်းချရန် နောက်ထပ် ငါးများ ဖမ်းဆီးလိုသည်။ သူသည် ငါးကြီးကို တောင်းတစ်ခုထဲသို့ ထည့်ထားလိုက်ကာ ဆက်လက် ငါးဖမ်းရန် ပိုက်ကွန်ကို မြစ်အတွင်းသို့ ထပ်မံ ပစ်လိုက်ပြန်သည်။ ပိုက်ကွန်အတွင်း ငါးများ မိလာမည့်အချိန်ကို စောင့်ရင်း သူသည် ငါးကြီးကို ထည့်ထားသည့် တောင်းထဲသို့ ထပ်မံ၍ ကြည့်မိပြန်သည်။ ငါးကြီးသည် မျက်တောင်တဖျပ်ဖျပ် ခတ်၍ သူ့အား ကြည့်ရင်း "ကျွန်တော့်ကို လွှတ်ပေးပါ ခင်ဗျာ။ ကျွန်တော့်ကို လွှတ်ပေးရင် ခင်ဗျားကို ကျေးဇူးဆပ်တဲ့ အနေနဲ့ လိုတရတဲ့ ဆုသုံးဆု ပေးပါ့မယ်။ ကြိုက်ရာဆု သုံးဆုကို တောင်းပါ" ဟု ပြောသည်။ တံငါသည်လည်း ငါးကြီး၏ စကားကို စဉ်းစားနေသည်။ နောက်ဆုံးတွင် ငါးကြီး၏ ကမ်းလှမ်းချက်ကို သဘောတူလိုက်သည်။ သူသည် ငါးကြီးကို မြစ်အတွင်းသို့ ပြန်လွှတ်ပေးလိုက်သည်။

ငါးကြီးသည် တံငါသည်ကို လွန်စွာ ကျေးဇူးတင်သွားသည်။ "အခုလို ကျွန်တော့်ကို လွှတ်ပေးတဲ့အတွက် အလွန် ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ကျေးဇူးဆပ်တဲ့ အနေနဲ့ ဆုသုံးဆု ပေးခဲ့ပါရစေ။ ဒီဆုကတော့ ခင်ဗျားလိုချင်တဲ့ အရာကို စိတ်ထဲက တောင့်တပြီး နှုတ်က ဆိုလိုက်ပါ။ ခင်ဗျား တောင့်တသမျှ သူ့အလိုလို ပြည့်ဝသွားပါလိမ့်မယ်။ ဒါပေမဲ့ ဒီဆုက များများတော့ တောင်းလို့မရဘူး၊ သုံးကြိမ်ပဲ တောင်းလို့ရမယ်။ ဒါကိုတော့ သတိပြုစေလိုပါတယ်" ဟု ပြောသည်။ ပြီးလျှင် မြစ်အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

တံငါသည်လည်း ငါးကြီး၏ ပြောခဲ့သည့်အတိုင်း ဆုတစ်ခုခုကို တောင်းရန် စိတ်ကူးလိုက်သည်။ သို့သော် သူသည် အလွန် လောဘကြီးသူ ဖြစ်ရကား လိုချင်သော အရာတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



များနေသည်။ ထို့ကြောင့် သူသည် ဘာဆုကို တောင်းရမှန်းမသိ ဖြစ်နေသည်။ နောက်ဆုံးတွင် သူသည် ကြံရာမရဖြစ်ကာ သူ၏ ပိုက်ကွန်များ၊ တောင်းများကို သယ်ဆောင်ကာ အိမ်သို့ ပြန်လာခဲ့တော့သည်။ 'ဆုတောင်းဖို့ ကိစ္စကို အိမ်ကျမှပဲ ငါမိန်းမနဲ့ တိုင်ပင်တော့မယ်' ဟုလည်း စိတ်တွင်းမှ စဉ်းစားလာခဲ့သည်။

သူသည် အိမ်သို့ အလျင်အမြန် ပြန်ရောက်ချင်နေသည်။ အလျင်လို အမြန်ဖြစ် ဆိုသကဲ့သို့ပင် သူ၏ ပစ္စည်းများကို သယ်ဆောင်လာသော မြင်းမှာ ထော့ကျိုးထော့ကျိုး ဖြစ်ကာ လမ်းကောင်းစွာ မလျှောက်နိုင်။ ထို့ကြောင့် သူ့မှာ ခရီးမတွင် ဖြစ်ရသည်။ သူသည် စိတ်မရှည်ဖြစ်ကာ မြင်းကို မြန်မြန်သွားစေရန် တုတ်ဖြင့် ရိုက်လိုက်သည်။ သို့သော် မြင်းသည် အရိုက်ခံရစဉ် ခဏမျှသာ မြန်မြန်ပြေးသွားသည်။ ပြီးလျှင် ပြန်၍ နှေးသွားသည်။ မြင်းကလေးသည် ယိမ်းယိုင်နေပြီ။ အားအင် ကုန်ခန်းနေပုံ ရပေသည်။ တံငါသည်သည် မြင်းကလေးကို ကြည့်ကာ စိတ်မရှည် ဖြစ်လာသည်။ သူက မြင်းကလေးအား "မင်းဟာ အလကားကောင်ပဲ၊ အစားတွေ နင်းကန်စားပြီး လမ်းကျတော့ ကောင်းကောင်း မလျှောက်နိုင်ဘူး။ ဒါလောက် ပျင်းလှတဲ့အကောင် ခြေထောက်တွေ ကျိုးသွားပါစေ" ဟု ဆိုလိုက်သည်။

ဤသို့ ပြောလိုက်သည်နှင့် တစ်ပြိုင်နက် မြင်းကလေးသည် ခြေထောက်များအားလုံး ကျိုးကာ မြေပေါ်သို့ ရုတ်တရက် လဲကျသွားတော့သည်။ တံငါသည်လည်း အလွန် ထိတ်လန့်သွားသည်။ တစ်ဆက်တည်းမှာပင် ငါးကြီးပြောခဲ့သော စကားများကို ပြန်လည် သတိရလာသည်။ သူ့အနေနှင့် ငါးကြီးပေးခဲ့သော ဆုသုံးဆုအနက် တစ်ဆုကို တောင်းခဲ့မိပြီ မဟုတ်ပါလော။ အကယ်၍ မြင်းကလေး၏ ခြေထောက် ပြန်ကောင်းသွားစေလိုပါက နောက်ထပ်မဆုတစ်ဆုကိုသာ ထပ်တောင်းခွင့် ရတော့မည်။

သူသည် ကြံရာမရ ဖြစ်နေစဉ် ခပ်လှမ်းလှမ်းမှ လှည်းတစ်စီး လာနေသည်ကို မြင်ရသည်။ အနီးသို့ရောက်လျှင် သူသည် ထိုလှည်းကို အကူအညီ တောင်းခံကာ သူ၏ ပစ္စည်းများနှင့်အတူ အိမ်သို့ လိုက်ပါလာခဲ့သည်။ ခြေကျိုးနေသော မြင်းကိုမူ ထိုနေရာတွင်ပင် ထားခဲ့ရပေသည်။ သူသည် သူ့မြင်း ဆုံးရှုံးရခြင်းနှင့် လှည်းကြုံလိုက်ခငွေ ပေးရခြင်းတို့အတွက် စဉ်းစားကာ တစ်လမ်းလုံး စိတ်မချမ်းမသာ ဖြစ်လာခဲ့သည်။ သူ၏အိမ်သို့ ဝမ်းနည်းစွာဖြင့် ပြန်ရောက်လာခဲ့သည်။

သူ၏ဇနီးသည် ငါးတစ်ကောင်မှ မပါဘဲ အိမ်သို့ ပြန်ရောက်လာသော ခင်ပွန်းကို အံ့တသြ ကြည့်နေသည်။ ထို့ပြင် အိမ်မှ ပါသွားသော မြင်းကိုလည်း မတွေ့ရသောအခါ မိမိ နားမလည်နိုင်အောင် ဖြစ်ကာ ခင်ပွန်းသည်အား အကျိုးအကြောင်းကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တံငါသည်သည် ဇနီးသည်အား ဘာမျှ ပြန်မဖြေပေ။ သူ၏ စိတ်ထဲတွင် တောင်းရန် ကျန်ရှိနေသေးသော ဆုနှစ်ဆုနှင့် သူ၏မြင်းကလေး ဆုံးရှုံးရသည့် အကြောင်းများကိုသာ စဉ်းစားနေမိသည်။ သူသည် နန်းတော်ကြီး တစ်ဆောင်နှင့် စိန်ရွှေ ကျောက်မျက် ရတနာ အဖိုးထန်များ၊ တိရစ္ဆာန်များနှင့် အခြား အဖိုးတန် ပစ္စည်းများကို အလိုရှိသည်။ ထို အရာများကိုသာ ရလိုက်လျှင် သူ့အဖို့ အလွန် ပျော်ရွှင်ပေမည်။

သူသည် ဤသို့ စဉ်းစား တွေးတောနေစဉ် ဇနီးသည်က "ရှင့်မြင်း ဘယ်မှာကျန်ခဲ့လဲ။ ပြောစမ်းပါဦး" ဟု ထပ်မံ မေးလိုက်သည်။ သို့သော် သူက ဘာမှ ပြန်မဖြေ။ ဤတွင် ဇနီးသည်သည် ဒေါသဖြစ်လာသည်။ "ရှင် ဘာကြောင့် ကျွန်မမေးတာကို မဖြေတာလဲ။ မြင်းကလေး ဘာဖြစ်လို့လဲ" ဟု ဇနီးသည်က ထပ်၍ မေးလိုက်သည်။

တံငါသည်သည် ငါးကြီးပေးလိုက်သော လိုတရ နှစ်ဆုအတွက်ကိုသာ စဉ်းစာနေဆဲဖြစ်သည်။ သူ့စိတ်ကူးပျက်အောင် လာလုပ်သဖြင့် ဇနီးသည်ကို စိတ်ဆိုးသွားသည်။

"မင်းဟာ မိုက်မဲတဲ့ မိန်းမပဲ။ ဘာကြောင့် ငါ့ကို မေးခွန်းတွေ ထပ်တလဲလဲ မေးပြီး နှောင့်ယှက်နေရတာလဲ။ မင်းပါးစပ် ဟမရဘဲ ပိတ်နေပါစေ" ဟု ဆိုလိုက်သည်။

ဤသို့ ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ဇနီးဖြစ်သူ၏ နှုတ်ခမ်းများသည် တစ်ခုနှင့် တစ်ခု ကပ်ကာ ပိတ်သွားတော့သည်။ ငါးကြီးပေးထားသော ဒုတိယမြောက်ဆုသည် ပြီးမြောက်သွားပြန်လေသည်။

သူ၏ဇနီးသည် သူ့အဖြစ်ကိုသူ မယုံနိုင်အောင်ဖြစ်ကာ အတန်ကြာမျှ တိတ်ဆိတ်စွာ ထိုင်နေမိသည်။ သူသည် စကား လုံးဝပြော၍ မရတော့ပေ။ သူသည် ကယ်ဆယ်မည့်သူ ဝေးနေသော သူ့အဖြစ်အတွက် ဝမ်းပန်းတနည်း ငိုယိုနေမိရှာသည်။ တံငါသည်လည်း သူ၏ မိုက်မဲမှုအတွက် နောင်တကြီးစွာ ရလျက်ရှိသည်။ သူသည် ဇနီးဖြစ်သူ စကားပြန်ပြောနိုင်ရေးအတွက် "ကျွန်ုပ်ဇနီး၏ ပိတ်နေသောပါးစပ် နဂိုအတိုင်း ပွင့်ပါစေ" ဟူ၍ ဆိုလိုက်ရသည်။

ဇနီးသည်လည်း ပါးစပ်ဟနိုင်သွားလေသည်။ သို့ရာတွင် ငါးကြီးပေးလိုက်သော ဆုသုံးဆုကား ပြီးမြောက်သွားသဖြင့် သူသည် နောက်ထပ် ဆုတောင်း၍ မရတော့ပေ။ သူ၏ မိုက်မဲမှု၊ လောဘကြီးမှု၊ ဒေါသကြီးမှု၊ နှုတ်မစောင့်မှုတို့အတွက် နောင်တရမဆုံး ရှိလေသည်။

(အိန္ဒိယပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## ရွှေဆံထိုးပျောက်မှု

တစ်ခါက တရုတ်ပြည်ရှိ ရွာကလေး တစ်ရွာတွင် သူငယ်ကလေး တစ်ယောက် ရှိသည်။ သူငယ်ကလေး၏ မိဘများမှာ သူငယ်စဉ်ကပင် ကွယ်လွန်သွားခဲ့ကြသည်။ ထို့ကြောင့် သူ့အား အဒေါ်ဖြစ်သူက ကောက်ယူ မွေးမြူကာ ပြုစု စောင့်ရှောက်ထားသည်။

ဤသို့ဖြင့် သူငယ်ကလေး အသက် ၁၂ နှစ်သား အရွယ်သို့ ရောက်လာသည်။ တစ်နေ့သော် သူငယ်ကလေး၏ အဒေါ်ဖြစ်သူ ပိုင်ဆိုင်သော အဖိုးတန်သည့် ရွှေဆံထိုး တစ်ချောင်းသည် ပျောက်ဆုံးသွားသည်။ အဒေါ်ဖြစ်သူသည် စိတ်မကောင်းကြီးစွာဖြစ်လျက် အိမ်ဖော်များအား ရွှေဆံထိုးထို နေရာအနှံ့ ရှာဖွေစေသည်။ အိမ်ဖော်များသည် အိမ်အမိုးမှ ကြမ်းပြင်တိုင်အောင် နေရာအနှံ့ ကြိုးစား ရှာဖွေကြသည်။ သို့သော် ရွှေဆံထိုးကို လုံးဝ မတွေ့ရပေ။

ဤတွင် အဒေါ်ဖြစ်သူသည် သူငယ်ကလေးအား ခေါ်ယူကာ "အဒေါ်ရဲ့ ရွှေဆံထိုး ပျောက်သွားတယ်ကွယ်။ ဒီဆံထိုးဟာ အဒေါ် သိပ်ပြီး တန်ဖိုးထားတဲ့ ပစ္စည်းတစ်ခုပဲ။ ဒီဆံထိုးကို မင်း မတွေ့မိဘူးလားကွယ်" ဟု ပြောသည်။

ထိုအခါ သူငယ်ကလေးက "ဒီဆံထိုးကို ကျွန်တော် မတွေ့မိပါဘူး အဒေါ်" ဟု ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အဒေါက "ဒါပေမဲ့ အိမ်ဖော်တွေလည်း နေရာအနှံ့ ရှာပြီးပြီ။ လုံးဝ မတွေ့ဘူး။ ငါတော့ မင်း ယူထားတယ်လို့ ထင်တယ်" ဟု ပြန်ပြောသည်။

သူငယ်ကလေးသည် ဆံထိုးကို မိမိ မယူကြောင်း အတန်တန် ငြင်းဆိုသည်။ နောက်ဆုံးတွင် သူက "သူ့တွင် အပြစ်မရှိကြောင်း သက်သေပြသည့် အနေဖြင့် သစ္စာဆိုပြမည်" ဟု ပြောသည်။

"ကျွန်တော်တို့ ရွာထိပ်က နတ်စင်ကိုသွားပြီး ကျွန်တော် အပြစ်မရှိကြောင်း နတ်ရုပ်ကြီးရှေ့မှာ သစ္စာဆိုပြပါမယ်"

အဒေါ်ဖြစ်သူလည်း သူငယ်ကလေး၏ စကားကို သဘောကျသွားသည်။ နတ်ရုပ်ကြီးရှေ့တွင် သစ္စာဆိုတိုင်း မှန်လျှင် မှန်သလို၊ မှားလျှင် မှားသလို အမှုပေါ်တတ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူတို့သည် နတ်စင်ရှိရာသို့ သွားကြသည်။ လူပရိသတ် အများအပြားလည်း သူတို့ကို ဝိုင်းဝန်း ကြည့်ရှုနေကြသည်။ နတ်စင်သို့ရောက်သော် လူငယ်ကလေးသည် နတ်ရုပ်ကြီး၏ ခြေရင်းသို့သွားသည်။ ပြီးလျှင် ထိုနတ်ရုပ်ကြီး ခြေရင်း၌ ဦးညွှတ်ကာ "အရှင်နတ်မင်း၊ တပည့်တော်ရဲ့ အဒေါ်ဖြစ်သူက တပည့်တော်ကို သူ့ဆံထိုး ခိုးမှုနဲ့ စွပ်စွဲပါတယ်။ ဒီဆံထိုးကို တပည့်တော် လုံးဝ မခိုးပါဘူး။ တပည့်တော် နတ်စင်ရှေ့မှာ လမ်းလျှောက်ပြပါမယ်။ တကယ်လို့ တပည့်တော် ဆံထိုးကို ခိုးတယ်ဆိုရင် တပည့်တော် လမ်းလျှောက်တဲ့အခါ ခြေချော်ပြီး မြေပေါ်သို့ လဲကျသွားပါစေသား" ဟု သစ္စာဆိုလိုက်သည်။ နတ်မင်းသည် ထိုသစ္စာဆိုမှုကို ဂရုမပြု။ သူငယ်ကလေး ထိခိုက်အောင် ပြုလိုက်သည်။ ဤတွင် သူငယ်ကလေးသည် သစ္စာဆိုပြီး နတ်စင်ရှေ့တွင် လမ်းလျှောက်ပြရာ ခြေချော်၍ လဲကျသွားလေတော့သည်။

ဝိုင်းအုံ ကြည့်ရှုနေသော ပရိသတ်ကြီးလည်း "ဟယ် သူငယ်ကလေး လဲကျသွားပြီ။ သူ့မှာ အပြစ်ရှိတယ်။ သူဟာ ဆံထိုး ခိုးသူပဲ" ဟူ၍ ရေရွတ် ပြောဆိုကြသည်။

ထိုအခြင်းအရာကို မြင်တွေ့သောအခါ အဒေါ်ဖြစ်သူသည် သူ့တူကို အလွန်ပင် စိတ်ဆိုးသွားသည်။ ထို့ကြောင့် မိမိတူအား "ဆံထိုးကို ခိုးသူ၊ ကျေးဇူးကန်းသောသူ" ဟု ဆိုကာ အိမ်မှ နှင်ချလိုက်လေသည်။

သူငယ်ကလေးလည်း ဝမ်းနည်း စိတ်ထိခိုက်စွာဖြင့် အိမ်မှ ဆင်းသွားရရှာသည်။ သူသည် အဒေါ်၏အိမ်မှ ဆင်းလာခဲ့ပြီးနောက် တစ်မြို့တစ်ရွာသို့ သွားကာ ဝမ်းရေးအတွက် ပင်ပန်းစွာ အလုပ် လုပ်ကိုင်ရရှာသည်။ သူသည် အခက်အခဲပေါင်း များစွာကို ကြုံတွေ့ရသည်။ သူသည် ရဲစွမ်းသတ္တိရှိသူ ဖြစ်ရကား ထိုအခက်အခဲများကို အောင်မြင်စွာ ကျော်လွှား

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့သည်။ ဤသို့ဖြင့် ဆယ်နှစ်တိုင်တိုင် ကြာခဲ့သည်။ ထိုအချိန်တွင် သူသည် မင်းမှုထမ်း အရာရှိတစ်ဦး ဖြစ်လာခဲ့ပြီ။

တစ်နေ့တွင် သူသည် သူ၏အိမ်ကို သတိရ အောက်မေ့လာသည်။ ထို့ကြောင့် သူသည် အိမ်သို့ ပြန်လာခဲ့သည်။ အိမ်အပြန် လမ်းခုလတ်သို့ အရောက်တွင် သူသည် ယခင်က သွားရောက်ခဲ့သော နတ်စင်ကို သတိရလာသည်။ ထို့ကြောင့် နတ်စင်သို့ သွားရောက်၍ နတ်စင်ရှေ့ တစ်နေရာတွင် အိပ်စက်သည်။ မအိပ်မီ ဘုရားရှိခိုးကာ မေတ္တာပို့သပြီးလျှင် အမှန်တရား ပေါ်ပေါက်လာစေရန်လည်း ဆုတောင်းသည်။ ထို့နောက် အိပ်ရာဝင်သည်။

သူသည် အိပ်ပျော်နေစဉ် ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်သည်။ အိပ်မက်ထဲတွင် ကြွက်တစ်ကောင်ကို တွေ့သည်။ ထိုကြွက်သည် ပြောင်လက် တောက်ပသော ရွှေရောင် အရာဝတ္ထု တစ်ခုကို အဒေါ်အိမ်၏ ကြမ်းပြင်အောက်ရှိ သူ၏ အသိုက်ရှိရာသို့ ချီသွားသည်ကို မြင်မက်သည်။

သူသည် အိပ်ရာမှ ချက်ချင်း လန့်နိုးသွားသည်။ သူသည် အိပ်ရာမှ စောစောထကာ သူ့အဒေါ်၏အိမ် ရှိရာသို့ အမြန်ဆုံး ပြေးလာခဲ့သည်။ အိမ်သို့ရောက်သော် အဒေါ်ဖြစ်သူအား အကျိုးအကြောင်း ပြောပြသည်။ အဒေါ်ဖြစ်သူလည်း ချက်ချင်းပင် အိမ်ဖော်များအား ကြမ်းခင်းများကို ဖယ်ရှား၍ ရှာဖွေစေသည်။

ထိုအခါ အိမ်သားများအားလုံး အံ့သြသွားကြရသည်။ အကြောင်းမှာ ထိုရွှေဆံထိုးကို ကြမ်းခင်းအောက်ရှိ ကြွက်သိုက်တစ်ခုထဲတွင် တွေ့ရသောကြောင့်ပင်။ ထိုအခါ အိမ်ဖော် အကြီးအကဲ တစ်ဦးက တစ်စုံတစ်ခုကို သွား၍ သတိရသည်။ ယခင်က ရွှေဆံထိုးကို ကျောက်များဖြင့် စီခြယ်ရာတွင် ကော်ကို အသုံးပြုခဲ့သည်။ ထိုကော်သည် ဖိနပ်အောက်ခံ ရာဘာများကို ကျို၍ ပြုလုပ်ထားသောကော် ဖြစ်သည်။ ဤတွင် သားရေနံ့ ရသောကြောင့် ကြွက်က ထို ကော် သုတ်ထားသည့် ဆံထိုးကို ချီသွားခြင်း ဖြစ်သည်။

လုလင်သည်လည်း အလွန်ပင် ဝမ်းမြောက်သွားသည်။ အဒေါ်လည်း သူ့အား ခွင့်လွှတ်ကာ တူဝရီးနှစ်ယောက် ရှေးယခင်ကကဲ့သို့ပင် ချစ်ခင်စွာ ပြန်လည် ဆက်ဆံကြသည်။

သို့သော် လုလင်ကား မကျေနပ်ပေ။ နောက်တစ်နေ့တွင် နတ်စင်သို့ ပြန်သွားသည်။ ထို့နောက် နတ်ရုပ်ကြီး၏ ရှေ့သို့သွားကာ "အရှင်နတ်မင်း၊ သင်သည် သစ္စာမစောင့်။ အမှန်တရားကို မမြတ်နိုး။ အသင်သည် ကျွန်ုပ်မှာ အပြစ်မရှိဘဲနှင့် အပြစ်ရှိသည်ဟု ထင်အောင် ပြုခဲ့သည်။ ဒီအတွက် အသင့်မျက်နှာကို ကျွန်ုပ် နောက်တစ်ခါ မမြင်ရပါစေသား" ဟု၍ ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် နတ်ရုပ်ကြီး၏ မျက်နှာသည် ကိုယ်မှပြုတ်ကျကာ ကြမ်းပေါ်တွင် အစိတ်စိတ် အမွှာမွှာ ကွဲကြေသွားလေသည်။

ရှာသားတို့သည် နတ်ရုပ်ကြီးအတွက် မျက်နှာကို ပြန်လည် ထုလုပ် တပ်ဆင်ကြသည်။ သို့ရာတွင် တပ်ဆင်ပြီး ခဏမှာပင် ကိုယ်မှ ပြုတ်ကျ ပျက်စီးသွားပြန်လေသည်။ အကြိမ်ကြိမ် ပြုလုပ်ရာ အကြိမ်ကြိမ်ပင် ကွဲကြေ ပျက်စီးသွားလေသည်။ ထိုအချိန်မှစကာ ထိုနတ်ရုပ်ကြီးမှာ မျက်နှာမရှိ။ ကိုယ်တစ်ပိုင်းသာ ဖြစ်နေလေသည်။ လူကြီးသူမများက "သစ္စာမစောင့်သဖြင့် နတ်ရုပ်ပင်လျှင် ကျိန်စာသင့်ရပေသည်" ဟူ၍ ဆိုစမှတ် ပြုကြပေသည်။

(တရုတ်ပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com



## ရွှေလည်ဆွဲ

တစ်ခါသော် ဘုရင့်မိဖုရား တစ်ပါးသည် ရေချိုးရန် ဥယျာဉ်တော် အတွင်းရှိ ရေကန်သို့ ထွက်လာခဲ့သည်။ မိဖုရားသည် သူနှင့်အတူ ရံရွေတော် တစ်ဦးတည်းကိုသာ အဖော်အဖြစ်ခေါ်လာခဲ့သည်။ ရေကန်သို့ရောက်သော် မိဖုရားသည် သူ၏အဝတ်များကို ချွတ်ကာ မြက်ခင်းပေါ်တွင် စုပုံထားသည်။ ထို့အပြင် သူ၏ အဖိုးတန် ရွှေလည်ဆွဲကိုလည်း ဖြုတ်၍ အဝတ်ပုံပေါ်တွင် တင်ထားလိုက်သည်။ ထို့နောက် သူနှင့် ရံရွေတော်တို့သည် ရေကန်တွင်းသို့ ဆင်းကာ ရေချိုးကြသည်။

ဥယျာဉ်တော်အတွင်း၌ အလွန်ကြီးမားသော မျောက်မကြီးတစ်ကောင် ရှိသည်။ ထိုမျောက်မကြီးသည် ဥယျာဉ်တော်အတွင်း ဟို,သည် ပြေးလွှား ပျော်မြူးနေတတ်သည်။ ထိုအချိန်၌ ထိုမျောက်မကြီးသည် သစ်ပင်ပေါ်မှ အောက်သို့ ဆင်းလာရာ မိဖုရား ချွတ်၍ထားသော ရွှေလည်ဆွဲကို မြင်သွားသည်။ ရွှေလည်ဆွဲမှာ အရောင်တောက်ပပြီး လှပသည်။ ထို့ကြောင့် မြောက်မကြီးသည် အလွန် နှစ်သက်သွားသည်။ လည်ဆွဲကိုယူ၍ သစ်ပင်များအောက်တွင် ဝင်ပုန်းနေလိုက်သည်။ မိဖုရား ရေချိုးပြီး၍ ကုန်းပေါ်သို့ ပြန်တက်လာသောအခါ သူ၏လည်ဆွဲကို လုံးဝ မတွေ့ရတော့ပေ။ မိဖုရားသည် အလွန် စိတ်ထိခိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘုရင့်ထံသို့ သွားကာ "ဥယျာဉ်တော်ထဲမှာ သူခိုးတစ်ယောက် ရှိနေပါတယ်။ သူဟာ ကျွန်တော်မျိုးမရဲ့ လည်ဆွဲကို ခိုးသွားပါတယ်" ဟု ပြောသည်။

ဘုရင်လည်း သူ၏ မှူးမတ်များကို ခေါ်ကာ "သူခိုးကို ရအောင် ဖမ်းခဲ့ကြ" ဟု အမိန့်ပေးလိုက်သည်။

မှူးမတ်များလည်း ဥယျာဉ်တော် အတွင်းသို့ ပြေးထွက်သွားကြသည်။ ဥယျာဉ်တော် အတွင်း၌ မည်သူ့ကိုမျှ မတွေ့ရပေ။ သူတို့သည် တောအုပ်ထဲသို့ ဝင်ရှာကြသည်။ တောထဲတွင် သူဆင်းရဲ တစ်ယောက်ကို မြင်သည်။ သူဆင်းရဲသည် ထင်းခွေနေသည်။ သူသည် မှူးမတ်များကို မြင်သောအခါ ကြောက်လန့်ပြီး ထွက်ပြေးသွားသည်။

မှူးမတ်များကလည်း "သူခိုး၊ သူခိုး" ဟု အော်ကာ သူဆင်းရဲ၏နောက်သို့ လိုက်သည်။ နောက်ဆုံးတွင် သူဆင်းရဲကို ဖမ်းမိကြသည်။ သူတို့သည် သူဆင်းရဲအား ဘုရင့်ထံသို့ ခေါ်ဆောင်သွားကြသည်။

ဘုရင်က သူဆင်းရဲအား "မိဖုရားကြီးရဲ့ လည်ဆွဲကို မောင်မင်း ခိုးယူသလား" ဟု မေးသည်။

ထိုအခါ သူဆင်းရဲက "တကယ်လို့ ငါက လည်ဆွဲကို မယူတဲ့အကြောင်း အမှန်အတိုင်း ဖြေပေမယ့် ဘုရင်က ယုံမှာ မဟုတ်ဘူး။ သူဟာ ငါ့ကို သတ်မှာပဲ" ဟု တွေးမိသည်။ ထို့ကြောင့် "မှန်ပါတယ်၊ လည်ဆွဲကို ကျွန်တော်မျိုး ယူမိပါတယ်" ဟု ပြောလိုက်သည်။

ဘုရင်က "လည်ဆွဲကို ဘယ်မှာ ဝှက်ထားသလဲ" ဟု မေးသည်။ "မြို့ထဲက သူကြွယ် တစ်ယောက်ကို ပေးလိုက်ပါတယ်" ဟု သူဆင်းရဲက ပြန်ဖြေသည်။

ဘုရင်လည်း သူကြွယ်အား ခေါ်စေသည်။ သူကြွယ် ရောက်လာသောအခါ ဘုရင်က "ဒီသူငယ် မောင်မင်းကို ရွှေလည်ဆွဲ ပေးသလား" ဟု မေးသည်။

သူကြွယ်လည်း ဤသို့ တွေးသည်။ 'တကယ်လို့ ငါက လည်ဆွဲကို မပေးတဲ့အကြောင်း ပြောရင် သူဆင်းရဲခမျာ အသတ်ခံရရှာတော့မှာပဲ' ထို့နောက် သူက "မှန်ပါတယ် အရှင်၊ ကျွန်တော်မျိုးကို သူက လည်ဆွဲပေးပါတယ်" ဟု ဖြေသည်။ "ဘယ်မှာ ထားသလဲ" ဟု ဘုရင်က မေးလျှင် သူကြွယ်က "မြို့ထဲက မိန်းမတစ်ယောက်ကို ပေးထားပါတယ်" ဟု ပြန်ဖြေသည်။

ဘုရင်လည်း ထိုမိန်းမကို ခေါ်စေသည်။ ရောက်လျှင် ရှေးနည်းအတိုင်း စစ်မေးပြန်သည်။ ဤတွင် ထိုမိန်းမကလည်း သူကြွယ်ကို ငဲ့ညှာကာ "မှန်ပါ၊ လည်ဆွဲကို သူကြွယ်က

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ပေးပါတယ်" ဟု ဖြေသည်။ ဘုရင်က "ဘယ်မှာ ထားသလဲ" ဟု မေးပြန်ရာ "ကျွန်မရဲ့ ဖခင်ထံ အပ်ထားပါတယ်" ဟု ဖြေသည်။ ထိုမိန်းမ၏ ဖခင်ကို ခေါ်ယူ စစ်မေးရာ ဖခင်ဖြစ်သူလည်း သမီးကို ငဲ့ညှာကာ "မှန်ပါ ပေးပါတယ်" ဟု ပြောသည်။

သို့ စစ်မေးနေရင်း တဖြည်းဖြည်း မိုးချုပ်လာသည်။ ထို့ကြောင့် ဘုရင်သည် သူတို့လေးဦးကို ပြန်မလွှတ်တော့ဘဲ "နောက်နေ့ နံနက်တွင် ဆက်လက် စစ်ဆေးမည်" ဟု ဆိုကာ နန်းတော်တွင်းရှိ အခန်း တစ်ခန်းထဲ၌ ထည့်ထားလိုက်သည်။ သူ၏ မှူးမတ်များကိုလည်း ခေါ်ယူကာ ညအချိန်တွင် ထိုသူ လေးဦးတို့ မည်သို့ ပြောဆို တိုင်ပင်ကြသည်ကို အပြင်မှ တိတ်တဆိတ် နားထောင်ရန် အမိန့်ပေးလိုက်သည်။ မှူးမတ်များလည်း အခန်းအပြင်မှ နားထောင်နေကြသည်။

သူတို့ လေးဦးသည် အခန်းတွင်း၌ ရှိနေကြစဉ် သူကြွယ်က ဦးစွာ စတင်၍ သူဆင်းရဲအား မေးလိုက်သည်။

"ဘာကြောင့် လည်ဆွဲကို ကျုပ်ကို ပေးတယ်လို့ ပြောရတာလဲ"

"သူကြွယ်ကြီးခင်ဗျာ၊ ကျွန်တော်ဟာ သိပ်ကို ဆင်းရဲပါတယ်။ ကြောက်လည်း ကြောက်တတ်ပါတယ်။ တကယ်လို့ လည်ဆွဲကို မယူကြောင်းပြောရင် ဘုရင်က ကျွန်တော့်ကို သတ်မှာပဲ။ ဒါကြောင့် အသတ်ခံရမှာ ကြောက်ပြီး အရှင် သူကြွယ်မင်းကို ပေးတယ်လို့ လိမ်ညာပြောမိပါတယ်"

"ဒါဖြင့် လည်ဆွဲကို မင်း တကယ်မယူဘူးပေါ့"

"မယူပါဘူးခင်ဗျာ၊ ယူဖို့ဝေးလို့ လည်ဆွဲကို မြင်တောင် မမြင်ဖူးပါဘူး"

"အေး ငါလည်း အသတ်ခံရမှာစိုးပြီး တခြားလူတွေကို လွှဲချတာပဲ။ တခြားလူတွေလည်း အဆင့်ဆင့် လွှဲချတာပဲ။ တကယ်တော့ တို့အားလုံးဟာ သူခိုးတွေ မဟုတ်ပါဘူးကွယ်"

မှူးမတ်များလည်း သူတို့ ကြားရသမျှကို အားလုံး မှတ်သားထားကြသည်။ နောက်တစ်နေ့ နံနက်သို့ ရောက်သော် မှူးမတ်များသည် ဘုရင်ကြီးထံ အခစားဝင်ကာ "အခု ဖမ်းထားတဲ့ လူတွေဟာ လည်ဆွဲကို ယူတဲ့သူတွေ မဟုတ်ပါဘူး။ သူဆင်းရဲ လည်ဆွဲကို လုံးဝမယူပါဘူး။ ဒါကြောင့် လည်ဆွဲသူခိုးကို ရအောင် ရှာသင့်ပါတယ်" ဟု လျှောက်တင်ကြသည်။ ဘုရင်လည်း ဖမ်းဆီးထားသူ လေးဦးကို ပြန်လွှတ်ပေးလိုက်သည်။ သူ၏ မှူးမတ်များအားလည်း သူခိုးကို ရအောင်ဖမ်းရန် စေလွှတ်လိုက်သည်။ မှူးမတ်များသည် စုဝေး တိုင်ပင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်တစ်ဦးသည် အခြား မှူးမတ်များနှင့် မတူ၊ စဉ်းစားဉာဏ် ထူးချွန်သည်။ သူက အဖော် မှူးမတ်များအား "ဥယျာဉ်တော်ထဲမှာ မျောက်မကြီး တစ်ကောင် ရှိတယ်။ လည်ဆွဲ သူခိုးဟာ ဒီမျောက်မကြီးပဲ ဖြစ်မယ်လို့ ထင်တယ်" ဟု ပြောသည်။ ဤတွင် မှူးမတ်တစ်ဦးက "ဒီမျောက်မကြီးကို ဘယ်လို ဖမ်းကြမလဲ" ဟု မေးလိုက်သည်။

ထိုအခါ ပညာရှိ အမတ်က "ကျွန်ုပ်မှာ အစီအစဉ်တစ်ခု ရှိပါတယ်" ဟု ပြန်ပြောသည်။ ထို့နောက် သူသည် တောအုပ်တစ်ခု အတွင်းသို့သွားကာ အခြား မျောက်တစ်ကောင်ကို ဖမ်းလာခဲ့သည်။ သူသည် ထိုမျောက်ကို အိမ်သို့ ခေါ်သွားပြီးလျှင် အဝတ်အစားများ ဝတ်ပေးသည်။ ထို့ပြင် ထိုမျောက်ကို အင်္ကျီနီနှင့် ဦးထုပ်ပြာကို ဆောင်းပေးပြီး ဖန်ပုတီး တစ်ကုံးကို လည်း မျောက်၏လည်ပင်းတွင် ဆွဲပေး၍ လွှတ်လိုက်သည်။ မျောက်သည် သူ၏ အဝတ်အစား များကို သဘောကျဟန်ဖြင့် ဥယျာဉ်ထဲသို့ ပြေးသွား၍ သစ်ပင် တစ်ပင်ပေါ်သို့ တက်သွားလေ သည်။

ဥယျာဉ်တော်ထဲရှိ မျောက်မကြီးသည် ထိုအခြင်းအရာကို မြင်သည်။ မျောက်မကြီးက "သူ့မှာသာ ပုတီးရှိတာ မဟုတ်ဘူး၊ ငါ့မှာလည်း ရှိတာပဲ" ဟု ဆိုကာ အားကျမခံ သူဝှက် ထားသော ရွှေလည်ဆွဲကို ပြေးယူသည်။ ပြီးလျှင် ထိုလည်ဆွဲကို လည်တွင်ဆွဲကာ ပုန်းနေရာမှ ထွက်လာသည်။

မှူးမတ်များလည်း ထိုအခြင်းအရာကို မြင်လျှင် မျောက်မကြီးကို လိုက်၍ ဖမ်းသည်။ မျောက်မကြီးသည် ကြောက်ရွံ့စွာဖြင့် တောအုပ်ထဲသို့ ဝင်ပြေးရာ သူ့လည်ပင်းမှ လည်ဆွဲသည် ပြုတ်ထွက်ကာ မြေပေါ်သို့ ကျကျန်ခဲ့သည်။ မှူးမတ်များလည်း ထိုလည်ဆွဲကို ကောက်ယူကာ ဘုရင့်ထံ သွားရောက် ဆက်သကြသည်။

ဘုရင်လည်း အလွန် ဝမ်းသာ ကျေနပ်ကာ မှူးမတ်များအား ဆုတော် လာဘ်တော်များ ကို ချီးမြှင့်လေသည်။ ပညာရှိ အမတ်ကိုမူ ဆုချီးမြှင့်ရုံမက ချီးကျူးကာ ရာထူးတိုးမြှင့် ပေးသနား လေသည်။

(သီရိလင်္ကာပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## သွေးရင်းသားရင်း

တစ်ခါက ရွာကလေး တစ်ရွာတွင် အဘိုးအိုတစ်ယောက် ရှိသည်။ သူ့တွင် သား နှစ်ယောက် ရှိသည်။ မကြာမီပင် အဘိုးအိုသည် အသက်အရွယ် ကြီးရင့်လာပြီဖြစ်၍ ကွယ်လွန်သွားခဲ့သည်။ ဤသို့ ကွယ်လွန်သွားချိန်တွင် သားများအတွက် အမွေခွဲဝေ မပေးဖြစ်ခဲ့ပေ။ ထို့ကြောင့် သားကြီးသည် ဖခင်ပိုင်ဆိုင်သော ပစ္စည်းအားလုံးကို အပိုင်စီးလိုက်သည်။ ညီငယ်ဖြစ်သူကိုမူ တဲစုတ်ကလေး တစ်လုံးနှင့် အသုံးပြု၍ မရလောက်အောင် ခြောက်သွေ့နေသော မြေကွက်ကလေး တစ်ကွက်ကိုသာ ပေးသည်။

ဤသို့ အစ်ကိုဖြစ်သူက ရက်စက်သော်လည်း ညီငယ်သည် စိတ်မဆိုး။ သူသည် အစ်ကိုဖြစ်သူ၏ မြေယာကို ကောင်းမွန်စွာ ထွန်ယက် စိုက်ပျိုးပေးသည်။ ထို့ပြင် အစ်ကိုဖြစ်သူထံမှ ကျွဲနွားများကို ငှားရမ်းကာ သူပိုင်ဆိုင်သော မြေကွက်လေးကိုလည်း ကြိုးစား၍ ထွန်ယက် စိုက်ပျိုးရှာသည်။ ညီငယ်ဖြစ်သူ၏ ထွန်ယက် စိုက်ပျိုးပေးမှုကြောင့် အစ်ကိုကြီး၏ လယ်ယာမှာ စိမ်းလန်း စိုပြည်ကာ သီးနှံအထွက် ကောင်းခဲ့သည်။ သို့သော် ညီငယ်၏ လယ်ယာမှာ မည်သည့် သီးနှံမျှ မထွက်ခဲ့။ ထို့ကြောင့် အစ်ကိုဖြစ်သူသည် ချမ်းသာကြွယ်ဝနေသလောက် ညီငယ်မှာ ဆင်းရဲ မွဲတေနေရှာသည်။

www.burmeseclassic.com



အစ်ကိုဖြစ်သူသည် ညီငယ်ပေါ်တွင် သနားကြင်နာမှု ကင်းမဲ့သလောက် သူ၏ အပေါင်းအသင်း မိတ်ဆွေများကိုမူ အလွန်ပင် ချစ်ခင်သည်။ မိတ်ဆွေများအား ရင်းနှီးချစ်ခင်စွာ ဆက်ဆံသည့်ပြင် သူတို့၏ လိုအင်ဆန္ဒများကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးခဲ့သည်။

အစ်ကိုဖြစ်သူသည် ဤသို့သော စိတ်ထားမျိုး ရှိသော်လည်း သူ့ဇနီးမှာ ထိုသို့ မဟုတ်ပေ။ သူ့ဇနီးသည် စိတ်ကောင်း နှလုံးကောင်းနှင့် ပြည့်ဝသူ ဖြစ်သည်။ အစ်ကိုဖြစ်သူ၏ ညီငယ်အပေါ် ပြုမူချက်များကို တားမြစ်ခဲ့သည်။

"မောင်ရယ်၊ ရှင်ဟာ ဘာကြောင့်များ မိတ်ဆွေတွေအပေါ်မှာ ကောင်းသလောက် ညီငယ်အပေါ်မှာ မကောင်းရတာလဲ။ တကယ်ဆို ကိုယ့်ညီငယ်အပေါ်မှာ ကြင်နာမှု အပြည့်နဲ့ ပေးကမ်း စောင့်ရှောက်သင့်ပါတယ်" ဟု ဇနီးသည်က သူ့အား ပြောသည်။

ထိုအခါ အစ်ကိုဖြစ်သူက "ငါ့ညီက အရွယ်ရောက်နေပြီဖြစ်လို့ သူ့ဝမ်းကို သူ ကျောင်းနိုင်ပါပြီ။ တကယ်လို့ သူ့ကို ကျွေးမွေး ပြုစုထားမယ်ဆိုရင် သူဟာ သူ့အား သူမကိုးဘဲ ငါတို့အပေါ်မှာ မှီခိုနေမှာပေါ့။ သူ့အား သူကိုးပြီး အလုပ် လုပ်ပါစေ။ ငါ့ရဲ့ မိတ်ဆွေတွေဟာ လူတော် လူကောင်းတွေ ဖြစ်ပြီး ငါ့အပေါ်မှာလည်း သိပ်ကြင်နာကြတယ်။ ဒါကြောင့် သူတို့ရဲ့ မေတ္တာကို တုံ့ပြန်တဲ့အနေနဲ့ သူတို့ကို ပေးကမ်း စွန့်ကြဲနေတာပါ" ဟု ပြန်ပြောသည်။

"ဒါပေမဲ့ ညီငယ်ဟာ မောင့်ရဲ့ သွေးရင်း သားရင်းပဲ မဟုတ်လားကွယ်။ သွေးသားရင်းက အဆများစွာ ပိုပြီး အဖိုးတန်ပါတယ်။ တကယ် အရေးကြုံလာတဲ့ အခါကျရင် မိတ်ဆွေထက် ကိုယ့်သွေးသားက ပိုပြီး မေတ္တာထားတယ်၊ ကူညီတယ်ဆိုတာ မောင် မသိဘူးလား။ မောင့်ရဲ့ မိတ်ဆွေတွေ မောင့်ကို ပစ်ခွာသွားတဲ့ အခါကျမှ ညီငယ်ရဲ့ မေတ္တာကို မောင် ကောင်းကောင်း ကြီး နားလည်လာပါလိမ့်မယ်" ဟု ဇနီးသည်က ပြန်လည် ပြောဆိုသည်။

သို့သော် အစ်ကိုဖြစ်သူသည် သူ့ဇနီး၏ စကားကို နားမဝင်။ သူ့စိတ်ထဲတွင် 'အပို စကားများ' ဟုပင် ထင်လိုက်သေးသည်။

တစ်နေ့သော် သူသည် အလုပ်မှ အိမ်သို့ ပြန်ရောက်သောအခါ ဇနီးဖြစ်သူအား မျက်ရည်စက်လက်ဖြင့် တွေ့ရလေသည်။ သူက ဇနီးသည်အား အကျိုးအကြောင်း မေးရာ ဇနီးသည်က "အမလေး မောင်ရယ်၊ ကျွန်မတို့တော့ ဒုက္ခလှလှကြီး တွေ့ကြပါပြီ။ မောင် အလုပ်သွားနေစဉ်မှာ သူခိုးတစ်ယောက်က အိမ်ထဲကို ဝင်လာပြီး အဝတ်တွေကို ခိုးသွားတယ်။ ကျွန်မလည်း သူခိုးကိုတွေ့ရော လန့်ပြီး ဝါးလုံးနဲ့ ရိုက်မိတယ်။ သူခိုးဟာ လဲကျပြီး ခေါင်းကွဲ ပြီး ခေါင်းမှာ ဆောင့်မိပြီး နေရာမှာပဲ ပွဲချင်းပြီး သေသွားပါတယ်။ ကျွန်မလည်း ကြောက်ကြောက် နဲ့

www.burmeseclassic.com



သူခိုးရဲ့ အလောင်းကို ဖျာနဲ့ပတ်ပြီး ဝှက်ထားတယ်။ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ဟင်” ဟု ပြောပြသည်။

အစ်ကိုကြီးလည်း ကြောက်ရွံ့မှုကြောင့် မည်သို့ပြုရမည် မသိ ဖြစ်နေသည်။ ထိုအခါ ဇနီးသည်က “ဒီမြို့က မြို့ဝန်ကြီးဟာ မောင်နဲ့ ခင်မင်တယ် မဟုတ်လား။ သူ့ကို အကျိုးအကြောင်း ပြောပြပြီး အကူအညီ တောင်းကြည့်ပါလား။ သူက မတော်တဆ ဖြစ်တာပဲဆိုပြီး အပြစ်မယူရင်လည်း ကောင်းတာပေါ့။ ဒီလိုမဟုတ်ဘဲ အပြစ်ဒဏ်ခတ်ရင်တော့ အကျဉ်းချခံရမှာပဲ။ ဒီလိုမှမဟုတ်ရင်တော့ ဒီကိစ္စကို ဘယ်သူမှ မသိသေးတဲ့အတူတူ မောင်ရဲ့ မိတ်ဆွေတွေထဲက တစ်ယောက်ယောက်ကို အကျိုးအကြောင်း ပြောပြပြီး အကူအညီ တောင်းကြည့်ပါလား။ မောင်က သူတို့အပေါ်မှာ မေတ္တာ စေတနာ ထားခဲ့တာပဲ။ မောင့်အပေါ်မှာ သူတို့က ရိုင်းပျမယ် မထင်ပါဘူး” ဟု အကြံပေး သည်။

အစ်ကိုကြီးလည်း ဇနီးသည်၏ အကြံပြုချက်အတိုင်း လိုက်နာသည်။ သူသည် အလွန်ရင်းနှီးသော မိတ်ဆွေ၏အိမ်သို့ သွားသည်။ မိတ်ဆွေလည်း သူ့အား ကောင်းစွာ ကြိုဆိုဧည့်ခံသည်။ သို့သော် သူက အကျိုးအကြောင်း ပြောပြသော အခါတွင်ကား ထိုမိတ်ဆွေသည် အလွန် ကြောက်ရွံ့သွားသည်။ သူက သူ၏ဇနီးသည် ခရီးသွားနေခိုက်ဖြစ်၍ သူတစ်ဦးတည်း အိမ်တွင် ကလေးများကို စောင့်ရှောက်နေရကြောင်း၊ သူ မအားလပ်၍ ဤကိစ္စကို မဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် အခြားမိတ်ဆွေ တစ်ဦးထံ သွားရောက် အကူအညီတောင်းရန် ပြောဆိုသည်။

အစ်ကိုကြီးလည်း ထိုအိမ်မှ ထွက်ခဲ့ကာ အခြားမိတ်ဆွေ တစ်ဦးထံ သွားရောက် အကူအညီ တောင်းခံပြန်သည်။ ထိုမိတ်ဆွေသည်လည်း ရှေးနည်းအတိုင်းပင် အစဦး သူ့ကို ကောင်းစွာ လက်ခံသည်။ သို့သော် သူက အကျိုးအကြောင်း ပြောပြကာ အကူအညီ တောင်းသောအခါတွင်မူ ထိုမိတ်ဆွေသည် အလွန်ပင် ကြောက်ရွံ့သွားသည်။ သူက မိမိသည် အသက်အရွယ် ကြီးရင့်ပြီး ကျန်းမာရေးလည်း မကောင်းကြောင်း၊ အလေးအပင်များကိုလည်း မ,မနိုင်ကြောင်း၊ ထို့ကြောင့် အစ်ကိုကြီးကို ကူညီလိုပါသော်လည်း မဖြစ်နိုင်ကြောင်း စသည်ဖြင့် ပြောဆိုကာ ငြင်းဆန်သည်။

အစ်ကိုကြီးလည်း နောက်ထပ် မိတ်ဆွေ တစ်ဦးထံသို့ သွားပြန်သည်။ ထိုမိတ်ဆွေသည်လည်း အစတွင် ‘ကူညီမယ်’ ဟု ပြောသော်လည်း အကျိုးအကြောင်း သိရသောအခါ အလွန်ထိတ်လန့်သွားသည်။ ထိုမိတ်ဆွေက သူ့မိခင်သည် မကျန်းမမာ ဖြစ်နေ၍ မိခင်ကို ထားခဲ့ကာ

www.burmeseclassic.com



အခြားသို့ မသွားနိုင်ကြောင်း၊ သူသည် အစ်ကိုကြီးအား အလွန် ကူညီလိုပြီး အစ်ကိုကြီးနှင့် ထပ်တူထပ်မျှ ခံစားရပါကြောင်း ပြောဆိုသည်။

အစ်ကိုကြီးလည်း လက်လျှော့ကာ အခြား မိတ်ဆွေများထံ ဆက်လက် အကူအညီ တောင်းခံပြန်သည်။ သို့သော် အားလုံးကပင် ငြင်းဆန်ကြသည်။ နောက်ဆုံးတွင် အစ်ကိုကြီးသည် စိတ်ပျက်လက်ပျက်ဖြင့် အိမ်သို့ ပြန်လာခဲ့သည်။ သူသည် သေလုမျောပါး ဖြစ်အောင် ကြောက်ရွံ့နေသည်။ စိတ်ဓာတ်လည်း အလွန်ကျနေသည်။ ထိုအခါ ဇနီးသည်က "ကဲ အချိန်လည်း အတော်လင့်သွားပြီ။ ဒီတော့ မောင့်ရဲ့ ညီလေးကိုပဲ သွားပြီး အကူအညီ တောင်းပေတော့။ မြန်မြန်သွားပါ။ အချိန်ဖြုန်းနေလို့ မဖြစ်တော့ဘူး" ဟု ပြောသည်။

အစ်ကိုကြီးလည်း ညီငယ်ထံ သွားရောက်သည်။ ညီငယ်သည် အကျိုးအကြောင်း သိရလျှင် အစ်ကိုကြီးနှင့်အတူ ချက်ချင်း လိုက်ပါသည်။ ဖျာလိပ်နှင့် ပတ်ထားသော အလောင်းကိုလည်း မြှုပ်နှံပေးသည်။ ထို့နောက် ညီအစ်ကို နှစ်ဦးသည် အိမ်သို့ ပြန်လာကြသည်။

သူတို့ ပြန်ရောက်လာချိန်မှာ နံနက် အရုဏ်တက်နေပြီ။ သူတို့၏အိမ်သို့ ရောက်သော် အစ်ကိုကြီး သွားရောက် အကူအညီ တောင်းခဲ့သော မိတ်ဆွေများသည် မြို့ဝန်အား ခေါ်ဆောင်လာကာ စောင့်ဆိုင်းနေသည်ကို တွေ့ရသည်။ သူတို့ ပြန်လာသည်ကို တွေ့လျှင် ထိုမိတ်ဆွေများက လက်ညှိုးငေါက်ငေါက်ထိုးကာ အဖြစ်အပျက်ကို မြို့ဝန်အား ဝိုင်းဝန်း တိုင်ကြားကြသည်။

မြို့ဝန်လည်း အစ်ကိုကြီးအား "မောင်မင်းဟာ လူသတ်မှု ကျူးလွန်ခဲ့သူ ဖြစ်သည်။ ဒါ့အပြင် ဒီမှာရောက်နေတဲ့ လူတွေကိုလည်း ကြံရာပါအဖြစ် ပြုလုပ်ဖို့ သွေးဆောင်ခဲ့တယ်။ ဒါပေမဲ့ သူတို့ဟာ မြို့ကြီးသားပီပီ ဥပဒေကို လိုက်နာခဲ့တယ်။ ဒါကြောင့် ဘာမှ ဖုံးကွယ်ဖို့ မကြိုးစားပါနဲ့တော့။ အလောင်းမြှုပ်ထားတဲ့ နေရာကို လိုက်ပြပါ။ ပြီးတော့ တရားဥပဒေက ပေးတဲ့ အပြစ်ကို ခံယူပါ" ဟု ခက်ထန်စွာ အမိန့်ပေးလိုက်သည်။

သူတို့ ညီအစ်ကိုလည်း အမိန့်အတိုင်း နာခံကာ မြှုပ်ထားသော နေရာသို့ မြို့ဝန်နှင့် အဖော်များအား ခေါ်ဆောင်သွားကြသည်။ သို့သော် မြှုပ်ထားသော အရာကို ဖော်လိုက်သော အခါတွင်ကား အားလုံးပင် အံ့သြသွားကြရသည်။ အကြောင်းမှာ သူခိုး၏ အလောင်းအစား ခွေးသေကောင် တစ်ကောင်ကိုသာ တွေ့ကြရသောကြောင့်ပင်။

ဤတွင် အစ်ကိုကြီး၏ ဇနီးသည် မြို့ဝန်၏ရှေ့သို့ ထွက်လာကာ အောက်ပါအတိုင်း ရဲရင့်စွာ ပြောကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ ခင်ပွန်းဟာ သူ့မိတ်ဆွေတွေကို သူ့ညီအရင်းထက် ပိုပြီးချစ်တယ်။ ကျွန်မက ဘယ်လိုပဲ ပြောပေမယ့် အမြင်မှန် မရပါဘူး။ ဒါကြောင့် ကျွန်မဟာ သူ့ကို ဆုံးမဖို့ နည်းလမ်း ရှာနေခဲ့ပါတယ်။ မနေ့ကတော့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ကျွန်မရဲ့ ခွေးကလေး သေသွားပါ တယ်။ ကျွန်မလည်း ရုတ်တရက် အကြံရလာပြီး ခွေးသေကို လူသေအလောင်း ဟန်ဆောင် ကာ ကျွန်မခင်ပွန်းကို မိတ်ဆွေစစ်နဲ့ မိတ်ဆွေတု ခွဲခြား သိလာအောင် ကြိုးစားခဲ့ပါတယ်။ အခုတော့ ကျွန်မ ခင်ပွန်းလည်း မိတ်ဆွေအစစ်နဲ့ အတုကို ခွဲခြားပြီး သိသွားပါပြီ။ မိတ်ဆွေ ထက် သွေးရင်းသားရင်း ဖြစ်တဲ့ သူ့ညီက သူ့အပေါ် သစ္စာရှိတာကို သိသွားပါပြီ။ အမြင်မှန် ရသွားပါပြီ။ ကျွန်မပြောတာ အားလုံးဟာ အမှန်ပါပဲ မြို့ဝန်မင်း"

မြို့ဝန်မင်းလည်း ကျေနပ်သွားသည်။ အစ်ကိုကြီးမှာလည်း အတိုင်းမသိ ကျေနပ် ဝမ်းမြောက်သွားရှာသည်။ သူသည် ညီငယ်၏လက်ကို အားပါးတရ ဆုပ်ကိုင်ထားရှာသည်။ သူ့ကို ချစ်ခင်ဟန်ဆောင်ကာ သူ့ထံမှ လိမ်ညာ စားသောက်ခဲ့ကြသော သူ၏ မိတ်ဆွေတု များကား ခေါင်းငိုက်စိုက်ချလျက် ရပ်နေကြသည်။ သူတို့၏ အပြစ်ကြောင့် အစ်ကိုကြီး၏ မျက်နှာကိုလည်း လုံးဝ မကြည့်ရဲကြတော့ပေ။ အစ်ကိုကြီးလည်း အမြင်မှန်ရသွားပြီး ညီအစ်ကို နှစ်ဦး အသက်ထက်ဆုံး ပျော်ရွှင် ချစ်ခင်စွာ နေထိုင်သွားကြပေသည်။

(ဗီယက်နမ်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## သားကောင်းရတနာ

ရှေးသရောအခါ တရုတ်ပြည်၊ နယ်တစ်နယ်တွင် လုလင်ပျိုတစ်ယောက် ရှိလေသည်။ သူသည် ခွန်အားဗလနှင့် ပြည့်စုံ၍ ဆိုးသွမ်း ရိုင်းစိုင်းပေသည်။ သူရောက်ရာ အရပ်တွင် ရန်ပွဲ အမြဲဖြစ်ပွားလေ့ရှိသည်။ သို့ရာတွင် ရွာလူကြီးများသည် သူ၏ ခွန်အားဗလကို ကြောက်ရွံ့ကြသည့်အတွက် သူ့ကို အပြစ်မပေးဝံ့ကြပေ။

သူသည် ဦးခေါင်းတွင် ဥဒေါင်းတောင် နှစ်ခု တပ်ဆင်ထားသော ဧရာမ ဦးထုပ်ကြီးကို အမြဲဆောင်းထားသည်။ ပန်းရုပ်များ လှပစွာ ထိုးထားသော ပိုးဝတ်ရုံကြီးကို ကိုယ်ပေါ်တွင် ဝတ်ရုံထားသည်။ လက်ဝဲဘက်ခါးတွင် ဧရာမဓားကြီး တစ်ချောင်းကို ချိတ်ဆွဲထားသည်။ သူသည် အသောက်အစား လောင်းကစား ဝါသနာပါပြီး မကြာခဏ ခိုက်ရန် ဖြစ်ပွားတတ်သည်။ ဤသို့ ခိုက်ရန်ဖြစ်ပွားသည့် အခါတွင်လည်း သူသည် လက်ရုံးအားကိုးဖြင့် တိုက်ခိုက်ရန်မူတတ်ပေသည်။ ဤနည်းအားဖြင့် သူသည် နယ်သူ နယ်သားများအပေါ် အချိန်ကြာမြင့်စွာ အနိုင်ကျင့်လျက် ရှိပေသည်။

တစ်နေ့တွင် သူတို့၏နယ်သို့ နယ်စားသစ် တစ်ယောက် ရောက်ရှိလာသည်။ ထိုနယ်စားသစ်သည် ရောက်ရှိလျှင် ရောက်ရှိချင်းပင် နယ်မြေ၏ အခြေအနေနှင့် နယ်တွင် နေသူများ

www.burmeseclassic.com



၏ အကြောင်းကို လိုက်လံ စုံစမ်းသည်။ ဤတွင် နယ်သူနယ်သားများ၌ အဓိက ရန်သူကြီး သုံးဦး ရှိကြောင်းကို သိရလေသည်။

ထိုအခါ နယ်စားသည် မိမိကိုယ် မိမိ အဘိုးအိုတစ်ဦး အသွင် ရုပ်ဖျက်ကာ လုလင်ပျို၏ အိမ်ရှေ့သို့ သွား၍ ရပ်နေသည်။ ထိုအချိန်တွင် လုလင်ပျိုမှာ သောက်စား မူးယစ်ပြီး အပြင်မှ ပြန်လာချိန် ဖြစ်သည်။ သူသည် ဓားကြီးကိုဝင့်ကာ ပါးစပ်မှလည်း သီချင်းများ ကျယ်လောင်စွာဆို၍ လာသည်။

အိမ်ရှေ့သို့ ရောက်၍ အဘိုးအိုကို တွေ့သောအခါ သူက "ငါ့အိမ်ရှေ့မှာ ငိုနေတော ဘယ်သူလဲ၊ ဘာဖြစ်လို့လဲ" ဟု မေးသည်။

ထိုအခါ အဘိုးအို ဟန်ဆောင်ထားသော နယ်စားကြီးက "ဒီနယ်က လူတွေကို သနား လွန်းလို့ ငါ ငိုနေမိတာပါကွယ်" ဟု ညင်သာစွာ ပြန်လည် ပြောကြားသည်။

လုလင်ပျိုလည်း အဘိုးအိုကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက် ကျယ်လောင်စွာ ရယ်မောလေသည်။ သူက "ဘကြီး မှားနေပြီ ထင်တယ်။ ကျုပ်တို့နယ်မှာ ဘာရန်မှ မရှိဘူး။ သူဗုန်လည်း မရှိဘူး။ သူခိုး ဓားပြလည်း မရှိဘူး။ အားလုံး အေးအေး ချမ်းချမ်းပဲ။ အစား အသောက် ဆိုရင်လည်း ဆန်စပါးတွေ အလုံအလောက် ရှိတယ်။ လူတွေ အားလုံးလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ် လုပ်ကြတယ်။ ဘကြီးက လူတွေ ဒုက္ခမရောက်ဘဲနဲ့ ရောက်နေ တယ်လို့ ပြောတာဟာ ရောဂါမရှိဘဲ ညည်းညူနေတဲ့ လူနာနဲ့ တူမနေဘူးလား။ ဘကြီး အတွက်ရော ဘေးလူတွေ အတွက်ပါ ဝမ်းနည်း ပူဆွေးအောင် လုပ်နေတာပဲ။ ဘကြီး ဘယ် သူလဲ။ ကျွန်တော့်အိမ်ရှေ့မှာ ဘာလာလုပ်နေတာလဲ" ဟု ပြန်မေးလေသည်။

ထိုအခါ အဘိုးအိုက "ငါဟာ ဒီနယ်ကို ရောက်လာတဲ့ နယ်စားသစ်ပါ။ ဒီကို စရောက် တတည်းက အနီးအနားမှာ လျှောက်ပြီး လေ့လာကြည့်တယ်။ ဒီလိုကြည့်တဲ့ အခါမှာ နယ်သူ နယ်သားတွေဟာ ရိုးသားပြီး အေးအေးချမ်းချမ်း လုပ်ကိုင် စားသောက်နေကြတယ်။ စားဖို့ ဝတ်ဖို့လည်း ဘာမှ မပူရဘူး။ ဒါပေမဲ့ သူတို့ကို ကြည့်ရတာ တစ်ခုခုကို စိုးရိမ် ထိတ်လန့် နေတာ တွေ့ရလို့ မေးမြန်းကြည့်တယ်။ သည်အခါ သူတို့မှာ ရန်သူကြီးသုံးဦး ရှိတာ သိရ တယ်။ ဒါကြောင့် သူတို့အတွက် ဝမ်းနည်းလွန်းလို့ မောင့်အိမ်ရှေ့မှာ လာပြီး ငိုရတာပါ" ဟု ပြန်ပြောလေသည်။ ထိုအခါ လုလင်ပျိုက "အဲဒီ ရန်သူကြီး သုံးဦးဟာ ဘယ်သူတွေလဲ၊ ကျွန်တော့်ကို ပြောပြစမ်းပါ" ဟု ဆိုလေသည်။

အဘိုးအိုက "ပထမရန်သူကတော့ တံတား အောက်က မြစ်ထဲမှာ နေတဲ့ နဂါးကြီးပဲ။ နဂါးကြီးကြောင့် မြစ်ထဲမှာ လှိုင်းတံပိုးတွေထပြီး လူတွေနဲ့ တိရစ္ဆာန်တွေ ရေထဲ မကြာခဏ

www.burmeseclassic.com



ကျပြီး သေဆုံးကြရတယ်။ ဒုတိယ ရန်သူကတော့ နဖူးမှာ အဖြူရောင်ရှိတဲ့ ကျားကြီးပဲ။ ဒီကျားကြီးဟာ တောင်ပေါ်တက်သွားတဲ့ လူတွေကို ရန်ပြုနေတယ်။ တတိယရန်သူကတော့ လူတွေကို လက်ရုံးအားကိုးနဲ့ အနိုင်ကျင့်နေတဲ့ မောင်ရင်ပါပဲကွယ်" ဟု ပြန်ပြောလေသည်။

ထိုစကားကို ကြားသောအခါ လုလင်ပျိုသည် အရှက်ရသွားကာ ဦးခေါင်းကို ငုံ့ထားလိုက်လေသည်။ သူသည် တစ်စုံတစ်ခုကို တစ်ခဏမျှ စဉ်းစား တွေးတောပြီးနောက် ဆုံးဖြတ်ချက် ချလိုက်သည်။ သူက "ဦးကြီးဟာ တခြားနယ်ကနေပြီး ဒီနယ်ကို နယ်စားအဖြစ်နဲ့ အခုမှ ပြောင်းလာရပေမယ့် ဒီနယ်သူ နယ်သားတွေ အပေါ်မှာ သိပ်ပြီး စေတနာ ထားလှပါကလား။ ကျွန်တော်ကတော့ ဒီနယ်မှာ မွေးဖွားပြီး ဒီနယ်မှာ ကြီးပြင်းပေမယ့် နယ်သူနယ်သားတွေရဲ့ အကျိုးကို ဘာတစ်ခုမှ မဆောင်ရွက်ခဲ့ဘူး။ ကိုယ်ကျိုးကိုပဲ ကြည့်ခဲ့မိတယ်။ အခုတော့ နောင်တရပါပြီ။ ဦးကြီးသာ အိမ်ကို စိတ်အေးချမ်းသာစွာနဲ့ ပြန်သွားပါ။ ဒီကနေ့ကစပြီး အားလုံး စိတ်ချမ်းသာအောင် ကျွန်တော် ကြိုးစားပါတော့မယ်။ ရန်သူတွေကိုလည်း အသက်စွန့်ပြီး နှိမ်နင်းပေးပါတော့မယ်" ဟု ပြန်ပြောလေသည်။

ထို့နောက် သူသည် တောင်ပေါ်သို့ တစ်ဟုန်ထိုး ပြေးတက်သွားကာ ကျားဆိုးကြီးရှိရာ ဂူဝသို့ သွားလေသည်။ ကျားဆိုးကြီးသည် သူ့ကို မြင်သောအခါ ဂူတွင်းမှ လျင်မြန်စွာ ပြေးထွက်လာသည်။ တစ်တောလုံး မုန်တိုင်းကျသည့်အလား တုန်လှုပ်သွားလေသည်။ ကျားကြီးသည် ကျယ်လောင်စွာ ဟိန်းရင်း ချွန်ထက်သော လက်သည်းများကို ဖြန့်ကာ လုလင်ပျိုကို ခုန်အုပ်လိုက်သည်။ လုလင်ပျိုကလည်း နောက်သို့ ရုတ်တရက် ဆုတ်လိုက်သည်။ ကျားကြီးသည် အရှိန်မသတ်နိုင်ဘဲ လုလင်ပျိုရှေ့ရှိ မြေကြီးပေါ်သို့ ကျလာသည်။ ထိုအခါ လုလင်ပျိုသည် ကျားကြီးကို လည်ကုပ်မှ ဖမ်းဆွဲလိုက်သည်။ ပြီးလျှင် သူ၏ လက်ဝဲလက်ဖြင့် ကျားကြီးကို မြေပေါ်သို့ လှဲချလိုက်ကာ သူ၏ လက်ယာလက်ဖြင့် ကျားကြီးကို မရပ်မနား ထိုးနှက်သည်။ ကျားကြီးသည် နာကျင်သဖြင့် အသံကုန် အော်ဟစ်သည်။ လုလင်ပျိုလည်း တစ်စတစ်စ မောပန်းလာသည်။ သို့သော် သူသည် ထိုးနှက်မှုကို မရပ်ပေ။ ထို့နောက် သူသည် သူ၏ဓားကြီးကို ထုတ်ကာ ကျားကြီးကို ထိုးလိုက်ရာ ကျားကြီး သေဆုံးသွားလေသည်။ လုလင်ပျိုသည် ကျားသေကြီးကို ပခုံးထက်တွင် ထမ်းကာ အိမ်သို့ ပြန်လာခဲ့လေသည်။

တစ်ဖန် သူသည် နဂါးကြီးရှိရာ တံတားသို့ သွားပြန်သည်။ သူသည် အင်္ကျီကိုချွတ်ကာ လက်တွင် ဓားကြီးကို ကိုင်စွဲပြီး ရေထဲသို့ ထိုးဆင်းသွားလေသည်။ မကြာမီပင် သူနှင့် နဂါးကြီးတို့ တွေ့ကာပြင်းထန်စွာ လုံးထွေး သတ်ပုတ်ကြသည်။ သူတို့ သတ်ပုတ်မှုကြောင့် ရေပြင်တွင် လှိုင်းများထကာ အသံများ ဆူညံနေသည်။ ရေပြင် တစ်ခုလုံးမှာလည်း သွေးခြင်းခြင်းနီ

www.burmeseclassic.com

www.burmeseclassic.com



ခနတော့သည်။ နောက်ဆုံးတွင် နဂါးကြီး ရှုံးသွားသည်။ လုလင်ပျိုသည် နဂါးသေကြီးကို သူ့ဆောင်လျက် ရေလှိုင်းများကြားမှ ပြန်ပေါ်လာလေသည်။ နောက်တစ်နေ့သို့ ရောက်သော အခါ လုလင်ပျိုသည် ရိုးသားဖြူစင်သည့် အသွင်ကို ဆောင်သည့် ချည်ထည် အဝတ်အစား များကို ဝတ်ဆင်လျက်၊ ဦးခေါင်းတွင် ကောက်ရိုးဦးထုပ် တစ်လုံးကို ဆောင်းလျက် နယ်စား ကြီး၏အိမ်သို့ သွားလေသည်။ ထိုအချိန်တွင် နယ်စားကြီးသည် သူ၏ ခြံဝင်းအတွင်း၌ ပန်းများကို ကြည့်ရှုနေသည်။ လုလင်ပျိုသည် နယ်စားကြီး၏ အနီးသို့ သွားပြီးလျှင်–

"နယ်စားကြီးခင်ဗျား၊ ကျွန်တော်ဟာ နယ်စားကြီးရဲ့ အမိန့်အတိုင်း နယ်သူ နယ်သား တွေကို ဒုက္ခပေးနေတဲ့ နဂါးကြီးကို သတ်ခဲ့ပါပြီ။ ကျားဆိုးကြီးကိုလည်း နှိမ်နင်းပြီးပါပြီ။ ဒါ့အပြင် နယ်သူ နယ်သားတွေ နောက်ထပ် ဒုက္ခမရောက်ရအောင် ကျွန်တော်ကိုယ်တိုင်လည်း ဒီနယ်က အခုပဲ ထွက်သွားပါတော့မယ်။ ကျွန်တော့်ကြောင့် နယ်သူနယ်သားတွေ နောက်ထပ် စိတ်မဆင်းရဲစေရတော့ဘူး ဆိုတာ အားလုံးကို ပြောပြလိုက်ပါ ခင်ဗျာ" ဟူ၍ ပြောလေသည်။

သို့ရာတွင် နယ်စားကြီးသည် သားကောင်းရတနာ ဖြစ်လာသော လုလင်ပျိုကို မစွန့် လွှတ်နိုင်။ ထွက်ခွာသွားခွင့် မပြုပေ။ သူ၏ လက်ထောက်အဖြစ် ခန့်အပ်ထားကာ ထိုနယ်ကို အတူတကွ အုပ်ချုပ်လေသည်။ ဤသို့အားဖြင့် သူတို့သည် ထိုနယ်အတွင်းရှိ နယ်သူနယ်သား တို့၏ အကျိုးကို အစွမ်းကုန် ကူညီ ဆောင်ရွက် နေထိုင်သွားကြလေသည်။ နယ်သူနယ်သား တို့သည်လည်း သူတို့နှစ်ဦးကို လေးစား ချစ်ခင်မဆုံး ရှိကြလေသည်။

(တရုတ်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## သတ္တဝါရှင်

တစ်ရံရောအခါ ဂျပန်ပြည်ရှိ ရွာကလေး တစ်ရွာ၏ ခေါင်လှသော နေရာတစ်ခုတွင် အလွန်ကြီးမားသော ဘုန်းကြီးကျောင်းအိုကြီး တစ်ဆောင် ရှိသည်။ ထိုကျောင်းအိုထဲတွင် ထူးဆန်း၍ ကြောက်မက်ဖွယ်ကောင်းသော ပင့်ကူများ ရှိသည်။ သူတို့ကို 'နတ်ပင့်ကူ' ဟူ၍ ခေါ်ကြသည်။

ထိုပင့်ကူများသည် နေ့အချိန်တွင် သာမန်ပင့်ကူ အရွယ်သာ ရှိသည်။ ညဘက် လူခြေတိတ်ချိန်သို့ ရောက်သောအခါတွင်မူ သူတို့သည် တဖြည်းဖြည်း ကြီးထွားလာကာ ဧရာမပင့်ကူကြီးများ ဖြစ်လာကြသည်။ ထိုမှုမက လူယောင် ဖန်ဆင်းနိုင်ကာ တွေ့ရှိသော လူများကို ဖမ်းစားတတ်သည်ဟု အဆိုရှိခဲ့သည်။

ထို့ကြောင့် ထိုကျောင်းအိုကြီးတွင် မည်သူမျှ မနေဝံ့။ မနေနိုင်။ အလွန်ရဲရင့်သော ဆာမူရိုင်း သူရဲကောင်းကြီးများပင် ထိုကျောင်းအိုထဲသို့ ရောက်သွားသောအခါ ပြန်ထွက်မလာနိုင်ကြပေ။ ပျောက်ကွယ်သွားကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရှိရာမှ နောက်ဆုံးတွင် ရဲရင့်ပြီး သတ္တိရှိသော လူငယ်တစ်ယောက်သည် လမ်းပြတစ်ဦးနှင့်အတူ ညအချိန်တွင် ထိုကျောင်းအိုကြီးသို့ ရောက်လာသည်။ ကျောင်းသို့ ရောက်လျှင် သူသည် လမ်းပြအား–

"ကဲ ခင်ဗျား ပြန်ပေတော့။ နံနက် လင်းတဲ့အထိ ကျွန်တော် အသက်ရှင်နေသေးရင် ဒီကျောင်းကြီး အပေါ်ထပ်မှာရှိတဲ့ စည်ကြီးကို တီးလိုက်မယ်" ဟု မှာကြားကာ ပြန်လွှတ်လိုက်လေသည်။

လမ်းပြ ပြန်သွားပြီးနောက် သူသည် မီးအိမ်တစ်လုံးကို ထွန်းကာ နတ်ပင့်ကူများအလာကို တစ်ယောက်တည်း စောင့်မျှော်နေလေသည်။

တဖြည်းဖြည်း ညဥ့်နက်လာသောအခါ သူသည် ဟောင်းနွမ်း၍ ပင့်ကူအိမ်၊ ပင့်ကူမြေးများ တက်နေသော ဗုဒ္ဓရုပ်ပွားတော်ကြီး တစ်ဆူ၏ ပလ္လင်အောက်တွင် ဝင်၍ ပုန်းနေလိုက်သည်။ ဤသို့ စောင့်နေရာ သန်းခေါင်ကျော်သည့်တိုင်အောင် မည်သို့မျှ မထူးခြားခဲ့ပေ။

သို့ရာတွင် သန်းခေါင်ကျော်သော အခါတွင်ကား နတ်ပင့်ကူကြီး တစ်ကောင် ရုတ်တရက် ပေါ်လာသည်။ ထိုပင့်ကူမှာ ကိုယ်ခန္ဓာ တစ်ပိုင်းသာရှိပြီး မျက်လုံးမှာလည်း တစ်လုံးသာ ပါသည်။ ထိုပင့်ကူက "လူနံ့ရပါလား" ဟု ပြောလိုက်သည်။ သို့သော် သတ္တိရှင် လူငယ်သည် လုံးဝ မလှုပ်ရှားပေ။ ထိုအခါ ပင့်ကူကြီးသည် အဝေးသို့ ထွက်သွားသည်။

ထို့နောက် ဘုန်းတော်ကြီးတစ်ပါး ပေါ်လာသည်။ ဘုန်းတော်ကြီးသည် ဗျပ်စောင်းတစ်ခုကို တီးကာ လူငယ်၏ ဦးခေါင်းအနီးတွင် ရပ်နေသည်။ လူငယ်၏ စိတ်ထဲတွင် 'ဤစောင်းသံသည် လူသားတစ်ဦး၏ စောင်းသံမဟုတ်' ဟု ယူဆမိသည်။ ထို့ကြောင့် သူသည် ဓားကို ဓားအိမ်တွင်းမှ ဆွဲထုတ်လိုက်သည်။ ထိုအခါ ဘုန်းတော်ကြီးသည် လူငယ်ကို ကြည့်ကာ ရယ်မောရင်း ဤသို့ပြောသည်။

ငါဟာ နတ်ပင့်ကူလို့ မင်းထင်နေသလား။ နတ်ပင့်ကူ မဟုတ်ပါဘူး။ ငါဟာ ဒီကျောင်းက ဘုန်းတော်ကြီးပါ။ ငါဟာ ဒီ နတ်ပင့်ကူတွေကို စောင်းတီးပြီး မောင်းထုတ်နေတာပါ။ ငါ့ရဲ့ တေးသံက မကောင်းဘူးလား။ မင်းရော တီးကြည့်ပါလား"

ထို့နောက် ဘုန်းတော်ကြီးသည် သူ၏လက်တွင်းမှ ဗျပ်စောင်းကို လူငယ်အား လှမ်းပေးသည်။ လူငယ်သည် စောင်းကို သူ၏ လက်ဝဲလက်ဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။ ဤတွင် ရုတ်တရက်ပင် စောင်းသည် ပင့်ကူအိမ်များ အသွင်သို့ ကူးပြောင်းသွားသည်။ စောင်းကို ကိုင်ထားသော လူငယ်၏ လက်ဝဲလက်မှာလည်း ပင့်ကူမျှင်များဖြင့် ရစ်ပတ်လျက်သား ဖြစ်သွားပေသည်။ ထိုအခါ လူငယ်သည် ပင့်ကူအိမ် အတွင်းမှ ရဲရင့်စွာ ရုန်းထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ပင့်ကူကြီးကိုလည်း စားဖြင့်ခုတ်ရာ ခုတ်မိသွားသည်။ ဤသို့ တိုက်ခိုက်နေရင်းမှ သူသည် ပင့်ကူအိမ်အတွင်း တဖြည်းဖြည်း ဖမ်းမိသွားကာ နောက်ဆုံးတွင် လုံးဝ မလှုပ်ရှားနိုင်တော့ပေ။

ဤသို့ ရှိနေရာမှ တဖြည်းဖြည်း မိုးသောက်ရောင်ခြည် ပေါ်လာသည်။ နေထွက်လာသောအခါ ဒဏ်ရာရနေသော နတ်ပင့်ကူကြီးသည် အဝေးသို့ ပြေးထွက်သွားလေသည်။ မကြာမီပင် ဘုန်းကြီးကျောင်း အတွင်းသို့ ရွာသားများ ရောက်လာကြသည်။ သူတို့သည် ပင့်ကူမျှင်များ ရစ်ပတ်နေသော လူငယ်ကိုတွေ့ရာ ကယ်တင်လိုက်ကြသည်။ သူတို့သည် ကြမ်းပေါ်တွင် သွေးကွက်များကို တွေ့ရ၍ ထိုသွေးကွက်များအတိုင်း ခြေရာခံ၍ လိုက်ကြသည်။ နောက်ဆုံးတွင် ဘုန်းကြီးကျောင်းဝင်း အတွင်းရှိ ကြီးမားသော ကျင်းကြီး တစ်ကျင်းဆီသို့ ရောက်သွားသည်။ ကျင်းကြီးအတွင်းမှ ကြောက်မက်ဖွယ်ကောင်းသော ညည်းတွားသံ တစ်သံကို ကြား၍ ကြည့်လိုက်ရာ ဒဏ်ရာဖြင့် လဲနေသော နတ်ပင့်ကူကြီးကို တွေ့ရသည်။ သူတို့ ဝိုင်းဝန်း၍ နတ်ပင့်ကူကြီးကို သတ်လိုက်သည်။

ထိုနေ့ ထိုအချိန်မှစ၍ ကျောင်းအိုကြီးမှာ အန္တရာယ်ကင်းဝေးကာ အေးချမ်းစွာ တည်းခို နေနိုင်လေတော့သည်။ ရွာသားများသည် သတ္တိရှင် လူငယ်ကို ကျေးဇူးတင်မဆုံး ရှိကြလေသည်။

(ဂျပန်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## လက်ဆောင်

တစ်ခါက ရက်ကန်းသည် ဇနီးမောင်နှံနှစ်ဦး ရှိသည်။ သူတို့ထံတွင် သူကြွယ်သား သုံးယောက်သည် ရက်ကန်းပညာကို လာရောက် သင်ယူကြသည်။ အချိန်တန်သော် သူတို့ သုံးဦးသည် မိမိတို့ နေရပ်သို့ အသီးသီး ပြန်သွားကြသည်။ ထိုသို့ မပြန်မီ ရက်ကန်းသည် ဇနီးမောင်နှံအား ကျေးဇူးဆပ်သည့် အနေဖြင့် သုံးဦး စုပေါင်း၍ ငွေဒင်္ဂါး တစ်ရာ ပေးခဲ့ကြသည်။

ရက်ကန်းသည်သည် ငွေများကိုရ၍ များစွာ ဝမ်းမြောက်သည်။ သူ့တစ်သက်နှင့် တစ်ကိုယ် ဤမျှ များပြားသော ငွေများကို တစ်ခါမျှ မတွေ့ဘူးပေ။ ထို့ကြောင့် ငွေများကို ကောင်းစွာ သိမ်းဆည်းထားရန် ဆုံးဖြတ်လိုက်သည်။

ရက်ကန်းသည်၏ ဇနီးမှာ ထိုအချိန်တွင် အိမ်၌ မရှိပေ။ ထို့ကြောင့် သူသည် သူ စိတ်ကူးရသည့်အတိုင်း ဗီရိုထဲရှိ အဝတ်ဟောင်းများ ထည့်ထားသော အထုပ်ထဲတွင် ထည့်၍ ဝှက်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ရက်ကန်းသည်၏ ဇနီးသည် အိမ်သို့ ပြန်လာသည်။ သို့ရာတွင် ရက်ကန်းသည်က ငွေများကို သူ့ဇနီး တွေ့သွားလျှင် သုံးဖြုန်းပစ်မည်စိုး၍ ဇနီးသည်အား လုံးဝ အသိမပေးပေ။ ဤသို့ ဝှက်ထားသည်ကို ရက်ကန်းသည် တစ်ဦးတည်းသာ သိပေသည်။

တစ်နေ့သော် ရက်ကန်းသည် အိမ်တွင်မရှိခိုက် အဝတ်ဟောင်းများ ဝယ်သော လူတစ်ယောက်သည် အိမ်ရှေ့မှ ဖြတ်သွားသည်။ သူ၏ နှုတ်မှလည်း "အဝတ်ဟောင်းတွေ ဝယ်တယ်။ အဝတ်ဟောင်းတွေ ဝယ်တယ်" ဟု အော်ဟစ်သွားသည်။ ဤတွင် ရက်ကန်းသည်၏ ဇနီးသည် ထိုသူကို ခေါ်လိုက်သည်။ ပြီးလျှင် ဗီရိုအတွင်း၌ ရှိသော ငွေဒင်္ဂါးများ သိုဝှက်ထားသည့် အဝတ်ဟောင်းထုပ်အား ရောင်းလိုက်သည်။ အဝတ်ဟောင်း ဝယ်သူသည် သူ့အား ငွေစ အနည်းငယ် ပေးကာ အဝတ်ဟောင်းထုပ်ကို ယူ၍ ထွက်သွားသည်။

မကြာမီ ရက်ကန်းသည် ယောကျာ်း ပြန်ရောက်လာ၍ အကျိုးအကြောင်းကို သိလေသော် ဇနီးသည်အား များစွာ ဆူပူ ကြိမ်းမောင်းလေသည်။ ငွေများကို ပေးခဲ့သော တပည့်သုံးဦးထံသို့လည်း အကျိုးအကြောင်းကို စာလှမ်းရေးလေသည်။ တပည့်တို့လည်း များစွာ စိတ်မကောင်းကြောင်း ပြန်စာနှင့်တကွ ငွေဒင်္ဂါး ၅၀ ကို ထပ်မံ ပို့လိုက်လေသည်။

ဤအကြိမ်တွင်လည်း ရက်ကန်းသည်သည် ငွေများကို ဇနီးသည် မမြင်အောင် ဝှက်ပြန်သည်။ သူသည် ငွေများကို အမှိုက်ပုံးအောက်တွင် ဝှက်ထားသည်။ 'ဤနေရာသည် အတော်အတန် လုံခြုံ စိတ်ချရသည်' ဟုလည်း သူ့စိတ်ထဲတွင် ယူဆထားသည်။

တစ်နေ့သော် ရက်ကန်းသည်သည် အပြင်သို့ ထွက်သွားခိုက် ဇနီးဖြစ်သူသည် အမှိုက်များ သွန်ရန်အတွက် အမှိုက်ကျုံးသမားကို ခေါ်လိုက်ကာ "ဒီအမှိုက်တွေကို သွန်ပေးစမ်းပါ။ အိမ်မှာ အမှိုက်မသွန်တာ ရက်အတော် ကြာသွားပြီ" ဟု ပြောလိုက်သည်။ အမှိုက်ကျုံးသမားလည်း အမှိုက်များကို သွန်ရန် အမှိုက်ပုံးကို ယူသည်။ ဤတွင် အမှိုက်ပုံးအောက်မှ ငွေဒင်္ဂါး ၅၀ ကို တွေ့သောအခါ ဝမ်းသာအားရဖြင့် မိမိအိမ်သို့ ယူသွားလေသည်။ ရက်ကန်းသည် ယောကျာ်း ပြန်ရောက်လာ၍ အကျိုးအကြောင်းကို သိရလေသော် ဇနီးသည်ကို များစွာ မြည်တွန် တောက်တီးလေသည်။ ဇနီးသည်လည်း ဝမ်းနည်းစွာဖြင့် ငိုကြွေးရှာသည်။

ထိုသို့ ငိုကြွေးနေစဉ် တိုက်တိုက်ဆိုင်ဆိုင် ငွေများပေးခဲ့သော တပည့်သုံးယောက်သည် သူတို့အိမ်ရှေ့မှ ဖြတ်သွားသည်နှင့် ကြုံကြိုက်သည်။ တပည့်တို့လည်း ငိုသံကြားသည်နှင့် အကျိုးအကြောင်းမေးရန် အိမ်တံခါးကို ခေါက်ကြသည်။ အိမ်တွင်းသို့ရောက်၍ အဖြစ်အပျက်ကို သိရလျှင် တပည့်များထဲမှ တစ်ယောက်သည် ခဲသတ္တုအတုံးကြီး တစ်ခုကို ယူ၍ စားပွဲပေါ်သို့ တင်လိုက်သည်။ သူက "အခုလို ဖြစ်ရတာ ဆရာတို့ ဇနီးမောင်နှံ နှစ်ယောက်လုံးရဲ့

www.burmeseclassic.com



အပြစ်ပဲ။ နောက်တစ်ခါ ဒီလိုမဖြစ်ရအောင် ဆင်ခြင်ကြပါ။ ပျောက်သွားတဲ့ ငွေအတွက် ဒီ ခဲတုံးကြီးကိုပဲ အစားပေးပါတယ်။ ခဲတုံးကြီးကိုသာ သိမ်းထားကြပါ" ဟု မှာကြားသည်။ ပြီးလျှင် သူတို့သုံးဦးသည် ခဲတုံးကြီးကို ပေးကာ ထွက်ခွာသွားလေသည်။ ရက်ကန်းသည်၏ ဇနီးသည် ခဲတုံးကြီးကို ပြတင်းပေါက် ပေါင်ပေါ်တွင် တင်ထားလိုက်သည်။

ရက်အနည်းငယ် ကြာသောအခါ သူတို့၏ အိမ်နီးချင်းဖြစ်သူ တံငါသည် တစ်ယောက်သည် သူတို့ထံ ရောက်လာသည်။ သူက ရက်ကန်းသည် ဇနီးမောင်နှံအား "မိတ်ဆွေတို့၊ မိတ်ဆွေတို့မှာ ခဲသတ္တုလို လေးလံတဲ့ပစ္စည်း တစ်ခုလောက် မရှိဘူးလား။ ကျွန်တော့် ပိုက်ကွန်မှာ သုံးဖို့ လိုနေလို့ပါ။ တခြား ဘယ်မှာမှ ရှာမရလို့ အကူအညီ ပေးစေချင်ပါတယ်" ဟု ပြောပြသည်။ ရက်ကန်းသည်၏ ဇနီးလည်း "ဒီလိုဆိုရင် ဒါကို ယူသွား" ဟု ဆိုကာ ပြတင်းပေါက် ပေါင်ပေါ်ရှိ ခဲတုံးကြီးကို ပေးလိုက်လေသည်။ တံငါသည်လည်း ဝမ်းသာအားရဖြင့် "အပြန်တွင် မိမိဖမ်းရသော ငါးများထဲမှ အကြီးဆုံး ငါးတစ်ကောင်ကို လက်ဆောင်ပေးပါမည်" ဟု ပြောကာ ထွက်သွားလေသည်။

ညနေခင်းသို့ ရောက်သော် တံငါသည် ပြန်လာသည်။ ရက်ကန်းသည်၏ ဇနီးအား သူ့ကတိအတိုင်း ငါးတစ်ကောင် ပေးသည်။ ရက်ကန်းသည်၏ ဇနီးလည်း ငါးကို ချက်ပြုတ်ရန် ဝမ်းဗိုက်ကို ခွဲလိုက်သည်။ ဤတွင် ငါး၏ ဝမ်းဗိုက်အတွင်း၌ လုံးဝန်း၍ ပြောင်လက်တောက်ပနေသော ကျောက်တုံးတစ်တုံးကို သူ တွေ့ရသည်။ ထိုကျောက်တုံးသည် အရောင်မျိုးစုံ ကွန့်မြူးနေသည်။ ညဘက်ရောက်၍ မှောင်လာသည်နှင့်အမျှ အရောင်ပို၍ တောက်ပလာပေသည်။ ရက်ကန်းသည်၏ ဇနီးက "ဒီကျောက်တုံးကို မီးအိမ်အဖြစ် အသုံးချရရင် ကောင်းမှာပဲ" ဟု ပြောကာ ကျောက်တုံးကို ပြတင်းပေါက် ပေါက်ပေါ်တွင် တင်ထားလေသည်။

မကြာမီ ငွေကြေး ချမ်းသာသော ကုန်သည် တစ်ယောက်သည် ရက်ကန်းသည် ဇနီးမောင်နှံ၏ အိမ်ရှေ့မှ ဖြတ်သွားလေသည်။ သူသည် အိမ်တွင်းမှ တောက်ပနေသော ကျောက်တုံးကို မြင်လျှင် တံတံခါးကို ခေါက်၍ "အစ်မကြီးခင်ဗျား၊ ဒီကျောက်တုံးကို ဈေး ဘယ်လောက်ရရင် ရောင်းမလဲ" ဟု မေးလိုက်သည်။

ထိုအခါ ရက်ကန်းသည်၏ ဇနီးက "ရောင်းဖို့ စိတ်မကူးပါဘူး" ဟု ပြန်ဖြေသည်။ ကုန်သည်က "ဒါပေမဲ့ ကျွန်တော်ကတော့ ဝယ်ချင်ပါတယ်။ ငွေဒင်္ဂါး တစ်ထောင်ရရင် ရောင်းနိုင်မလား" ဟု ပြောလိုက်သည်။

ဤတွင် အိမ်ရှင်မသည် အံ့ဩသည့်ဟန်ဖြင့် "ငွေဒင်္ဂါး တစ်ထောင် ဟုတ်လား။ ငွေဒင်္ဂါး တစ်ထောင်ရရင်တော့ ရောင်းပါ့မယ်" ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်အရောင်းအဝယ် ဈေးတည့်သွားသဖြင့် ကျောက်တုံးကို ယူသွားသည်။ စင်စစ်ယင်းသည် ကျောက်တုံးမဟုတ်၊ စိန်တုံးပင် ဖြစ်ပေသည်။


ရက်ကန်းသည် ယောကျ်ား ပြန်လာ၍ အကျိုးအကြောင်းကို သိရလျှင် သူသည် အတိုင်းမသိ ဝမ်းမြောက်သွားသည်။ သူ၏ ဇနီးသည်က "ဒီကိစ္စတွေ အားလုံးဟာ ကျွန်မကြောင့်ဖြစ်ရတာပါ။ ကျွန်မသာ ရှင်တပည့်တွေပေးတဲ့ ငွေကို သူတစ်ပါးလက် ရောက်အောင် မလုပ်ဘူးဆိုရင် အခုလို ငွေတစ်ထောင် ရမှာမဟုတ်ဘူး" ဟု မိန်းမပီပီ အသားယူ ပြောလိုက်လေသည်။ ရက်ကန်းသည်လည်း သဘောကျလှစွာဖြင့် ခေါင်းညိတ် ဝန်ခံလိုက်ပေသည်။

(ဂျာမန်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## အမြင်မှန်ရသူ

တစ်ခါက ထိုင်းနိုင်ငံရှိ ရွာကလေး တစ်ရွာတွင် ဇနီးမောင်နှံနှစ်ဦး ရှိသည်။ ခင်ပွန်းဖြစ်သူသည် မည်သည့်အလုပ်ကိုမျှ မည်မည်ရရ မလုပ်။ အဂ္ဂိရတ်ထိုးခြင်း အလုပ်ဖြင့်သာ အချိန်ကုန်နေသည်။ သူ့စိတ်ထဲတွင် ထိုသို့ အဂ္ဂိရတ် ထိုးခြင်းဖြင့် 'တစ်နေ့တွင် ကြေးများကို ရွှေဖြစ်လာအောင် ပြုနိုင်မည်' ဟု ယုံကြည်နေသည်။

လက်တွေ့တွင် သူတို့မှာ ဝင်ငွေမရှိ။ ထို့ကြောင့် ဇနီးဖြစ်သူသည် အလုပ်ကို ပင်ပန်းစွာ လုပ်ကာ ဝမ်းရေးအတွက် ရှာဖွေရတော့သည်။ ဤသို့ ရှာဖွေရသော်လည်း သူသည် မညည်းညူဘဲ ခင်ပွန်းသည်အပေါ် မငြိုငြင်ရှာ။ မယားဝတ္တရားမပျက် ခင်ပွန်းသည်ကို ပြုစုသည်။

ကာလအတန် ကြာလာသော် ဇနီးသည်သည် ထိုကိစ္စအတွက် တဖြည်းဖြည်း စိတ်ပျက် အားငယ်လာသည်။ ထို့ကြောင့် ခင်ပွန်းသည်အား အလုပ်လုပ်ရန် အကြိမ်ကြိမ် သတိပေး စကား ပြောကြားခဲ့သည်။ သို့ရာတွင် ခင်ပွန်းသည်က လုံးဝမမှုပေ။ သူသည် မိမိတို့ မိသားစု ချမ်းသာ ကြွယ်ဝရေးအတွက် နည်းလမ်းကောင်း ရှာဖွေနေခြင်း ဖြစ်၍ မနှောင့်ယှက်ရန်ပင် ပြန်လည် ပြောဆိုခဲ့သည်။

www.burmeseclassic.com



နောက်ဆုံးတွင် ဇနီးသည်သည် အားကိုးရာ မရသဖြင့် မိမိ၏ ဖခင်ထံ သွားရောက်၍ အကျိုးအကြောင်း ပြောပြကာ အကူအညီ တောင်းခံသည်။ ဤတွင် ဖခင်က သမက်ဖြစ်သူ အား မိမိထံ လာရောက် တွေ့ဆုံရန် မှာကြားလိုက်သည်။

ခင်ပွန်းသည်လည်း ယောက္ခမဖြစ်သူထံ သွားရောက်သည်။ ယောက္ခမကြီးက သူ့အား အကျိုးအကြောင်း မေးကာ–

"ငါ့သား၊ မင်းဟာ အဂ္ဂိရတ်ပညာကို နှစ်ပေါင်းများစွာ လိုက်စားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ ဒီလိုဖြစ်ရတာဟာ အဖေ့ဆီကို လာပြီး မတိုင်ပင်လို့ပဲ။ အဖေ့ဆီက အကြံဉာဏ်ကို ရယူပြီးသာ လုပ်ခဲ့ရင် အခုလိုဖြစ်မှာ မဟုတ်ဘူး။ အောင်မြင်မှာပဲ။ အဖေကလည်း မင်းလိုပဲ အဂ္ဂိရတ်ပညာကို နက်နက်ရှိုင်းရှိုင်း လေ့လာနေတာ ဖြစ်တယ်။ ဒါကြောင့် မင်းအတွက် သိသင့် သိထိုက်တာတွေကို အဖေ ပြောပြမယ်" ဟု ဆိုသည်။

သမက်ဖြစ်သူလည်း ယောက္ခမ၏ စကားကို ကြားသော် အလွန်ပင် ဝမ်းသာသွားသည်။

ယောက္ခမကြီးက "အဖေ ပြောပြမယ့် နည်းက ကျိန်းသေပေါက် ရွှေဖြစ်ရမယ့် နည်းပဲ။ ဒါပေမဲ့ စိတ်ရှည်ဖို့တော့ လိုတယ်။ အောင်မြင်ချင်ရင် မပြတ်မလပ် ကြိုးစားဖို့တော့ လိုတယ်။ အဖေကတော့ အသက်ကြီးပြီဖြစ်လို့ ဒီနည်းကို မကြိုးစားနိုင်တော့ဘူး။ ဒါပေမဲ့ ငါ့သား စိတ်ဝင်စားတယ် ဆိုရင်တော့ အဖေ့ရဲ့ လျှို့ဝှက်ချက်ကို ပြောပြမယ်" ဟု ဆိုသည်။

သမက်က "ပြောသာ ပြောပါ အဖေ၊ အောင်မြင်တဲ့အထိ ကျွန်တော် အစွမ်းကုန် ကြိုးစားသွားပါ့မယ်" ဟု ပြန်ပြောလိုက်သည်။

"မင်း နှစ်ပေါင်းများစွာ ကြာအောင် အဂ္ဂိရတ်ထိုးပြီး ကြေးနီကနေ ရွှေဖြစ်အောင် လုပ်ခဲ့တယ်၊ ဒါပေမဲ့ မအောင်မြင်ခဲ့သေးဘူး။ အခုလို ဖြစ်ရတာဟာ အရေးကြီးတဲ့ ပစ္စည်း တစ်မျိုး ထည့်ဖို့ လိုနေလို့ပဲ။ ဒီပစ္စည်းသာ ပါရင် ကျိန်းသေ ရွှေဖြစ်မှာပဲ။ ဒါပေမဲ့ ဒီပစ္စည်းက လွယ်လွယ်နဲ့တော့ မရဘူး၊ စိတ်ရှည်ပြီး အပင်ပန်း ခံနိုင်မှ ရမယ်"

"ပြောသာ ပြောပါ အဖေ၊ ကျွန်တော် လိုက်နာပါ့မယ်"

"အဓိက လိုအပ်တဲ့ ပစ္စည်းကတော့ ငှက်ပျောရွက် အောက်ခြေမှာ ကပ်နေတဲ့ အဖြူမှုန့် ကလေးတွေပဲ။ ဒီအဖြူမှုန့်ကလေးတွေ ငါးဆယ်သားရရင် အောင်မြင်မှာပဲ။ ဒီအမှုန့်ကလေး တွေ ဆိုရာမှာလည်း မင်းကိုယ်တိုင် စိုက်တဲ့ ငှက်ပျောပင်တွေက ရတဲ့အမှုန့် ရမှဖြစ်မယ်။ ဒါကြောင့် တကယ် အောင်မြင်ချင်ရင် ကိုယ်တိုင် ငှက်ပျောပင်တွေ စိုက်ပါ။ အမှုန့်တွေ ရအောင် စုဆောင်းပါ" ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီစကား အမှန်ပဲလား အဖေရယ်၊ ဒီအတိုင်း မှန်တယ်ဆိုရင် ကျွန်တော် လိုက်နာပါ့မယ်။ ဒါပေမဲ့ ကျွန်တော့်မှာ အရင်းအနှီး ငွေ မရှိပါဘူး။ ရှိသမျှ ငွေတွေဟာ အဂ္ဂိရတ် ထိုးပစ်လို့ ကုန်ပါပြီ"

ဤတွင် ယောက္ခမကြီးလည်း သမက်ဖြစ်သူ အားမငယ်ရန် ချော့မော့ ပြောဆိုပြီး လိုအပ်သော အရင်းအနှီးများ ထုတ်ပေးလိုက်သည်။

အိမ်သို့ရောက်၍ အကြောင်းစုံကို သိရသော ဇနီးဖြစ်သူသည် အလွန်ပင် ဝမ်းသာသွားသည်။ သူကိုယ်တိုင်လည်း ခင်ပွန်းသည်နှင့် အတူလက်တွဲ၍ အလုပ်လုပ်ရန် ဆုံးဖြတ်လိုက်သည်။

မကြာမီပင် သူတို့ ဇနီးမောင်နှံသည် ဖခင်ထံမှ ရရှိသောငွေဖြင့် မြေကွက်ကြီးတစ်ခုကို ဝယ်လိုက်သည်။ အလုပ်သမားများကို ငှားရမ်းပြီး မြေကွက်ကို ရှင်းလင်းသည်။ ဥယျာဉ်တွင်း၌ ငှက်ပျောပင်များကို ခင်ပွန်းသည်ကိုယ်တိုင် ပင်ပန်းခံ၍ အထူး ကြိုးစား စိုက်ပျိုးသည်။

တဖြည်းဖြည်းနှင့် ငှက်ပျောပင်များ ကြီးပြင်းလာသည်။ သူသည် ငှက်ပျောရွက်များ အောက်ဘက်ရှိ အမှုန့်ကလေးများကို ခြစ်ယူကာ စုဆောင်းသည်။ ရသမျှကို အမြဲတမ်း ချိန်တွယ်ကြည့်သည်။ ငှက်ပျောပင်များမှ ငှက်ပျောသီးများ သီးလာရာ ယင်းတို့ကို ဇနီးက ရောင်းချသည်။ ရငွေကို စုဆောင်းထားသည်။ ဤသို့ဖြင့် နှစ်အတော်ကြာလာခဲ့သည်။ ငှက်ပျောရွက်များမှ အမှုန့်ကလေးများမှာ တဖြည်းဖြည်း များပြားလာသည်။ သို့သော် လိုအပ်သော ပမာဏကိုမူ မရောက်သေးပေ။

ဤသို့ဖြင့် သုံးနှစ် ကုန်ဆုံးသွားခဲ့သည်။ လိုအပ်သော ငှက်ပျောရွက်မှုန့် ပမာဏမှာ လုံးဝ မပြည့်သေးပေ။ သို့သော် ရရှိသော ငှက်ပျောသီးများကို ရောင်းချရသော လုပ်ငန်းမှာ တစ်စထက်တစ်စ အောင်မြင်လာခဲ့သည်။ သူတို့ ဇနီးမောင်နှံသည် ငှက်ပျောလုပ်ငန်းဖြင့် နာမည်ကျော်ကြားလာသည်။ သူတို့သည် မြစ်ကမ်းအနီးတွင် နေထိုင်သူဖြစ်ရာ သူ့အိမ်သည် ငှက်ပျောသီးများ ရောင်းချရာ အချက်အချာဒေသ ဖြစ်လာသည်။ ဤသို့ စီးပွားရေး အဆင်ပြေနေသော်လည်း သူသည် ငှက်ပျောရွက်မှ အမှုန့်များ ကောက်ယူခြင်းကို မမေ့ပေ။ နေ့စဉ် မှန်မှန် ပြုလုပ်ကာ အမြဲ ချိန်တွယ်ကြည့်လေ့ ရှိသည်။

ငါးနှစ် ပြည့်မြောက်သော အခါတွင်မူ သူလိုအပ်သော ငှက်ပျောမှုန့် ၅၀ သား ပြည့်သွားခဲ့သည်။ သူသည် ဝမ်းသာအားရဖြင့် ယောက္ခမဖြစ်သူထံ ပြေးသွားသည်။ အကျိုးအကြောင်း ပြောပြသည်။ ထိုအခါ ယောက္ခမကြီးက ပြုံးလိုက်ပြီး "မင်း အခု အောင်မြင်သွားပြီ။ အခု သူဌေးဖြစ်နေပြီ" ဟု ပြန်ပြောလိုက်သည်။

သမက်ဖြစ်သူသည် ဝမ်းသာမှုကြောင့် စကားပင် မပြောနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ဆက်လက်ပြီး ယောဂီမကြီးက "အခု ငါးနှစ်အတွင်းမှာ မင်း စိုက်ပျိုးထားတဲ့ ငှက်ပျောပင်တွေရဲ့ အခြေအနေ ဘယ်လိုရှိလဲ" ဟု မေးလိုက်သည်။ ထိုအခါ သမက်သည် ဘာမျှ ပြန်မဖြေနိုင်တော့ပေ။ သူသည် ငှက်ပျောပင်များ အကြောင်းကို တစ်ခါမျှ မစဉ်းစားခဲ့ဖူးပေ။ ထိုအခါ ယောဂီမကြီးက သမက်နှင့်အတူ ပါလာသော သမီးကို အကျိုးအကြောင်း မေးသည်။ သမီးဖြစ်သူလည်း ငှက်ပျောသီးများ ရောင်းရ၍ ငွေများစွာ ရရှိကြောင်း၊ ထိုငွေကို စုထားကြောင်း ပြောပြသည်။ ထိုအခါ ဖခင်က ငွေများကို ယူခဲ့ရန် ပြောလိုက်သည်။ သမီးဖြစ်သူလည်း ငွေများကို သွားယူသည်။

သမက်ဖြစ်သူသည် ငှက်ပျောပင်များကြောင့် ငွေအမြောက်အမြား ရသည့်အဖြစ်ကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသည်။ မကြာမီ ဇနီးဖြစ်သူသည် တပည့်တစ်ဦးအား ငွေအိတ်များကို ထမ်းစေလျက် ပြန်ရောက်လာသည်။ ထိုငွေများကို ဝိုင်းဝန်း ရေတွက်ကြည့်သောအခါ စုစုပေါင်း ငွေဒင်္ဂါး နှစ်သောင်းကျော် ရှိကြောင်း တွေ့ကြရသည်။ သမက်ဖြစ်သူသည် ထိုငွေများကို အံ့ဩတကြီး စိုက်ကြည့်နေသည်။ ထိုစဉ် ယောဂီမကြီးက သူ့အား "ကဲ ငါ့သား အဖေရဲ့ အကြံပေးချက်ဟာ ဘယ်လောက် အောင်မြင် ထိရောက်တယ်ဆိုတာ မင်း အခု တွေ့ပြီ မဟုတ်လား။ ဒီငွေတွေကို မင်းလိုချင်တဲ့ ရွှေတွေအဖြစ် ပြောင်းလို့ရတယ်။ ဒါ့ပြင် ဒီငွေတွေကို သုံးပြီး လက်ဝတ်လက်စားတွေ၊ ဆင်တွေ၊ ကျွဲနွားတွေ၊ အဝတ်အစားတွေ ကြိုက်ရာ ဝယ်နိုင်တယ်။ မင်းကြိုက်တာ လုပ်လို့ရတယ်။ အဖေ့စကားကို နားထောင်ပြီး ငါးနှစ်အတွင်း အလုပ်လုပ်တာဟာ မင်း နှစ်ရှည်လများ အဂ္ဂိရတ် ထိုးတာထက် ပိုပြီး အကျိုးရှိတယ်ဆိုတာ မြင်ပြီ မဟုတ်လား" ဟု ပြောလိုက်သည်။

သမက်ဖြစ်သူသည် ယောဂီမကြီး၏ စကားကို စဉ်းစားနေသည်။ သူသည် အဂ္ဂိရတ်ထိုးလို၍ ဤအလုပ်ကို လုပ်ခြင်း ဖြစ်သည်။ ယခုမူ အဂ္ဂိရတ်ပညာရှင် မဟုတ်ဘဲ ငှက်ပျောသီး သူဌေးကြီး ဖြစ်နေပေပြီ။ သူသည် အမျိုးမျိုး တွေးနေရာမှ နောက်ဆုံးတွင် အဖြေမှန် ရသွားကာ ပြုံးရွှင်လာသည်။

သူသည် သူ့အား အမြင်မှန်ရအောင် လုပ်ပေးသော ယောဂီမကြီးနှင့် ဇနီးသည်တို့ကို အလွန် ကျေးဇူးတင်သွားသည်။ သူသည် ယခုအခါ အမြင်မှန် ရသွားပြီဖြစ်၍ ငှက်ပျော လုပ်ငန်းကို ပိုမို ကြိုးစား လုပ်ကိုင်သည်။ မကြာမီပင် အလွန် ချမ်းသာကြွယ်ဝသော သူဌေးကြီးတစ်ဦး ဖြစ်လာလေသည်။

(ထိုင်းပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com



## ပညာရှိမင်းသား

ရှေးအခါက အိန္ဒိယပြည်တွင် 'ဝိကရမဒိတ္တ' အမည်ရှိ ဘုရင်တစ်ပါး ရှိသည်။ တိုင်းသူပြည်သားတို့သည် ထိုဘုရင်အား အထူး ချစ်ခင် လေးစားကြသည်။ ဘုရင်၏ ပညာရှိမှု၊ ကြင်နာ သနားတတ်မှု သတင်းတို့မှာ ရပ်ဝေးတိုင်းပြည်များသို့ပါ ပျံ့နှံ့လျက်ရှိသည်။ ဘုရင်သည် တိုင်းပြည်ကို တရားနှင့်အညီ အုပ်ချုပ်ပြီး သူ၏ ညီလာခံသဘင်သို့ မည်သူ့ကိုမဆို လွတ်လပ်စွာ ဝင်ခွင့်ပြုထားသည်။ ဤအချက်ကြောင့်ပင်လျှင် တိုင်းသူ ပြည်သားများသည် သူ့အား အထူး ကြည်ညို လေးစားကြသည်။ ထိုဘုရင်တွင် သားတော်တစ်ပါး ရှိသည်။ မင်းသားသည် ဉာဏ်ပညာနှင့် အလွန်ပြည့်စုံသည်။ သူ့ခမည်းတော် ဘုရင်ကြီးကဲ့သို့ပင် စိတ်ကောင်း နှလုံးကောင်း ရှိသူဖြစ်သည်။

တစ်နေ့သော် ဘုရင်သည် မှူးကြီးမတ်ကြီးများနှင့် အတူ ခါတိုင်းကဲ့သို့ပင် ညီလာခံသဘင် ကျင်းပနေသည်။ ထိုအချိန်တွင် ကင်းစောင့် တစ်ယောက်သည် ရုတ်တရက် ညီလာခံသို့ ဝင်ရောက်လာသည်။ သူသည် ဘုရင်ကို အရိုအသေ ပြုပြီးနောက် "အရှင်မင်းမြတ် ... မိန်းချင်း တိုင်းပြည်ရှိ ဘုရင်တစ်ပါးက စေလွှတ်လိုက်သော အထောက်တော် တစ်ယောက် အရှင်မင်းကြီးထံ ခစားရန် ရောက်ရှိနေကြောင်းပါ" ဟု လျှောက်တင်လိုက်သည်။

www.burmeseclassic.com



ဘုရင်က ခွင့်ပြုလိုက်သဖြင့် ထိုအထောက်တော် ရောက်ရှိလာပြီး ဘုရင်အား အရှိအသေ ပြုသည်။

အထောက်တော်က "အရှင်မင်းမြတ်၊ ကျွန်တော်မျိုးတို့ရဲ့ ဘုရင်က အရှင့်ထံ လက်ဆောင် ပစ္စည်းများ ပေးပို့လိုက်ပါတယ်" ဟု လျှောက်တင်လိုက်သည်။ ထို့နောက် သူသည် သေတ္တာကလေး တစ်လုံးကို သူ့အိတ်တွင်းမှ ထုတ်လိုက်သည်။ သူသည် ထိုသေတ္တာကို ဘုရင့်ထံမှောက်တွင် ဖွင့်ပြလိုက်သည်။ သေတ္တာတွင်း၌ ဖြူဖွေး လှပသော အရုပ်သုံးရုပ်ကို တွေ့ရသည်။

အထောက်တော်က "ကျွန်တော်မျိုးရဲ့ အရှင်သခင်က ဒီလှပတဲ့ အရုပ်တွေကို ပို့လိုက်ပါတယ်။ ဒီအထဲက အရှင်နှစ်သက်ရာ အရုပ်တစ်ရုပ်ကို ရွေးယူရပါမယ်။ ကျန်တဲ့ နှစ်ရုပ်ကို ကျွန်တော်မျိုး ပြန်လည် ယူဆောင်သွားရပါမယ်။ ဒါကြောင့် အရှင်ကြိုက်ရာ တစ်ရုပ်ကို ရွေးချယ်တော်မူပါ" ဟု လျှောက်တင်လိုက်သည်။

ဘုရင်သည် အရုပ်သေတ္တာကို သူ့နံဘေးတွင် ချလိုက်သည်။ ပြီးလျှင် သေတ္တာတွင်းမှ အရုပ်များကို တစ်ရုပ်ပြီးတစ်ရုပ် ထုတ်ပြီးလျှင် သေချာစွာ စစ်ဆေး ကြည့်ရှုသည်။ သူသည် အရုပ်များကို အဘက်ဘက်မှ စေ့စပ်စွာ ကြည့်ရှုပြီး လက်ထဲတွင် ချိန်ဆကြည့်သည်။ သို့သော် အရုပ်အားလုံးမှာ တစ်ခုနှင့်တစ်ခု အတူတူ ဖြစ်နေသည်။

ဘုရင်သည် မည်သည့်အရုပ်ကို ရွေးရမှန်းမသိ ဖြစ်နေသည်။ ထို့ကြောင့် အထောက်တော်အား မိမိ အရုပ်တစ်ရုပ် ရွေးပြီးသည်အထိ စောင့်ဆိုင်းနေပါရန် ပြောကြားလိုက်သည်။ အထောက်တော် ထွက်သွားသော်အခါ ဘုရင်သည် မှူးမတ်များအား အရုပ်သုံးရုပ်ကို ပြသည်။ သူတို့သည် အရုပ်များကို ဝိုင်းဝန်း ကြည့်ရှုကြသည်။ သို့သော် သူတို့လည်း အရုပ်တစ်ခုနှင့် တစ်ခု မတူသည့်အချက်ကို ရှာ၍ မတွေ့ကြပေ။ သူတို့အားလုံးက "အရုပ်အားလုံးဟာ တစ်ခုနှင့် တစ်ခု တထေရာတည်းပဲ" ဟု တစ်ပြိုင်နက်တည်း ပြောကြသည်။

အရုပ်များ၏ ပြဿနာကို ဖြေရှင်းနိုင်မည့်သူကား ပေါ်မလာပေ။ ဘုရင်နှင့်တကွ မှူးမတ်များသည် ဤကိစ္စအတွက် စိတ်မအေး ဖြစ်နေကြသည်။ ရှေ့သို့ ဘာဆက်လုပ်ရမှန်း မသိ ဖြစ်နေကြသည်။ ထို့နောက် ဘုရင်သည် စဉ်းစားမိကာ "သားတော်ကို ခေါ်ကြစေ၊ ဒီကိစ္စကို သားတော် ဖြေရှင်းနိုင်လိမ့်မယ် ထင်တယ်" ဟု ပြောလိုက်သည်။

ကင်းစောင့်လည်း မင်းသားထံ သွားရောက်ကာ ဘုရင်က အခေါ်လွှတ်လိုက်ကြောင်း အကျိုးအကြောင်း ပြောပြ လျှောက်တင်သည်။ မင်းသားသည် နန်းတော်သို့ အပြန်လိုက်လာသည်။ ရောက်လျှင် ဘုရင်က အရုပ်များကို ပြကာ မည်သည့်အရုပ်ကို ရွေးရမည်ကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားသည် အရုပ်များကို သတိကြီးစွာဖြင့် ကိုင်တွယ်ကာ အနီးကပ် လေ့လာသည်။ သို့သော် သူသည်လည်း ရုတ်တရက် မခွဲခြားတတ်အောင် ဖြစ်နေသည်။

နောက်ဆုံးတွင် မင်းသားသည် ဘုရင်အား "ခမည်းတော်ဘုရား၊ ဒီအရုပ်တွေကို သားတော်ထံ တစ်ညလောက် ထားပါ။ နံနက်ကျရင် အဖြေကို သိရလိမ့်မယ်လို့ ထင်ပါတယ်" ဟု ပြောကြားသည်။ ဘုရင်လည်း သဘောတူလိုက်သည်။

မင်းသားသည် အရုပ်များကို ယူကာ သူ၏ အဆောင်တော်သို့ ပြန်သွားသည်။ သူသည် သိလိုစိတ် ပြင်းထန်နေရကား အဆောင်တော်သို့ ရောက်သည်နှင့် အရုပ်များကို ထပ်မံ လေ့လာသည်။ သူသည် အရုပ်များကို ပြုလုပ်ပုံမှအစ တစ်ခုနှင့်တစ်ခု မည်သို့ ကွာခြားပုံကို သေချာစွာ လေ့လာသည်။ စမ်းသပ်မှု အမျိုးမျိုး ပြုလုပ်သည်။ သူသည် ထိုနေ့ညအဖို့ တစ်ညလုံး အိပ်ဘဲ အရုပ်များနှင့်သာ အချိန်ကုန်နေတော့သည်။ ဤသို့ဖြင့် နံနက် အရုဏ်တက်လာသည်။ မင်းသားသည် မကြာမီ ခမည်းတော်ထံမှ အခေါ်လွှတ်တော့မည်ကို သိနေသည်။ သို့သော် အဖြေကား မရသေး။ သူသည် စိတ်ပျက် ဝမ်းနည်းစွာဖြင့် အတန်ကြာ ထိုင်နေမိသည်။ ထို့နောက် သူသည် ရုတ်တရက် အကြံရလာကာ ထိုင်ရာမှ ထလိုက်ပြီး စမ်းသပ်မှုများ ပြုလုပ်ပြန်သည်။ နောက်ဆုံးတွင်မူ သူသည် အဖြေကို တွေ့သွားတော့သည်။ နံနက် လင်းသွားသည်နှင့် ဘုရင်သည် မှူးမတ်များနှင့်အတူ ညီလာခံသဘင်ကို ဝင်ကာ သူ၏ သလွန်ပေါ်တွင် ထိုင်နေသည်။ သူသည် အဖြေကို သိလိုစိတ် ပြင်းပြနေသဖြင့် သားတော်ကိုသာ တွေ့ချင်နေပေသည်။

မကြာမီပင် မင်းသားသည် အရုပ်များကို ကိုင်ဆောင်ကာ ညီလာခံသို့ ဝင်လာသည်။ သူသည် ခမည်းတော်အား ဦးညွှတ် အရိုအသေ ပြုပြီးလျှင် ထိုင်လိုက်သည်။ နန်းတော်ရှိ အားလုံးသော လူများသည် မင်းသားလေးအား ဝိုင်းအုံ ကြည့်ရှုနေကြသည်။ ဘုရင်သည်လည်း ချော်လင့်ချက် အပြည့်ဖြင့် သားတော်အား ကြည့်ကာ "ဒီအရုပ်တွေနဲ့ ပတ်သက်ပြီး ဘာများ ပြောစရာ ရှိပါသလဲ သားတော်မောင်" ဟု မေးလိုက်သည်။

မင်းသားက "မှန်လှပါ၊ သားတော် ဒီအရုပ်တွေကို လေ့လာကြည့်တဲ့အခါ ဒီအရုပ်တွေဟာ ကမ္ဘာပေါ်မှာ လူသုံးမျိုးသုံးစား ရှိကြောင်းကို ဖော်ပြနေကြောင်း တွေ့ရပါတယ်" ဟု ခြေလိုက်သည်။

အမတ်တစ်ဦးက "အဲဒီလူတွေက ဘယ်သူတွေလဲ" ဟု ဝင်ရောက် မေးလိုက်သည်။

မင်းသားက "ပထမ တစ်မျိုးကတော့ အချို့လူတွေဟာ ဒီဘက်နားက ကြားသိတဲ့ စကားကို ဟိုဘက်နားက ပြန်ထွက်တတ်တဲ့ လူမျိုး ဖြစ်ပါတယ်။ ပညာရှိတွေ အနေနဲ့ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးကို မပေါင်းသင့်ပါဘူး" ဟု ပြောသည်။ သူသည် ပြောပြောဆိုဆိုနှင့် ကောက်ရိုး တစ်ချောင်းကို ယူကာ အရုပ်၏ နားတွင်းသို့ ထိုးသွင်းလိုက်သည်။ ထိုကောက်ရိုးသည် အရုပ်၏ အခြား နားတစ်ဖက်မှ ပြန်ထွက်လာသည်ကို တွေ့ရသည်။ ဘုရင်နှင့် မှူးမတ်များလည်း အံ့သြတကြီးဖြင့် ကြည့်ကြသည်။

မင်းသားသည် ဒုတိယ အရုပ် တစ်ခုကို ယူကာ အရုပ်၏ နားတွင်းသို့ ကောက်ရိုး တစ်ချောင်း ထိုးသွင်းလိုက်ပြန်သည်။ ထိုကောက်ရိုးမှျင်သည် အရုပ်၏ ပါးစပ်တွင်းမှ ပြန်ထွက်လာသည်ကို ညွှန်ပြရင်း "ဒီအရုပ်ကတော့ မိမိ ကြားသိရတဲ့ စကားကို အခြားသူ တစ်ဦးကို ပြန်ပြောတတ်တဲ့ သူမျိုး ဖြစ်ပါတယ်။ ဒီလို နှုတ်ဖွာတဲ့ သူမျိုးကိုလည်း အပေါင်းအသင်း မလုပ်သင့်ပါဘူး" ဟု ရှင်းပြသည်။

တစ်ဖန် တတိယ အရုပ်ကို နားတွင်းသို့ ကောက်ရိုး တစ်ချောင်းကို ထိုးသွင်းလိုက်ပြန်သည်။ သို့သော် ထိုကောက်ရိုးသည် နားမှလည်းကောင်း၊ ပါးစပ်မှလည်းကောင်း အပြင်သို့ လုံးဝ ပြန်မထွက်လာပေ။ မင်းသားသည် အရုပ်ကို ညွှန်ပြရင်း "ဒီအရုပ်ကတော့ မိမိ ကြားသိသမျှကို မိမိတစ်ဦးတည်းပဲ စွဲမြဲစွာ မှတ်သားထားတတ်တဲ့လူမျိုး ဖြစ်ပါတယ်။ ဒီလိုလူမျိုးသာ ပေါင်းဖော်သင့်တဲ့ မိတ်ဆွေကောင်း ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ထို့နောက် မင်းသားသည် ဘုရင်ဘက်သို့ လှည့်ကာ "ခမည်းတော်ဘုရား၊ အိမ်နီးချင်းတိုင်းပြည်က ဘုရင်ဟာ ဒီလိုလူမျိုးတွေသာ မိတ်ဆွေကောင်း ဖြစ်ပြီး၊ ဘုရင့်အမှုတော်ကို ကောင်းစွာ ထမ်းနိုင်မယ့်သူ ဖြစ်ကြောင်း သိစေလိုလို့ ဒီလိုလုပ်ခြင်း ဖြစ်ပါတယ်" ဟု ပြောပြလိုက်သည်။

မင်းသားသည် ပြဿနာကို ကောင်းစွာ ဖြေရှင်းနိုင်ခဲ့ပြီ။ ဘုရင်သည် သားတော်၏ မှန်ကန်တိကျသော အဖြေကို လွန်စွာ နှစ်သက်သည်။ သူသည် သားတော်အား ချီးကျူးကာ တတိယအရုပ်ကို ပြုံးရွှင်စွာဖြင့် ယူလိုက်သည်။

ထို့နောက် ရုပ်တုလာပို့သော အထောက်တော်အား နန်းတွင်းသို့ ခေါ်လိုက်သည်။ ရောက်လျှင် ဘုရင်က "အထောက်တော်ကြီး၊ ကျုပ်နှစ်သက်ရာ အရုပ်ကို ရွေးချယ်ပြီးပါပြီ။ ဒါကြောင့် ကျန်တဲ့အရုပ် နှစ်ရုပ်ကို ပြန်ယူသွားနိုင်ပါပြီ။ ဒီလို အရုပ်ပို့ပေးတဲ့အတွက် အထူး ကျေးဇူးတင်ရှိကြောင်းနဲ့ လေးစားပါကြောင်း သင်တို့ရဲ့ ဘုရင်ကို ပြောလိုက်ပါ" ဟု မှာကြားသည်။

အထောက်တော်လည်း ကျန်အရုပ်များကို ယူဆောင်ကာ ဘုရင်အား အရိုအသေပြု လျက် ပြန်လည် ထွက်ခွာသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အထောက်တော် ထွက်သွားသည်နှင့် ဘုရင်သည် မင်းသားထံ လျှောက်လာသည်။ အနီးသို့ရောက်လျှင် ဘုရင်က မင်းသားအား ချစ်မြတ်နိုးစွာ ပွေ့ပိုက်လိုက်ရင်း "သားတော်၊ ဒီ လှပတဲ့ အရုပ်ကို ခမည်းတော်ရဲ့ လက်ဆောင်အဖြစ် လက်ခံပါ" ဟု ပြောလိုက်သည်။ မင်းသားလည်း အရုပ်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံသည်။


ညီလာခံ သဘင်သို့ တက်ရောက်သူ အားလုံးသည် ပညာရှိ မင်းသားအား ဝိုင်းဝန်းကောင်းချီးသြဘာ ပေးကြလေတော့သည်။

(အိန္ဒိယပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## ပညာရှိအဘိုးအို

တစ်ခါက ရွာကလေးတစ်ရွာတွင် ဉာဏ်ပညာနှင့် ပြည့်စုံသော အဘိုးအိုတစ်ယောက် နေထိုင်သည်။ လူအများသည် အဘိုးအိုထံသို့ နေ့စဉ် လာရောက်ကာ အကူအညီများ၊ အကြံဉာဏ်များ တောင်းခံကြသည်။ အဘိုးအိုသည် စိတ်သဘောထား ကောင်းမွန်ပြီး ကြင်နာတတ်သည်။ သူသည် လူအများကို ကူညီသော်လည်း သူတို့ထံမှ ဘာကိုမျှ ပြန်လည် မတောင်းခံပေ။ လူအများကလည်း သူ့ကို အလွန် လေးစား မြတ်နိုးကြသည်။

သူသည် အိမ်အလုပ်များကို ကိုယ်တိုင်လုပ်သည်။ နေ့စဉ် တောသို့သွားကာ ထင်းခွေသည်။ တောတွင်း၌ သူသည် တိရစ္ဆာန်များနှင့် ငှက်များကို စောင့်ကြည့်နေတတ်သည်။ ထို့ကြောင့် မကြာမီပင် သူသည် သူတို့၏ အလေ့အထများကို သိလာသည်။

အဘိုးအို နေထိုင်ရာ ရွာကလေးနှင့် အတန်ငယ်ဝေးသော မြို့တော်တွင် ဘုရင်မင်းမြတ်စံမြန်းသည်။ ဘုရင်သည် ရဲရင့်ပြီး စစ်ပွဲများစွာကို အောင်နိုင်ခဲ့သူ ဖြစ်သည်။ သူ့တွင် ကုလားအုတ် တစ်ကောင် ရှိသည်။ ထိုကုလားအုတ်ကို ဘုရင်သည် စစ်ပွဲများ စီးနင်း အသုံးပြုခဲ့သည်။ ယခုအခါ ထိုကုလားအုတ်သည် အသက်အရွယ် ကြီးရင့်လာပြီဖြစ်၍ အသုံးပြု၍ မရတော့ပေ။ ဘုရင်သည် ထိုကုလားအုတ်ကို ချစ်ခင်သဖြင့် ဆက်လက် မွေးမြူထားသည်။

www.burmeseclassic.com



ကုလားအုတ် သွားလိုရာ သွားနိုင်စေရန် ခွင့်ပြုထားသည်။ ထို့နောက် ညနေစောင်းသော အခါတွင်မှ ကုလားအုတ်ကို ပြန်လည်ခေါ်ဆောင်ကာ ဇောင်းအတွင်း၌ ထည့်ထားလိုက်သည်။

တစ်နေ့သော် ကုလားအုတ်သည် လှည့်လည် သွားလာရင်း တောနက်အတွင်းသို့ ရောက်ကာ လမ်းပျောက်သွားသည်။ ညနေစောင်းသို့ရောက်သော် ကုလားအုတ် ထိန်းသူသည် ကုလားအုတ် ပြန်မလာသဖြင့် အလွန် စိတ်ပူသွားသည်။ သူသည် တစ်ညလုံး လိုက်ရှာသည်။ သို့သော် မတွေ့ပေ။ နံနက်လင်းသောအခါ သူသည် နန်းတော်ရှိရာသို့ သွားပြီးလျှင် ဘုရင်အား ကုလားအုတ် ပျောက်ဆုံးကြောင်းကို ကြောက်ရွံ့ တုန်လှုပ်စွာ လျှောက်ထားသည်။ ဘုရင်သည် အလွန် စိတ်ထိခိုက်သွားသည်။ 'ကုလားအုတ်ကို တွေ့အောင် ရှာပေးနိုင်သူအား ရွှေစင် တစ်ထောင် ဆုချီးမြှင့်မည်' ဟု လှည့်လည် ကြေညာစေသည်။ ထိုသတင်းကြောင့် လူအများ အပြားပင် ကုလားအုတ် အရှာထွက်ကြသည်။ သို့သော် မည်သူမျှ မတွေ့ပေ။

နောက်ဆုံးတွင် မင်းချင်းတို့သည် တောတွင်းသို့ဝင်ကာ ကုလားအုတ်ကို ရှာကြသည်။ သူတို့သည် တောတွင်းတစ်နေရာရှိ အရိပ်ကောင်းသော သစ်ပင်ကြီး တစ်ပင်အောက်တွင် အိပ်နေသော ပညာရှိ အဘိုးအိုကို တွေ့ကြသည်။ သူတို့သည် အဘိုးအိုအား ကုလားအုတ်ကို တွေ့၊ မတွေ့၊ မေးကြသည်။

အဘိုးအိုက "မတွေ့ပါဘူးကွယ်၊ ဒါပေမဲ့ သင်တို့ရဲ့ ကုလားအုတ်ဟာ မျက်စိတစ်ဖက် ကန်းပြီး ခြေတစ်ဖက် ဆာနေတယ် မဟုတ်လား။ သွားလည်း နည်းနည်းကျိုးနေတယ် မဟုတ်လား" ဟု ပြန်မေးသည်။

အဘိုးအို ပြောပြချက်အတိုင်း မှန်ကန်နေသဖြင့် မင်းချင်းတို့သည် အဘိုးအိုကို ကုလားအုတ် သူခိုးအဖြစ် စွပ်စွဲကြသည်။ အဘိုးအိုကလည်း သူ မခိုးကြောင်း ငြင်းဆိုသည်။ နောက်ဆုံးတွင် မင်းချင်းတို့သည် အဘိုးအိုကို ဘုရင့်ထံ ခေါ်ဆောင်သွားကြသည်။ ဘုရင့်ထံ ရောက်သော် မင်းချင်းတို့က အကျိုးအကြောင်း လျှောက်တင်ကြသည်။

ဘုရင်က "အခုအတိုင်းကတော့ ကုလားအုတ်ကို ခိုးသူဟာ အဘိုးအိုလို့ ထင်စရာပါပဲ။ ဒါပေမဲ့ ကျွန်ုပ်ကတော့ အသင် လိမ်တယ်လို့ မထင်ပါဘူး။ ဒါကြောင့် ကုလားအုတ်ကို မတွေ့ဖူးဘဲနဲ့ ကုလားအုတ်ရဲ့ ပုံသဏ္ဍာန်ကို ဘယ်လို ပြောပြနိုင်တယ်ဆိုတာ တစ်ဆိတ် ရှင်းပြစမ်းပါ" ဟု ပြောသည်။

အဘိုးအိုက "မှန်လှပါ အရှင်မင်းမြတ်၊ ကျွန်တော်မျိုးဟာ တောအုပ်နားမှာ နေပြီး တိရစ္ဆာန်တွေရဲ့ အလေ့အထကို လေ့လာနေသူ ဖြစ်ပါတယ်။ ဒါကြောင့် တိရစ္ဆာန် တစ်ကောင်စီရဲ့ အကြောင်းကို သိနေတာပါ" ဟု ပြန်ပြောသည်။

www.burmeseclassic.com



ဘုရင်က "ကောင်းပြီ၊ မောင်မင်းကို ကြည့်ရတာ ပညာရှိပုံရတယ်။ ဒါကြောင့် ဘယ်အချက်တွေကို ကြည့်ပြီး ကျွန်ုပ်ရဲ့ ကုလားအုတ်အကြောင်းကို ပြောနိုင်တယ်ဆိုတာ ရှင်းပြပါ" ဟု ပြောသည်။

အဘိုးအိုက "မှန်လှပါ၊ ပထမ အချက်ကတော့ မြေပေါ်မှာ ထင်နေတဲ့ ခြေရာတွေပါပဲ။ ဒီခြေရာကိုကြည့်ပြီး ကုလားအုတ် ဆိုတာကို သိပါတယ်။ ကုလားအုတ် ခြေရာဟာ အခြား တိရစ္ဆာန်တွေရဲ့ ခြေရာနဲ့ မတူပါဘူး။ ဒုတိယအချက်ကတော့ ခြေရာဟာ တစ်ဖက်က တိမ်ပြီး တစ်ဖက်က နက်နေတဲ့အတွက် ခြေတစ်ဖက် ဆာနေကြောင်း သိတာပါ။ တတိယ အချက်ကတော့ လက်ဝဲဘက်မှာရှိတဲ့ မြက်တွေကိုသာစားပြီး လက်ယာဘက်မှာရှိတဲ့ မြက်တွေကို မစားတဲ့အတွက် လက်ယာမျက်စိ ကန်းနေတယ်လို့ ပြောခြင်း ဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ မြေပေါ်မှာသာ စားပြီးသား မြက်အစအနတွေ ကျနေတာကို တွေ့ရလို့ သွား နည်းနည်း ကျိုးနေတယ်လို့ ပြောနိုင်တာပါ" ဟု ရှင်းပြသည်။

ဘုရင်လည်း အလွန် ကျေနပ်သွားသည်။ ထို့နောက် အဘိုးအိုကို ဦးဆောင်စေကာ မင်းချင်းများအား ကုလားအုတ်ကို ရှာဖွေစေရာ မကြာမီပင် တွေ့လေသည်။ ဘုရင်လည်း ဝမ်းသာလွန်းသဖြင့် အဘိုးအိုကို ရွှေစင်တစ်ထောင် ဆုချရုံသာမက သူ၏အနီးတွင် အကြံပေး ပညာရှိအဖြစ် ခန့်ထားလိုက်လေသည်။

တစ်နေ့သ၌ ဘုရင်သည် သူ၏ ဓားမြှောင်ကိုသွေးရင်း လက်ကို ဇတော်တဆ ထိမိသွားသည်။ ဒဏ်ရာမှာ ပြင်းထန်လွန်းသဖြင့် အနာမကျက်နိုင်ဘဲ နောက်ဆုံးတွင် လက်ညှိုး တစ်ချောင်းကို ဖြတ်လိုက်ရသည်။ ဘုရင်သည် အလွန်ပင် စိတ်ထိခိုက်ရှာသည်။ ထို့ကြောင့် ပညာရှိ အဘိုးအိုအား ဘာကြောင့် ဤသို့ဖြစ်ရသည်ကို မေးသည်။ အဘိုးအိုက "အခုလို ဖြစ်ရတာ အရှင်အဖို့ ကောင်းချင်လို့ ဖြစ်တာပါ" ဟု ဖြေကြားသည်။ ဘုရင်သည် အလွန် စိတ်ဆိုးသွားသည်။ ထို့ကြောင့် အဘိုးအိုကို ထောင်သွင်း အကျဉ်းချထားလိုက်သည်။

ဤသို့ ဖြစ်ပြီးနောက် ရက်အနည်းငယ်ကြာသော် ဘုရင်သည် တစ်ပါးတည်း တောတွင်းသို့ အမဲလိုက် ထွက်ခဲ့သည်။ တောတွင်းတစ်နေရာသို့ ရောက်သော် ဘုရင်စီးလာသော မြင်းသည် ကြောက်လန့်တကြားဖြင့် ခုန်လိုက်သည်။ ဘုရင်လည်း မြင်းပေါ်မှ ကျသွားသည်။ ခဏအကြာတွင် ခြင်္သေ့တစ်ကောင်သည် သူ့ထံသို့ လာနေသည်ကို တွေ့ရသည်။ သူသည် အလွန် ကြောက်ရွံ့နေသည်။ သို့ရှိရာ သူသည် တစ်စုံတစ်ခုကို သတိရလာသည်။ ယင်းမှာ 'ခြင်္သေ့များသည် လူသေကောင်ကို လုံးဝမစား' ဟူသော အချက်ပင် ဖြစ်သည်။ ဘုရင်လည်း မြေပေါ်တွင် ကပျာကယာ လဲလျောင်းကာ မလှုပ်မယှက်နေလျက် သေဆုံးဟန် ဆောင်နေ

www.burmeseclassic.com



လိုက်သည်။ ခြင်္သေ့သည် ဘုရင့်အနီးသို့ ရောက်သော် သေချာစွာကြည့်သည်။ ဘုရင်၏ လက်ချောင်းကလေး တစ်ချောင်း ပြတ်နေသည်ကို တွေ့သွားသည်။ ထိုအခါ ခြင်္သေ့၏ စိတ်ထဲတွင် ဘုရင်ကို လူသေကောင်ဟု ထင်သွားသည်။ ထို့ကြောင့် ဘုရင်ကို တစ်စုံတစ်ရာ ရန်မမူဘဲ အဝေးသို့ ထွက်သွားလေသည်။

ဘုရင်သည် နန်းတော်သို့ ပြန်ရောက်သောအခါ ညမိုးချုပ်နေပေပြီ။ သူ ဘေးမသီ ရန်မခဘဲ ပြန်ရောက်သည့်အတွက် အားလုံးပင် ဝမ်းသာကြသည်။ ဘုရင်သည် အဘိုးအိုကို ချက်ချင်း သတိရသွားသည်။ သူ၏လက်ညှိုး ပြတ်သွားသည်ကို အဘိုးအိုက 'ကောင်းသည်' ဟု ပြောသည့် အကြောင်းကိုလည်း သတိရလာသည်။ ထို့ကြောင့် အဘိုးအိုကို ဖမ်းဆီးထားရာမှ လွတ်စေ၍ သူ့ထံ အခစားဝင်စေသည်။ ရောက်လျှင် သူက "အဘိုး၊ ကျွန်ုပ်ရဲ့လက်ချောင်း ပြတ်သွားတာဟာ ကောင်းဖို့ ဖြစ်လာတာပဲလို့ အဘိုးပြောတာ အလွန်မှန်တယ်။ ညကပဲ လက်တွေ့ သိရပါပြီ" ဟု ဆိုကာ အကျိုးအကြောင်း ပြောပြသည်။

ထိုအခါ အဘိုးအိုက "ကျွန်တော်မျိုးကို ထောင်သွင်း အကျဉ်းချထားတာဟာလည်း ကောင်းချင်လို့ပါပဲ အရှင်" ဟု ဆိုသည်။ ဘုရင်က နားမရှင်းသဖြင့် အကျိုးအကြောင်း မေးသည်။

အဘိုးအိုက "မှန်လှပါ အရှင်၊ ကျွန်တော်မျိုးသာ အချုပ်ခံမနေရဘူးဆိုရင် ဘုရင်နဲ့ အတူ အမဲလိုက် ထွက်ရမှာပါပဲ။ တောထဲမှာ ခြင်္သေ့နဲ့ တွေ့တဲ့အခါ ကျွန်တော်မျိုးဟာ အရှင့်နည်းတူပဲ မြေပေါ်မှာ လှဲအိပ်ပြီး သေဟန် ဆောင်ရပါမယ်။ ဒါပေမဲ့ ကျွန်တော်မျိုးရဲ့ လက်ဟာ ပြတ်မနေတဲ့အတွက် လူသေမဟုတ်မှန်း ခြင်္သေ့က သိပြီး ကိုက်သတ်ခံရပါလိမ့်မယ်။ ဒါကြောင့် အခုလို အချုပ်ခံနေရတာဟာ ကျွန်တော်မျိုးအတွက် အသက်ရှင်ဖို့ ဖြစ်လာတာမို့ ပိုပြီး ကောင်းပါတယ်" ဟု ပြန်ပြောလိုက်သည်။

ဘုရင်လည်း အလွန် နှစ်သက်ပြီးလျှင် "အဘိုးအို၊ သင်ဟာ အလွန် ပညာရှိပါပေတယ်။ ဒါကြောင့် အခုအချိန်က စပြီး ကျွန်ုပ်ရဲ့အနီးမှာ အမြဲနေပြီး အကြံဉာဏ်တွေ ပေးပါတော့" ဟု ပြောလိုက်လေသည်။

(အိန္ဒိယပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com





## လိုတရကျောက်

တစ်ခါက တောအုပ်တစ်ခု အတွင်းရှိ သရက်ပင်ကြီး တစ်ပင်ပေါ်တွင် ကျီးသိုက်တစ်ခု ရှိသည်။ ထိုကျီးသိုက်ထဲတွင် ကျီးဖို၊ ကျီးမနှင့် ရင်သွေးတို့ နေကြသည်။ ဆောင်းရာသီဖြစ်ရာ သူတို့သည် အအေးဒဏ်ကို ခံစားနေရပြီး အလွန် ဆာလောင် မွတ်သိပ်နေကြသည်။

ကျီးပေါက်ကလေးများသည် အစာဆာလှသဖြင့် တကျည်ကျည် အော်မြည်နေကြသည်။ ထို့ကြောင့် ကျီးဖိုသည် အစာရှာရန် ထွက်လာသည်။ သူသည် အတော်ဝေးဝေးသို့ ပျံသန်းလာရာ တစ်နေရာသို့ အရောက်တွင် မြက်ခင်းတစ်ခုပေါ်၌ လဲလျောင်းနေသော လုလင်ပျို တစ်ယောက်ကို တွေ့သည်။ ထိုအခါ သူသည် လုလင်ပျိုကို လူသေကောင် ထင်မှတ်သွားသည်။ မိမိ၏ ရင်သွေးများအတွက် အစာအဖြစ် လုလင်ပျို၏ မျက်လုံးအစုံကို ထိုးဖောက်ယူငင်သွားရန် အကြံဖြစ်မိသည်။

သို့ဖြစ်၍ သူသည် မြေပေါ်သို့ သက်ဆင်းကာ လုလင်ပျို၏ မျက်လုံးအစုံကို ထိုးဆိတ်ရန် ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျိုသည် ကျွဲကျောင်းသားတစ်ယောက် ဖြစ်သည်။ သူသည် သေဆုံးနေခြင်း မဟုတ်ပေ။ သူ ထိန်းကျောင်းနေသော ကျွဲများအနက် တစ်ကောင်မှာ ပျောက်ဆုံးသွားသော ကြောင့် သူသည် ခေတ်ထန်လှသော ကျွဲပိုင်ရှင်ကို မျက်နှာချင်း မဆိုင်ဝံ့။ အားငယ် စိတ်ညစ်ကာ လဲလျောင်းနေခြင်း ဖြစ်သည်။ သူသည် အလွန် စိတ်ဓာတ်ကျနေသည်။ 'သူ သေဆုံးသွားပါက ဤဒုက္ခများမှ လွတ်မြောက်သွားလိမ့်မည်' ဟုပင် တွေးထင် အားငယ်နေမိသည်။

ထိုစဉ် ကျီးဖိုက လာရောက် ထိုးသုတ်ရာ သူသည် ကျီးဖိုကို ရုတ်တရက် ဖမ်းယူလိုက်သည်။ "မင်းဟာ ငါ့ရဲ့ မျက်လုံးတွေကို ထိုးဖောက်ဖို့ ကြိုးစားတဲ့အတွက် မင်းကို သတ်ရမယ်" ဟု ပြောလိုက်သည်။

ထိုအခါ ကျီးဖိုက "ကျွန်ုပ်ကို မသတ်ပါနဲ့ အရှင်၊ ကျွန်ုပ်ရဲ့ ကျီးမနဲ့ သားသမီးတွေဟာ အစာရေစာ ပြတ်ပြီး အင်မတန်မှ ဆာလောင်နေကြပါတယ်။ ကျွန်ုပ်ရဲ့ စိတ်ထဲမှာ အရှင့်ကို လူသေကောင်ထင်လို့ အခုလို ပြုမိတာပါ။ ရန်လိုတဲ့ စိတ်ထားနဲ့ ပြုမိတာ မဟုတ်ပါဘူး။ ကျွန်ုပ်ကို ခွင့်လွှတ်ပါ" ဟု တောင်းပန်သည်။

ကျွဲကျောင်းသားလည်း သနား ကြင်နာမိကာ ကျီးဖိုကို လွှတ်ပေးလိုက်သည်။ ထို့ပြင် ကျီးဖိုမိသားစု စားရန် သူစားဖို့ ယူလာသော အစာများကိုလည်း ပေးလိုက်လေသည်။ ကျီးဖိုက ကျွဲကျောင်းသားကို ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် အလွန်လှပ၍ အဖိုးတန်သော ကျောက် ကလေး တစ်လုံးကို ပေးသည်။ ထိုကျောက်သည် အလွန် အဖိုးတန်ကြောင်း၊ လူသားများအဖို့ မိမိအလိုရှိရာကို တောင့်တလိုက်ပါက ပြည့်စုံသော အစွမ်းသတ္တိ ရှိကြောင်းကိုလည်း ပြောပြသည်။ ထို့နောက် ကျီးဖိုသည် ကျွဲကျောင်းသားကို နှုတ်ဆက်ကာ မိမိအသိုက်ရှိရာသို့ ပြန်သွားလေသည်။

ချက်ချင်းပင် ကျွဲကျောင်းသားသည် ကျောက်ကို လက်ဖြင့် ပွတ်လိုက်သည်။ "ပျောက်ဆုံးနေတဲ့ ကျွဲကလေး ကျွန်ုပ်ဆီ ပြန်ရောက်စေ" ဟု တောင့်တလိုက်သည်။ ဤသို့ တောင့်တလိုက်ပြီး မကြာမီမှာပင် ကျွဲကလေးသည် ရုတ်တရက် ရောက်လာသည်။ ကျွဲကျောင်းသားသည် ကျွဲကလေးနှင့်တကွ ကျွဲအားလုံးကို ယူဆောင်ကာ သူ၏ အလုပ်ရှင်ထံ ပြန်ပေးလိုက်သည်။ ထို့ပြင် စာနာထောက်ထားမှု ကင်းမဲ့သော အလုပ်ရှင်ထံတွင်လည်း ဆက် လက် အလုပ် မလုပ်တော့ဘဲ အလုပ်မှ နုတ်ထွက်လိုက်လေသည်။

သူသည် လိုတရကျောက်ကို ကိုင်ကာ အိမ်သို့ ပြန်လာသည်။ အိမ်သို့ရောက်သော် ကျောက်ကို လက်ဖြင့်ပွတ်ကာ 'သာယာတဲ့ ဥယျာဉ်ကြီးတစ်ခုပါတဲ့ အိမ်လှလှတစ်ဆောင် ရပါစေ' ဟု တောင့်တလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏတွင်ပင် အလွန်လှပသော ဥယျာဉ်ကြီးတစ်ခုနှင့်အတူ အိမ်ကြီး တစ်ဆောင် ပေါ်လာသည်။ ဥယျာဉ်တွင်း၌ ပန်းမျိုးစုံတို့ ဖူးပွင့်နေပြီး နေရောင်ခြည်မှာ ဖြာကျလျက်ရှိသည်။ အိမ်၏ ပြတင်းပေါက်များမှာ ကျယ်ဝန်းပြီး တူညီဝတ်စုံများ ဝတ်ဆင်ထားသော အစေခံများကလည်း အိမ်တံခါးကို အသင့် ဖွင့်ပေးကြသည်။ အိမ်တွင်းရှိ စားပွဲပေါ်တွင် စားစရာ အပြည့် တင်ထားသည်။ သူသည် အစာများကို မြိန်ယှက်စွာ စားသောက်သည်။ အစေခံများသည် လိုလေသေး မရှိအောင် ဝိုင်းဝန်း ပြင်ဆင်ပေးကြသည်။

သူသည် ထမင်းစားပြီးနောက် အိပ်ရန် အိပ်ခန်းတွင်းသို့ ဝင်ခဲ့သည်။ အိပ်ခန်းတွင်း၌ အသင့် ပြင်ဆင်ထားသော ညဝတ်အင်္ကျီမျိုးစုံကိုလည်း တွေ့ရသည်။ သူသည် အင်္ကျီတစ်ထည်ကို ယူဝတ်လိုက်သည်။ အင်္ကျီမှာ သူနှင့် အတော်ဖြစ်ပြီး အလွန်ကောင်းမွန်သည်။

ထို့နောက် သူသည် ကျောက်ကို ပွတ်ကာ "ကြီးမားကျယ်ပြန့်တဲ့ မြက်ခင်းနဲ့ လယ်ကွင်းကြီး ပေါ်လာစေ" ဟု တလိုက်ပြန်သည်။

ထိုသို့ တ,လိုက်သည်နှင့် တစ်ပြိုင်နက် စိမ်းလန်းစိုပြည်သော လယ်ကွင်းများသည် အိမ်ပတ်လည်တွင် ပေါ်လာသည်။ မြက်ခင်း လှလှများလည်း ပေါက်လာသည်။ မြက်ခင်းနှင့် စပါးခင်းများပေါ်တွင် ငှက်ကလေးများသည် ပျော်ရွှင်စွာ သီချင်း သီဆိုနေကြသည်။ လှပသော လိပ်ပြာကလေးများကလည်း ပျံဝဲနေကြသည်။

လုလင်ပျိုအဖို့ လိုရာဆန္ဒအားလုံး ပြည့်စုံသွားပြီ။ သို့ရာတွင် ကြင်ဖက် လိုနေပြန်သဖြင့် သူက "ကျွန်ုပ်အတွက် လှပချောမောပြီး အိမ်ထောင် ထိန်းသိမ်းတတ်တဲ့ သတို့သမီး တစ်ယောက် ရပါစေ" ဟု တောင့်တလိုက်သည်။

ထိုခဏ၌ အလွန်လှပ ချောမောသော သတို့သမီးငယ် တစ်ယောက် ပေါ်လာသည်။ သတို့သမီးငယ်၏ မျက်လုံးများမှာ မည်းနက်တောက်ပသည်။ အသားအရေမှာ နူးညံ့ချောမွေ့လှသည်။ လုလင်ပျိုလည်း ဝမ်းသာအားရဖြင့် သတို့သမီးကို လက်ထပ်လေသည်။

နေ့ရက် အတန်ကြာသော် သတို့သမီးသည် စည်းစိမ်ချမ်းသာများကို ပျော်ရွှင်စွာ ခံစားနေရာမှ သူ၏ မိဘများကို သတိရလာသည်။ သူသည် မိဘကို ရိုသေပြီး တာဝန် သိတတ်သူ ဖြစ်သည်။ သူ၏ စည်းစိမ်ချမ်းသာများကို မိဘများလည်း ခွဲဝေ ခံစားစေလိုသည်။ ထို့ကြောင့် ခင်ပွန်းသည် လုလင်အား စည်းစိမ်ချမ်းသာများ မည်သို့ ရခဲ့ပုံကို မေးသည်။ လုလင်ပျိုကလည်း ရိုးသားစွာဖြင့် အဖြစ်မှန်ကို ပြန်လည် ပြောပြသည်။

ဤတွင် တစ်နေ့သော် လုလင် မရှိခိုက်တွင် သူ့ဇနီးသည်သည် လိုတရ ကျောက်ကို ခိုးယူကာ သူ၏ မိဘအိမ်သို့ ထွက်ပြေးသွားတော့သည်။ လုလင်ပျိုလည်း ပူကျုံးမရ ဖြစ်ကာ

www.burmeseclassic.com



ခမ်းနည်းမဆုံး ရှိရာသည်။ သို့ရှိရာမှ မိမိသည် ရိုးသား၍ စိတ်ထား ဖြူစင်သူ ဖြစ်သဖြင့် နတ်များက ကယ်မ,ပါရန် သစ္စာပြု တိုင်တည်သည်။

ထိုအခါ နတ်သားတစ်ပါး ပေါ်လာသည်။ နတ်သားက "အမောင် လုလင်၊ ဘာမှ စိုးရိမ်ပါနဲ့။ သင့်ကို ပန်းအဖြူ တစ်ပွင့်နဲ့ အနီတစ်ပွင့် ပေးလိုက်မယ်။ ပန်းပွင့်ဖြူကို သင့်ယောက္ခမများရဲ့အိမ်ကို ယူသွားပါ။ ဒီပန်းပွင့်ကြောင့် သူတို့ ဒုက္ခ ရောက်ကြလိမ့်မယ်။ သင့်ကို အကူအညီ တောင်းလိမ့်မယ်။ ဒီအခါ သင်က ပန်းနီကို ပေးပါ။ အားလုံး အဆင်ပြေသွားပါလိမ့်မယ်" ဟု ပြောသည်။

လုလင်လည်း နတ်သား၏ စကားအတိုင်း ဆောင်ရွက်သည်။ ပန်းပွင့်ဖြူကို ယောက္ခမများ၏ ခြံဝတွင် ချထားလိုက်သည်။ ထိုအခါ ထိုပန်းမှ ထူးခြား မွှေးကြိုင်သော ရနံ့ တစ်မျိုး ထွက်လာသည်။ သူ့ယောက္ခမ နှစ်ဦးသည် ထိုရနံ့ကို ရှူမိသည်နှင့် တစ်ပြိုင်နက် သူတို့၏ နှာခေါင်းများသည် တဖြည်းဖြည်း ရှည်ထွက်လာကြသည်။ နောက်ဆုံးတွင် ဆင်နှာမောင်း သဖွယ် ဖြစ်ကာ အလွန်ပင် ရှည်လျားလာကြသည်။ အိမ်နီးချင်းများကလည်း သူတို့ကို ကြည့်ကာ ဝိုင်းဝန်း လှောင်ပြောင် ရယ်မောကြသည်။ ထိုအခါ လုလင်၏ ယောက္ခမကြီးက "ဘုရားရှင် ကယ်မတော်မူပါ။ ဘာတွေ ဖြစ်ကုန်တာလဲ" ဟု ပြောလိုက်သည်။

လုလင်ပျိုက "ကျွန်တော့်ဇနီးက ကျွန်တော့်ဆီက လိုတရကျောက်ကို ခိုးသွားလို့ အခုလို ဖြစ်ရတာပါ" ဟု ပြန်ပြောသည်။

လုလင်၏ ယောက္ခမများလည်း ထိုအကြောင်းသိလျှင် လွန်စွာ ရှက်ကြသည်။ သမီးအား လိုတရကျောက်ကို ပြန်ပေးစေသည်။

လုလင်အား အမျိုးမျိုး တောင်းပန်ကာ မိမိတို့ကို ထိုဒုက္ခမှ ကယ်တင်ရန်လည်း ပြောသည်။

ထိုအခါ လုလင်သည် ပန်းပွင့်နီကို ထုတ်ပေးလိုက်သည်။ ထိုခဏတွင် သူတို့၏ နှာခေါင်းရှည်များ အားလုံးသည် တိုဝင်သွားကာ နဂိုမူလအတိုင်း ပြန်ဖြစ်သွားကြတော့သည်။

လုလင်လည်း ဇနီးသည်ကို အိမ်သို့ ပြန်လည် ခေါ်ဆောင်လာခဲ့သည်။ ဇနီးလည်း နောင်တရကာ ခွင့်လွှတ်ပါရန် တောင်းပန်သည်။ ဤသို့ဖြင့် သူတို့နှစ်ဦးသည် ချစ်ခင်စွာ ပေါင်းသင်း နေထိုင်ကြပြီး သား၊ သမီး၊ မြေး၊ မြစ်များ ရရှိလာခဲ့သည်။ အသက်အရွယ်လည်း တဖြည်းဖြည်း ကြီးရင့်ကာ အဘိုးအို အဘွားအိုများ ဖြစ်လာကြသည်။

တစ်နေ့တွင် အဘိုးအိုသည် နာမကျန်းဖြစ်ပြီး သေအံ့ဆဲဆဲ ဖြစ်သည်။ ထိုအချိန်တွင် လိုတရကျောက်ကို ပေးခဲ့သော ကျီးဖို ပြန်ရောက်လာသည်။ ကျီးဖိုသည် ခြံထဲရှိ သစ်ကိုင်း

www.burmeseclassic.com



ပေါ်တွင် နွားကာ လိုတရကျောက်ကို ပြန်ပေးရန် တောင်းသည်။ အဘိုးအိုလည်း လိုတရကျောက်ကို သစ်ပင်ခြေရင်း၌ ချပေးစေသည်။ ထိုအခါ ကျီးဖိုသည် လိုတရကျောက်ကို ကိုက်ချီကာ အဝေးသို့ ပျံသွားလေသတည်း။

(ဗီယက်နမ်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောမိန်းမပျို

တစ်ရံရောအခါ တရုတ်ပြည်ရှိ ရွာကလေး တစ်ရွာတွင် 'နင်စမ်' ဆိုသူ ယောကျ်ား တစ်ဦး ရှိသည်။ သူ့ဇနီးမှာ အသက် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သွားရှာသည်။ ထို့ကြောင့် သူသည် မုဆိုးဖိုဖြစ်ကာ ကျန်ရစ်သော သားသမီးများ၏ တာဝန်ကို တစ်ကိုယ်တည်းပင် ကြိုးပမ်း ထမ်းဆောင်ရရှာသည်။

သူသည် ဥယျာဉ်မှူး အလုပ်ကို လုပ်ကိုင်သည်။ အလုပ်ကို ကြိုးစားလုပ်သော်လည်း ဆင်းရဲ နွမ်းပါးသည်။ သူသည် တစ်နေကုန် ဥယျာဉ်သို့သွား၍ အလုပ် လုပ်ရပြီး ညနေရောက်မှ သားသမီးများရှိရာ အိမ်သို့ ပြန်ရသည်။

သူ၏ သားသမီးများက "အဖေရယ်၊ သားတို့ သမီးတို့ ဘာကြောင့် ဆင်းရဲတာလဲ။ သားတို့ သမီးတို့ အစားကောင်း အသောက်ကောင်းတွေ စားချင်တယ်။ အဝတ်အစား အသစ်တွေ ဝတ်ချင်တယ်" ဟု ဝိုင်းဝန်း ပူဆာကြသည်။

နင်စမ်က "သည်းခံကြပါကွယ်၊ မဖြစ်နိုင်တာတွေ ပူဆာမနေကြပါနဲ့ကွယ်" ဟု ဝမ်းပန်းတနည်း ပြန်ပြောလိုက်သည်။

ညနေတိုင်းပင် အလုပ်မှ ပြန်လာလျှင် ၎င်းအဖြစ်မျိုးကို နင်စမ်သည် ကြုံရမြဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော ညနေတွင် နင်စမ်သည် ခါတိုင်းကဲ့သို့ပင် အလုပ်မှ ပြန်လာသည်။ သူသည် ညှိုးငယ်စွာဖြင့် တဖြည်းဖြည်း လျှောက်လာသည်။ တစ်နေရာသို့ အရောက်တွင် မောပန်းလာသဖြင့် မြေပေါ်တွင် ခေတ္တမျှ ထိုင်နားသည်။ ထို့နောက် ဟိုဟိုသည်သည် ကြည့်လိုက်ရာ သူ့ရှေ့တည့်တည့်တွင် အလွန်ကြီးမားသော ဥယျာဉ်ကြီး တစ်ခုနှင့် အိမ်တစ်ဆောင်ကို မြင်ရသည်။ ဥယျာဉ်အတွင်း၌ မိန်းမပျိုတစ်ယောက် ထိုင်နေသည်။ မိန်းမပျိုသည် အလွန် လှပသည်။

ထိုမိန်းမပျိုက နင်စမ်အား "ရှင် ဘယ်သူလဲ" ဟု မေးလိုက်သည်။ နင်စမ်က "ကျုပ် နာမည် နင်စမ်လို့ ခေါ်ပါတယ်" ဟု ဖြေလိုက်သည်။ မိန်းမပျိုက "အိမ်ထဲကို ဝင်လာပါလား ရှင်။ ကျွန်မနဲ့အတူ ညစာ စားရအောင်" ဟု ဖိတ်ခေါ်သည်။ နင်စမ်သည် အိမ်ထဲသို့ ဝင်သွားသည်။ သူတို့နှစ်ဦးသည် ညစာစားရင်း အချိန် အတန်ကြာအောင် စကားပြောကြသည်။

နင်စမ်က "ကျွန်တော်ဟာ ဇနီးဆုံးလို့ စိတ်ဒုက္ခ ရောက်နေတဲ့သူ တစ်ယောက်ပါ။ အလွန်လည်း ဆင်းရဲပါတယ်။ ကျွန်တော့်ကလေးတွေ အတွက် အစားကောင်းနဲ့ အဝတ်ကောင်း တွေ ဝယ်ပေးဖို့ ကျွန်တော့်မှာ ငွေ လုံးဝမရှိပါဘူး" ဟု အကြောင်းစုံကို ပြောပြသည်။

မိန်းမပျိုက "ကျွန်မလည်း ရှင့်လိုပဲ စိတ်ဒုက္ခ ရောက်နေသူ တစ်ယောက်ပါ။ ကျွန်မဟာ အလွန် ချမ်းသာပါတယ်။ ဒါပေမဲ့ ပျော်ရွှင်ခြင်း ကင်းမဲ့ပြီး ဝမ်းနည်းနေရပါတယ်။ ကျွန်မမှာ အပေါင်းအသင်း မိတ်ဆွေ ဆိုလို့လည်း တစ်ယောက်မှ မရှိပါဘူး။ ဒါပေမဲ့ ဒီနေ့တော့ ရှင်နဲ့ တွေ့ရလို့ ကျွန်မ အလွန် ပျော်ရွှင်သွားပါတယ်။ နောက်ကိုလည်း ကျွန်မအိမ်ကို လာလည် ပါဦး။ အခု ဒီငွေကို ယူသွားပြီး ရှင့်ကလေးတွေ အတွက် အစားအစာနဲ့ အဝတ်အစားတွေ ဝယ်ပေးလိုက်ပါ" ဟု ပြောသည်။

နင်စမ်သည် မိန်းမပျိုပေးသော ငွေကို ယူသည်။ မိန်းမပျိုအား ကျေးဇူးတင်စကား ပြောကြားပြီး ပြန်လာခဲ့သည်။

နောက်တစ်နေ့ နံနက်သို့ရောက်သော် နင်စမ်သည် ဈေးသို့သွားပြီး ကလေးများအတွက် အစားအစာကောင်းများနှင့် အဝတ်အစားကောင်းများ ဝယ်သည်။ အိမ်သို့ ပြန်ရောက်သော် သူသည် သူဝယ်လာသည်တို့ကို ကလေးတို့၏ အိပ်ရာများပေါ်တွင် တင်ထားလိုက်သည်။ ကလေးတို့သည် အစားအစာနှင့် အဝတ်များကို ကြည့်ကာ ဝမ်းသာ ပျော်မြူးသွားကြသည်။ "အို အဖေ၊ ဒါတွေကို ဘယ်ကရခဲ့သလဲ" ဟု မေးကြသည်။

နင်စမ်လည်း သူတွေ့ခဲ့သော အိမ်ကြီးမှ အမျိုးသမီး အကြောင်းကို သားသမီးများအား ပြန်လည် ပြောပြသည်။ ထိုအခါ ကလေးများက "ဒီအမျိုးသမီးဆီကို အဖေ ထပ်မံသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စကား ပြောပါ အမေရယ်။ သားတို့ သမီးတို့ သူ့ကို ကျေးဇူးတင် မဆုံးပါဘူး" ဟု ဝိုင်းဝန်း ပြောဆိုကြသည်။

နင်စမ်လည်း ကလေးများ၏ ဆန္ဒအတိုင်း မိန်းမပျို၏ အိမ်သို့ သွားရောက်သည်။ ကျေးဇူးတင်စကား ပြောကြားသည်။ မိန်းမပျိုသည် နင်စမ်ကို နောက်တစ်ကြိမ် ထပ်မံ တွေ့ဆုံရသည့်အတွက် အလွန်ပင် ဝမ်းမြောက်ရှာသည်။ နင်စမ် ပြန်ခါနီးတွင် မိန်းမပျိုက "နောက်ကိုလည်း လာခဲ့ပါဦး" ဟု ဖိတ်ခေါ်လိုက်သည်။ ကလေးများအတွက် ငွေများ ထပ်မံ ပေးလိုက်သည်။ ထို့နောက်ပိုင်းတွင် နင်စမ်သည် မိန်းမပျိုထံ မကြာခဏ ရောက်ရှိလာတတ်သည်။ မိန်းမပျိုမှာ လှပရုံမက စိတ်ထားလည်း အလွန်ပင် ကောင်းမွန်သည်။ ထို့ကြောင့် နင်စမ်သည် မိန်းမပျိုအား ခင်မင်ရုံသာမက မေတ္တာသက်ဝင် ချစ်ခင်လာမိတော့သည်။

တစ်နေ့တွင် နင်စမ်သည် ရွာထဲသို့ ထွက်လာခဲ့သည်။ တစ်နေရာသို့ အရောက်တွင် "နင်စမ်၊ နင်စမ်" ဟု သူ့အမည်ကို ခေါ်သံ ကြားရသည်။ သူသည် နောက်သို့ လှည့်ကြည့်လိုက်သည်။ သို့သော် ဘာမျှ မတွေ့ရပေ။ သူက "ဘယ်သူလဲ" ဟု ပြန်မေးလိုက်သည်။

ထိုအခါ အသံရှင်က "ဘာမှ မေးမနေနဲ့။ ငါပြောတာကိုသာ နားထောင်။ မင်းဟာ မိန်းမတစ်ယောက်ကို ချစ်ကြိုက်နေတယ် မဟုတ်လား။ သူ့အကြောင်းကိုပဲ အမြဲ စဉ်းစားနေတယ်။ ဒါပေမဲ့ မင်းသိထားဖို့က သူဟာ လူမဟုတ်ဘူး ဆိုတာပဲ။ သူဟာ ကျားမတစ်ကောင် ဖြစ်တယ်။ သူဟာ ကျားဖြစ်လိုက် လူဖြစ်လိုက်နဲ့ နေရတယ်။ မင်း မယုံရင် သူ့အိမ်ကို သွားကြည့်ချေ။ အခု သွားပေတော့" ဟု ပြန်ပြောသည်။

ချက်ချင်းပင် နင်စမ်သည် မိန်းမပျို၏ အိမ်သို့ ထွက်ခဲ့သည်။ ရောက်လျှင် တံခါးကို ဖွင့်ကာ အိမ်တွင်းသို့ ဝင်သွားသည်။ အိမ်ဦးခန်း၌ မိန်းမပျိုကို မတွေ့ရပေ။ သူသည် မိန်းမပျိုကို ဧည့်ခန်းတွင်း၌ လိုက်ရှာသည်။ သို့သော် မတွေ့ပေ။

"မိန်းကလေး ဘယ်မှာလဲ။ ဘယ်ရောက်နေလဲ" ဟု ဆိုကာ နင်စမ်သည် လိုက်ရှာသည်။

နောက်ဆုံးတွင် သူသည် အိပ်ခန်းတွင်းသို့ ဝင်သွားသည်။ အိပ်ခန်းတွင်းသို့ ရောက်သော် သူ အလွန် ထိတ်လန့်သွားသည်။ အကြောင်းမှာ အိပ်ခန်းတွင်းရှိ အိပ်ရာအနီးတွင် ကျားကြီး တစ်ကောင်ကို တွေ့လိုက်ရသောကြောင့်ပင်။

ကျားကြီးသည် ပါးစပ်ကြီးဖြဲလျက် ဟိန်းရင်း နင်စမ်၏ အနီးသို့ ချဉ်းကပ်လာသည်။ နင်စမ်သည် ကြောက်လန့်တကြားဖြင့် ကုလားထိုင် တစ်လုံး၏ နောက်တွင် ဝင်ပုန်းနေလိုက်သည်။ သူ၏ နှုတ်မှလည်း "ချမ်းသာပေးပါ ကျားကြီးရယ်၊ ငါ့ကို မကိုက်ပါနဲ့ကွယ်။ ငါ ဒီအိမ်က မိန်းကလေးကို မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်မြတ်နိုးလို့ လာခဲ့တာပါ။ ဘုရား၊ ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် သေရတော့မှာပါကလား” ဟု ဆိုလိုက်သည်။ ပြီးလျှင် သူသည် ကြောက်လန့်တကြား မျက်စိကို စုံမှိတ်ထားလိုက်သည်။ ထိုစဉ် သူ့ကို တစ်စုံတစ်ခုက လာ၍ ထိလိုက်သည်။ ကျားကြီး၏ လက်သည်းမဟုတ်။ အမျိုးသမီး တစ်ယောက်၏ လက်ဖြစ်သည်။

သူသည် မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ ထိုအခါ မိန်းမပျိုတစ်ယောက် သူ့လက်ကို ကိုင်ထားကြောင်း တွေ့ရသည်။ ထိုမိန်းမပျိုမှာ သူချစ်မြတ်နိုးနေသော မိန်းမလှကလေး ဖြစ်သည်။

မိန်းမပျိုက “ကျေးဇူးတင်ပါတယ် နင်စမ်ရယ်၊ ကျေးဇူးတင်ပါတယ်” ဟု ပြောလိုက်သည်။

ထိုအခါ နင်စမ်က “ကျုပ်ကသာ ကျေးဇူးတင်ရမှာပါကွယ်။ ကျုပ်ကို ကျားဆွဲတော့မလို့။ မင်း အချိန်မီ ရောက်လာပေလို့သာပေါ့” ဟု ပြန်ပြောလိုက်သည်။

မိန်းမပျိုက “မဟုတ်သေးဘူးလေ၊ ရှင့်ရဲ့ စကားတွေကသာ ကျွန်မရဲ့ဘဝကို ပြောင်းလဲပေးလိုက်တာပါ” ဟု ပြောသည်။

နင်စမ်က “ဘာကြောင့်ပါလဲ” ဟု ပြန်မေးလိုက်သည်။


မိန်းမပျိုက “တစ်နေ့မှာ အဘွားအိုတစ်ယောက် ကျွန်မဆီ ရောက်လာပြီး သူ့အတတ်ပညာနဲ့ ကျွန်မကို ကျားအဖြစ် ပြောင်းလဲပစ်လိုက်တယ်။ ကျွန်မလည်း ကျားဖြစ်သွားတယ်။ ဒါပေမဲ့ အမြဲမဖြစ်ဘူး။ ကျားဘဝ ရောက်လိုက်၊ လူ့ဘဝ ရောက်လိုက်နဲ့ ကျင်လည်နေခဲ့ရပါတယ်။ ကျွန်မ လူ့ဘဝရောက်ခိုက် ရှင်နဲ့ တွေ့ဆုံ မေတ္တာမျှခဲ့တာပဲ။ ရှင်ပြန်သွားတော့ ကျွန်မ ကျားပြန်ဖြစ်တယ်။ အဘွားအိုက “ကျွန်မဟာ ယောကျ်ားတစ်ယောက်ရဲ့ မေတ္တာစစ် မေတ္တာမှန်ကို ရရှိပြီး အဲသည်လို ချစ်မြတ်နိုးကြောင်း ယောကျ်ားက ဖွင့်ဟ ပြောဆိုတဲ့နေ့မှာ လူ့ဘဝကို အမြဲ ပြန်ရောက်မယ်လို့” ဆိုပြီး စီရင်သွားပါတယ်။ အခု ရှင့်ရဲ့ မေတ္တာစစ် မေတ္တာမှန်ကိုရလို့ ကျွန်မ ကျားပြန်မဖြစ်တော့ဘဲ လူ့ဘဝကို အမြဲ ပြန်ရပါပြီ။ ဒါကြောင့် ရှင့်ကို ကျေးဇူးတင်လှပါတယ်” ဟူ၍ သူ့ဘဝ ဇာတ်ကြောင်းကို ပြောပြသည်။

နောက်တစ်နေ့တွင် သူတို့နှစ်ဦး လက်ထပ်ကာ ကလေးများနှင့်အတူ ပျော်ရွှင် ချမ်းသာစွာ နေထိုင်သွားကြလေသည်။

(တရုတ်ပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com



## မိတ်ဆွေလေးဦး

တစ်ရံရောအခါ မိတ်ဆွေလေးဦး ရှိကြသည်။ သူတို့အထဲမှ သုံးဦးသည် အတတ်ပညာရှင်များ ဖြစ်သည်။ ထူးဆန်းသော ပညာများကို တတ်မြောက်ကြသည်။ သူတို့ သုံးဦးသည် အတတ်ပညာ တတ်မြောက်သော်လည်း အဆင်ခြင်ဉာဏ် အမြော်အမြင် ကင်းမဲ့ကြသည်။ ကျန်တစ်ဦးမှာ သူတို့လို ပညာမတတ်ပေ။ သို့သော် ဆင်ခြင်ဉာဏ် ရှိသည်။ အမြော်အမြင်ရှိသည်။

တစ်နေ့သော် မိတ်ဆွေလေးဦးသည် မြို့ရွာအနှံ့ လှည့်လည် သွားလာကြရင်း ကြံစည်ကြသည်။ သူတို့က 'ဤသို့ လှည့်လည် သွားလာခြင်းဖြင့် သူတို့၏ အတတ်ပညာများကို လူအများသိအောင် ပြသခွင့်ရမည်' ဟု ယုံကြည်ကြသည်။ ထို့ပြင် 'ဤသို့ ပြသမှုကြောင့် အခကြေးငွေ ရရှိပြီး လူသိများမည်၊ ကျော်ကြားမည်' ဟုလည်း ယုံကြည်ကြသည်။

အတတ်ပညာရှင် သုံးဦးသည် ခရီးသွားရာ၌ စတုတ္ထမြောက် မိတ်ဆွေကို သူတို့နှင့်အတူ ခေါ်သွားရန် သင့်၊ မသင့် ချီတုံချတုံ ဖြစ်နေကြသည်။ အကြောင်းမှာ စတုတ္ထမိတ်ဆွေသည် သူတို့ကဲ့သို့ အတတ်ပညာ မတတ်သောကြောင့် ဖြစ်သည်။ နောက်ဆုံးတွင် သူတို့သည် စတုတ္ထမိတ်ဆွေအား သူတို့နှင့်အတူ လိုက်လိုစိတ် ရှိ မရှိ မေးမြန်းကြည့်သည်။ မိတ်ဆွေက လိုက်လိုသဖြင့် အတူ ခေါ်ဆောင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် သူတို့သည် ခရီးစတင် ထွက်ခွာကြသည်။ သူတို့သည် ခြေကျင်ခရီးဖြင့် ခရီးနှင်ခဲ့ကြသည်။ ခရီးထွက်ခဲ့ကြ၍ အတန်ငယ်ကြာသော် တောအုပ်တစ်ခု အတွင်းသို့ ရောက်ကြသည်။ ထိုစဉ် တစ်နေရာတွင် သူတို့သည် အရိုးပုံတစ်ပုံကို တွေ့ရသည်။ သူတို့သည် ရပ်ဆိုင်းကြပြီး အရိုးများကို စစ်ဆေး ကြည့်ရှုသည်။ ထိုအခါ အရိုးများသည် ကာလအတော်ကြာက သေဆုံးခဲ့သော ခြင်္သေ့တစ်ကောင်၏ အရိုးများဖြစ်ကြောင်း ပထမမိတ်ဆွေက စူးစမ်း သိရှိသွားသည်။

သူတို့အထဲမှ ဒုတိယမိတ်ဆွေက ဤတောအုပ် အတွင်းမှာပင် သူတို့၏ အတတ်ပညာကို ပြမည်။ သူက "ခြင်္သေ့အရိုးများဖြင့် ခြင်္သေ့ဖြစ်လာအောင် ပြုမည်" ဟု ဆိုသည်။ တတိယမိတ်ဆွေက "ငါက ဒီခြင်္သေ့ကို ပြန်ဆက်ပြီး အသက်သွင်းပေးမယ်" ဟု ပြောသည်။

ကျန်သူများကလည်း ဤအဆိုပြုချက်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြသည်။ စတုတ္ထမိတ်ဆွေကား သူတို့ ပြောစကားများကို တစ်ချိန်လုံး နားထောင်နေသည်။ သို့သော် တစ်လုံးတစ်ပါဒမျှ ဝင်မပြောပေ။

မကြာမီပင် မိတ်ဆွေ သုံးဦးတို့သည် သူတို့၏ အတတ်ပညာကို စတင် ပြကြတော့သည်။ ပထမလူသည် ခြင်္သေ့၏ အရိုးများကို နေသားတကျဖြစ်အောင် ပြုပြင် တပ်ဆင်သည်။ သူသည် လက်မှုပညာ၌ ကျွမ်းကျင်သူ ဖြစ်ရကား မကြာမီပင် ကောင်းစွာ တပ်ဆင်၍ ပြီးသွားသည်။ ထို့နောက် ဒုတိယလူသည် သူ၏ ပညာဖြင့် ခြင်္သေ့ကြီး၏ အရေခွံကို ပြုပြင်ကာ ခြင်္သေ့ကြီး ဖြစ်လာအောင် ပြုသည်။ သူတို့သည် သူတို့၏ လက်ရာများကို ကြည့်ကာ အလွန်ဝမ်းမြောက်နေကြသည်။ မကြာမီပင် ခြင်္သေ့ရုပ်ကြီး ဖြစ်ပေါ်လာသည်။ ခြင်္သေ့ရုပ်ကြီးမှာ အသက်မရှိသည်မှတစ်ပါး တကယ့် သက်ရှိ ခြင်္သေ့ကြီးပမာ ကြည့်၍ အလွန်ကောင်းပေသည်။

တတိယလူသည် သူ၏ပညာကို ပြလိုလှသဖြင့် အလွန် စိတ်လှုပ်ရှားနေသည်။ သူက "ခြင်္သေ့ကြီးကို ငါ အသက်သွင်းမယ်" ဟု ပြောသည်။

ဤတွင် တစ်ချိန်လုံး ဘာမှမပြောဘဲ ငြိမ်နေသော စတုတ္ထလူက "မိတ်ဆွေတို့ အလျင်စလို မလုပ်ကြပါနဲ့၊ စဉ်းစားကြပါဦး။ မိတ်ဆွေတို့ အခု ဖန်တီးထားတဲ့ သတ္တဝါဟာ ခြင်္သေ့ဖြစ်တယ် ဆိုတာကို မမေ့ကြပါနဲ့။ ဒီခြင်္သေ့ကို အသက်သွင်းပေးလိုက်ရင် ဘယ်လိုဖြစ်သွားမလဲ။ ဒီခြင်္သေ့ကြီးက ငါတို့အားလုံးကို ကိုက်သတ်လိုက်လို့ အားလုံး သေကုန်ကြလိမ့်မယ်။ ဒါကြောင့် မလုပ်ပါနဲ့" ဟု ဝင်ရောက် တားမြစ်သည်။

မိတ်ဆွေသုံးဦးမှာ သူတို့၏ အောင်မြင်မှုအတွက် အထူး စိတ်လှုပ်ရှားနေကြသည်။ ထို့ကြောင့် ဆင်ခြင်ဉာဏ်ရှိသော စတုတ္ထမိတ်ဆွေ၏ အကြံကို လက်မခံနိုင်ကြပေ။ သူတို့က

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ အလကားကောင်ပဲ၊ ငါတို့ အတတ်ပညာ အောင်မြင်မှု ရခါနီးကျမှတော့ နောက်မဆုတ်တော့ဘူး။ မင်းဟာ ငါတို့ပညာကို အယုံအကြည် မရှိတဲ့ကောင်ပဲ" ဟု ဝိုင်းဝန်း ဆူပူကြိမ်းမောင်းကြသည်။

အမြော်အမြင်ရှိသော စတုတ္ထမိတ်ဆွေလည်း မိတ်ဆွေများအား တားဆီးရန် ထပ်မံကြိုးပမ်းပြန်သည်။ "မိတ်ဆွေတို့၊ သင်တို့ကို တစ်ခါထပ်ပြီး သတိပေးပါရစေ။ တကယ်လို့သာ ဒီခြင်္သေ့ကြီးကို အသက်သွင်းမယ်ဆိုရင် မင်းတို့ ထွက်မပြေးနိုင်ခင်မှာ သူက မင်းတို့ကို ကိုက်စားသွားလိမ့်မယ်။ တစ်ခါ ထပ်ပြီး စဉ်းစားကြပါဦး" ဟု သူက ထပ်မံ ပြောလိုက်သည်။

သို့သော် သူ့မိတ်ဆွေ သုံးဦးကား သူ့စကားကို နားမဝင်တော့ပေ။ သူတို့က "လူမိုက်၊ မင်းကြောက်ရင် ဝေးဝေးမှာ သွားနေ။ ငါတို့အလုပ်ကို ငါတို့သိတယ်" ဟု ပြန်ပြောကြသည်။

အမြော်အမြင်ရှိသော မိတ်ဆွေလည်း ငြိမ်သက်စွာ ရပ်နေသည်။ သူက "ကောင်းပြီ၊ ပြောမရရင်လည်း မင်းတို့သဘောပါ။ ငါကတော့ မင်းတို့ကို သိပ်သနားမိတယ်။ တစ်ခုတော့ ပြောပါရစေ၊ မင်းတို့ ခြင်္သေ့ကို အသက်မသွင်းခင် ငါ သစ်ပင်ပေါ် တက်နေပါရစေ" ဟု ပြန်ပြောသည်။ ပြောပြောဆိုဆိုဖြင့် သူသည် အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ တက်နေသည်။ သူသည် သစ်ပင်ပေါ်မှနေကာ ပညာရှင် မိတ်ဆွေများ ခြင်္သေ့အား အသက်သွင်းသည်ကို ချောင်းကြည့်နေသည်။


မကြာမီပင် ခြင်္သေ့သည် အသက်ဝင်လာသည်။ အသက်ရှူလာသည်။ မျက်လုံးဖွင့်ကြည့်ပြီး ထရပ်သည်။ ထို့နောက် ကျယ်လောင်စွာ ဟိန်းပြီး မိတ်ဆွေသုံးဦးအား ခုန်အုပ်လိုက်သည်။ မိတ်ဆွေသုံးဦးလည်း နေရာတွင်ပင် လဲကျ သေဆုံးသွားကြသည်။ ခြင်္သေ့လည်း သူတို့၏ အသားများကို မြိန်ရှက်စွာ စားသောက်ပြီးနောက် တောတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

အမြော်အမြင်ရှိသူ မိတ်ဆွေသည် ဤအဖြစ်အပျက်များ အားလုံးကို ကြည့်ကာ အလွန်ကြောက်ရွံ့နေသည်။ ခြင်္သေ့ကြီး ထွက်သွားသည်နှင့် သူသည် သစ်ပင်ပေါ်မှ ဆင်းကာ အိမ်သို့ အမြန်ပြေးသွားသည်။ တစ်လမ်းလုံးပင် သူ့စိတ်ထဲ၌ 'ပညာတတ်မြောက်ပေမယ့် အမြော်အမြင် မရှိလို့ ဒုက္ခတွေ့ရပါကလား' ဟု ဆင်ခြင် တွေးတောလျက် ရှိပေတော့သည်။

(အိန္ဒိယပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com



## ယုန်ပညာရှိ

တစ်ရံရောအခါက ရေကန်တစ်ကန် အနီးရှိ တောအုပ်တစ်ခုထဲတွင် ဆင်အုပ်ကြီး တစ်အုပ် နေထိုင်သည်။ ဆင်များသည် တောထဲတွင် အလေ့ကျ ပေါက်နေသော ငှက်ပျောသီးများကို စားကြသည်။ တောထဲတွင် သစ်ရွက်မျိုးစုံနှင့် မြက်ခင်းများလည်း ပေါက်ရောက်နေသည်။ ထို့ကြောင့် သူတို့သည် တောတွင်း၌ လှည့်လည် သွားလာရင်း ကြိုက်နှစ်သက်ရာ အစာကို စိတ်တိုင်းကျ စားနိုင်ကြသည်။ သူတို့ဘဝမှာ ပျော်စရာအတိ ပြီး၍ အေးချမ်းလှသည်။ တစ်ခါတစ်ရံတွင် သူတို့သည် ကလေးများပမာ ပြေးလွှား ဆော့ကစား၍ပင် နေကြသည်။

သူတို့သည် အစာစားပြီးသည့် အခါတိုင်းနှင့် ကစားပြီးသည့် အခါတိုင်းတွင် ရေကန်တွင်းသို့ဆင်း၍ ရေချိုးကြသည်။ ရေချိုးရင်း ကန်ရေအေးအေးထဲတွင် အတန်ကြာအောင် ဆော့ကစားနေတတ်ကြသည်။ တစ်ခါသော် ရာသီဥတု ဖောက်ပြန်မှုကြောင့် လပေါင်း အတန်ကြာအောင် မိုးခေါင်ပြီး ရေကန်မှာလည်း ရေများခန်းကုန်သည်။ နောက်ဆုံးတွင် ကန်တွင်း၌ ရေအနည်းငယ်သာ ကျန်တော့သည်။ ဤတွင် ဆင်အပေါင်းသည် စိုးရိမ်ထိတ်လန့်ကာ သူတို့၏ အကြီးအကဲဖြစ်သူ ဆင်မင်းထံသို့ စုဝေး သွားရောက်ကြပြီး အကျိုးအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောကြသည်။ ဆင်မင်းသည် အရပ်အမောင်း မြင့်မား ထွားကျိုင်းပြီး ခွန်အားဗလနှင့် ပြည့်စုံသည်။

ဆင်မင်းထံ ရောက်သော် သူတို့က "ဆင်မင်းခင်ဗျား၊ ရေကန်ထဲမှာ ရေတွေ တဖြည်းဖြည်း ခန်းခြောက်လာပါပြီ။ အနီးပတ်ဝန်းကျင်မှာလည်း ရေမရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ရေရအောင် ဘယ်ကို ပြောင်းကြမလဲ" ဟု မေးကြသည်။

ဆင်မင်းသည် ငယ်စဉ်ကပင် ဤနေရာ၌ နေထိုင် ကျက်စားဖူးသဖြင့် တောကျွမ်းသည်။ ဤနေရာ ဒေသအကြောင်းကို ကောင်းစွာသိသည်။ ထို့ကြောင့် သူက ဤရေကန်ထက် ပိုကြီးပြီး အမြဲတမ်း ရေပြည့်နေသော ရေကန်ကြီးတစ်ကန် ရှိရာကို ညွှန်ပြသည်။ သူညွှန်ပြသော ရေကန်ကြီးမှာ ယခုနေရာနှင့် အတော်ဝေးဝေးတွင် ရှိသည်။ သူက ထိုနေရာသို့ ပြောင်းရွှေ့ကြရန် ပြောသည်။ မကြာမီပင် ဆင်အုပ်ကြီးသည် ရေကန်သစ် ရှိရာသို့ ခရီးစတင် ထွက်ခဲ့ကြသည်။

ရက်ပေါင်း အတန်ကြာသော် သူတို့သည် ရေကန်သစ်သို့ ရောက်ကြသည်။ သူတို့သည် ရေပြင်ကြီးကို တွေ့သောအခါ ဝမ်းသာလွန်းသဖြင့် ထ၍ပင် ခုန်ကြသည်။ သူတို့သည် ခရီးရှည်ကြီးကို လာခဲ့ရသဖြင့် အလွန် မောပန်းနေကြသည်။ ထို့ကြောင့် သူတို့သည် ရေကန်အတွင်း ဆင်းကာ အချိန် အတော်ကြာအောင် ရေချိုးကြသည်။ ဆော့ကစားကြသည်။ ရေချိုးပြီးသောအခါ သူတို့သည် အလွန် ဆာလောင်နေသဖြင့် အနီးအနားတွင် ပေါက်နေသော အရွက်များ၊ မြက်များကို စားကြသည်။

ထိုရေကန်အနီး၌ ယုန်ကလေးများ နေထိုင်သည်။ ယုန်ကလေးများသည် ရေကန်အနီးရှိ တောင်ကုန်းကလေးတွင် လွတ်လပ်စွာ နေထိုင်ကြသည်။ ဆင်များ ရောက်လာသောအခါ သူတို့မှာ ဒုက္ခတွေ့ကြရသည်။ အချို့ ယုန်ကလေးများမှာ ဆင်များက နင်းမိ၍ သေကြရသည်။ သူတို့၏ နေအိမ်များမှာလည်း ပျက်ကုန်ကြသည်။ ယုန်များသည် အလွန် စိုးရိမ် ထိတ်လန့်ကြပြီး မည်သို့မည်ပုံ ဖြေရှင်းရမည်ကို တိုင်ပင်ကြသည်။

ညအချိန်သို့ ရောက်သော် ယုန်ကလေးများသည် ညောင်ပင်တစ်ပင် အောက်၌ စုဝေးကြပြီး သူတို့အထဲမှ အရည်အချင်း အရှိဆုံး ယုန်တစ်ကောင်ကို ခေါင်းဆောင်အဖြစ် ခန့်အပ်ကြသည်။ သူတို့သည် အလွန် ကြောက်ရွံ့လျက် ရှိကြသည်။ ယုန်တစ်ကောင်က ထ၍ "ဆင်တွေ ရောက်လာခဲ့အခါ သတိပေးဖို့ ယုန်တချို့ကို အစောင့်ချထားပါ" ဟု အကြံပေးသည်။ ကျန်ယုန်များကလည်း သဘောတူကြသည်။ ယုန်ပညာရှိသည် သူတို့ထဲမှ ယုန်နှစ်ကောင်ကို အစောင့်အဖြစ် တာဝန်ယူရန် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အခြား ယုန်တစ်ကောင်က ထ၍ "ဆင်တွေက ကျွန်တော်တို့ အားလုံးကို သတ်ပစ်မှာပေါ့။ ဒီနေရာက အမြန်ဆုံး ပြေးကြရအောင်" ဟု ပြောသည်။

အခြားယုန် တစ်ကောင်ကလည်း "ဒါပေမဲ့ ကျုပ်တို့ ဘယ်မှာ သွားနေကြမလဲ။ ဒီနှစ်ဟာ မိုးခေါင်ပြီး အစာရေစာ အင်မတန် ရှားပါးနေတယ်။ ဒါကြောင့် ဆင်တွေရဲ့ရန်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင် ဖြေရှင်းကြရအောင်" ဟု ရဲဝံ့စွာ ပြန်ပြောသည်။

အခြား ယုန်တစ်ကောင်ကမူ "ဒါပေမဲ့ ဒီဆင်ကြီးတွေကို ကျုပ်တို့ ဘယ်လို နှိမ်နင်းကြမလဲ" ဟု ပြန်ပြောသည်။

ယုန်ပညာရှိသည် အခြားယုန်များ၏ ပြောစကားကို နားထောင်ပြီးနောက် "မိတ်ဆွေတို့ သိပ်လည်း စိတ်ဓာတ်မကျကြပါနဲ့ဦး။ ဆင်တွေကြောင့် ကျုပ်တို့ထဲက တချို့ သေရတာ မှန်ပါတယ်။ ဒါပေမဲ့ ဒါကို ကြောက်နေလို့ မပြီးပါဘူး။ ကျုပ်တို့အားလုံး ဒီနေရာမှာ အန္တရာယ်ကင်းကင်းနဲ့ နေနိုင်မယ့်နည်းကို ရှာကြရအောင်" ဟု ပြောလိုက်သည်။

ယုန်များအားလုံးသည် ယုန်ပညာရှိ၏ စကားကို သဘောကျကြသည်။ သူတို့သည် ဆင်များအား နှိမ်နင်းနိုင်မည့် နည်းလမ်းကို တစ်ယောက်တစ်မျိုး ဝိုင်းဝန်း အကြံပေးနေကြတော့သည်။

ခဏမျှကြာသော် ယုန်ပညာရှိသည် ယုန်အချို့ကိုခေါ်ကာ ဆင်များ ညနေတိုင်း လာရောက်လေ့ရှိသော နေရာသို့ သွားကြသည်။ ထိုနေရာသို့ရောက်သော် ယုန်ပညာရှိသည် အခြား ယုန်များအား ခပ်လှမ်းလှမ်းတွင်နေရန် ပြောပြီး သူကိုယ်တိုင်ကမူ ချုံပုတ်တစ်ခု၏ နောက်တွင် ဝင်ရောက် ပုန်းအောင်းနေသည်။

မကြာမီပင် ဆင်များ ရောက်လာကြသည်။ ဆင်မင်းသည် ချုံပုတ်အနီးသို့ ရောက်လာသောအခါ ယုန်ပညာရှိက "ဟေ့ ဆင်ရိုင်းကြီး၊ ငါလို လမင်းအရှင်သခင်ရဲ့ နေရာကို သင် ဘာကြောင့် ကျူးကျော်လာရတာလဲ" ဟု ချုံပုတ်အတွင်းမှ လှမ်းအော်လိုက်သည်။

ဆင်မင်းကြီးလည်း နောက်သို့ ပြန်ဆုတ်သွားပြီး "အခုပြောတာ ဘယ်သူလဲ" ဟု ပြန်မေးလိုက်သည်။

ထိုအခါ ယုန်ပညာရှိက "ငါဟာ လမင်းရဲ့ အရှင်သခင် ယုန်မင်းပဲ" ဟု တည်ကြည်ခံ့ညားစွာ ပြန်ပြောလိုက်သည်။

ထိုအခါ ဆင်မင်းကြီးက "အရှင်မင်းကြီးနဲ့ အခုလို တွေ့ရတာ အလွန် ဝမ်းသာပါတယ် ခင်ဗျာ။ အရှင်မင်းကြီး အလိုရှိရာကို အမိန့်ရှိတော်မူပါ" ဟု ရိုသေစွာ ပြန်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ယုန်ပညာရှိက "မင်းတို့ရဲ့ ဆင်တွေဟာ လွန်ခဲ့တဲ့ ရက်အနည်းငယ် အတွင်းက ငါ့မိတ်ဆွေ ယုန်ငယ်တွေကို ဖျက်ဆီး နင်းခြေခဲ့တယ်။ ဒါကြောင့် လမင်းရဲ့ အရှင်သခင်ဟာ သိပ်ကို စိတ်ဆိုးတယ်။ ဒါကြောင့် သူက မင်းတို့အားလုံး ဒီနေရာက အမြန်ဆုံး ထွက်သွား ခိုင်းတယ်။ ဒီနေရာကို နောက်ထပ် ဘယ်တော့မှ ပြန်မလာဖို့လည်း အမိန့်ရှိလိုက်တယ်" ဟု အောင်မြင် ခံ့ညားစွာ ပြန်ပြောလိုက်သည်။

ထိုအခါ ဆင်မင်းကြီးက လမင်း အရှင်သခင်၏ ပုံကို ကိုယ်ထင်ပြပါရန် တောင်းပန် သည်။ ယုန်ပညာရှိလည်း "ကောင်းပြီ" ဟု ဆိုကာ ဆင်ကြီးကို လရောင်ကြောင့် ဝင်းထိန်နေ သော ရေကန်တစ်ခု အနီးသို့ ခေါ်သွားသည်။ ရေကန်သို့ရောက်သော် ရေကန်တွင်းသို့ လက် ညှိုးထိုးပြပြီး ဆင်ကြီးအား လုံးဝ အသံမပြုရန် ပြောသည်။

ဆင်ကြီးလည်း ရေကန်အတွင်း ငုံ့ကြည့်လိုက်သည်။ ဆင်ကြီးသည် ခွန်အားဗလနှင့် ပြည့်စုံသော်လည်း ဉာဏ်မရှိပေ။ ထို့ကြောင့် ရေကန်တွင်း၌ မြင်ရသော သူ့အရိပ်ကို 'လမင်း၏ အရှင်' ဟု တကယ်ပင် မှတ်ထင်သည်။ ထို့ကြောင့် အတန်ကြာအောင် ဦးညွှတ်၍ အရိုအသေ ပြုသည်။ ထို့နောက် သူ၏ အပေါင်းပါ ဆင်များကို ခေါ်ကာ ထိုနေရာမှ ထွက်ခွာသွားကြ တော့သည်။ ထိုအချိန်မှစကာ ဆင်ကြီးနှင့် သူ၏ နောက်လိုက်များသည် ထိုနေရာသို့ နောက် ထပ် လုံးဝ မလာကြတော့ပေ။

ယုန်များလည်း ပုန်းအောင်းနေရာမှ ထွက်လာကြသည်။ သူတို့သည် ယုန်ပညာရှိအား အထူး ကျေးဇူးတင်ကြသည်။ သူ့အား ခေါင်းဆောင်အဖြစ် တင်မြှောက်လိုက်ကြကာ အသက် ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်သွားကြလေတော့သည်။

(အိန္ဒိယပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## မသေနိုင်သူ

တစ်နေ့သ၌ သူငယ်ကလေး တစ်ယောက်သည် သစ်ပင်ရိပ် တစ်ခုတွင် ထိုင်နေသည်။ ထိုစဉ် သူ့နားထဲ၌ ခေါ်သံတစ်သံ ကြားရသည်။ သူသည် ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် ကြည့်လိုက်သည်။ နှုတ်ကလည်း "ဘယ်သူလဲ၊ ဘယ်နေရာက ခေါ်နေတာလဲ" ဟု ပြန်မေးလိုက်သည်။ ထိုအခါ အသံရှင်က "ကျုပ် ဒီမှာပါ" ဟု ပြန်ပြောလိုက်သည်။

သူငယ်ကလေးသည် အသံကြားရာသို့ လှမ်းကြည့်လိုက်သည်။ ခပ်လှမ်းလှမ်းတွင် မြစ်ကြီးတစ်ခုရှိပြီး အနီးတွင် သစ်ပင်များ ပေါက်နေသည်။ ထိုသစ်ပင်များနောက်တွင် လူငယ်တစ်ယောက် ရပ်နေသည်။ သူငယ်ကလေးသည် ထိုလူငယ်ထံ လျှောက်သွားသည်။ ထိုလူငယ်သည် အရပ်မြင့်ပြီး သူ၏ မျက်လုံးများမှာ အစိမ်းရောင်ရှိသည်။

သူငယ်ကလေးက "ခင်ဗျား ဘယ်သူပါလဲ" ဟု မေးလိုက်သည်။ လူငယ်က "ငါ ဝေးလံလှတဲ့ အရပ်ဒေသက လာခဲ့တာပဲ။ ရှေးဟောင်း ဘာသာစကား မျိုးစုံတတ်တယ် သူငယ်ကလေးရဲ့" ဟု ပြန်ပြောသည်။

"ဒါဖြင့် ဘာကိစ္စ ဒီကို ရောက်ရှိပါသလဲ"

"အလွန်ထူးဆန်းတဲ့ အဘိုးအို တစ်ယောက်ကို ငါ ရှာနေတာပါ"

www.burmeseclassic.com



"ရွာထဲမှာ အဘိုးအိုတွေ အများကြီး ရှိတာပဲ။ ဘယ်သူနဲ့ တွေ့ချင်တာလဲ ခင်ဗျာ"

"ငါတွေ့ချင်တဲ့ အဘိုးအိုက အလွန် အသက်ရှည်ပြီး ဘယ်တော့မှ မသေဘူးလို့ လူတွေက ပြောကြတဲ့ အဘိုးအိုပါ"

"အို ဒီအဘိုးအိုကို ကျွန်တော် သိတာပေါ့ ခင်ဗျာ။ သူဟာ တောင်ကုန်းပေါ်က အိမ်ကလေးမှာ နေတယ်။ ဟိုရှေ့နားက အိမ်ကလေးကို တွေ့တယ် မဟုတ်လား။ မိန်းမ တစ်ယောက် ဝင်သွားတဲ့ အိမ်လေ"

"အဲဒီမိန်းမက ဘယ်သူလဲ"

"သူက ရွာထိပ်ကပါ။ အဘိုးအိုအတွက် ညနေတိုင်း ထမင်း လာပို့နေတာပါ။ အဘိုးအို သိပ်ပြီး နေမကောင်း ဖြစ်နေတယ်။ သူ့မှာ ဇနီးနဲ့ သားသမီးတွေ၊ ဆွေမျိုး မိသားစုတွေလည်း တစ်ယောက်မှ မရှိတော့ဘူး။ အားလုံး သေကုန်ကြပြီ။ သူတစ်ယောက်ပဲ ကျန်တော့တယ်"

"ငါ သူ့ကို သွားကြည့်ဦးမယ်။ ကျေးဇူးပါပဲကွယ်"

ဤသို့ဆိုကာ လူငယ်က ထွက်သွားမည် ပြုသည်။

ထိုအခါ သူငယ်ကလေးက "နေပါဦး၊ နေပါဦး" ဟု လှမ်းခေါ်သည်။

"လူကလေး ဘာလဲကွဲ့"

"ဒီအဘိုးအိုက ကျွန်တော်တို့လို မဟုတ်ဘူး။ သူပြောတဲ့ စကားက ကျွန်တော်တို့ပြောတဲ့ စကားနဲ့ မတူဘူး။ သူ့ပါးစပ်က အမြဲ စကားပြောနေပေမယ့် သူပြောတဲ့ စကားကို ဘယ်သူမှ နားမလည်ကြဘူး။ သူကတော့ ထပ်တလဲလဲ ပြောနေတာပဲ" ဟု ပြောလိုက်သည်။

ထိုသူက "အေး၊ ငါ သူ့ဆီသွားမယ်" ဟု ဆိုကာ ထွက်သွားသည်။

ထိုသူသည် တောင်ပေါ်သို့ တက်ပြီးလျှင် အဘိုးအို၏အိမ် ရှိရာသို့ သွားသည်။ အိမ်ရှေ့တံခါးမှာ ပွင့်လျက်ရှိသဖြင့် ထိုသူသည် အိမ်တွင်းသို့ ဝင်လာခဲ့သည်။ အိမ်တွင်း၌ အဘိုးအို တစ်ယောက်ကို တွေ့ရသည်။ အဘိုးအိုမှာ အလွန်အိုမင်းပြီး နာမကျန်း ဖြစ်လျက်ရှိသည်။

ထိုသူက "အဘိုးအို၊ ကျွန်တော် စကားပြောချင်လို့ပါ။ အိမ်ထဲ ဝင်ခွင့်ပြုပါ ခင်ဗျာ" ဟု ပြောလိုက်သည်။

အဘိုးအိုသည် နှုတ်မှ တစ်စုံတစ်ခုကို ပြန်ပြောသည်။ သို့သော် သူပြောသော စကားသည် ယခုခေတ်သုံး စကားမဟုတ်၊ အလွန် ရှေးကျလှပြီး ရှေးနှစ်ပေါင်း များစွာက ပြောခဲ့သော ဘာသာစကားတစ်မျိုး ဖြစ်နေသည်။

ထိုသူသည် မတ်တတ်ရပ်လိုက်သည်။ ပြီးလျှင် အဘိုးအိုအား ရှေးဟောင်း ဘာသာစကား တစ်မျိုးဖြင့်ပင် နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် ဝမ်းသာလွန်းသဖြင့် မျက်ရည်များ ကျလာသည်။ အဘိုးအိုက "မင်းက ငါပြောတဲ့ စကားမျိုးကို ပြောတတ်တယ်နော်။ ငါပြောတာကို မင်း နားလည်တယ်နော်" ဟု ပြောသည်။

"ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော်ဟာ ရှေးဟောင်း ဘာသာစကားတွေကို လေ့လာဖူးတဲ့အတွက် အဘိုးပြောတာကို နားလည်ပါတယ်။ ဒါပေမဲ့ ဒီစကားမျိုးကို အဘိုး ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲဆိုတာ သိပါရစေ။ အခုခေတ်မှာ ဒီစကားမျိုးကို ဘယ်သူမှ မပြောကြတော့ပါဘူး"

ထိုအခါ အဘိုးအိုက "နားထောင်၊ အဘိုးပြောပြမယ်" ဟု ဆိုကာ သူ၏အကြောင်းကို ပြန်လည် ပြောပြသည်။

"အဘိုးဟာ အရင်က သူဌေးတစ်ယောက်ပေါ့။ အဘိုးဟာ ဘဝမှာ ပျော်ပျော်နေချင်ပြီး ငွေကိုလည်း အလွန်ခုံမင်တယ်။ တစ်ညနေမှာတော့ အဘိုးရဲ့အိမ်ကို လူတစ်ယောက် ရောက်လာတယ်။ အဲဒီအချိန်က မိုးရွာနေတယ်။ သူက မိုးမိလာတဲ့အတွက် အိမ်ထဲမှာ မိုးခိုလိုကြောင်း ပြောတယ်။ အဘိုးကလည်း ခွင့်ပြုခဲ့တယ်။ သူဟာ အိမ်ထဲမှာ လျှောက်ကြည့်ပြီး အဘိုးရဲ့ ချမ်းသာကြွယ်ဝပုံကို တွေ့သွားတယ်။ သူက အဘိုးဟာ ချမ်းသာပြီး အစစပြည့်စုံကြောင်း ပြောတယ်။ အဘိုးက မပြည့်စုံသေးကြောင်း၊ အဘိုးဟာ တစ်နေ့မှာ သေသွားမှာကို ကြောက်ရွံ့ ပူပန်နေကြောင်း၊ ဘယ်တော့မှ မသေချင်ကြောင်း ပြောမိတယ်။ ဒီတော့ သူက အဘိုးကို ဘယ်တော့မှ အသက်မသေအောင် သူလုပ်ပေးမယ်။ ဒီလိုဆိုရင် စိတ်ချမ်းသာမလားလို့ ပြန်မေးတယ်။ အဘိုးကလည်း စိတ်ချမ်းသာမှာပဲလို့ ပြောလိုက်တယ်။ ဒီတော့ သူက ကောင်းပြီလို့ဆိုပြီး စာအုပ်တစ်အုပ်ထဲမှာ စာတွေရေးပြီး အဘိုးကို ပေးတယ်။ နောက်ပြီး ဒီစာအုပ်ကို မပျောက်မပျက်အောင် ထိန်းသိမ်းထားပါ။ ဒီစာအုပ် တည်နေသရွေ့ အဘိုး အသက်ရှင်နေမှာပဲ။ စာအုပ် ပျောက်ပျက်ရင်တော့ အဘိုး သေသွားလိမ့်မယ်လို့ ပြောတယ်။ အဘိုးဟာ အသက် သေဆုံးသွားမှာကို စိုးတဲ့အတွက် ဒီစာအုပ်ကို အမြဲ သိမ်းထားခဲ့တယ်"

"နှစ်ပေါင်း အတော်ကြာလာတဲ့ အခါကျတော့ အဘိုးရဲ့ မိတ်ဆွေတွေနဲ့ မိဘဆွေမျိုးတွေ၊ ဇနီးနဲ့ သားသမီးတွေ အားလုံးဟာ သေဆုံးကုန်ကြတယ်။ ဒါပေမဲ့ အဘိုးကတော့ အသက်ရှင်နေတုန်းပဲ။ အဘိုးလည်း စာအုပ်ကို မပျောက်ပျက်ရအောင် ဥယျာဉ်ထောင့်က မြေအောက်ခန်းထဲမှာ ထိန်းသိမ်းထားခဲ့တယ်။ အသက်ရှင်နေပေမယ့် အဘိုး နာမကျန်းဖြစ်ပြီး လမ်းမလျှောက်နိုင်တော့ဘူး။ လမ်းလျှောက်[illegible]ဝေးလို့ ကုလားထိုင်ပေါ်ကတောင် မ[illegible]နိုင်တော့ဘူး။ ဒီလိုဘဝမျိုးနဲ့ အသက်ရှင်နေလို့ [illegible]ာထူးတော့မှာလဲ။ အဘိုးဟာ စိ[illegible]မချမ်းမသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်။ ဒါကြောင့် အဘိုးဟာ သေချင်တယ်။ အဘိုး သေအောင် စာအုပ်ကို ဖျက်ဆီးပေးဖို့ လူတွေကို ပြောတယ်။ ဒါပေမဲ့ လူတွေဟာ အဘိုးရဲ့စကားကို နားမလည်ကြဘူး။ လူကလေး ကတော့ အဘိုးရဲ့စကားကို နားလည်တယ်။ ဒါကြောင့် အဲဒီစာအုပ်ကို ဖျက်ဆီးပေးစမ်းပါကွယ်"

"ကျွန်တော် ဘယ်လို လုပ်ပေးရမလဲ အဘိုး"

"ဥယျာဉ်ခြံထောင့်က မြေအောက်ခန်းကို ဆင်းသွားပါ။ အခန်းကလေး တစ်ခုထဲမှာ အဲဒီစာအုပ် ရှိတယ်။ သွားယူပြီး မီးရှို့ပစ်လိုက်ပါ"

ထိုသူသည် ခြံထဲသို့ ဆင်းသွားသည်။ မကြာမီပင် စာအုပ်တစ်အုပ်ကို ယူ၍ ပြန်လာသည်။ သူသည် စာအုပ်ကို မီးပုံထဲသို့ ပစ်ချလိုက်သည်။ သူတို့နှစ်ဦးသည် မီးပုံကို စိုက်ကြည့်နေကြသည်။

ထိုသူက "ကြည့်ပါဦး အဘိုး၊ အဘိုးစာအုပ်ကို မီးလောင်နေပြီ" ဟု ပြောသည်။

အဘိုးအိုက "ဟုတ်တယ်၊ အခု အဘိုး သိပ်ကို ပျော်နေတယ်။ အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ် လူကလေးရယ်။ အဘိုးရဲ့ ဘဝဟာ မကြာခင်မှာ နိဂုံးချုပ်ပါတော့မယ်" ဟု ပြန်ပြောလိုက်ပေသည်။ ထိုသို့ ပြောဆဲမှာပင် အဘိုးအိုသည် စိတ်ချမ်းမြေ့စွာဖြင့် သေဆုံးသွားလေ၏။

(စပိန်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com




## ထူးဆန်းသောအရုပ်ကလေး

တစ်ခါက ဂျပန်ပြည်ရှိ ရွာကလေး တစ်ရွာတွင် ဇနီးမောင်နှံနှစ်ဦး ရှိကြသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြသော်လည်း လုံးဝ မပျော်ရွှင်ပေ။ အကြောင်းမှာ သူတို့တွင် သားသမီး မရှိသောကြောင့်ပင်။ သူတို့သည် ကလေးချစ်တတ်ပြီး သားသမီး အလွန် လိုချင်ကြပေသည်။ ဇနီးဖြစ်သူသည် ညနေတိုင်းပင် အိမ်၏ ပြတင်းပေါက်မှ မိုးကောင်းကင်သို့ မျှော်ကြည့်ကာ "တပည့်တော်တို့ကို သားဆု ပေးတော်မူပါ ဘုရား။ တပည့်တော်တို့ဟာ အသက်အရွယ် ထောက်လာပြီဖြစ်လို့ သားသမီးရှိဖို့ လိုပါတယ် ဘုရား" ဟု ဆုတောင်းလေ့ရှိသည်။

သို့သော် ကာလ အတော်ကြာလာသည်အထိ မည်သို့မျှ မထူးခြားခဲ့ပေ။

တစ်နေ့သော် ဇနီးဖြစ်သူသည် ဈေးသို့သွားသည်။ ဈေးမှ အပြန်တွင် သူသည် စက္ကူဘူးကြီး တစ်ခုကို ပိုက်ကာ ဝမ်းသာအားရဖြင့် ပြန်လာသည်။ ခင်ပွန်းသည်က အကျိုးအကြောင်းမေးရာ သူက "ဒီမှာကြည့်စမ်း" ဟု ဆိုကာ ခင်ပွန်းသည်အား စက္ကူဘူးကို ပေးသည်။ ဘူးထဲတွင် အလွန်လှပသော အရုပ်ကြီးတစ်ရုပ်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည်က "ဒီအရုပ်ဟာ အရုပ်နဲ့ လုံးဝမတူဘူး။ တကယ့်ကလေး တစ်ယောက်လိုပဲ။ သိပ် အသက်ဝင်တယ်။ မင်း ဘယ်က ရခဲ့သလဲ" ဟု မေးသည်။

ဇနီးသည်လည်း အကျိုးအကြောင်းကို ပြန်လည် ပြောပြသည်။

လွန်ခဲ့သော တစ်ပတ်က ဇနီးဖြစ်သူသည် ဈေးသို့သွားရင်း ဆိုင်တစ်ဆိုင်ထဲတွင် ထူးခြားသော အရုပ်တစ်ခုကို သွားတွေ့သည်။ သူသည် ထိုအရုပ်ကို အလွန် နှစ်သက်သည်။ အိမ်ပြန်ရောက်ပြီးသည့် အခါတွင်လည်း ထိုအရုပ်ကိုသာ တရေးရေး မြင်ယောင်လျက်ရှိသည်။ အရုပ်၏ လုပ ဝင်းလဲ့သော မျက်လုံးများက သူ့အား စိုက်ကြည့်နေသည်ဟု ထင်ရသည်။ သူသည် နေ့စဉ်ပင် ထိုဆိုင်သို့သွားကာ အရုပ်ကို ကြည့်သည်။ လေးရက်မြောက်နေ့သို့ ရောက်သော် သူသည် ဆိုင်အတွင်းသို့ ဝင်ကာ ဆိုင်ရှင်အား အရုပ်ဈေးနှုန်းကို မေးမြန်းသည်။ ဆိုင်ရှင်က ငွေ ယန်း ၂၀ ဟု ပြောလိုက်သည်။

BURMESE CLASSIC

သူသည် ဆိုင်ရှင်တောင်းသော အရုပ်ဖိုးငွေကို မတတ်နိုင်ပေ။ ထို့ကြောင့် စိတ်ပျက်ဝမ်းနည်းစွာဖြင့် ပြန်လာခဲ့သည်။ ထို့နောက် ညနေတိုင်းပင် ဆိုင်သို့သွားကာ အရုပ်ကို ငေးစိုက် ကြည့်နေတော့သည်။

ဤသို့ ရှိရာမှ တစ်နေ့တွင်မူ ဆိုင်ရှင်သည် သူ့အားခေါ်ကာ "ကျွန်တော် ဒီအရုပ်ကို တစ်ချိန်လုံး ကြည့်နေတယ်။ အခုတလောမှာ အရုပ်ဟာ ထူးခြားလာတယ်။ ဒီတစ်ပတ်ထဲမှာ တော့ ညနေရောက်ပြီ ဆိုရင် အရုပ်ရဲ့ မျက်နှာဟာ ဝမ်းနည်းတဲ့အသွင် ပေါက်လာတယ်။ မျက်ရည်တွေလည်း ဝဲလာတယ်။ ညကတော့ ကျွန်တော် အိပ်မက် မက်တယ်။

"အိပ်မက်ထဲမှာ ဘုရားသခင်က 'ဒီအရုပ်ကို ခင်ဗျားကို ပေးလိုက်ပါ။ ခင်ဗျားဟာ ဒီအရုပ်ကို သိပ်လိုချင်နေတယ်'လို့ အိပ်မက် ပေးပါတယ်။ ဒါကြောင့် ဒီအရုပ်ကို ခင်ဗျားယူပါ" ဟု ပြောသည်။

ဇနီးသည်က "မိမိတွင် အရုပ်ဖိုးငွေ ငါးယန်းသာ ရှိကြောင်း၊ ငွေကို နည်းသည် သဘောမထားဘဲ လက်ခံပါ" ဟု ဆိုကာ ဆိုင်ရှင်အား ငွေကို ပေးသည်။ ထို့နောက် သူသည် အရုပ်ကို ဝိုက်ကာ အိမ်သို့ ပြန်လာသည်။

ခင်ပွန်းသည်သည် အရုပ်ကို အလွန် နှစ်သက်ရှာသည်။ သူက "ဒီအရုပ်ကို သိပ် သဘောကျတယ်။ အရုပ်ဝယ်လာတဲ့ ရှင်မကိုလည်း ကျေးဇူးတင်တယ်။ ဒီနေ့ ဒီအချိန်ကစပြီး တို့ရဲ့ အချစ်တွေ အားလုံးကို ဒီအရုပ်ပေါ်မှာ ပုံပေးလိုက်ပြီ။ သူ့မှာ အသက်မရှိပေမယ့်လည်း သူ့ကို သားလို သဘောထားမယ်" ဟု ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓနီးသည်က "မနေ့က မိန်းမတစ်ယောက် ပြောတာ ကျွန်မ ကြားခဲ့တယ်။ တစ်ခါ တစ်ရံမှာ တစ်စုံတစ်ဦးဟာ သက်မဲ့အရုပ်ကို သိပ်ပြီး မေတ္တာထားခဲ့ရင် ဒီအရုပ်ဟာ အသက်ဝင်လာတတ်တယ်တဲ့။ ကျွန်မတို့ စောင့်ကြည့်ရအောင်" ဟု ပြောလိုက်သည်။

သူတို့ ဓနီးမောင်နှံသည် အရုပ်ကို အလွန်ပင် ချစ်ကြသည်။ အရုပ်အတွက် ကုလားထိုင် တစ်လုံး လုပ်ပေးသည်။ အဝတ်အစားများ ချုပ်ပေးသည်။ သူတို့သည် အရုပ်ကို ဆေးကြော သုတ်သင်ကာ အဝတ်အစားများ လဲလှယ်ပေးကြသည်။ အရုပ်ကို စကားပြောကြသည်။ ထိုည တွင် သူတို့သည် ဘုရားရှိခိုးပြီးနောက် "အရုပ် ရရှိသည့်အတွက် ဘုရားသခင်၏ ဂုဏ်ကျေးဇူး တော်ကို အောက်မေ့ကြောင်း၊ အရုပ်ကိုရ၍ ပျော်ရွှင်ကြောင်း" ပြောကြားသည်။

အရုပ်ကလေးသည် တစ်ခါတစ်ရံတွင် ကလေးငယ် တစ်ဦးပမာ ဖြစ်နေသည်။ လူအများ သည် ထိုအရုပ်ကို နှစ်သက်ကြသည်။ တစ်ခါတစ်ရံတွင် ကလေးများသည် ထိုအရုပ်နှင့် လာ၍ ကစားကြသည်။

BURMESE CLASSIC

သူတို့ ဓနီးမောင်နှံသည် တစ်ခါတစ်ရံတွင် အရုပ်ကို သူတို့၏ အိပ်ရာထဲတွင် သိပ်ထား တတ်ကြသည်။ တစ်ညသော် အရုပ်၏လက်သည် သူတို့၏ နဖူးကို လာ၍ထိမိသည်။ သို့သော် သူတို့ အိပ်ပျော်နေ၍ ဘာမျှ မသိကြပေ။

နောက်တစ်နေ့ ညတွင်မူ အရုပ်သည် ခင်ပွန်းသည်၏ လက်ကို ထိမိသည်။ ခင်ပွန်းသည် လည်း လန့်နိုးကာ ဟိုဟိုသည်သည် ကြည့်လိုက်သည်။ ထိုအခါ သူတို့အခန်းထဲတွင် လူနှစ်ဦး ရောက်နေသည်ကို တွေ့ရသည်။

ခင်ပွန်းသည်က "မင်းတို့ ဘာလိုချင်လို့လဲ" ဟု မေးလိုက်သည်။ ထိုအခါ လူစိမ်းက "ငါတို့ ငွေလိုချင်လို့ လာတာ။ မင်းတို့မှာ ရှိသမျှငွေတွေ အားလုံး တို့ကိုပေးတော့" ဟု ပြော သည်။

ခင်ပွန်းသည်က "ကျွန်တော်တို့ဟာ ဆင်းရဲသားတွေပါ၊ ပေးစရာငွေ မရှိပါဘူး" ဟု ပြန်ပြောသည်။ လူစိမ်းက "နားမလည်ဘူး ငွေသာပေးပါ" ဟု တောင်းသည်။

ထိုအချိန်တွင် အရုပ်ကလေးသည် အိပ်ရာပေါ်မှ ထကာ လူဆိုးနှစ်ဦးထံ လျှောက်သွား သည်။ လူဆိုးနှစ်ဦးလည်း အရုပ်က လမ်းလျှောက်လာသည်ကို မြင်သော် အလွန် ထိတ်လန့် သွားကာ ထွက်ပြေးသွားကြတော့သည်။

သူတို့ ဓနီးမောင်နှံလည်း အရုပ်ကလေးကို ကြည့်လိုက်ရာ အရုပ်ကလေးသည် အိပ်ရာ ပေါ်တွင် ပြန်အိပ်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည်က "အရုပ်ကလေးဟာ တကယ်ကလေးလေး တစ်ယောက်လိုပဲ" ဟု ပြောလိုက်သည်။ ဇနီးသည်ကလည်း "ဟုတ်တယ်၊ သိပ်လှတဲ့ ကလေးလေးပဲ" ဟု ပြန်ပြောလိုက်သည်။ သူတို့ ဇနီးမောင်နှံသည် အရုပ်အကြောင်းကို တစ်ညလုံး ပြောနေကြတော့သည်။

ဤသို့ဖြင့် ရက်သတ္တပတ် အနည်းငယ် ကြာသွားခဲ့သည်။ တစ်ညသ၌ သူတို့အားလုံး အိပ်ပျော်နေစဉ် အရုပ်ကလေးသည် ဇနီးသည်ကို လှုပ်နှိုးလိုက်သည်။ ဇနီးသည်လည်း မျက်စိဖွင့်ကြည့်လိုက်ရာ သူတို့အိမ်ကို မီးလောင်နေကြောင်း အလန့်တကြား တွေ့ရသည်။ မီးတောက်မှာ အလွန်ကြီးသည်။ ဇနီးသည်လည်း ခင်ပွန်းသည်အား လှုပ်နှိုးကာ "မောင်ရေ ထစမ်းပါဦး၊ ကျွန်မတို့အိမ်ကို မီးလောင်နေပြီ၊ ပစ္စည်းတွေယူပြီး ပြေးကြစို့" ဟု ပြောသည်။

ခင်ပွန်းသည်လည်း ကဗျာကယာ ထကာ "အိပ်ရာအောက်က ငွေတွေနဲ့ ဘုရားပုံတော်ကို ယူပြီး ပြေးပေတော့" ဟု ပြောသည်။

သူတို့သည် အိမ်အပြင်သို့ အရုပ်ကလေးကို ပိုက်လျက် တစ်ဟုန်ထိုး ထွက်ပြေးကြသည်။ လမ်းမပေါ်သို့ ရောက်သောအခါ သူတို့၏ အိမ်ကလေးကို ဝမ်းနည်းလှစွာဖြင့် ပြန်လှည့်ကြည့်မိကြသည်။ အိမ်ကလေးအား မီးလောင်ကျွမ်းလျက် ရှိပေပြီ။

ရွာသားများသည် မီးလောင်သည်ကိုတွေ့၍ ဝိုင်းဝန်း ငြိမ်းသတ်ရန် ကြိုးစားကြသေးသည်။ သို့သော် မီးတောက်မှာ အတော်စွဲနေပြီဖြစ်၍ သူတို့ ဘာမျှ မတတ်နိုင်တော့ပေ။

ဇနီးသည်က ခင်ပွန်းသည်အား "ကျွန်မတို့ ဘယ်မှာ သွားနေကြမလဲ။ ကျွန်မတို့မှာ နေစရာအိမ် မရှိတော့ဘူး" ဟု ပြောလိုက်သည်။

ခင်ပွန်းသည်က "မင်းပြောတာ မှန်ပါတယ်၊ တို့မှာ နေစရာ မရှိတော့ပါဘူး။ ဒါပေမဲ့ ဒီအရုပ်ကလေးရဲ့ ကျေးဇူးကြောင့် တို့အားလုံး အသက်မသေဘဲ ကျန်ရစ်ခဲ့တာကိုတော့ ဝမ်းသာရမှာပဲ" ဟု ပြောလိုက်သည်။

အိမ်မီးလောင်မှု အပြီးတွင် အရုပ်ကလေး၏ သတင်းသည် ရွာသားများ၏ နှုတ်ဖျားတွင် ရေပန်းစား သွားတော့သည်။ သူတို့ အားလုံးသည် အရုပ်ကလေးကို ချစ်ကြသည်။ ရွာသားများသည် အရုပ်ကလေးကို အကြောင်းပြု၍ သူတို့နေအိမ်ကို ဝိုင်းဝန်း ကူညီ ဆောက်လုပ်ပေးကြသည်။ သူတို့ ဇနီးမောင်နှံ နှစ်ဦးသည် အရုပ်ကလေးကို ကျေးဇူးတင်မဆုံး ရှိကြပေသည်။

ဤသို့ဖြင့် နောက်ထပ် ၅ နှစ်ခန့် ကြာသွားသည်။ ဇနီးမောင်နှံ နှစ်ဦးသည် ပျော်ရွှင်စွာ နေထိုင်ကြရာမှာ တစ်နေ့တွင် ခင်ပွန်းသည် ကွယ်လွန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည်သည် ခင်ပွန်းသည်အတွက် များစွာ ဝမ်းနည်း ပူဆွေးရှာသည်။ သူ့နည်းတူပင် အရုပ်ကလေးကလည်း ဝမ်းနည်းရှာသည်။ ညနေတိုင်းပင် အရုပ်ကလေးသည် မျက်ရည်များ ကျနေသည်။

ဇနီးသည်၏ စိတ်ထဲတွင် "အရုပ်ကလေးဟာ မျက်ရည်တွေ ကျနေတယ်။ အလျင်ကလည်း မျက်ရည် ကျဖူးပါတယ်။ ဘယ်တုန်းကပါလိမ့်၊ ဪ သိပြီ၊ အရုပ်ဆိုင်မှာ ရှိတုန်းကပဲ။ ဒါပေမဲ့ ငါတို့အိမ်ကို ရောက်တဲ့ အချိန်က စပြီး လုံးဝ မျက်ရည်မကျတော့ဘူး။ အခု တစ်ခါ ပြန်ကျတာပဲ" ဟု တွေးမိသည်။

ဇနီးသည်နှင့် အရုပ်ကလေးတို့သည် နှစ်ပေါင်းများစွာ ကြာအောင် အတူတကွ နေထိုင်ကြသည်။ ဇနီးသည်မှာ အသက်ကြီးရင့်ပြီ ဖြစ်၍ တဖြည်းဖြည်း အိုမင်းလာသည်။ သို့သော် အရုပ်ကလေးမှာမူ မပြောင်းလဲ။ နဂိုအတိုင်းပင် ရှိသည်။ သူသည် အမြဲတမ်း လှပနုပျိုနေပြီး ကလေးတစ်ဦးပမာ ဖြစ်နေသည်။

BURMESE CLASSIC

တစ်နေ့သော် ဇနီးသည် ကွယ်လွန်သွားသည်။ သူ ကွယ်လွန်ချိန်တွင် အရုပ်ကလေးကို ရင်ခွင်၌ ပိုက်ထားသည်။ မကြာမီတွင် ရွာသားများသည် သူ့အိမ်သို့ ရောက်လာကြသည်။ သူတို့သည် အရုပ်ကလေးကို ရှာဖွေကြသည်။ သို့သော် လုံးဝ မတွေ့တော့ပေ။ သူတို့သည် အရုပ်ကလေး၏ အမည်ကို အော်၍ ခေါ်ကြသည်။

သို့သော် အရုပ်ကလေးကား ဘယ်တော့မှ ပြန်မလာတော့ပေ။ အရုပ်ကလေးသည် သူ ယခင်က ရှိခဲ့သော ဈေးဆိုင်ကလေးအတွင်း၌ ပြန်ရောက်နေသည်။ သူ့အား ဝယ်မည့်သူကို ထိုဆိုင်၏ ပြတင်းပေါက်မှ စောင့်မျှော်လျက် ရှိသည်။ သူ့ကို ဝယ်ယူသွားခြင်းဖြင့် ပျော်ရွှင်သာယာသော အိမ်ထောင်စု ဖြစ်သွားမည့် သားသမီး လိုချင်သော ဇနီးမောင်နှံများ၏ ဆန္ဒကို ဖြည့်စွမ်းရန် စောင့်ဆိုင်းလျက် ရှိပေတော့သည်။

(ဂျပန်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## မိုးပျံလယ်သမား

တစ်ခါက ဂျပန်ပြည် မြို့ငယ်လေး တစ်မြို့တွင် လယ်သမားတစ်ဦး ရှိသည်။ သူ၏ နေအိမ်နှင့် မနီးမဝေးတွင် ကျယ်ဝန်း စွတ်စိုသော ညွန်အိုင်တစ်အိုင် ရှိသည်။ ထိုညွန်အိုင်သို့ တောဘဲများ လာလေ့ရှိသည်။ လယ်သမားသည် ကြိုးဖြင့် ထောင်ချောက်တစ်ခု ပြုလုပ်ကာ တောဘဲများကို တစ်နေ့ တစ်ကောင်ကျ ဖမ်းဆီးလေသည်။

သူသည် အလွန် လောဘကြီးရကား တစ်နေ့တွင် ဤသို့ စဉ်းစားမိသည်။ 'တစ်နေ့ကို ဘဲတစ်ကောင်ရတာ သိပ်နည်းတယ်။ တစ်ကြိမ်တည်းနဲ့ ဘဲတွေအားလုံးကို ရရင် သိပ်ကောင်းမှာပဲ"

ဤသို့တွေးကာ သူသည် ဘဲအမြောက်အမြား ဖမ်းဆီးမိစေရန် ကြိုးရှည်ကြီး တစ်ချောင်းဖြင့် ထောင်ချောက်ကြီး တစ်ခုကို ပြုလုပ်လေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် လယ်သမားသည် သူ့ထောင်ချောက်ကို ညွန်အိုင်ထဲတွင် ချထားလိုက်သည်။ သူကမူ ထောင်ချောက် အစွန်းတစ်ဖက်ကို ကိုင်ကာ သစ်ပင်နောက်တွင် ပုန်းအောင်းလျက် ဘဲများ အလာကို စောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် အလွန်ကြီးမားသော ဘဲအုပ်ကြီးသည် ကောင်းကင်မှ ပျံလာကာ ထောင်ချောက်ပေါ်သို့ လာနားသည်။ သူသည် ဘဲများကို တွေ့ရပြီး အားလုံးကို ထောင်ချောက်တွင် မိစေရန်သာ စိတ်စောနေမိသည်။

"ကြည့်စမ်း ကြည့်စမ်း၊ ဘဲ အများကြီး မိနေပြီ" ဟု ပြောကာ သူသည် ဝမ်းသာလွန်းသဖြင့် ထ၍ပင် ခုန်မိသည်။

တစ်နာရီခန့် ကြာသောအခါ နေထွက်လာပြီး ဘဲများသည် အဝေးသို့ပျံရန် ပြင်ကြသည်။ ရုတ်တရက်ပင် သူတို့အားလုံးသည် ကောင်းကင်ပေါ်သို့ တစ်ရှိန်ထိုး ပျံတက်သွားကြသည်။

လယ်သမားကြီးသည် အလွန်ပင် အံ့ဩသွားသည်။ သူသည် ထောင်ချောက်၏ အစွန်းကို ကိုင်ထားရာ ဘဲများနှင့်အတူ သူပါ ကောင်းကင်ထက်သို့ ပါသွားသောကြောင့် ဖြစ်သည်။

ဘဲအုပ်ကြီးသည် အုပ်စုလိုက် တစ်စုတစ်ဝေးတည်း ပျံသန်းသွားကြရာ လယ်သမားကြီးသည်လည်း ကြိုးစကိုကိုင်ရင်း ကြောက်ရွံ့စွာဖြင့် လေထဲသို့ ပါသွားရှာသည်။

ဘဲများသည် တောများ၊ တောင်များပေါ်မှ ဖြတ်ကျော် ပျံသန်းသွားကြသည်။ နောက်ဆုံးတွင် ဘဲအုပ်ကြီးသည် ရွာတစ်ရွာသို့ ရောက်သွားသည်။ ထိုရွာတွင် ဘုံငါးဆင့် အမြင့်ရှိသော ဘုန်းကြီးကျောင်း တစ်ကျောင်း ရှိသည်။

လယ်သမားကြီးသည် အခွင့်ကောင်းကို စောင့်နေရကား ထိုကျောင်း၏ အမိုးပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် လက်တွင်းမှ ကြိုးစကို လွှတ်လိုက်ကာ ကျောင်းအမိုးကို စွဲမြဲစွာ ဆုပ်ကိုင်ထားလိုက်သည်။ သူသည် ခေါင်မိုးကို ကိုင်ထားရင်း "ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ" ဟု အော်လိုက်သည်။ မကြာမီပင် လူအုပ်ကြီးသည် ဘုန်းကြီးကျောင်းခြေရင်းတွင် စုဝေး ရောက်ရှိလာသည်။ သူတို့သည် သူ့အား အံ့ဩတကြီးဖြင့် မော့ကြည့်ကာ အချင်းချင်း တိုင်ပင် ပြောဆိုနေကြသည်။

"သူ ဒီအပေါ်ကို ဘယ်လိုလုပ် ရောက်နေတာလဲ"

"ဘဲတွေနဲ့ အတူပါလာတာ မမြင်လိုက်ဘူးလား"

"သူ အောက်ကို ဆင်းနိုင်အောင် တို့ ဘယ်လိုကူညီကြမလဲ"

သူတို့သည် အချင်းချင်း ပြောဆိုကြပြီးနောက် အဝတ်စကြီး တစ်စကို ယူလာကြသည်။ ထိုအဝတ်ပေါ်သို့ လယ်သမားကြီး ခုန်ချနိုင်စေရန် အဝတ်ကို ခိုင်မြဲစွာ ဝိုင်းဝန်း ကိုင်ပေးကြသည်။ "အဝတ်ပေါ်ကို ခုန်ချ၊ ခုန်ချ" ဟုလည်း ဝိုင်း၍ အော်ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လယ်သမားကြီးသည် အောက်သို့ ငုံ့ကြည့်လိုက်ပြီးနောက် ကြောက်လွန်းသဖြင့် ဒူးများ တုန်နေသည်။ သို့သော် နောက်ဆုံးတွင် သူသည် မျက်စိကို စုံမှိတ်ပြီး ခုန်ချလိုက်သည်။

သူသည် အလွန်ကံကောင်းသဖြင့် အဝတ် အလယ်တည့်တည့်သို့ ကျသွားသည်။ သို့သော် သူ၏ကိုယ်မှာ ရလေးလွန်းသဖြင့် အဝတ်စကို ကိုင်ထားသူအားလုံး နောက်သို့ ပက်လက်လန် ကျသွားကြသည်။

လယ်သမားကြီးသည် မျက်စိ ဖွင့်ကြည့်လိုက်သောအခါ သူ့အိမ်ရှိ အိပ်ရာပေါ်တွင် ရောက်နေသည်ကို တွေ့ရသည်။ စင်စစ်မှာ သူသည် အိပ်မက် မက်နေခြင်းသာ ဖြစ်သည်။

သို့သော် တကယ့်အဖြစ်အပျက်နှင့် တူလှသော ဤအိပ်မက်သည် လယ်သမားကြီးကို ပြုပြင်ပေးလိုက်သည်။ အိပ်မက်ပါ ဖြစ်ရပ်များမှာ ထိတ်လန့် ကြောက်ရွံ့ဖွယ် ဖြစ်သည်။

သူသည် သူ၏ မကောင်းမှုအတွက် နောင်တကြီးစွာ ရသွားသည်။ ထိုအချိန်မှစ၍ သူသည် ဘဲများကို လုံးဝ မဖမ်းတော့ဘဲ ကြင်နာ သနားတတ်သော လူတော်လူကောင်း တစ်ယောက် ဖြစ်လာခဲ့ပေသည်။

(ဂျပန်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## ရွှေအိုးကြီး

တစ်ခါက ရွာကလေးတစ်ရွာတွင် သူဆင်းရဲ အဘိုးအို အဘွားအို ဇနီးမောင်နှံနှစ်ဦး ရှိကြသည်။ သူတို့သည် ဆင်းရဲ နွမ်းပါးသဖြင့် အလုပ်ကို ပင်ပန်းစွာ လုပ်ကိုင်ကြရသည်။

တစ်နေ့သော် သူတို့နှစ်ဦးသည် ထင်းခွေသွားရာမှ အပြန်တွင် ရွာအပြင်ရှိ မန်ကျည်းပင် တစ်ပင်အောက်၌ ခေတ္တထိုင်ကာ အပန်းဖြေနေကြသည်။ ထိုစဉ် အဘိုးအိုက အဘွားအိုအား "ထင်းခွေရတာ ပင်ပန်းလိုက်တာ ရှင်မရယ်။ တို့သာ ချမ်းသာရင် ဒီလိုပင်ပန်းမှာ မဟုတ်ဘူး။ ချမ်းသာချင်လိုက်တာကွာ" ဟု ပြောလိုက်သည်။

ထိုအခါ အဘွားအိုက "ဘာမှ စိတ်မပူပါနဲ့ မောင်ရယ် စိတ်ကောင်းထားပြီး အလုပ်ကိုသာ ကြိုးစားလုပ်ပါ၊ တစ်နေ့မှာ ချမ်းသာလာမှာပါ။ တကယ်လို့များ ကံကောင်း ထောက်မခဲ့ရင် မြေကြီးထဲက ရွှေအိုးတွေ ဘာတွေတောင် တူးမိချင် တူးမိမှာပါ" ဟု ပြန်လည် နှိုးဆော်သိမ့်လိုက်သည်။

အဘိုးအိုလည်း အဘွားအို၏ စကားကို သဘောကျသွားကာ အားရပါးရ ရယ်မောနေပေသည်။ ထိုသို့ သူတို့နှစ်ဦး အပြန်အလှန် ပြောဆိုသံကို မန်ကျည်းပင်စောင့်နတ်က ကြားသွားသည်။ နတ်မင်းသည် သူတို့ကို သနားသွားသည်။ ထို့ကြောင့် အဘိုးအို ဇနီးမောင်နှံအား

www.burmeseclassic.com



ကူညီ မ,စရန် ဆုံးဖြတ်လိုက်သည်။ အဘိုးအို ဇနီးမောင်နှံလည်း မကြာမီ သူတို့၏အိမ်သို့ ပြန်သွားကြသည်။

ထိုနေ့ ညဘက်သို့ရောက်သော် အဘိုးအို ဇနီးမောင်နှံသည် ထူးဆန်းသော အိပ်မက်တစ်ခုကို ပြိုင်တူမြင်မက်သည်။ အဘိုးအိုသည် ထိုအိပ်မက်ကြောင့် အိပ်ရာမှ လန့်နိုးလာပြီးလျှင် အနီးရှိ အဘွားအိုကို နှိုးလိုက်သည်။ ထို့နောက် သူက "ရှင်မရေ၊ ငါတော့ ထူးဆန်းတဲ့ အိပ်မက်တစ်ခု မက်တယ်ကွာ။ အိပ်မက်ထဲမှာ ရွာအပြင်က မန်ကျည်းပင်မှာရှိတဲ့ မန်ကျည်းပင်စောင့် နတ်က ကိုယ်ထင်ပြပြီး အဲဒီ မန်ကျည်းပင်ရဲ့ အရှေ့ဘက် ခြေလှမ်း သုံးလှမ်းအကွာမှာ တူးယူရင် ရွှေအိုးတစ်လုံး ရလိမ့်မယ်လို့ ပြောသွားတယ်" ဟု သူ့အိပ်မက်ကို ပြန်လည်ပြောပြသည်။

ထိုအခါ အဘွားအိုက "ထူးဆန်းလိုက်တာရှင်၊ ကျွန်မလည်း ရှင်မက်တဲ့ အိပ်မက်အတိုင်းပဲ မက်တယ်။ အဲဒါ ရှင့်ကိုနှိုးပြီး ပြောမလို့ လုပ်နေတုန်း ရှင်က နှိုးလိုက်တာနဲ့ ကျွန်မ ဘာမှ မပြောဖြစ်တော့တာ" ဟု ပြန်ပြောလိုက်သည်။

ဤတွင် အဘိုးအိုက "ဘာမှ စိတ်ကူးယဉ်မနေစမ်းပါနဲ့ ရှင်မရယ်။ ရွှေအိုး တူးမိမယ်ဆိုတဲ့ မင်းရဲ့စကားကို တို့နှစ်ယောက် စိတ်စွဲပြီး အိပ်မက် မက်တာ ဖြစ်မှာပါကွာ။ တကယ်ဟုတ်မှာ မဟုတ်ဘူး။ ကယောင်ချောက်ချားနဲ့ အိပ်မက် မက်တာ ဖြစ်မှာပါ။ ကဲ ဒါတွေစဉ်းစားမနေနဲ့တော့ ပြန်အိပ်ကြစို့" ဟု ပြောလိုက်သည်။

အဘိုးအိုသည် ထိုအိပ်မက်ကို မယုံကြည်ပေ။ တိုက်တိုက်ဆိုင်ဆိုင်ပင် အဘိုးအို ဇနီးမောင်နှံ နှစ်ဦး စကားပြောနေကြစဉ် သူတို့၏ တဲကလေးအနီးမှ သူခိုးများ ဖြတ်သွားကြသည်။ သူခိုးများသည် သူတို့နှစ်ဦး၏ စကားကို ကြားသွားကြသည်။ ထို့နောက် သူတို့သည် ရွာအပြင်ရှိ မန်ကျည်းပင်ကြီး ရှိရာသို့ ဝမ်းသာအားရ ပြေးသွားကြသည်။

မန်ကျည်းပင်ကြီးသို့ ရောက်သော် အပင်၏အရှေ့ဘက် ခြေလှမ်းသုံးလှမ်း အကွာတွင် မြေကို တူးကြသည်။ မကြာမီပင် သူတို့သည် အိုးတစ်လုံးကို တူးမိကြသည်။ သူတို့လည်း ဝမ်းသာအားရဖြင့် အိုးအဖုံးကို ဖွင့်ကြည့်ကြသည်။ ထိုအခါ အိုးထဲတွင် ရွှေများကို မတွေ့ရ။ ရွှေများအစား မြွေကြီးတစ်ကောင် ခွေအိပ်နေသည်ကိုသာ တွေ့ရသည်။ သူခိုးများလည်း ကြောက်လန့်တကြားဖြင့် အိုးအဖုံးကို ပြန်ပိတ်လိုက်ကြသည်။ အဘိုးအို ဇနီးမောင်နှံအားလည်း 'မဟုတ်မမှန်သည်များကို ပြောရပါမည်လား' ဟု ဆိုကာ အလွန် စိတ်ဆိုးကြသည်။ သူခိုးများထဲမှ တစ်ဦးက "ဒီအဘိုးကြီးဟာ အိုးထဲက မြွေတွေကို တွေ့ပြီးလို့ ပြန်မြှုပ်ခဲ့တာ ဖြစ်ရမယ်။ ဒီအကြောင်းကို ပြောမယ်လုပ်တုန်း ငါတို့ခြေသံကို ကြားသွားလို့ တမင် လိုးလွှဲ

www.burmeseclassic.com



ပြောတာပဲ။ သူက ငါတို့ကို မြွေကိုက်ပြီးသေအောင် ကြံစည်တာပဲ။ ဒီတော့ ငါတို့ကလည်း သူ့ကို ပြန်ပြီး လက်စားချေရမယ်။ သူတို့လင်မယားကို မြွေကိုက်သေအောင် ပြန်လုပ်ရမယ်” ဟု ပြောလိုက်သည်။

ထို့နောက် သူခိုးများသည် မြွေကြီးပါလာသော အိုးကို သတိကြီးစွာဖြင့် ကိုင်၍ အဘိုးအို ဇနီးမောင်နှံ၏ တဲကလေးဆီသို့ ယူဆောင်သွားကြသည်။ အဘိုးအို ဇနီးမောင်နှံမှာ ဘာမျှမသိကြဘဲ နှစ်ခြိုက်စွာ အိပ်လျက်ရှိသည်။ သူခိုးများသည် တဲကလေး အတွင်းသို့ ခြေဖော့နင်းကာ ဝင်ရောက်လာကြသည်။ ထို့နောက် အိုးကို အဘိုးအို ဇနီးမောင်နှံ၏ အိမ်ခြေရင်းတွင် အသာအယာ ချထားလိုက်ကြသည်။ ပြီးလျှင် ဝမ်းသာအားရဖြင့် ပြန်သွားကြလေသည်။

နံနက်လင်းသောအခါ အဘွားအိုသည် ဦးစွာ နိုးလာသည်။ သူသည် အိပ်ရာခြေရင်းမှ အိုးကို မြင်လျှင် အဘိုးအိုအား အလန့်တကြား လှုပ်နှိုးသည်။ အဘိုးအိုလည်း နိုးလာကာ အိုးကို အဖုံးဖွင့်ကြည့်လိုက်သည်။ ထိုအခါ အိုးထဲတွင် ရွှေများဖြင့် ပြည့်နေသည်ကို တွေ့ရသည်။ အဘိုးအို ဇနီးမောင်နှံလည်း အလွန်အံ့ဩ၍ ဝမ်းသာသွားကြသည်။ သူတို့သည် မကြာမီ ကြွယ်ဝချမ်းသာလာကာ အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်သွားကြပေတော့သည်။

(မြန်မာပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောဥကြီး

ရှေးသရောအခါ တိုင်းပြည် တစ်ပြည်တွင် ဘုရင်တစ်ပါး ရှိသည်။ ထိုဘုရင်တွင် မိဖုရားတစ်ပါး ရှိသည်။ တစ်နေ့သော် ထိုမိဖုရားသည် ကိုယ်ဝန် အရင့်အမာဖြစ်ကာ မီးဖွားရန်အချိန် ကျရောက်လာသည်။ ဘုရင်သည် သူ၏ထီးနန်းကို ဆက်ခံနိုင်မည့် နန်းညွန့်နန်းလျာကို အံလွန် လိုချင်သည်။ ထို့ကြောင့် ဘုရင်က မီးနေခန်း၌ ရွှေကြိုး ငွေကြိုးများကို တပ်ဆင်ထားစေသည်။ သားတော်လေး မွေးဖွားပါက ရွှေကြိုးကို လှုပ်လိုက်ရန်နှင့် သမီးတော်လေး မွေးဖွားပါက ငွေကြိုးကို လှုပ်လိုက်ရန် အပျိုတော်များအား မှာကြားထားလေသည်။

ဘုရင်နှင့် မှူးမတ်များသည် အဆောင်တော် အပြင်ဘက်မှ ထိုင်ကာ သတင်းကို နားစွင့်နေကြသည်။ မကြာမီ ရွှေကြိုးနှင့် ငွေကြိုးတို့ကို အရှိန်ပြင်းထန်စွာ လှုပ်သံ ကြားရလေသည်။ မှူးမတ်များသည် 'အမြွှာ' မွေးဖွားပြီဟု ဆိုကာ ဘုရင်အား ကောင်းချီးထောမနာ ပြုကြသည်။ ဘုရင်လည်း ဝမ်းသာနေသည်။

ဤသို့ရှိစဉ် အဆောင်တော်အတွင်းမှ အထောက်တော်တစ်ဦး ရောက်ရှိလာသည်။ သူက မိဖုရားကြီးသည် အလွန်ကြီးမားသည့် ထူးဆန်းသော ဥကြီးတစ်လုံးကို ဖွားမြင်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့လည်း သားတော်မှန်း၊ သမီးတော်မှန်း ခွဲခြား မသိရသဖြင့် ရွှေကြိုးနှင့် ငွေကြိုး နှစ်ကြိုး စလုံးကို လွှပ်ရကြောင်း လာရောက် သံတော်ဦးတင်သည်။

ဘုရင်သည် အလွန် အရှက်ရသွားသည်။ ဒေါသလည်း ထွက်မိသည်။ ထို့ကြောင့် ထူးဆန်းသော ဥကြီးကို မြစ်အတွင်းသို့ မျှောလိုက်ရန်နှင့် မိဖုရားကိုလည်း မိဖုရား အဆောင် အယောင်များ ရုပ်သိမ်းကာ ဥယျာဉ်တော်တွင်း၌ အလုပ်ကြမ်း လုပ်စေရန် တစ်ချက်လွှတ် အမိန့်တော် ချမှတ်လိုက်သည်။ မှူးမတ်များလည်း ဘုရင့်အမိန့်အတိုင်း လိုက်နာကြရသည်။

ဥကြီးသည် မြစ်အတွင်း၌ ရေစီးအတိုင်း မျောပါသွားခဲ့သည်။ နောက်ဆုံးတွင် ဘီလူး များ နေထိုင်သော နေရာသို့ ရောက်ရှိလာသည်။ ထိုအချိန်၌ မြစ်တွင်း၀ယ် ဘီလူးမကြီး တစ်ကောင် ရေချိုးနေသည်။ ဘီလူးမကြီးသည် ဥကြီးကိုမြင်သော် ဝမ်းသာအားရ ဆင်း၍ ဆယ်သည်။ စားရန်အတွက် အိမ်သို့ ယူဆောင်သွားသည်။ သို့သော် အိမ်သို့ အရောက်တွင် ဥကြီးသည် ဘီလူးမကြီး၏လက်မှ မတော်တဆ လွတ်ကျကာ ကွဲသွားသည်။ ဥကြီးအတွင်းမှ အလွန်လှပသော သားယောကျ်ားလေးတစ်ဦး ထွက်ပေါ်လာသည်။

ဘီလူးမကြီးသည် ထိုကလေးငယ်ကို ချစ်သဖြင့် မစားပေ။ မွေးစားထားသည်။ ထို့ ကြောင့် မိမိကိုယ်ကို လူအသွင်ဖန်ဆင်းကာ ကလေးငယ်အား သူသည် ကလေး၏ မိခင်ဖြစ် ကြောင်း ပြောသည်။ ကလေးငယ်လည်း သူ့စကားကို ယုံကြည်သည်။ ဤသို့ဖြင့် သူတို့နှစ် ဦးသည် ကာလအတော်ကြာမျှ ပျော်ရွှင်စွာ အတူနေထိုင်ကြသည်။

တစ်နေ့သော် ဘီလူးမကြီးသည် တောတွင်းတစ်နေရာ၌ ကျင်းပသော ဘီလူးများ အစည်းအဝေးသို့ တက်ရောက်ရန်ကိစ္စ ပေါ်လာသည်။ မသွားမီ သူသည် ကလေးငယ်အား ခေါ်ကာ "ချစ်သား၊ အမေ ဒီနေ့ တစ်နေ့လုံး အပြင်သွားစရာကိစ္စ ရှိတယ်။ ဒါကြောင့် အမေမရှိတုန်းမှာ ငါ့သား လိမ်လိမ်မာမာ နေခဲ့ပါ။ အမေမရှိတုန်းမှာ မျှော်စင်ပေါ်ကို တက် မကြည့်ပါနဲ့၊ ချောက်ထဲကိုလည်း ဆင်းမကြည့်ပါနဲ့၊ နောက်ပြီး မီးဖိုထဲကိုလည်း ဝင်မကြည့် ပါနဲ့။ အမေ့စကားကို နားထောင်ပါ" ဟု မှာကြားသည်။ ထို့နောက် ဘီလူးမကြီးသည် အပြင်သို့ ထွက်သွားလေသည်။

ဘီလူးမကြီးက ဤသို့ မှာကြားခဲ့သော်လည်း လူကလေးသည် သိလိုစိတ် အလွန်ပြင်း ထန်နေသည်။ ထို့ကြောင့် ဘီလူးမကြီး မရှိသည်နှင့် သူသည် မျှော်စင်ပေါ်သို့ တက်ကြည့် သည်။ ထိုအခါ မျှော်စင်ထိပ်ဖျားတွင် သေလုမြောပါး ဖြစ်နေသော အဘိုးအိုတစ်ယောက်ကို တွေ့ရသည်။ အဘိုးအိုမှာ ကြိုးဖြင့် ချည်နှောင်ထားခြင်း ခံနေရသည်။ လူကလေးလည်း ထိုသူ့အနားသို့ တိုးသွားပြီး "သင်ဘယ်သူလဲ" ဟု ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက "ငါ့ကို ဘီလူးမကြီးက ဖမ်းထားတာပါ။ ငါ့အသားကို မကြာခင် စားလိမ့်မယ်" ဟု ပြန်ပြောသည်။

လူကလေးက "ဘယ်က ဘီလူးမလဲ" ဟု ပြန်မေးသည်။

အဘိုးအိုက "မင်းကို မွေးစားထားတဲ့ အဘွားအိုကြီးဟာ မင်းရဲ့အမေ မဟုတ်ဘူး ငါ့သား။ သူဟာ လူသားစား ဘီလူးမကြီးပဲ။ တစ်နေ့ကျရင် မင်းကို စားလိမ့်မယ်။ မြန်မြန် ပြေးပေတော့။ အဘိုးကတော့ မကြာခင် သေတော့မှာပါ" ဟု ပြောသည်။

လူကလေးသည် အဘိုးအို၏ စကားကို မယုံပေ။ ထိုအခါ အဘိုးအိုက "အဘိုးပြောတာကို မယုံရင် တွင်းထဲကို ဆင်းကြည့်လိုက်ပါ။ အဲဒီမှာ လူရိုးတွေနဲ့ အသားတွေ ပြန့်ကျဲနေတာ တွေ့ရပါလိမ့်မယ်။ နောက်တစ်ခုက မင်း ဒီကထွက်ပြေးရင် မီးဖိုထဲက ဆန်အိုးထဲမှာ ရှိတဲ့ ဆေးသုံးလုံးကို ယူသွားပါ။ ဒီဆေးတွေက မင်းကို အန္တရာယ်အပေါင်းက ကာကွယ်ပေးပါလိမ့်မယ်" ဟု ထပ်မံ ပြောဆိုသည်။

လူကလေးသည် တွင်းထဲသို့ ဆင်းကြည့်သည်။ ထိုအခါ တွင်းထဲ၌ လူရိုးများနှင့် အသားများ ပြန့်ကျဲနေသည်ကို တွေ့ရသည်။ လူကလေးလည်း အလွန်ကြောက်ရွံ့ကာ မီးဖိုထဲသို့ ပြေးသွားသည်။ ဆေးသုံးလုံးကို ယူကာ ထိုနေရာမှ ထွက်ပြေးလေတော့သည်။

ခရီး အတန်ငယ် ပေါက်လာသော် လူကလေးသည် သူ့နောက်မှ ခြေသံများ ကြားရသည်။ နောက်သို့ လှည့်ကြည့်လိုက်သော် ဘီလူးမကြီး လိုက်လာသည်ကို တွေ့ရသည်။ လူကလေးသည် အလွန် ကြောက်ရွံ့သွားသည်။ ထို့နောက် ဆေးလုံးများကို သတိရကာ ဆေးလုံး တစ်လုံးဖြင့် ဘီလူးမကြီးကို ပစ်လိုက်သည်။ ထိုအခါ သူတို့နှစ်ဦးကြားတွင် သစ်တောကြီးတစ်ခု ပေါ်လာသည်။ သို့သော် ဘီလူးမကြီးသည် သစ်တောကြီးကို အလွယ်တကူ ကျော်ဖြတ်နိုင်ကာ သူ့ကို မီလာသည်။ တစ်ဖန် လူကလေးသည် ဒုတိယဆေးလုံးကို ပစ်လိုက်ပြန်သည်။ ထိုအခါ သူတို့နှစ်ဦးကြားတွင် တောင်ကြီး ပေါ်လာသည်။ ဘီလူးမကြီးလည်း တောင်ကြီးကို ခုန်ကျော် နိုင်ကာ လူကလေးကို မီလာပြန်သည်။ လူကလေးသည် တတိယဆေးလုံးကို ပစ်လိုက်သည်။ ချက်ချင်းပင် သူတို့နှစ်ဦးကြား၌ မီးပုံကြီး ပေါ်လာသည်။ ဘီလူးမကြီးသည် မီးပုံကြီးကို မဖြတ်ကျော်နိုင်တော့ဘဲ ကျန်ရစ်ခဲ့လေသည်။

လူကလေးသည် ရှေ့သို့ ဆက်ပြေးလာရာ ရွာတစ်ရွာသို့ ရောက်လာသည်။ ရွာထိပ် တွင် နွားကျောင်းသားတစ်သိုက် ခေါင်ဖယ်လိမ့်တမ်း ကစားနေကြသည်။ ပါလာသော ငွေမင်း ထုပ်များကို စုပုံကာ အနိုင်ရသူက ထမင်းထုပ် အားလုံးကို ယူစတမ်း အလောင်းအစားပြု၍ ကစားမည် ပြုနေကြသည်။ လူကလေးက "မိမိလည်း ပါဝင် ကစားလိုကြောင်း" သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



မိမိမှာ ထမင်းထုပ် မပါ၊ အကယ်၍ ရှုံးပါက နွားကျောင်းသားတို့၏ နွားများကို ခုနစ်ရက် တိတိ ကျောင်းပေးပါမည်" ဟု ဝန်ခံစကား ပြောသည်။ နွားကျောင်းသားများက သဘောတူ ကာ ဝင်ရောက်ကစားစေသည်။ ကစားရတွင် လူကလေး နိုင်သွားသည်။ ထမင်းထုပ် အားလုံး ကို ရရှိသည်။ သို့ရာတွင် သူသည် ညာတာတတ်သူဖြစ်ရာ ထမင်းထုပ် တစ်ထုပ်စီမှ ထမင်း ဟင်း တစ်ဝက်စီကိုသာ ယူသည်။ ကျန်တစ်ဝက်ကို နွားကျောင်းသားတို့အား ပြန်ပေးသည်။ နွားကျောင်းသားတို့က ကျေးဇူးတင်မဆုံး ရှိကြသည်။

လူကလေးသည် ရှေ့သို့ ခရီးဆက်လာရာ လမ်းဘေး ခါစ်နေရာတွင် နတ်ကွန်းတစ်ခု ကို တွေ့သည်။ နတ်ကွန်းသည် ဟောင်းနွမ်း ပျက်စီးနေသည်။ လူကလေးသည် ကူညီတတ်သူ ဖြစ်ရာ နတ်ကွန်းကို ပြင်ဆင် ဆောက်လုပ်ပေးသည်။ ပါလာသော ထမင်းထုပ်ထဲမှ စားဦး စားဖျားကို နတ်မင်းအား ပူဇော် ပ,သသည်။ ထို့နောက်မှ ထမင်းစားသည်။


နတ်မင်းသည် ကျေးဇူးတင်လှသဖြင့် လူယောင်ဖန်ဆင်းကာ လူကလေးအား လမ်းပြပြီး လျှင် နန်းတော်သို့ ခေါ်သွားသည်။ ဘုရင့်ရှေ့သို့ ရောက်သောအခါ နတ်အသွင် ကိုယ်ထင် ပြပြီးလျှင် ဘုရင်အား "ဤလူကလေးမှာ အခြားသူမဟုတ်၊ ဥတွင်းမှ မွေးသော ဘုရင့်သား တော် ဖြစ်ကြောင်း" ပြောပြသည်။ ဘုရင်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ သားတော် လူကလေးကို ပွေ့ဖက် ထွေးပိုက်သည်။ အိမ်ရှေ့အရာ နှင်းအပ်သည်။ ဥယျာဉ်တော်တွင် အလုပ်ကြမ်း လုပ်နေသော မိဖုရားကြီးအားလည်း ပြန်ခေါ်သည်။ မိဖုရား အဆောင်အယောင် များ ပြန်လည် နှင်းအပ်က မိသားစု ပျော်ရွှင်စွာ အတူ နေထိုင်သွားကြလေသည်။

(မြန်မာပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## စေးနှဲသော သစ်သီးသည်

တစ်ခါက သစ်တော်သီးများကို ရောင်းချခြင်းဖြင့် အသက်မွေးသော သစ်သီးသည် တစ်ယောက် ရှိသည်။ သူသည် သစ်တော်သီးများကို လှည်းဖြင့်တင်ကာ ဈေးသို့ သွားပို့လေ့ရှိသည်။ တစ်နေ့နံနက်တွင် သူသည် သစ်တော်သီးများကို ရောင်းချရန် လှည်းပေါ် တင်နေသည်။ သစ်တော်သီးများမှာ ရွှေရောင်ဝင်းနေသော မွှေးပျံ့ချိုမြိန်သော အနံ့အရသာနှင့် ပြည့်စုံနေသဖြင့် သူသည် ဈေးကောင်းရတော့မည့် အရေးကို တွေးကာ ဝမ်းသာနေသည်။

ထိုစဉ် သူ၏အနီးသို့ အဘိုးအိုတစ်ဦး ရောက်ရှိလာသည်။ အဘိုးအိုသည် ဟောင်းနွမ်းသော အဝတ်အစားများကို ဝတ်ဆင်ထားသည်။ သူသည် သစ်သီးသည်ထံမှ သစ်တော်သီး တစ်လုံးကို တောင်းသည်။ သစ်သီးသည်သည် အလွန် စေးနှဲသူဖြစ်ရာ သူ့ထံမှ သစ်သီး တောင်းသဖြင့် အလွန် စိတ်ဆိုးလေသည်။ သူသည် သစ်တော်သီးကို တစ်လုံးမျှ မပေးပေ။ အဘိုးအိုကလည်း သူ့ထံမှ လုံးဝ ထွက်ခွာမသွားပေ။

ဤတွင် သစ်သီးသည်သည် ပိုမို ဒေါသထွက်လာကာ အဘိုးအိုကို ဟစ်အော်ကျိန်ဆဲလေသည်။ အဘိုးအိုက "သင့်ရဲ့ လှည်းထဲမှာ သစ်တော်သီးတွေ အများကြီးရှိတယ်။ ဒီအထဲက

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးတည်းကိုသာ တောင်းတာပါ။ ဒါလေးကို ပေးလှူလိုက်လို့ သင့်မှာ ဘာမှ မထိခိုက်နိုင်ပါဘူး။ ဘာကြောင့် ဒါလောက် ဒေါသကြီးနေရတာလဲ” ဟု ပြန်မေးလေသည်။

သူတို့နှစ်ဦး၏ အဖြစ်အပျက်ကို အနီးပတ်ဝန်းကျင်မှ လူများသည် ဝိုင်းဝန်း ကြည့်ရှုနေကြသည်။ ထိုသူများက အဘိုးအိုကို သစ်တော်သီး ခပ်သေးသေးတစ်လုံး ပေးလှူလိုက်ရန် သစ်သီးသည်ကို ဝိုင်းဝန်း ပြောဆိုကြသည်။ သို့သော် သစ်သီးသည်သည် မနာယူပေ။ ထိုအခါ အနီးရှိ ဈေးဆိုင်တစ်ဆိုင်မှ ဈေးသည်တစ်ယောက်သည် စိတ်မချမ်းမသာ ဖြစ်ကာ သစ်သီးသည်ထံမှ သစ်တော်သီး တစ်လုံးကို ဝယ်ကာ အဘိုးအိုကို လှူလိုက်လေသည်။

အဘိုးအိုသည် ဝမ်းသာအားရဖြင့် ဈေးသည်ကို ဆုများပေးသည်။ ပြီးလျှင် သူက “သဒ္ဒါတရား ထက်သန်တဲ့ အလှူရှင်ကြောင့် ငါ့ရဲ့ လိုအင်ဆန္ဒ ပြည့်ဝရပြီ။ ငါ စိတ်ချမ်းသာသလို မင်းလည်း စိတ်ချမ်းသာရစေမယ်။ မင်းပေးလှူတဲ့ သစ်တော်သီးကို ငါနဲ့အတူ လာစားပါ” ဟု ဖိတ်ခေါ်သည်။

အဘိုးအိုသည် ဝိုင်းအုံ ကြည့်ရှုနေသော လူအုပ်ကြီးကိုလည်း ဤနည်းအတိုင်း ဖိတ်ခေါ်သည်။ အားလုံးက မစားကြ။ “အဘိုးပင် စားပါ” ဟူ၍ ဆိုကြသည်။

ထိုအခါ အဘိုးအိုသည် သစ်တော်သီးကို မြိန်ရှက်စွာ စားလေသည်။ စားပြီးသောအခါ သစ်တော်စေ့ကို လွှင့်မပစ်ဘဲ သိမ်းထားသည်။ ထို့နောက် သူ၏ ကျောပိုးအိတ်ထဲမှ ပုဆိန်ကို ထုတ်ယူကာ မြေတွင် ကျင်းတစ်ကျင်း တူးသည်။ တူးပြီးသောအခါ မြေကျင်းထဲတွင် သစ်တော်စေ့ကို စိုက်ကာ အပေါ်မှ မြေဖြင့် ပြန်လည်ဖုံးအုပ်သည်။ ပြီးလျှင် အပင်ကို ရေလောင်းရန် အနီးအနားသို့ လှမ်း၍ ရေတောင်းသည်။ လူအုပ်ထဲမှ သိလိုစိတ် ပြင်းပြနေသူနှစ်ဦးက အနီးရှိ ထမင်းဆိုင် တစ်ဆိုင်မှ ရေကို ခပ်ပေးသည်။ အဘိုးအိုကလည်း ထိုရေဖြင့် အပင်ကို လောင်းသည်။

လူအားလုံးသည် ထိုဖြစ်ရပ်ကို ဝိုင်းကြည့်နေကြသည်။ တစ်ခဏအတွင်းမှာပင် မြေကျင်းထဲမှ အညှောက်တစ်ခု ထွက်လာသည်။ အညှောက်သည် တဖြည်းဖြည်း ကြီးလာကာ သစ်တော်ပင်တစ်ပင် ဖြစ်လာသည်။ ထိုသစ်တော်ပင်သည် သစ်ကိုင်း သစ်ရွက်တို့ဖြင့် ဝေဝေဆာဆာ ဖြစ်လာသည်။ အားလုံးက ကြည့်နေဆဲမှာပင် အပွင့်များလည်း ပွင့်ကာ အသီးများလည်း သီးလာသည်။ အသီးများသည် မှည့်ဝင်းသည်။ တုတ်ခိုင်သော သစ်ကိုင်းများတွင် တွဲခိုလျက် ရှိကြသည်။

ထိုအခါ အဘိုးအိုသည် သစ်ပင်ပေါ်သို့တက်က အပင်ပေါ်မှ အသီးများကို ခူးပြီးလျှင် လူအုပ်ထဲသို့ တစ်လုံးပြီးတစ်လုံး ပစ်ချသည်။ လူအများကလည်း ဝမ်းမြောက်ဝမ်းသာ လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ယူကြသည်။ မိနစ်အနည်းငယ်အတွင်း အပင်မှ အသီးများ ကုန်သွားသည်။ ထိုအခါ အဘိုးအို သည် အပင်ပေါ်မှ ဆင်းကာ အသင့်ပါလာသော ပုဆိန်ဖြင့် အပင်ကို ခုတ်လှဲချလိုက်သည်။ အချိန်အနည်းငယ် အတွင်းမှာပင် အပင်သည် လဲကျသွားတော့သည်။

ထိုအခါ အဘိုးအိုသည် သစ်ပင်ကို ပခုံးတွင်ထမ်းကာ ပေါ့ပါးသွက်လက်စွာဖြင့် ထို နေရာမှ ထွက်ခွာသွားလေသည်။

ဤထူးဆန်းသော အဖြစ်အပျက်ကို အဘိုးအို ပြုလုပ်နေစဉ် စေးနှဲသော သစ်သီးသည် သည် လူအုပ်အတွင်း၌ ရှိနေသည်။ သူသည် ခြေစုံရပ်ကာ အံ့သြစွာဖြင့် အဖြစ်အပျက်ကို အစအဆုံး ရပ်ကြည့်နေသည်။ ထို့ကြောင့် သူ၏သစ်သီးများ ရောင်းရန် ကိစ္စကိုပင် မေ့သွား တော့သည်။ နောက်ဆုံး၌ အဘိုးအိုက သစ်တော်ပင်ကို ထမ်း၍ ထွက်သွားသောအခါမှ သတိ ရကာ မိမိလှည်းအတွင်းရှိ သစ်တော်သီးများကို ကြည့်မိသည်။ ထိုအခါ သူသည် အလွန် တုန်လှုပ်သွားသည်။ သူ၏ သစ်တော်သီးများမှာ တစ်လုံးမျှ မရှိတော့ပေ။

ထို့နောက်မှ တဖြည်းဖြည်း စဉ်းစားမိလာသည်မှာ အဘိုးအို အပင်စိုက်ပြီး ဆွတ်ခူး ကာ လူအများအား ပေးဝေခဲ့သော သစ်တော်သီးများသည် အခြားမဟုတ်၊ သူ၏ သစ်တော်သီး များပင် ဖြစ်နေပေသည်။

သူသည် သူ၏မျက်စိကို မယုံနိုင်သဖြင့် သူ့လှည်းကို ထပ်မံကြည့်လိုက်ရာ သူ့လှည်း တွင် လှည်းဝင်ရိုး မရှိတော့သည်ကိုလည်း သတိပြုမိသည်။ သူသည် ဒေါသတကြီး အော်ဟစ် လိုက်သည်။ ပြီးနောက် အဘိုးအို၏နောက်သို့ တစ်အားကုန် ပြေးလိုက်လေသည်။

အတန်ကြာ သွားမိ၍ လမ်းချိုးတစ်ခုသို့ ရောက်သောအခါ သူ၏ လှည်းဝင်ရိုးကို လမ်းဘေး တစ်နေရာ၌ တွေ့ရသည်။


အဘိုးအို ခုတ်လှဲသွားသော သစ်တော်ပင်၏ ပင်စည်သည် အခြားမဟုတ်၊ သူ၏ လှည်းဝင်ရိုး ဖြစ်နေသည်ကို သတိပြုမိပြန်လေသည်။ ဒေါသမှာ အထွတ်အထိပ်သို့ ရောက် လာသည်။ သို့သော် အဘိုးအိုကို လုံးဝ မတွေ့ရတော့ပေ။ သစ်သီးသည်သည် သစ်သီးများ အားလုံး ဆုံးရှုံးရုံမျှမက သူ၏ လောဘကြီးမှု၊ ဒေါသကြီးမှု၊ စေးနှဲမှု၊ တစ်ကိုယ်ကောင်းဆန်မှု တို့အတွက် လူအပေါင်း၏ ဝိုင်းဝန်း ပြောင်လှောင် ရယ်မောခြင်းကိုလည်း ခံရပေသည်။

(တရုတ်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## မြင်းကလေး

တစ်ခါက လယ်သမားတစ်ယောက် ရှိသည်။ သူ့တွင် ပြောင်းခင်း တစ်ခင်းရှိသည်။ သူသည် ယင်းအတွက် အလွန်ပင် ဂုဏ်ယူလျက်ရှိသည်။ သို့ဖြင့် ပြောင်းပင်များ ရိတ်သိမ်းချိန်သို့ နီးကပ်လာသည်။ ထိုအခါ ပြောင်းခင်း၏ ထောင့်တစ်နေရာတွင် ပြောင်းပင်များ လဲကျနေသည်ကို လယ်သမား သတိပြုမိတော့သည်။

"ငါ့ပြောင်းခင်းကို ဖျက်တဲ့ တရားခံကို ရအောင်ရှာရမယ်" ဟု ဆိုကာ နောက်တစ်ညတွင် လယ်သမားသည် သူ၏ သားအကြီးဆုံးကို ပြောင်းခင်းထဲတွင် သွား၍ စောင့်အိပ်စေသည်။ သူ၏ သားကြီးသည် တုတ်တစ်ချောင်းကို ကိုင်ဆောင်ကာ ပြောင်းခင်းကို စောင့်ရန် သွားသည်။ သို့သော် သားကြီးသည် ပြောင်းခင်းထဲတွင် အိပ်ပျော်သွားရာ မိုးစင်စင်လင်းမှ နိုးတော့သည်။ သူသည် အလန့်တကြားဖြင့် အိပ်ရာမှ ခုန်ထကာ ပြောင်းခင်းထဲသို့ ပြေးကြည့်လိုက်သည်။ ထိုအခါ ပြောင်းပင် အများအပြားမှာ လဲကျနေသည်။ အချို့မှာ သတ္တဝါ တစ်ကောင်ကောင်က စားသောက်ထားသည့် အသွင်မျိုး ဖြစ်နေသည်ကို တွေ့ရသည်။

ထိုအခါ သူသည် အလွန် ကြောက်ရွံ့သွားသည်။ သူ အိပ်ပျော်သွားသည့် အကြောင်းကို ဖခင်ဖြစ်သူအား ပြန်ပြောရမည့် အရေးအတွက်လည်း အလွန်ပင် ရှက်ရွံ့မိရှာသည်။ အကျိုး

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သိရလျှင် ဖခင်ဖြစ်သူက "မင်းက သားကောင်းမပီသဘူး။ ဒီည မင်းရဲ့ညီကို လွှတ်လိုက်မယ်။ သူကတော့ သူခိုးကို ဖမ်းနိုင်ကောင်းပါရဲ့" ဟု ပြောသည်။ ထို့နောက် ဖခင်သည် သူ၏ သားအလတ်အား သူခိုးဖမ်းရန် နောက်တစ်ညတွင် ပြောင်းခင်းသို့ လွှတ်လိုက်သည်။ သို့သော် သူသည်လည်း အစ်ကိုအကြီးဆုံး ကဲ့သို့ပင် အိပ်ပျော်သွားပြန်သည်။

သူ အိပ်ရာမှ နိုးလာသောအခါ ပြောင်းပင်များ လဲကျနေပြီး ပြောင်းခင်း၏ အခြားထောင့် တစ်ဖက်တွင် ခြံစည်းရိုး ပျက်နေသည်ကို တွေ့ရသည်။ သူသည် ခေါင်းငိုက်စိုက်ချလျက် ဖခင်ဖြစ်သူထံ သွားရောက်ကာ အကျိုးအကြောင်းကို ပြောပြသည်။

"ကျွန်တော် စိတ်မကောင်းပါဘူး အဖေ။ ဒါပေမဲ့ ကျွန်တော်လည်း အစ်ကိုလိုပဲ အိပ်ပျော်သွားလို့ ဘာမှ မဖမ်းမိပါဘူး"

ဖခင်သည် အလွန်ပင် စိတ်ဆိုးသည်။ ထို့ကြောင့် နောက်တစ်နေ့ ညတွင် သားအငယ်ဆုံးကို စေလွှတ်၍ သူခိုး ဖမ်းစေသည်။ သားအငယ်ဆုံးသည် သူ၏ အစ်ကိုကြီးများနှင့်မတူ ဉာဏ်ထက်မြက်သည်။ သူသည် ဆူးများကို တုတ်နှစ်ချောင်းတွင် တပ်ကာ ယူဆောင်သွားသည်။ ပြောင်းခင်းထဲသို့ ရောက်သော် ထိုတုတ်နှစ်ချောင်း၏ အလယ်တွင် ထိုင်သည်။ ထိုအခါ သူ အိပ်ငိုက်တိုင်း သူ့ဦးခေါင်းကို ဆူးစူးကာ အိပ်ရာမှ လန့်နိုးလာသည်။ ဤသို့ဖြင့် သူသည် မအိပ်နိုင်တော့ပေ။ မကြာမီ သန်းခေါင်အချိန်သို့ ရောက်လာသည်။ ထိုအခါ ညီငယ်သည် ပြောင်းခင်းဆီမှ ခြေသံ ကြားရသည်။

"ဟာ သူခိုးတော့ လာပြီ။ ဖမ်းမှပဲ" ဟု ဆိုကာ သူသည် ခြေသံမကြားအောင် ချဉ်းကပ်သွားသည်။ အနီးသို့ရောက်သော် အလွန်လှပသော မြင်းကလေး တစ်ကောင်သည် ပြောင်းခင်းထဲမှ ပြေးထွက်သွားသည်ကို တွေ့လိုက်ရသည်။

သူသည် မြင်းကလေးနောက်သို့ ပြေးလိုက်သည်။ အနီးသို့ရောက်လျှင် မြင်းဇက်ကြိုးကို ကိုင်ကာ မြင်းပေါ်သို့ ခုန်တက်လိုက်သည်။ မြင်းကလေးသည် ရုတ်တရက်ဖြစ်၍ လန့်ကာ ငြိမ်နေသည်။ ဤတွင် သူသည် မြင်းကလေးကို တက်စီးကာ မြင်းဇောင်းအတွင်းသို့ ရောက်အောင် မောင်းနှင်သွားသည်။

မြင်းကလေးကို မြင်းဇောင်းအတွင်း ကြိုးချည်ထားခဲ့ပြီး သူသည် အိမ်သို့ပြန်ကာ အိပ်နေသည်။

နောက်တစ်နေ့ နံနက်လင်းသော် သူသည် ဖခင်ကို အကျိုးအကြောင်း ပြောပြသည်။ ဖခင်လည်း သားဖြစ်သူက သူခိုးဖမ်းနိုင်ကြောင်း သိရ၍ အလွန်ကျေနပ် ဝမ်းသာသည်။ မြင်းကလေးကို တွေ့ရလျှင် ဖခင်က "သိပ်ကို လှတဲ့ မြင်းကလေးပဲ။ မြင်းပိုင်ရှင်ကို သိချင်လိုက်တာ" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မြင်းပိုင်ရှင်ကို ကြိုးစား၍ ရှာဖွေသည်။ သို့သော် ပိုင်ရှင်ကို လုံးဝ မတွေ့ရပေ။

ထိုအခါ ဖခင်က "မြင်းပိုင်ရှင်ကို မတွေ့မချင်း မြင်းကလေးကို မွေးထားကြရအောင်" ဟု ပြောသည်။ ထို့ကြောင့် သားငယ်သည် မြင်းကလေးကို မွေးထားကာ ကောင်းစွာ ပြုစုစောင့်ရှောက်ထားသည်။ မြင်းကလေး၏ အမည်ကိုလည်း 'ပြောင်းဖူးစားသူကလေး' ဟု ပေးထားသည်။

တစ်နေ့သော် ဘုရင့်သမီးတော် တစ်ပါးသည် 'ဖန်မြေ မှန်မြေများဖြင့် ပြီးသော တောင်၏ထိပ်ပေါ်ရှိ မျှော်စင်ပေါ်တွင် ပိတ်မိနေပြီး သူအား ကယ်တင်မည့်သူကို စောင့်မျှော်နေသည်' ဟူသော သတင်းကို ညီအစ်ကို သုံးဦးတို့ ကြားသိရသည်။

ထိုအခါ ညီငယ်သည် သူ၏မြင်းကလေးကို စီးကာ မှန်တောင်ရှိရာသို့ ထွက်ခဲ့သည်။ မှန်တောင်ခြေရင်းသို့ ရောက်သော် မြင်းကလေးသည် ပြောင်လက်၍ ချောနေသော မှန်တောင်၏ဘေးမှ တွယ်ကာ အပေါ်သို့ရောက်အောင် တက်သွားသည်။ မျှော်စင်အနီးသို့ ရောက်သော် မျှော်စင်ပေါ်သို့ မတ်တတ်ရပ်ကာ မျှော်ကြည့်ရင်း ပါးစပ်မှလည်း ဟီသံပေးသည်။ မြည်းဟီသံကြားရလျှင် ဘုရင့်သမီးတော်သည် မျှော်စင်ပေါ်မှ အောက်သို့ ငုံ့ကြည့်ကာ "အခုမှ မင်းကို တွေ့ရတော့တယ်။ မင်း ဘယ်ကလာတာလဲကွယ်" ဟု ပြောလိုက်သည်။ ထိုအခြင်းအရာကို မြင်ရသော လူအပေါင်းတို့သည် တအံ့တသြဖြစ်ကာ ဝိုင်းအုံ ကြည့်ရှုကြလေသည်။

ညီငယ်သည်လည်း မြင်းပိုင်ရှင်အစစ်ကို ယခုမှပင် တွေ့ရတော့သည်။ ထိုမြင်းပိုင်ရှင်ကား အခြားမဟုတ်၊ မျှော်စင်ပေါ်မှ မင်းသမီးကလေးပင်။

ညီငယ်သည် မြင်းကလေး၏ ကျောပေါ်တွင် မတ်တတ်ရပ်လိုက်သည်။ ပြီးလျှင် ထိုမှ တစ်ဆင့် မျှော်စင်ကြီး၏ မြင့်မား မတ်စောက်သော တံတိုင်းကြီးပေါ်သို့ တစ်ထစ်ချင်း နင်းကာ တက်သွားသည်။

သူသည် မင်းသမီးကလေးကို ကယ်တင်ပြီး အောက်သို့ ပြန်ဆင်းလာခဲ့သည်။ မင်းသမီးကလေးသည် သူ့အား မြင်လျှင်မြင်ချင်းပင် မေတ္တာ သက်ဝင်သွားတော့သည်။ မကြာမီပင် သူတို့သည် ခမ်းနားကြီးကျယ်စွာ လက်ထပ်ကြသည်။ သူတို့နှစ်ဦး တွေ့ဆုံရန် ဖန်တီးပေးသော မြင်းကလေးကိုလည်း နန်းတော်ရှိ မြင်းဇောင်းထဲတွင် ကောင်းမွန်စွာ မွေးမြူထားပေတော့သည်။

(ဂျာမနီပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com




## ကြေးမုံထဲကမိခင်

တစ်ရံရောအခါ ဂျပန်ပြည်တွင် 'မတ်ဆုယာမ' အမည်ရှိ ငြိမ်းအေးသော ရွာကလေးတစ်ရွာ ရှိလေသည်။ ထိုရှေးခေတ် အခါက ရွာသူရွာသားတို့သည် ငွေကြေး အနည်းငယ်သာ ပိုင်ဆိုင်ကြသည်။ ထို့အပြင် သူတို့သည် မြေကွက်ကလေး ငယ်ငယ်၊ သက်ငယ်မိုးထားသော တဲအိမ်ကလေး ငယ်ငယ်နှင့် အဝတ်အစား အနည်းငယ်ကိုသာ ပိုင်ဆိုင်ကြသည်။

ထိုရွာတွင် ငယ်ရွယ် နုပျိုသော ဇနီးမောင်နှံ နှစ်ယောက်သည် သမီးငယ်ကလေးတစ်ယောက်နှင့်အတူ နေထိုင်ကြလေသည်။ သူတို့သည် ပစ္စည်းဥစ္စာ ကြွယ်ဝခြင်း မရှိသော်လည်း စိတ်ချမ်းသာ၍ ပျော်ရွှင်ကြလေသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင် ကြင်နာကြသည်။ မဖြစ်နိုင်သော ချမ်းသာကြွယ်ဝမှုများကို မမျှော်မှန်းကြသည်သာမက အိပ်မက်မျှပင် မမက်ခဲ့ကြပေ။

တစ်နေ့တွင် ဤမိသားစုကလေးမှ ဖခင်သည် အလုပ်တာဝန် တစ်ခုဖြင့် တိုကျိုမြို့သို့ သွားရောက်ရန်ကိစ္စ ပေါ်လာလေသည်။ ထိုခေတ်အနေနှင့်ဆိုသော် တိုကျိုမြို့သို့ သွားရန် ခရီးသည် အလွန်ဝေးလံလှသည်။ ခရီးမထွက်မီ အမျိုးမျိုး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရလေသည်။

www.burmeseclassic.com



ဖခင် ခရီးသွားမည့် ကိစ္စအတွက် မိခင်သည် စိုးရိမ်ပူပန်၍ နေလေသည်။ သို့သော်လည်း ဖခင်က မိခင်အား မိမိသည် ဘေးအန္တရာယ် မဖြစ်နိုင်ကြောင်း နှစ်သိမ့်စကား ပြောကြားသည်။ ဖခင်က မိမိ ခရီးသွားနေစဉ် အတွင်း၌ မိခင်သည် သမီးငယ်ကို စောင့်ရှောက်ကာ ရဲရဲရင့်ရင့်ဖြင့် ကောင်းမွန်စွာ နေထိုင်နိုင်လျှင် မိခင်အတွက် လက်ဆောင်တစ်ခုကို မြို့မှ ဝယ်လာခဲ့မည် ဖြစ်ကြောင်းလည်း ပြောဆိုသည်။

ထို့နောက် သူသည် မြို့သို့ ထွက်ခွာသွားပြီးလျှင် အလုပ်တာဝန်ကို ပြီးမြောက်အောင် ကြိုးစား လုပ်ကိုင်သည်။ သူသည် မြို့ရှိ ထူးဆန်းသော အဆောက်အအုံများ၊ ဈေးဆိုင်များနှင့် များစွာသော လူတို့ကို ငေးမောကြည့်ရှုကာ တအံ့တသြလည်း ဖြစ်ခဲ့ရလေသည်။ သူ့တွင် အိမ်ပြန်ရောက်သောအခါ၌ ဇနီးဖြစ်သူအား ပြန်ပြောစရာများ များစွာ ရှိနေခဲ့ပေသည်။

နောက်ဆုံးတွင် မြို့မှ ဖခင် ပြန်ရောက်လာသောနေ့သို့ ဆိုက်ရောက်ခဲ့သည်။ ထိုနေ့တွင် သူ၏ဇနီးသည် ဖခင်အကြိုက် အပြာရောင် အဝတ်အစားများကို ဝတ်ဆင်သည်။ ကလေးငယ်ကိုလည်း သူနှင့်ဆင်တူ အပြာရောင် အဝတ်အစားများကို ဆင်မြန်းပေးသည်။ ထို့နောက် သားအမိနှစ်ဦးသည် ဖခင်အလာကို စောင့်မျှော်နေကြသည်။

ဖခင်သည် ပင်ပန်းကြီးစွာ ခရီးနှင်လာခဲ့ရသည်။ သူသည် ကလေးအတွက် လှပသော အရုပ်များ ဝယ်လာသည်။ ထို့အပြင် မိခင်အတွက် ထူးဆန်းသော အရာဝတ္ထုတစ်ခုကို ဝယ်လာသည်။ သားအမိနှစ်ဦးသည် ဘေးရန်ကင်းစွာဖြင့် ဖခင် ဆိုက်ရောက်လာသည်ကို မြင်တွေ့ရသောအခါ ဝမ်းသာ ပျော်ရွှင်မဆုံး ရှိကြသည်။ ဖခင်သည် ကလေးအတွက် အရုပ်များပေးကာ မြို့တွင် မြင်တွေ့ခဲ့ရသော အံ့သြစရာများ အကြောင်းကို နာရီပေါင်းများစွာ ကြာအောင် ပြောပြလေသည်။ ထို့နောက်တွင် သူသည် သစ်သားဘူးပြားကလေး တစ်ခုကို ထုတ်၍ ပြုံးရွှင်စွာဖြင့် သူ၏ဇနီးကို ပေးလိုက်သည်။

"ဒီပစ္စည်းဟာ ရှင်မအတွက် ငါ့ရဲ့ အဖိုးတန် လက်ဆောင်ပဲ။ ပစ္စည်းက သိပ်လှတယ်။ ဒါကို ကြေးမုံလို့ ခေါ်တယ်" ဟုလည်း ဖခင်က ရှင်းပြသည်။

မိခင်သည် ဘူးပြားကလေးကို ဖွင့်ကြည့်လိုက်သောအခါ ဝိုင်းစက်သော သတ္တုပြားကလေး တစ်ခုကို တွေ့ရလေသည်။

သတ္တုပြားကလေး၏ တစ်ဖက်မျက်နှာမှာ တိရစ္ဆာန်ရုပ်များ ပန်းများဖြင့် တန်ဆာဆင်ထားသည်။

အခြားဘက်သည်ကား ခြေမွေ့တောက်ပပြီး ဖန်နှင့် တူလေသည်။ မိခင်သည် ထိုကြေးမုံပြင်ကို ဝမ်းမြောက်ဝမ်းသာ ကြည့်ရှုလေသည်။ သူသည် ပြုံးလျက်ရှိသည်။ သူ၏ မျက်လုံးများသည်လည်း တောက်ပနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တွင် ကြေးမုံပြင်တွင် သူ့အား ပြန်လည် ပြုံးပြနေသော ချစ်စဖွယ် မိန်းမ တစ်ယောက်ကို မြင်ရလေသည်။

"ရှင်မ၊ ဘာမြင်ရသလဲ" ဟု ဖခင်က မေးလိုက်သည်။ ဖခင်သည် မိခင်ကိုကြည့်ကာ ဝမ်းသာမဆုံး ဖြစ်၍နေသည်။

"ကျွန်မကို ကြည့်နေတဲ့ မိန်းမလှတစ်ယောက်ကို မြင်ရတယ်။ သူက နှုတ်ခမ်းတွေကို ဖွင့်ပြီး ကျွန်မကို စကားပြောတော့မည့်ဟန် ပြနေတယ်။ သူကလည်း ပြုံးလို့။ အို သူဟာ ကျွန်မလိုပဲ အပြာရောင် အဝတ်ကို ဝတ်ထားတယ်" ဟု မိခင်က ပြန်ပြောသည်။

"မင်းဟာ သိပ်လှတဲ့ ငနုံးပျိုမလေးလိုပါပဲလား" ဟု ဖခင်က ရယ်မော ပြောဆိုလေသည်။ ဆက်လက်၍လည်း ဖခင်က "ကြေးမုံထဲမှာ မင်းမြင်ရတဲ့ မိန်းမလှဟာ တခြားသူ မဟုတ်ဘူး မင်းပဲ ရှင်မရဲ့။ ကြေးမုံထဲက မင်းရုပ်ပုံကို မင်း မြင်ရတာပဲ။ မြို့က လူတွေမှာ ကြေးမုံတစ်ချပ်စီ ရှိကြတယ်။ သူတို့ကိုယ်သူတို့ ကြေးမုံထဲကြည့်ပြီး အလှပြင်ကြတယ်။ ငါတို့ တောရွာမှာသာ ကြေးမုံမရှိတော့ ကြေးမုံဆိုတာ ဘာမှန်းမသိကြဘူး" ဟု ပြောလေသည်။

ဇနီးဖြစ်သူသည် ခင်ပွန်းသည်၏ လက်ဆောင်အတွက် အလွန်ပျော်နေလေသည်။ သူ၏ အလှအတွက် ကျေနပ်မဆုံး ဖြစ်မိသည်။

သို့သော်လည်း ကာလကြာလာသော အခါတွင်မူ သည်အတွက် အနည်းငယ် ရှက်ရွံ့လာသည်။ ထို့ကြောင့် ကြေးမုံကို ထုတ်မကြည့်တော့ပေ။ 'ကြေးမုံမှာ အလွန် တန်ဖိုးရှိသည်' ဟု ယူဆသဖြင့် အိမ်ထဲတွင် ပစ်စလက်ခတ်လည်း မထားလို၊ ကြေးမုံကို သေချာစွာထုပ်ပြီး လျှို့ သေတ္တာအတွင်း ထည့်ထားလေသည်။ သူ၏ ပစ္စည်းအချို့နှင့်အတူ ကောင်းစွာ သိမ်းဆည်းထားလေသည်။

နှစ်ပေါင်းများစွာ ကြာသွားခဲ့လေပြီ။ သူတို့၏ မိသားစုကလေးသည် ပျော်ရွှင်နေကြဆဲပင်။ သမီးကလေးသည် တစ်နေ့တခြား ကြီးပြင်းလာကာ မိခင်နှင့် ရုပ်ချင်း အလွန်တူလာလေသည်။ ထို့ပြင် မိခင်ကဲ့သို့ပင် တာဝန်သိပြီး မိဘအပေါ်တွင်လည်း ကြင်နာတတ်လေသည်။ သူကလေးသည် ရွာကလေးတွင် လူတိုင်း၏ မိတ်ဆွေသဖွယ် ဖြစ်နေခဲ့ပေသည်။

သူကလေးသည် အလွန်လှပပြီး အလွန် သဘောကောင်းသောကြောင့် လူတိုင်းကလည်း ချစ်ခင်ကြပေသည်။ မိခင်သည် တစ်ခါတစ်ရံတွင် သမီးဖြစ်သူအား ကြေးမုံကို ထုတ်ပြရန် စိတ်ကူးမိသည်။ သို့မှသာ သူ မည်မျှလှပသည်ကို သိမည်ဖြစ်သည်။ သို့သော်လည်း သူသည် ကြေးမုံကို မကြာခဏ ထုတ်ကြည့်ခဲ့သဖြင့် အလုပ်အကိုင် ပျက်ခဲ့ရသည်ကို သတိရသည်

www.burmeseclassic.com



တစ်ကြောင်း၊ ကြေးမုံတိုကြည့်ကာ မိမိအလှအတွက် စိတ်ကြီးဝင်သွားမည်ကို စိုးသဖြင့် တစ်ကြောင်း ကြေးမုံကို ထုတ်မပြတော့ပေ။

သို့ဖြင့် ကြေးမုံကလေးသည် သေတ္တာတွင်းရှိ ဘူးပြားကလေး အတွင်း၌ ရှိမြဲ ရှိနေခဲ့ပေသည်။

သည်လိုနေလာစဉ် မကြာမီ၌ ကြမ္မာဆိုးသည် မိသားစုအပေါ် ကျရောက်လာလေသည်။ မိခင်သည် နေထိုင်မကောင်း ဖြစ်ပြီးလျှင် တစ်နေ့ထက်တစ်နေ့ အားနည်းလာသည်။

နောက်ဆုံး၌ မိခင်သည် မိမိ သေဆုံးမည်ကို သိလာခဲ့ပေသည်။ မိမိ၏ နေအိမ်နှင့်တကွ ချစ်ခင်ရသူ ခင်ပွန်းနှင့် သမီးကလေးကို စွန့်ခွာသွားရမည့် အဖြစ်ကိုလည်း များစွာ ဝမ်းနည်းကြေကွဲမိလေသည်။ ထို့ပြင် သမီးကလေးသည် မိခင်မရှိလျှင် ဆုံးမပဲ့ပြင်မည့်သူ မရှိသဖြင့် လိမ္မာရေးခြား မရှိမည်ကိုလည်း စိုးရိမ် ပူပန်မိသည်။ သူသည် သည်လို ပူပန်ရာမှ အကြံကောင်းတစ်ခု ရသွားလေသည်။

ချက်ချင်းပင် သူသည် ကြေးမုံကလေးကို သေတ္တာတွင်းမှ ထုတ်ယူပြီးလျှင် ဘူးပြားကလေးကို သမီး၏လက်ထဲသို့ ထည့်လိုက်သည်။

"သမီးရေ၊ သမီးသိတဲ့အတိုင်းပဲ၊ အမေဟာ အလွန် မကျန်းမမာ ဖြစ်နေတယ်။ မကြာခင် အမေ သေရလိမ့်မယ်။ အမေရဲ့ ဘိုးဘွား အဆက်အနွယ်တွေ နောက်ကို လိုက်ရလိမ့်မယ်။ အမေ သေသွားပေမယ့် အမေ့သမီးဟာ အမေရှိစဉ်ကလိုပဲ ယဉ်ကျေးလိမ္မာပြီး ကတိသစ္စာ တည်ကြည်တဲ့ သမီးလိမ္မာမျိုး ထာဝစဉ် ဖြစ်နေစေချင်တယ်။ ဒါကြောင့် အမေ သမီးကို စောင့်ရှောက်နေမယ်။ အမေ သေပြီးတဲ့နောက် မနက် အိပ်ရာထတဲ့ အချိန်တိုင်းနဲ့ ညအိပ်ရာဝင်တဲ့ အခါတိုင်းမှာ အမေပေးခဲ့တဲ့ ဟောဒီကြေးမုံကို အမြဲကြည့်ပါ။ သည်အခါမှာ ကြေးမုံထဲမှာ အမေ့ရုပ်သွင်ကို အမေ့သမီး မြင်ရလိမ့်မယ်။ အမေ့ကို မြင်ရတိုင်း အမေ့ဆုံးမစကားတွေကို သတိရပါ။ ဘဝကို ရဲရဲရင့်ရင့် ရင်ဆိုင်ပြီး မိန်းမကောင်း၊ မိန်းမမြတ်ဖြစ်အောင် ကြိုးစားနေထိုင်ပါ" ဟူ၍ မှာကြားလေသည်။

ထိုနေ့ညတွင်တွင် မိခင် ကွယ်လွန်သွားရှာသည်။ နောက်တစ်နေ့ နံနက်တွင် သမီးကလေးသည် သူ၏ မျက်ရည်များကို သုတ်ပစ်လိုက်သည်။ သူ၏ ဝမ်းနည်းပူဆွေးမှုကို မိခင် မမြင်အောင် မျက်နှာကို ချိုသာစွာထားသည်။ ထို့နောက် ကြေးမုံကလေးကို ဘူးထဲမှ ထုတ်၍ ကြည့်လိုက်လေသည်။

ထိုအခါ ချိုသာသော အပြုံးဖြင့် သူ့အား ကြည့်နေသော မိခင်ကို ထူးဆန်းစွာမြင်တွေ့ရလေသည်။ မိခင်သည် မကျန်းမမာ ဖြစ်စဉ်ကကဲ့သို့ နွမ်းနယ်ခြင်း မရှိ၊ ကြုံလှီခြင်း မရှိ၊

www.burmeseclassic.com



အထူး ပျိုရွယ် နုနယ်နေသည်။ သမီးကလေးသည် မိခင်ရုပ်သွင်ကို ကြည့်ကာ ရွှင်ပျလာသည်။ အားသစ်ဝင်လာသည်။ သူသည် ကြေးမုံကို ချထားလိုက်ကာ သူ့မိခင် ရှိစဉ်ကအတိုင်း ရဲရင့်၍ စိတ်ထားကောင်းမွန်စွာဖြင့် လုပ်ငန်းဆောင်တာ အဝဝကို ဆောင်ရွက်လေသည်။

သမီးကလေးသည် နံနက်တိုင်း၊ ညနေတိုင်းပင် ကြေးမုံကိုကြည့်ကာ ကြေးမုံပြင်တွင် မြင်ရသော မိခင်အား သူဆောင်ရွက်သည်တို့ကို ပြန်လည် တင်ပြတတ်ပေသည်။ ထူးခြားသည်ကား သူပြုံးလျှင် မိခင်က ပြုံးသည်။ သူ ညှိုးငယ်လျှင် မိခင်က ညှိုးငယ်သည်။ သည်တွင် သမီးကလေးသည် မိခင် ညှိုးငယ်မှု မရှိစေရန် အစဉ်ရွှင်ပျစွာ ကြေးမုံကို ကြည့်ရှုလေသည်။ အလုပ်အကိုင်ကိုလည်း ရွှင်ပျစွာ လုပ်ကိုင်လေသည်။

နံနက်တိုင်း၊ ညနေတိုင်းပင် ကြေးမုံကိုထုတ်ကာ သမီးကလေး ကြည့်သည်ကို ဖခင်က အမြဲ မြင်တွေ့သည်။ တစ်နေ့တွင် အကျိုးအကြောင်း သိလိုသဖြင့် သမီးကလေးကို မေးကြည့်သည်။ သည်တွင် သမီးက–

"အဖေ ကျွန်မ အမေကို မြင်တွေ့ရအောင် ကြေးမုံကို ကြည့်တာပါ" ဟု ဆိုကာ မိခင် ကွယ်လွန်ခါနီးတွင် မှာကြားသွားခဲ့သည်တို့ကို ပြောပြလေသည်။

ထိုအခါ ဖခင်သည် မျက်လုံးထဲမှ မျက်ရည်များ စီးကျလာသည်။ ဖခင်သည် အမြော်အမြင် ကြီးလှသော မိခင်ကိုလည်း သတိရ တမ်းတမိသည်။ အဖြစ်မှန်ကို မသိရှာသော မိခင်စကားကို နားထောင်ရှာသော သမီးလိမ္မာကလေးကိုလည်း တိုး၍ ချစ်ကြင်နာမိသည်။ သူကလည်း ကွန်လွန်သူဇနီး၏ ကြံစည်ဆောင်ရွက်မှုကို လိုက်နာသောအနေဖြင့် သမီးငယ်အား အဖြစ်မှန်ကို ပြောမပြပေ။ 'ကြေးမုံ' ၏ အဖြစ်ကို ရှင်းမပြပေ။

သို့ရာတွင် နှစ်ပေါင်းများစွာ ကြာလာသောအခါ သမီးကလေးသည် သူ့အလိုလိုပင် အဖြစ်မှန်ကို သိသွားလေသည်။ သည်တွင် သမီးလေးက–

"အဖေ၊ အမေက သိပ် ပညာရှိတယ်နော်။ အမေ့အကြံဟာ သိပ်ကောင်းတာပဲ။ ကြေးမုံပြင်ထဲမှာ မြင်ရတဲ့ သမီးရုပ်သွင်ကို အမေ့ရုပ်သွင်လို့ သမီး ထင်မှတ်ခဲ့လို့လည်း အမေ့ကို သမီး မမေ့တာ။ အမေ့ကို မမေ့လို့လည်း အမေ့မေတ္တာနဲ့ အမေ့ဆုံးမစကားတွေကို မြင်ယောင်၊ ကြားယောင်ပြီး အခုလို သမီးလိမ္မာဖြစ်အောင် နေခဲ့တာ။ တကယ်တော့ မေမေဟာ လူသာ သေသွားပေမယ့် သမီးတို့နဲ့ အမြဲ ရှိနေတာပဲနော်" ဟူ၍ ဖခင်ကို ချိုသာစွာ ပြောဆိုလေသည်။

(ဂျပန်ပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com



## သမီးထူး

တစ်ခါက တရုတ်ပြည်တွင် 'ပန်းမြိုင်လယ်' အမည်ရှိ ရွာတစ်ရွာရှိသည်။ ထိုရွာတွင် 'ကီ' အမည်ရှိ မိန်းမပျိုကလေးတစ်ယောက် ရှိသည်။ သူသည် ရုပ်ရည်ချောမောပြီး အလွန်ချစ်စရာကောင်းသည်။ ထို့ပြင် သူ၏ မိဘများကိုလည်း ရိုသေ လေးစားသည်။ မိဘများ စိတ်ချမ်းသာစေမည့် ကိစ္စမျိုးကိုသာ အမြဲ ပြုလုပ်သည်။

ကီနေထိုင်ရာ ရွာကလေး၏ အပြင်ဘက်တွင် တောင်ကုန်းတစ်ခု ရှိသည်။ ထိုတောင်ကုန်းတွင် နက်ရှိုင်းပြီး မှောင်မည်းနေသော တွင်းကြီးတစ်တွင်း ရှိသည်။ ထိုတွင်းကြီးထဲတွင် ကြီးမားသော မြွေနဂါးကြီးတစ်ကောင် ရှိသည်။ ယင်း၏ ခန္ဓာကိုယ် လုံးပတ်မှာ ၁၀ ပေရှိသည်။ အရှည်မှာ တရုတ်ပြည်ရှိ အရပ်အမြင့်ဆုံး ယောက်ျား ဆယ်ဦးပေါင်း၏ အရပ်နှင့် ညီမျှလေသည်။

ထိုသတ္တဝါကြီးသည် သူ၏ ဂူကြီးအတွင်းမှ တစ်နှစ်လျှင် တစ်ကြိမ် အပြင်သို့ထွက်ပြီး ရွာကလေးသို့ သွားတတ်သည်။ ရွာထဲမှ ၁၂ နှစ်၊ ၁၃ နှစ် သမီး အရွယ်ရှိ မိန်းမပျိုကလေးများကို ဖမ်းဆီး ခေါ်ဆောင်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ မိန်းမပျိုကလေးများကို ဖမ်းမမိပါက သူသည် လမ်းများပေါ်တွင် သွားပြီး တွေ့သမျှ လူများကို အစာအဖြစ် ဖမ်းဆီးတတ်သည်။ ဤသို့ ဖမ်းဆီးရာတွင် များသောအား ဖြင့် ဆိုသွမ်းသူများသည် ဖမ်းဆီးခံရတတ်သည်။

တစ်ကြိမ်တွင် အလုပ် ကောင်းစွာမလုပ်သော အလုပ်သမား တစ်ဦးသည် နဂါးကြီး၏ အစာ ဖြစ်ခဲ့သည်။ တစ်ခါတွင်မူ မိဘစကားကို နားမထောင်သော မိန်းကလေး တစ်ဦးသည် နဂါးကြီး၏အစာ ဖြစ်ခဲ့ရသည်။

ဤသို့ လူအများကို ဖမ်းဆီးခဲ့သည်မှာ ကိုးနှစ်တိုင်ပင် ရှိလာခဲ့သည်။ တစ်နေ့သော် ထိုနဂါးကြီးသည် ထုံးစံအတိုင်း ရွာတံခါးအနီးသို့ ရောက်လာခဲ့သည်။ သို့သော် ထိုနေ့တွင် သူသည် အစာအဖြစ် မည်သူ့ကိုမျှ ဖမ်းဆီး၍ မရပေ။

ဤအဖြစ်ကို မိန်းမပျိုကလေး ကီ တွေ့ရလျှင် 'တကယ်လို့များ နဂါးကြီးဟာ မိန်းမပျို ကလေးတွေကို မဖမ်းမိဘူးဆိုရင် သူဟာ လမ်းမတွေပေါ် သွားလာပြီး တွေ့သမျှတွေကို ဖမ်းတော့မှာပဲ။ ဒီအထဲမှာ ငါ့ရဲ့ မိခင် ဖခင်တို့လည်း ပါချင် ပါသွားနိုင်တယ်' ဟု စဉ်းစား မိသည်။

ထို့ကြောင့် သူ၏ မိဘများထံ သွားရောက်ကာ နဂါးကြီးအား နှိမ်နင်းလိုကြောင်း ခွင့်တောင်းသည်။ သူ၏ မိဘများသည် သမီးဖြစ်သူ၏ တောင်းဆိုချက်ကို ခွင့်မပြုပေ။ သို့သော် သူသည် မြေပေါ်သို့ ထိလုမတတ် ဦးခေါင်းကို ညွှတ်၍ "ချစ်လှစွာသော ဖခင်၊ ကျွန်မဟာ သားယောက်ျားကလေး မဟုတ်ပါဘူး။ ကျွန်မဟာ သမီးမိန်းကလေး ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မမှာ မိဘများနဲ့ လူအများကို ကာကွယ်ဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့် ကျွန်မ ကို ဓားကောင်းကောင်း တစ်ချောင်းနဲ့ ခွေးလိမ္မာတစ်ကောင် ရှာပေးပါ။ နဂါးကြီးကို ကျွန်မ သွားရောက်နှိမ်နင်းပါ့မယ်။ အောင်မြင်ခဲ့ရင် ကျွန်မတို့အားလုံး ပျော်ရွှင် ချမ်းမြေ့စွာ နေကြရ ပါမယ်။ ခွင့်ပြုတော်မူပါ" ဟု တောင်းပန်သည်။

သူ၏ မိဘများသည် သဘောမတူကြပေ။ သို့သော် သမီးဖြစ်သူက အကြိမ်ကြိမ် တောင်းပန်နေသည့်အတွက် နောက်ဆုံးတွင် သမီး၏ဆန္ဒကို လိုက်လျောကြရသည်။

နောက်တစ်နေ့တွင် ကီသည် ပျားရည်ဖြင့် ရောနှော ချက်ပြုတ်ထားသော ထမင်းများကို အိုးတစ်လုံးတွင် ထည့်ကာ ယူဆောင်လျက် အိမ်မှ ထွက်ခွာသွားလေသည်။

သူသည် ဓားကို လက်တစ်ဖက်တွင် လည်းကောင်း၊ ထမင်းအိုးကို အခြား လက်တစ် ဖက်တွင် လည်းကောင်း ကိုင်ဆောင်ကာ နဂါးကြီးရှိရာသို့ ထွက်ခဲ့သည်။ သူခေါ်ဆောင်လာ သော ခွေးကလေးကလည်း သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာလေသည်။ နဂါးကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှိရာ တွင်းကြီးသို့ ရောက်သော် သူသည် ထမင်းအိုးကို တွင်းနှုတ်ခမ်းဝတွင် ချထားလိုက်သည်။ သူကိုယ်တိုင်ကမူ အနီးရှိ ချုံပုတ်တစ်ခု၏ နောက်တွင် ဝင်ရောက် ပုန်းအောင်းနေလိုက်သည်။

ညသန်းခေါင် လူခြေတိတ်ချိန်သို့ ရောက်သော် နဂါးကြီးသည် သူနေထိုင်ရာ တွင်းကြီးမှ အပြင်သို့ ခေါင်းပြူထွက်လာသည်။ သူသည် လေထဲသို့ အနံ့ခံကြည့်ရာ ပျားရည်နံ့ကို ရလေသည်။

"အို အနံ့ကလေးက မွှေးလိုက်တာ။ ငါတော့ စားလိုက်ဦးမှပဲ" ပြောပြော ဆိုဆိုဖြင့် နဂါးကြီးသည် ပျားရည်လူးထားသော ထမင်းများကို စားလေသည်။ ထိုအချိန်တွင် မိန်းမပျိုကလေး ကီသည် သူ၏ ခွေးကလေးကို နဂါးကြီးရှိရာသို့ ကြိုးဖြေ၍ လွှတ်ပေးလိုက်သည်။

ခွေးကလေးသည် နဂါးကြီးကို လှည့်ပတ်၍ ဟောင်ကာ ရန်ပြု တိုက်ခိုက်သည်။ နဂါးကြီးလည်း ခွေးကလေးကို ပြန်လည် တိုက်ခိုက်သည်။

ဤသို့ ခွေးကလေးနှင့် နဂါးကြီးတို့ အပြန်အလှန် တိုက်ခိုက်နေကြစဉ် မိန်းမပျိုကလေး ကီသည် ပုန်းအောင်းနေရာမှ ထွက်လာခဲ့သည်။ သူ၏လက်တွင် အသင့်ပါလာသော ဓားဖြင့် နဂါးကြီး၏ ဦးခေါင်းကို ခုတ်ပိုင်းလိုက်သည်။ နဂါးကြီး သေဆုံးသွားသောအခါ ကီက "အခုအချိန်ကစပြီး အန္တရာယ်အပေါင်း ကင်းဝေးသွားပြီ။ လူတွေလည်း အေးချမ်းစွာ သွားလာနိုင်ကြပြီ" ဟု ဆိုကာ ခွေးကလေးနှင့်အတူ ဝမ်းသာအားရ အိမ်သို့ ပြန်လာလေသည်။

ရွာသူ ရွာသားများလည်း နဂါးကြီး သေဆုံးသွားကြောင်း သိရသောအခါ အလွန် ပျော်ရွှင်ကြလေသည်။ သူတို့သည် ကီ၏အနီးသို့ ဝိုင်းဝန်းလာကြသည်။ ဂုဏ်ပြုလက်ဆောင်များ အသီးသီး ပေးအပ်ကြလေသည်။ ကီ၏ ရဲရင့်မှုကိုလည်း ဝိုင်းဝန်း ချီးကျူးကြလေသည်။

မကြာမီ ထိုသတင်းသည် ချမ်းသာကြွယ်ဝပြီး တန်ခိုးရှိသော မင်းသားကလေး တစ်ပါး၏ နားသို့ ရောက်သွားလေသည်။ မင်းသားလေးသည် ကီတို့နေထိုင်ရာ ရွာသို့ လာရောက်ကာ ကီကို ကြည့်ရှုသည်။ မိန်းမပျိုကလေး ကီသည် ရဲရင့်၍ အများအကျိုးကို ဆောင်သူ ဖြစ်သည် သာမက ရုပ်ရည်လည်း ချောမော လှပကြောင်းကို မင်းသားလေး တွေ့မြင်ရလေသည်။ မင်းသားလေးသည် ကီကို နှစ်သက်သဖြင့် မိဖုရား မြှောက်လိုကြောင်း ပြောသည်။ ထို့နောက် သူတို့နှစ်ဦး လက်ထပ်ကြကာ အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်သွားကြလေသည်။

(တရုတ်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## သူ့အကျိုးဆောင်သူ

တစ်ရံရောအခါ ဘုရင်တစ်ပါး ရှိသည်။ သူသည် စိတ်ကောင်း နှလုံးကောင်း ရှိ၍ အလွန် ကြင်နာတတ်သူ ဖြစ်သည်။ ထို့ကြောင့် သူ့ကို တိုင်းသူပြည်သားများက လွန်စွာ ချစ်ခင်ကြသည်။ ထိုဘုရင်တွင် သမီးတော်တစ်ပါး ရှိသည်။ သမီးတော်ကလေးသည် ရုပ်ရည် လှပ ချောမောသောကြောင့် လူအများ၏ ချီးကျူးမှုကို ခံရပေသည်။

တစ်ခါသော် သူတို့၏ တိုင်းပြည်တွင် ကံကြမ္မာဆိုးတစ်ခု ကျရောက်လာသည်။ တစ်ညသ၌ ထိုတိုင်းပြည်၏ မြို့တံခါးဝသို့ အလွန် ကြောက်မက်ဖွယ်ကောင်းသော နဂါးကြီးတစ်ကောင် ရောက်ရှိလာသည်။ နဂါးကြီးသည် တံခါးအနီးတွင် တွေ့ရသော မိန်းမပျိုကလေး တစ်ယောက်ကို သူ၏ အစာအဖြစ် ဖမ်းဆီး ခေါ်ဆောင်သွားသည်။ နောက်တစ်နေ့တွင်လည်း ထိုနည်းတူပင် အခြား မိန်းမပျိုကလေး တစ်ယောက်ကို ဖမ်းဆီး ခေါ်ဆောင်သွားပြန်သည်။ ဤသို့ဖြင့် မိန်းမပျိုများကို မကြာခဏ လာရောက် ဖမ်းဆီးနေလေသည်။

ထိုအခါ လူအများသည် ကြောက်ရွံ့ကာ အပြင်သို့ မထွက်ရဲတော့ပေ။ ဘုရင်ကြီးသည် သူ၏ ပညာရှိ မှူးမတ်များနှင့် တိုင်ပင်ကာ ဤကိစ္စကို ဖြေရှင်းရန် ကြံသည်။ သူ၏အကြံမှာ နေ့စဉ် အိမ်တစ်အိမ်စီမှ သမီးကညာ တစ်ယောက်စီကို နဂါးကြီးထံ စေလွှတ်၍ အစာခံရန်ပင် ဖြစ်သည်။

www.burmeseclassic.com



ဤအကြံအစည်အတိုင်း တစ်နေ့လျှင် မိန်းမပျို တစ်ယောက်စီ စေလွှတ်ခဲ့ရာ နောက်ဆုံးတွင် ဘုရင့်သမီးတော်လေး၏ အလှည့်သို့ ရောက်လာသည်။

ဘုရင်ကြီးသည် သမီးတော်ကို မလွှတ်ရက်သဖြင့် "သမီးတော်ကို နဂါးကြီးဆီ မလွှတ်ရက်ပါဘူး။ ဒီတော့ သမီးတော်က ဒီမှာ နေခဲ့ပါ။ ခမည်းတော်က သံချပ်ကာအင်္ကျီ ဝတ်ပြီး နဂါးကြီးကို သွားတိုက်မယ်" ဟု ပြောသည်။

သမီးတော်သည် မိမိ၏ ခမည်းတော်မှာ အသက်အရွယ် ကြီးရင့်နေသဖြင့် ရှုံးနိမ့်မည်ကို သိသည်။ ထို့ကြောင့် "မဖြစ်နိုင်ပါဘူး။ ခမည်းတော်က တိုင်းပြည်ကို အုပ်ချုပ်ဖို့ တာဝန် ရှိပါတယ်၊ သမီးတော်ပဲ သွားပါရစေ" ဟု ပြောသည်။

ထို့နောက် သမီးတော်သည် ခမည်းတော်နှင့်တကွ မိမိအား မျက်ရည်စက်လက်ဖြင့် မြို့တံခါးဝအထိ လိုက်ပို့ကြသော တိုင်းသူပြည်သားများကို နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။ အတန်ငယ် သွားမိသော် နှာခေါင်းမှ အငွေ့များ မှုတ်ထုတ်လျက် အသင့် စောင့်ဆိုင်းနေသော နဂါးကြီးကို တွေ့ရသည်။

နဂါးကြီးသည် မင်းသမီးလေးကို ကျောက်ဆောင်များအောက်ရှိ နက်ရှိုင်းလှသော ချောက်ကြီးအတွင်းသို့ ခေါ်ဆောင်သွားသည်။ တွင်းကြီးထဲသို့ ရောက်၍ သေချာစွာ ကြည့်ရှုသောအခါ မင်းသမီးလေးမှာ အလွန် လှပနေကြောင်း တွေ့ရ၍ နဂါးကြီးသည် လွန်စွာ သဘောကျသွားလေသည်။ ထို့ကြောင့် နဂါးကြီးက "မင်းဟာ သိပ်လှတယ်၊ ဒါကြောင့် မင်းကို မစားတော့ဘူး။ မင်းရဲ့အလှကိုပဲ ထိုင်ကြည့်နေတော့မယ်" ဟု ဆိုသည်။

နဂါးကြီးသည် မင်းသမီးလေးကို ကောင်းစွာထားသည်။ မင်းသမီးလေးအတွက် အစာရေစာများ ပေးသည်။ မင်းသမီးကလေး အိပ်ရန် သန့်ရှင်း၍ ကောင်းမွန်သော ကောက်ရိုးအိပ်ရာ တစ်ခုကိုလည်း ပေးသည်။ သို့သော် မင်းသမီးကလေးသည် တစ်ညလုံး အိပ်၍မရပေ။

နံနက်လင်းသော် နဂါးကြီးသည် အိပ်ရာမှ နိုးလာပြီး မင်းသမီးကလေးအား "ငါ ဆာနေတယ်၊ ဒါကြောင့် အစာရှာ ထွက်ဦးမယ်။ မင်း လိုချင်တာရှိရင် မှာလိုက်" ဟု ပြောသည်။

မင်းသမီးလေးက "ကျွန်မအတွက် ပြည့်စုံပါတယ်၊ ဘာမှ မလိုပါဘူး" ဟု ပြန်ပြောသည်။

နဂါးကြီးက "မင်းအတွက် အဖိုးတန် ကျောက်မျက်ရတနာတွေနဲ့ အဝတ်အစားတွေ ယူခဲ့မယ်" ဟု ဆိုကာ ထွက်ခွာသွားသည်။

ဤသို့ မထွက်ခွာမီ နဂါးကြီးသည် သူ၏ ဂူတွင်းသို့ မည်သူမျှ မဝင်နိုင်၊ မထွက်နိုင်ရန် ကြီးမားသော ကျောက်တုံးကြီး နှစ်တုံးဖြင့် ဂူပေါက်ဝကို ပိတ်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးကြီး ထွက်သွား၍ အတန်ကြာသော် မင်းသမီးလေးသည် ဂူအပြင်ဘက်မှ ကုတ်ခြစ်သံ တစ်သံကို ကြားရသည်။ ပထမသော် မင်းသမီးကလေးသည် ယင်းအသံကို 'နဂါးကြီး ပြန်လာသည့် အသံ' ဟု ထင်သည်။ သို့သော် မကြာမီပင် ဤအသံသည် နဂါးကြီးအသံ မဟုတ်။ မင်းသမီးကလေး မွေးထားသော ခွေးကလေး၏ ကုတ်ခြစ်သံဖြစ်ကြောင်း သိလာသည်။ ခွေးကလေးသည် တွင်းကြီးသို့ ရောက်သည်အထိ မင်းသမီးကလေးကို အနံ့ခံ၍ လိုက်လာပြီး ဂူတွင်းသို့ဝင်ရန် ကြိုးစားနေခြင်း ဖြစ်သည်။ ခွေးကလေးသည် မကြာမီပင် ဂူအတွင်းသို့ ရောက်လာသည်။ မင်းသမီးကလေးလည်း ဝမ်းသာမဆုံး ဖြစ်သွားသည်။

မင်းသမီးကလေးသည် အကျိုးအကြောင်း စာရေးကာ ခွေးကလေး၏ လည်ပင်းတွင် ချည်နှောင်ပေး၍ သူ၏ ခမည်းတော်ထံ စေလွှတ်လိုက်လေသည်။ ခမည်းတော်သည် သမီးတော်ကလေးအတွက် ဝမ်းနည်းပူဆွေးကာ ငေးမှိုင်နေရှာသည်။ ထိုသို့ရှိစဉ် ခွေးကလေး ရောက်လာသည်။ သမီးတော် ပေးလိုက်သော စာကို ရသောအခါ ဘုရင်ကြီးသည် အတိုင်းမသိ ဝမ်းမြောက်ရှာသည်။ သူသည် သမီးတော်အား ချီးကျူးကြောင်း စာပြန်ရေးကာ ခွေးကလေး၏ လည်ပင်းတွင် ချည်နှောင်ပေး၍ သမီးတော်ထံ ပြန်လွှတ်လိုက်လေသည်။

သမီးတော်လေးသည် ခမည်းတော်ထံမှ ပြန်စာကို ဖတ်နေစဉ် နဂါးကြီး ပြန်ရောက်လာသံ ကြားရသည်။ ထို့ကြောင့် သမီးတော်ကလေးသည် သူဖတ်နေသော စာကိုဝှက်ထားသည်။ ခွေးကလေးကိုလည်း တစ်နေရာတွင် ဝှက်ထားလိုက်သည်။

မကြာမီ နဂါးကြီးသည် မရွှင်မလန်းဟန်ဖြင့် ပြန်လာသည်။ မင်းသမီးကလေးက "သင်သွားနေတာ ကြာလိုက်တာ။ သင့်ကို ကြည့်ရတာ စိတ်မကောင်း ဖြစ်လာပုံရတယ်။ ဘာကြောင့်လဲ ပြောစမ်းပါ" ဟု မေးသည်။

နဂါးကြီးက "ငါ ဒုက္ခတွေ့လာတယ်။ ငါ့ကို စားစရာနဲ့ ရေ အလျှင်ပေးပါဦး။ ပြီးမှ ပြောပြပါမယ်" ဟု ပြန်ပြောသည်။

မင်းသမီးကလေးသည် နဂါးကြီးအား စားသောက်ဖွယ်ရာများ ပေးသည်။ စားသောက်ပြီးသော် နဂါးကြီးက "ငါ ဒီနေ့ စိတ်မကောင်းစရာ သတင်းတစ်ခု ကြားလာတယ်။ မြို့ထဲမှာ 'ကီရီလို' ဆိုတဲ့ လုလင်ပျို သားရေနယ်သမား တစ်ယောက် ရှိတယ်။ သူဟာ ခွန်အားဗလနဲ့ ပြည့်စုံပြီး ငါ့ထက် သန်မာတယ်။ သူနဲ့ငါ ယှဉ်ပြိုင်သတ်ပုတ်ကြရင် ငါ ရှုံးမှာပဲ" ဟု ပြန်ပြောပြသည်။

မင်းသမီးကလေးသည် ထိုစကားကို ကြားရလျှင် များစွာ ဝမ်းမြောက်သွားသည်။ သူသည် နဂါးကြီး အိပ်ပျော်သွားစေရန် သာယာသော သီချင်းကို သီဆို၍ သိပ်သည်။ နဂါးကြီး

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သွားပြီး ဟောက်နေချိန်တွင် သူက 'သားရေနယ်သမား ကီရီလိုသည် နဂါးကြီးကို နိုင် နိုင်ကြောင်း' အကျိုးအကြောင်း စာရေးကာ ခွေးကလေး၏ လည်ပင်းတွင် ဆွဲ၍ ခမည်းတော်ထံ စေလွှတ်လိုက်သည်။

ဘုရင်ကြီးသည် ခွေးကလေး ပြန်အလာကို စိတ်ပူစွာ စောင့်နေသည်။ ခွေးကလေး ရောက်လာ၍ စာကို ဖတ်ရလျှင် ဝမ်းသာလွန်းသဖြင့် ထ၍ပင် ခုန်မိရှာသည်။

ထို့နောက် ဘုရင်ကြီးသည် မင်းချင်းများကို မြို့အနှံ့ စေလွှတ်၍ မောင်းကြေးနင်းခတ်ကာ သားရေနယ်သမား ကီရီလိုကို ရှာဖွေစေသည်။ သားရေနယ်သမား ကီရီလိုသည် ထိုသတင်းကိုကြားလျှင် သူ၏အလုပ်များကို ထားခဲ့ကာ နန်းတော်သို့ အလျင်အမြန် ထွက်ခဲ့သည်။

ဘုရင်ကြီး၏ ရှေ့တော်သို့ရောက်လျှင် ဘုရင်ကြီးက "အဲမောင် ကီရီလို၊ မောင်မင်းဟာ အများအကျိုးအတွက် နဂါးကြီးရှိရာ တွင်းကြီးသို့ သွားပြီး နဂါးကြီးကို တိုက်ခိုက် နှိမ်နင်းပါ။ မုချ မောင်မင်း အောင်မြင်ပါလိမ့်မယ်" ဟု ပြောသည်။

ကီရီလိုသည် သူ မည်မျှ သန်စွမ်းသည်ကို သူကိုယ်တိုင် မသိ။ ထို့ကြောင့် နဂါးကြီးနှင့် မတိုက်ခိုက်လိုပေ။ သူက "အရှင်၊ ကျွန်တော်မျိုး နဂါးကြီးကို တိုက်ခိုက်နိုင်စွမ်း မရှိပါဘူး။ နောက်ပြီး ကျွန်တော်မျိုး မရှိရင် ကျွန်တော်မျိုးရဲ့ အလုပ်တွေကို ဘယ်သူက လုပ်ပေးမှာလဲ" ဟု ပြန်ပြောသည်။

ဘုရင်ကြီးက "ဒီတိုင်းပြည်မှာရှိတဲ့ မိန်းမပျိုလေးတွေ အားလုံးရဲ့ကိုယ်စား မင်းကို ငါ သွားခိုင်းနေတာ ဖြစ်တယ်။ နဂါးကြီး ကြောက်တဲ့သူဆိုလို့ မင်းတစ်ယောက်ပဲ ရှိတယ်ဆိုတာ ငါသိထားတယ်" ဟု ပြောပြသည်။

ကီရီလိုကား အေးဆေးစွာသာ နေလိုသူ ဖြစ်သည် နဂါးကြီးထံ မသွားလိုပေ။ သို့သော် သူ့အနီးသို့ မိန်းမပျိုကလေး တစ်သိုက် ရောက်လာသည်။ ကီရီလိုအား သူတို့ကို သနားပါရန် ပြောဆို တောင်းပန်သည်။ ထိုအခါ ကီရီလို၏ရင်ဝယ် မေတ္တာစိတ်၊ ကရုဏာစိတ်များ ဝင်လာသည်။ ချက်ချင်းပင် နဂါးကြီးကို အသက်စွန့် တိုက်ခိုက်ရန် စိတ်ကို တင်းလိုက်ပြီး ထွက်ခွာခဲ့လေသည်။

သူသည် လမ်းတွင် တွေ့ရသော သစ်ငုတ်တစ်ခုကို နုတ်ယူကာ လက်နက်အဖြစ် ကိုင်ဆောင်၍ နဂါးကြီးရှိရာ ဂူရှေ့တွင် ရပ်လိုက်သည်။

"မှောင်ရိပ်ခိုပြီး ပုန်းနေတဲ့ နဂါးကြီး ထွက်ခဲ့စမ်း" ဟု သူက ခေါ်လိုက်သည်။

သူ၏အသံကို ကြားရလျှင် နဂါးကြီးသည် ကြောက်ရွံ့မှုကြောင့် တုန်ယင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးကြီးသည် သူ၏ ဦးခေါင်းကို ဂူကြီးထဲမှ တဖြည်းဖြည်းထုတ်၍ ကြည့်သည်။ ဤသို့ နဂါးကြီး ပေါ်လာသည်နှင့် တစ်ပြိုင်နက် ကီရီလိုသည် သူ၏ တင်းပုတ်ကြီးဖြင့် နဂါးကြီးကို ပြင်းထန်စွာ ရိုက်နှက်လိုက်သည်။ နဂါးကြီးသည် ကီရီလို၏ လက်ချက်ဖြင့် မိမိ သေဆုံးတော့မည်ကို သိသွားသည်။ ထို့ကြောင့် "ချမ်းသာပေးတော်မူပါ၊ ချမ်းသာပေးတော်မူပါ" ဟု အော်ဟစ် တောင်းပန်သည်။

ကီရီလိုက "ငါတို့မြို့က မိန်းမပျိုကလေးတွေကိုတော့ မင်းက ချမ်းသာမပေးဘဲနဲ့ မင်းကို ငါက ချမ်းသာပေးရမှာလား" ဟု ဆိုကာ နဂါးကြီးကို ထပ်မံ ရိုက်နှက်ပြန်သည်။ ဤသို့ဖြင့် နဂါးကြီးနှင့် ကီရီလိုတို့သည် အပြန်အလှန် တိုက်ခိုက်ကြသည်။

ကီရီလိုနှင့် နဂါးကြီးတို့ သုံးကြိမ်တိုင်တိုင် တိုက်ခိုက်ကြသည်။ ကီရီလိုသည် နဂါးကြီးကို သူ၏ တင်းပုတ်ကြီးဖြင့် ပြင်းစွာထုသည်။ နောက်ဆုံးတွင် ကီရီလိုသည် အနိုင်ရရှိသွားသည်။ နဂါးကြီးလည်း သေဆုံးသွားသည်။ ကီရီလိုသည် မင်းသမီးကလေးကို ကယ်တင်နိုင်သွားသည်။

နဂါးကြီး သေဆုံးသွားသည့် အတွက် ဝမ်းသာခြင်း အထိမ်းအမှတ်အဖြစ် တစ်မြို့လုံးရှိ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းများကို ထိုးကြသည်။ မိန်းမပျိုကလေးများသည်လည်း တောက်ပြောင်သော ပန်းကုံးများကို ဆင်ယင်လျက် သူရဲကောင်း ကီရီလိုနှင့် မင်းသမီးကလေးတို့အား ဂုဏ်ပြုထားကြသည်။

ဘုရင်ကြီးက "သူရဲကောင်း ကီရီလိုဟာ ရဲရင့်ပါပေတယ်။ အသင့်ကို ကျွန်ုပ် ရွှေဒင်္ဂါးတွေ ဆုအဖြစ် ချီးမြှင့်ပါရစေ" ဟု ပြောသည်။

ကီရီလိုက "ကျွန်တော်မျိုး ဘာမှ မလိုချင်ပါဘူး အရှင်။ ယခင်ကလိုပဲ သားရေနယ်တဲ့ အလုပ်ကို လုပ်ရရင် တော်ပါပြီ။ ကျွန်တော်မျိုး စွမ်းဆောင်ခဲ့ခြင်းဟာ ဒီမြို့က မိန်းမပျိုကလေးတွေနဲ့ ရွှေမင်းသမီးကလေး အတွက်ပါ။ အခုဆိုရင် နဂါးကြီးရဲ့ ရန်ကလည်း အေးသွားပါပြီ။ ဒီလို ဆောင်ရွက်ခွင့် ရတာကိုပဲ ဝမ်းသာလှပါပြီ။ အခြား ဘာမှ မလိုပါ" ဟု ပြန်ပြောသည်။

ထို့နောက် ရိုးသားလှသော လုလင်ပျို ကီရီလိုသည် သူ၏ လုပ်ငန်းရှိရာသို့ ပြန်သွားသည်။ မင်းသမီးလေးကလည်း နန်းတော်ကြီးသို့ ပြန်လည် ထွက်ခွာသွားသည်။ နဂါးသေကြီးကိုမူ လူအများက ယူဆောင်ကာ မြစ်အတွင်းသို့ ပစ်ချလိုက်တော့သည်။ ထိုအချိန်မှစ၍ ထိုတိုင်းပြည်သည် နဂါးကြီး၏ရန်မှ ကင်းဝေးကာ အေးချမ်း သာယာသွားပေတော့သည်။

(ဆိုဗီယက်ပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com



## သမီးပညာရှိ

တစ်ခါက တိုင်းပြည် တစ်ပြည်တွင် ဉာဏ်အမြော်အမြင် နည်းပါးသော ဘုရင်တစ်ပါး ရှိသည်။ သူ့တွင် လှပသော မြင်းဖြူကြီးတစ်ကောင် ရှိသည်။ ထို့အပြင် သူ့တွင် ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော ပညာရှိတစ်ဦးလည်း ရှိသည်။ အားလုံးသော လူများသည် ပညာရှိကို ချစ်ခင် လေးစားကြကာ ချဉ်းကပ်၍ အကြံဉာဏ်များ တောင်းခံကြသည်။ ဤတွင် ဘုရင်သည် မနာလိုဝန်တို ဖြစ်ကာ အလွန်ပင် စိတ်ဆိုးလေသည်။ သူ့အနေဖြင့် လူများကို သူ့ထံတွင်သာ ချဉ်းကပ် ခစားစေလိုသည်။ ပညာရှိထံ ချဉ်းကပ်သည်ကို မလိုလားပေ။ ထို့ကြောင့် ဘုရင်သည် ပညာရှိအား နှိပ်စက်ရန် နည်းလမ်း ရှာကြံတော့သည်။

တစ်နေ့သော် ဘုရင်သည် ပညာရှိအား သူ့ထံ ခစားရန် ခေါ်လိုက်သည်။ ပညာရှိ ရောက်လာသော် ဘုရင်က "မောင်မင်းက ပညာ အမြော်အမြင်နဲ့ ပြည့်စုံတယ်လို့ နာမည် ကျော်ကြားတယ်။ ဒါကြောင့် သင့်ကို ကျွန်ုပ် တာဝန်တစ်ခု ပေးမယ်။ ဒီတာဝန်ကတော့ ကျွန်ုပ်ရဲ့ မြင်းဖြူကြီးကို စကားပြောတတ်အောင် သင်ပေးဖို့ပါပဲ။ တကယ်လို့ သင်မပေးနိုင်ရင်တော့ သင့်ကို ကျွန်ုပ် သတ်ရပါလိမ့်မယ်" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာရှိသည် စိတ်ဓာတ်ကျစွာဖြင့် အိမ်သို့ ပြန်လာသည်။ မြင်းကို မည်သို့ စကားပြော သင်နိုင်မည်နည်း။ သူသည် စိတ်မချမ်းမသာ ဖြစ်နေသဖြင့် သူ့မျက်နှာမှာ ညှိုးနေသည်။ ထိုပညာရှိတွင် သမီးလိမ္မာကလေး တစ်ဦးရှိသည်။ သူ၏ သမီးငယ်သည် သူ့ဖခင် မျက်နှာ ညှိုးနေသည်ကို မြင်လျှင် "အဖေ ဘာကြောင့် မျက်နှာမကောင်း ဖြစ်နေရတာလဲ" ဟု မေးသည်။

ပညာရှိက "ဘုရင်က သူ့မြင်းကို စကားပြောတတ်အောင် သင်ပေးရမယ်လို့ အဖေ့ကို ပြောတယ်။ မြင်းကို စကားပြောတတ်အောင် ဘယ်သူက သင်ပေးနိုင်မှာလဲ။ အဖေ မသင်ပေး နိုင်ရင် ဘုရင်က အဖေ့ကို သတ်တော့မယ်" ဟု ပြန်ပြောသည်။

ထိုအခါ သမီးငယ်က "ဘာမှ စိတ်မပူပါနဲ့ အဖေရယ်၊ နက်ဖြန် နံနက်ကျရင် ဘုရင့်ထံ သို့ သွားပါ။ ရောက်တဲ့အခါ အရှင်မင်းကြီးရဲ့ မြင်းကို စကားပြောတတ်အောင် သင်ပေးနိုင်ပါ တယ်။ ဒါပေမဲ့ အချိန်တော့ ပေးရလိမ့်မယ်။ အရှင့်ရဲ့မြင်းကို ကျွန်တော်မျိုးထံမှာ ခုနစ်နှစ် ပေးထားပါ။ ခုနစ်နှစ်အတွင်း မြင်းကို စကားပြောတတ်အောင် သင်ပေးနိုင်ပါတယ်လို့ ပြော ပါ" ဟု အကြံပေးသည်။

ပညာရှိက "ဒါပေမဲ့ မြင်းကို စကားပြောတတ်အောင်မှ သင်မပေးနိုင်တာ။ ဒီတော့ ခုနစ်နှစ်ပြည့်ရင် ဘုရင်က ငါ့ကို သတ်မှာပေါ့" ဟု ပြန်ပြောသည်။

ဤတွင် သမီးငယ်က "ခုနစ်နှစ်ဆိုတာ အချိန်ဟာ အကြာကြီးပါ အဖေရယ်။ ခုနစ်နှစ် မပြည့်ခင်မှာ လူတွေဟာ ဘာဖြစ်မယ်ဆိုတာ ဘယ်သူက ကြိုတင် သိနိုင်မှာလဲ" ဟု ပြန်ပြော သည်။

ပညာရှိလည်း သမီးငယ်၏ စကားကို နှစ်သက်သွားသည်။ နောက်တစ်နေ့တွင် ဘုရင့် ထံ သွားရောက်ကာ "အရှင်မင်းကြီးရဲ့ မြင်းကို စကားပြောနိုင်အောင် ကျွန်တော်မျိုး သင်ပေးပါ့ မယ်။ ဒါပေမဲ့ ဒီအတွက် အချိန် ခုနစ်နှစ် ပေးတော်မူပါ" ဟု လျှောက်တင်သည်။

ဘုရင်က "ကောင်းပြီ" ဟု ဆိုကာ ပညာရှိအား မြင်းကို ခုနစ်နှစ် ယူဆောင်ထားခွင့် ပြုလိုက်သည်။ ဘုရင်က ပညာရှိသည် နှစ်မည်မျှ ကြာသည့်တိုင် မြင်းကို စကားပြော သင် မပေးနိုင်။ ခုနစ်နှစ်စေ့လျှင် ပညာရှိကို သတ်ရတော့မည်ဟု တွေးကာ ကျေနပ်မဆုံး ရှိနေလေ သည်။

သို့ရာတွင် လူ့ဘဝမှာ မတည်မြဲ။ အရာရာသည် ပြုပြင် ပြောင်းလဲတတ်သည်ကို သူ သည် မစဉ်းစား မဆင်ခြင်မိချေ။

www.burmeseclassic.com

www.burmeseclassic.com



မြင်းကို ပညာရှိ ယူသွားပြီးနောက် မကြာမီပင် ပညာရှိ၏ သမီးငယ် ပြောသည့်အတိုင်း အပြောင်းအလဲ ဖြစ်လာသည်။ ခုနစ်နှစ် မပြည့်မီမှာပင် ဘုရင် နတ်ရွာစံသွားသည်။ ဤတွင် ပညာရှိသည် အသတ်မခံရတော့ပေ။ ထို့ပြင် မြင်းကိုလည်း ပြန်မပေးရဘဲ အပိုင်ရရှိသွားလေသည်။ ပညာရှိသည် သမီးငယ်၏ အမြော်အမြင်ရှိမှုကို ချီးကျူးမဆုံး ရှိလေသည်။

(သီရိလင်္ကာပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## ဦးခေါင်းနှစ်လုံး၊ လက်လေးဖက်နှင့်လူ

တစ်ခါက မြို့ကလေးတစ်မြို့တွင် ရက်ကန်းသည်တစ်ယောက် ရှိသည်။ သူသည် ပင်ပင်ပန်းပန်းဖြင့် ကြိုးစားကာ အသက်မွေး ဝမ်းကျောင်းမှု ပြုသော်လည်း ကြွယ်ဝချမ်းသာ မလာခဲ့။ ဆင်းရဲမြဲသာ ဆင်းရဲ၍နေသည်။ သူသည် အထည်စတစ်စ ရရန်အတွက် အချိန် အတော်ကြာအောင် ရက်လုပ်ရသည်။ ထို့ကြောင့် သူ၏ စားဝတ်နေရေး အခြေအနေမှာ မပြေလည်ခဲ့ပေ။

တစ်နေ့သော် သူသည် ရက်ကန်းရက်နေစဉ် ရက်ကန်းစင်သည် ရုတ်တရက် ကျိုးသွားသည်။ ဤသို့ ရက်ကန်းစင် ကျိုးသွားခြင်းသည် သူ့ဘဝအတွက် ထူးခြားမှုများ ဖြစ်ပေါ်ရန် အစပျိုးခဲ့ခြင်းပင်။ သူသည် ကျိုးသွားသော ရက်ကန်းစင်၏ နေရာတွင် အစားထိုး ပြုပြင်ရန် အတွက် တောထဲသို့ သစ်သွားခုတ်သည်။ သူသည် သစ်သားကောင်းကောင်း ရရန်အတွက် တောထဲတွင် အချိန် အတန်ကြာအောင် လိုက်လံရှာဖွေသည်။ နောက်ဆုံးတွင် သစ်ပင်ကြီး တစ်ပင်မှ သစ်လုံးကို ခုတ်ယူရန် ဆုံးဖြတ်လိုက်သည်။ သူသည် သစ်ပင်ကို ခုတ်လှဲနေစဉ် ထူးဆန်းသော အသံတစ်သံကို ကြားရသည်။ ထို့ကြောင့် ခေတ္တမျှ ရပ်နားကာ အပေါ်သို့

www.burmeseclassic.com



မော့ကြည့်လိုက်သည်။ ထိုအခါ သစ်ပင်ထိပ်ဖျားရှိ အကိုင်းပေါ်တွင် ရပ်နေသော နတ်တစ်ပါးကို တွေ့ရသည်။

နတ်မင်းက "အသင်လူသား၊ ဘာကြောင့် ဒီသစ်ပင်ကို ခုတ်ရတာလဲ။ ငါဟာ ဒီသစ်ပင်မှာ နေတာမို့ ဒီသစ်ပင်ကို လုံးဝ မခုတ်ပါနဲ့" ဟု တားမြစ်သည်။

ရက်ကန်းသည်သည် အတန်ကြာအောင် စဉ်းစားနေသည်။ ထို့နောက် သူက "ကျွန်တော်မျိုး တကယ့်ကို စိတ်မကောင်းပါဘူး နတ်မင်း။ ဒါပေမဲ့ ဒီသစ်ပင်ကို ကျွန်တော်မျိုး မခုတ်ဘဲ မနေနိုင်ပါဘူး။ တကယ်လို့ ဒီသစ်ပင်ကို မခုတ်ရင် ကျွန်တော်မျိုးရဲ့ ရက်ကန်းစင်ကို ပြင်နိုင်မှာ မဟုတ်ပါဘူး။ ရက်ကန်း မရက်ရရင် ကျွန်တော်မျိုး မိသားစုဟာ ထမင်းငတ်ပါလိမ့်မယ်။ ကျွန်တော်မျိုး၏ ရက်ကန်းစင်ဟာ ကျိုးသွားလို့ အသစ်ပြင်စရာ သစ်သား လိုပါတယ်။ ဒါကြောင့် သစ်ပင်ကို ခုတ်ပါရစေ။ သစ်ပင်ကိုသာ ခုတ်ခွင့်ပြုရင် ကျွန်တော်မျိုး နတ်မင်းကို အထူး ကျေးဇူးတင်ပါမယ်။ ကျေးဇူးပြုပြီး အခြားသစ်ပင် တစ်ပင်မှ သွားပြီး နေတော်မူပါ" ဟု ပြန်ပြောသည်။

နတ်မင်းသည် ရက်ကန်းသည်အား သနားသွားသည်။ သို့သော် သူသည် ထိုသစ်ပင်မှ မခွာလိုပေ။ သူသည် ထိုသစ်ပင်တွင် နှစ်ပေါင်းများစွာ နေလာခဲ့ပြီး ထိုသစ်ပင်၏ စိမ်းလန်းစိုပြည်သော အရွက်များနှင့် ရှည်လျားထူထပ်သော အကိုင်းများကို တွယ်တာနေသည်။ ထို့ကြောင့် သူက မိမိသည် ရက်ကန်းသည်ကို အလွန် သနားကြောင်း၊ ရက်ကန်းသည်၏ အလိုကို ဖြည့်ပေးလို သဖြင့် လိုရာဆုကို တောင်းနိုင်ကြောင်း ပြောသည်။ သို့သော် သစ်ပင်ကိုမူ မခုတ်ပါရန် ပြောဆိုသည်။

နတ်မင်း၏ စကားကြောင့် ရက်ကန်းသည်သည် အလွန်ပင် ဝမ်းသာသွားသည်။ သို့သော် သူသည် မည်သည့်ဆုကို တောင်းရမှန်း ရုတ်တရက် မစဉ်းစားတတ်ပေ။ ထို့ကြောင့် သူ့ကို စဉ်းစားဖို့ အချိန်ပေးပါရန် နတ်မင်းအား ပြောသည်။ နတ်မင်းကလည်း သဘောတူလိုက်သည်။ ရက်ကန်းသည်သည် သူ၏ မိတ်ဆွေများနှင့် သူ့ဇနီးအား အကျိုးအကြောင်း ပြောပြရန် အိမ်သို့ ပြန်ပြေးသွားသည်။

လမ်းတွင် ရက်ကန်းသည်သည် သူ၏မိတ်ဆွေ ဆတ္တာသည်နှင့် တွေ့သည်။ သူသည် ဆတ္တာသည်အား အကျိုးအကြောင်း ပြောပြကာ သူ့ထံမှ အကြံဉာဏ်တောင်းသည်။ ဆတ္တာသည်က "နတ်မင်းကို တိုင်းပြည်ကြီးတစ်ပြည် ဖန်ဆင်းပေးပါလို့ တောင်းချေ။ ဒီအခါမှာ မင်းက ဘုရင်ဖြစ်လာမယ်။ ငါ့ကိုလည်း ဝန်ကြီးခန့်လို့ ရမယ်" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရက်ကန်းသည်သည် ထိုအကြံဉာဏ်ကို သဘောကျသည်။ သို့သော် သူသည် နတ်မင်းထံသို့ ပြန်မသွားမီ သူ့ဇနီးနှင့် မိတ်ဆွေများကို အကျိုးအကြောင်း ပြောပြလိုသေးသည်။ ဆတ္တာသည်ကမူ သူ့အား ကိုယ်ပိုင်ဆုံးဖြတ်ချက်သာ ချစေလိုသည်။ သူ့ဇနီး၏ အဆုံးအဖြတ်ကို မယူစေလိုပေ။

နောက်ဆုံးတွင် ရက်ကန်းသည်သည် အိမ်သို့သာ ပြန်လာခဲ့သည်။ တစ်လမ်းလုံးတွင် ဆတ္တာသည်၏ စကားများကို စဉ်းစားလာခဲ့သည်။ သူ့အနေဖြင့် ဇနီးသည်နှင့် တိုင်ပင်ရန် မလိုမှန်း သဘောပေါက်လာခဲ့သည်။ သို့သော် သူသည် ဇနီးကို ကြောက်ရွံ့ရကား သူ့ဇနီး၏ စကားကိုပင် နာခံရန် ဆုံးဖြတ်လိုက်သည်။ အိမ်သို့ရောက်သော် ဇနီးသည်အား အဖြစ်အပျက်ကို ပြန်လည် ပြောပြလိုက်သည်။

သူ့ဇနီးက "ရှင့်မိတ်ဆွေ ဆတ္တာသည်ဟာ ဉာဏ်မှမရှိဘဲ။ ပညာရှိတဲ့လူတွေဟာ သူလိုလူမျိုးကို ဘယ်တော့မှ မတိုင်ပင်ဘူး။ ရှင်သိတဲ့ အတိုင်းပဲ တိုင်းပြည်ကို အုပ်ချုပ်ရတယ်ဆိုတာ လွယ်တာမှ မဟုတ်ဘဲ။ တကယ်လို့ တိုင်းပြည်ကို ဖန်ဆင်းပေးခိုင်းရင် ရှင့်အဖို့ စိတ်ပူပင်သောက ရောက်စရာတွေ အများကြီး တွေ့လာရလိမ့်မယ်။ ဒါကြောင့် ကျွန်မစကားကို နားထောင်ပါ။ နတ်မင်းထံသွားပြီး ရှင့်မှာ လက်အပို နှစ်ဖက်နဲ့ ဦးခေါင်းအပို တစ်လုံး ရအောင် ဆုတောင်းချေ။ နတ်မင်းကသာ ရှင့်အလိုကို လိုက်လျောရင် ရှင်ဟာ တစ်နေ့ကို ပိတ်စ တစ်စပဲ ရက်နိုင်ရာက တစ်နေ့ကို ပိတ်စနှစ်စ ရက်နိုင်လာမယ်။ ဒါဆိုရင် ကျွန်မတို့ရဲ့ ဝင်ငွေဟာလည်း နှစ်ဆတိုးလာပြီး မကြာခင်မှာ ချမ်းသာလာလိမ့်မယ်။ ကျွန်မစကားကိုသာ နားထောင်စမ်းပါရှင်" ဟု ပြောလိုက်သည်။

ရက်ကန်းသည်လည်း အဆင်ခြင်ကင်းမဲ့သူ ဖြစ်ရကား ဇနီးဖြစ်သူ၏ စကားကို သဘောကျသွားသည်။ "ရှင်မ၊ မင်းဟာ အင်မတန်တော်တာပဲ။ တို့ဟာ သာမန်လူတွေသာ ဖြစ်လို့ တိုင်းပြည်ကို ဘယ်မှာ အုပ်ချုပ်နိုင်မှာလဲ။ နောက်ပြီး တို့တောင်းတဲ့ဆုကို နတ်မင်းကသာ ပေးမယ်ဆိုရင် တို့ဟာ အထည်တွေကို ပိုရက်နိုင်ပြီး ငွေလည်း ပိုရဦးမယ်။ ဒါကြောင့် နတ်မင်းထံ အမြန်သွားပြီး ရှင်မပြောတဲ့ဆုကို တောင်းတော့မယ်" ဟု ဆိုသည်။ ထို့နောက် သူသည် နတ်မင်းရှိရာ တောထဲသို့ ထွက်သွားတော့သည်။

တောတွင်းသို့ရောက်သော် နတ်မင်းအား ယခင်သစ်ပင်ပေါ်တွင် တွေ့ရသည်။ သူက သူ့ဆန္ဒကို ပြောပြသည်။ နတ်မင်းလည်း သူလိုသောဆုကို မဆိုင်းမတွ ပေးလိုက်သည်။ သူသည် လက်လေးဖက်၊ ဦးခေါင်းနှစ်လုံးပါသော ကိုယ်ခန္ဓာဖြင့် အိမ်သို့ ပြန်လာခဲ့သည်။ လမ်းတစ်လျှောက်လုံးတွင်လည်း နတ်မင်းအား ကျေးဇူးတင်မဆုံး ဖြစ်နေသည်။ မကြာမီ

www.burmeseclassic.com



အနာဂတ်တွင် သူတို့ဇနီးမောင်နှံ ချမ်းသာ ကြွယ်ဝလာတော့မည့် အရေးကိုလည်း တွေးတောကာ စိတ်ကူးယဉ်လျက် ရှိသည်။


လမ်းတွင် သူ့ကို တွေ့သူများက အံ့ထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသည်။ သူ၏အသွင်မှာ အများနှင့်မတူ တစ်မူထူးခြားနေသည်။ လူအုပ်ထဲမှ တစ်ယောက်က "ဒီသတ္တဝါဟာ လူနဲ့ မတူဘူး" ဟု ပြောသည်။ အခြားတစ်ယောက်ကလည်း "သူဟာ ဘီလူးဖြစ်ရမယ်" ဟု ပြောသည်။ ကျန်လူများကလည်း "သူ့ကို ဒီအတိုင်းထားရင် လူတွေကို ဒုက္ခပေးလိမ့်မယ်" ဟု ဆိုသည်။ ထို့နောက် သူတို့အားလုံးသည် ရက်ကန်းသည်ကို ဝိုင်းဝန်း ရိုက်နှက်ကာ သတ်ဖြတ်လိုက်ကြသည်။ အဆင်ခြင် ကင်းမဲ့သော ရက်ကန်းသည်ကား အိမ်သို့ ပြန်မရောက်တော့ဘဲ ထိုနေရာတွင်ပင် သေဆုံးသွားလေတော့သတည်း။

(အိန္ဒိယပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## အရှုံးမပေးသောမင်းသား

ရှေးသရောအခါ အီဂျစ်ပြည်တွင် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော ဘုရင်တစ်ပါးရှိသည်။ ထိုဘုရင်တွင် သားတော်ဟူ၍ တစ်ပါးမျှ မထွန်းကားပေ။ ထို့ကြောင့် ဘုရင်သည် သူ၏ အရိုက်အရာကို ဆက်ခံနိုင်မည့် သားတော် မရှိသည့် အရေးအတွက် တွေးကာ ရတက်မအေး ဖြစ်နေရသည်။

ဘုရင်သည် သားတော်ထွန်းကားရေး အတွက် နေ့စဉ်ပင် ဘုရားသခင်ထံ ဆုတောင်း သည်။ ဤသို့ဖြင့် နှစ်ကာလ အတန်ကြာခဲ့သည်။ နောက်ဆုံးတွင် ဘုရင်၏ ဆုတောင်းမှာ ပြည့်သွားသည်။ သူ၏ မိဖုရားကြီးတွင် သားတော်တစ်ပါး ထွန်းကားခဲ့သည်။

သားတော်ကလေး ထွန်းကားသော သတင်းသည် အတိုင်းတိုင်း အပြည်ပြည်သို့ ပျံ့နှံ့ သွားသည်။ အနီးအနား အရပ်ဒေသမှ လူများသည် သားတော်လေးကို လရောက် ကြည့်ရှု ကြသည်။ သူတို့သည် သားတော်လေး၏ အနာဂတ်အတွက် ပရောဟိတ် ဆရာကြီးများက မည်သို့ ဟောကိန်းထုတ်ထားသည်ကို ဝိုင်းဝန်း မေးမြန်းကြသည်။ ဤတွင် သူတို့အားလုံး အံ့သြသွားကြရသည်။ အကြောင်းမှာ သားတော်လေးသည် ခွေး၊ မြွေနှင့် မိကျောင်းတည်းဟူ

www.burmeseclassic.com

www.burmeseclassic.com



သော သတ္တဝါ သုံးမျိုးအနက်မှ တစ်မျိုးမျိုး၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးရမည်ဟု ဟောထားသောကြောင့်ပင်။

ဤသတင်းကိုကြားလျှင် ဘုရင်ကြီးသည် အလွန်ပင် စိတ်ထိခိုက်သွားသည်။ သူ့အနေဖြင့် သားတော်လေး၏ အသက်အန္တရာယ်ကို အစွမ်းကုန် ကာကွယ်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် သူသည် နန်းတော်ဝင်း အတွင်း၌ ကြီးမားသော မျှော်စင်ကြီးတစ်ခုကို ဆောက်လုပ်စေသည်။ ထိုမျှော်စင်ကြီးတွင် မင်းသားလေးအဖို့ လိုလေသေးမရှိအောင် ပြည့်စုံစွာ စီမံထားသည်။ မျှော်စင်ကြီး ပြီးသောအခါ ဘုရင်သည် မင်းသားလေးအား မျှော်စင်တွင် အစောင့်အရှောက်များဖြင့် လုံခြုံစွာ ထားသည်။ မင်းသားလေးမှာ မြေပြင်သို့ပင် ဆင်းခွင့်မရပေ။

ဤသို့ဖြင့် မင်းသားလေးမှာ ကြီးပြင်းလာသည်။ သူသည် အညောင်းပြေ လမ်းလျှောက်လိုလျှင် မျှော်စင်ခေါင်မိုးတွင် စီမံထားသော လုပသည့် ဥယျာဉ်ထဲတွင် လမ်းလျှောက်ရသည်။ သူ့မှာ ထို့ထက်ပို၍ သွားခွင့်မရပေ။ ဘုရင်လည်း "သူ ဤသို့ စီမံထားသဖြင့် သားတော်လေး၏ အသက်အန္တရာယ်မှာ စိုးရိမ်စရာ မရှိတော့" ဟု ထင်မှတ်နေသည်။

သားတော်လေးသည် တဖြည်းဖြည်း ထွားကျိုင်းလာသည်။ ရုပ်ရည်မှာလည်း ချောမောလှပလာသည်။ တစ်နေ့သော် မင်းသားလေးသည် မျှော်စင်ခေါင်မိုးပေါ်တွင် ခါတိုင်းကဲ့သို့ပင် လမ်းလျှောက်နေသည်။ ထိုစဉ် လူတစ်ယောက်သည် ခွေးဖြူကလေး တစ်ကောင်နှင့်အတူ မျှော်စင်အောက်မှ ဖြတ်လျှောက်သွားသည်ကို မြင်လိုက်ရသည်။

မင်းသားလေးအား ခွေးကို တစ်ခါမျှ ကြည့်ခွင့်မပြုခဲ့ပေ။ ထို့ကြောင့် သူသည် ခွေးကို မမြင်ဘူးခဲ့။ သူသည် အထိန်းတော် တစ်ယောက်အား ခေါ်ကာ "ဟိုလူနောက်က လိုက်သွားတာ ဘာကောင်လဲ" ဟု မေးသည်။

အထိန်းတော်သည် မင်းသားလေးအား အတွင်းသို့ အဝင်ခိုင်းသည်။ မင်းသားလေးကလည်း သူလိုချင်သောအဖြေ မရမချင်း အတွင်းသို့ မဝင်ပေ။ နောက်ဆုံးတွင် အထိန်းတော်က ခွေးဖြစ်ကြောင်း ပြောပြလိုက်ရသည်။

မင်းသားလေးက "ဒီလို ခွေးမျိုးလေး တစ်ကောင်လောက် လိုချင်လိုက်တာ။ ကျွန်ုပ် ခွေးကို ချစ်တယ်။ ခမည်းတော်ကို ခွေးတစ်ကောင် ရှာခိုင်းမယ်" ဟု ဆိုသည်။

ဤသတင်းကိုကြားလျှင် ဘုရင်သည် အလွန် စိတ်မချမ်းမသာ ဖြစ်ရှာသည်။ သို့သော် သားတော်လေးက အထပ်ထပ်အခါခါ ပူဆာလွန်းသည့်အတွက် နောက်ဆုံးတွင် သားတော်၏ အလိုကို လိုက်လျောခဲ့သည်။ သားတော်လေးအား ခွေးကလေးတစ်ကောင် မွေးခွင့်ပြုလိုက်

www.burmeseclassic.com



သည်။ သားတော်လေးသည် ခွေးကလေးနှင့်အတူ ပျော်ရွှင်စွာ နေထိုင်သည်။ ဤသို့ဖြင့် ကာလ အတန်ကြာသွားသည်။ တိုင်းသူပြည်သားများမှာလည်း သားတော်လေးကို ခွေးက ရန်မပြုသဖြင့် "ဟောကိန်းတစ်ခု ပျက်သွားပြီ။ ကျန်တဲ့ ဟောကိန်း နှစ်ခုကိုတော့ စောင့်ကြည့်ရဦးမှာပဲ" ဟု ဆိုကြသည်။

ဤသို့ဖြင့် နှစ်များ တဖြည်းဖြည်း ကုန်လွန်လာခဲ့သည်။ မင်းသားလေးမှာလည်း အရွယ်ရောက်လာသည်။ သူသည် မျှော်စင်ပေါ်တွင်သာ လမ်းလျှောက်ရသည်ကို ငြီးငွေ့လာသည်။ မျှော်စင်အောက်သို့ ဆင်းကာ ကမ္ဘာမြေအနှံ့ ခြေဆန့်လိုလာသည်။

ထို့ကြောင့် သူသည် ခမည်းတော်အား "သားတော်ကို အပြင်လောကသို့ ထွက်ခွင့်ပြုပါ။ ကျန်တဲ့ အန္တရာယ်နှစ်ခုကို သားတော် မမှုပါဘူး။ တကယ်လို့ သားတော် ဒုက္ခဖြစ်ရရင်လည်း မြွေနဲ့ မိကျောင်း နှစ်မျိုးကြောင့်ပဲ ဖြစ်မှာပါ။ သင်းတို့ကို သားတော် လုံးဝမကြောက်ပါဘူး။ ရင်ဆိုင် တိုက်ပြပါမယ်။ ဒါကြောင့် ကမ္ဘာလောကကြီးကို လှည့်လည်ခွင့် ပြုပါ" ဟု တောင်းဆိုသည်။

ဘုရင်ကြီးသည် သားတော်ကို လုံးဝ ခွင့်မပြုလိုပေ။ သို့သော် သားတော်က အကြိမ်ကြိမ် တောင်းဆိုသည့်အတွက် နောက်ဆုံးတွင် သားတော်အား သွားခွင့်ပြုလိုက်ရသည်။ သားတော်လေး မထွက်ခွာမီ ဘုရင်သည် သားတော်အား လက်နက်အမျိုးမျိုး ကိုင်တွယ်အသုံးပြုနည်းကို သင်ကြားပြသ၍ ပေးအပ်လိုက်သည်။ သားတော်လည်း သူ၏ ခွေးကလေးနှင့်အတူ ခရီး စတင်ထွက်ခဲ့ကြသည်။

မင်းသားလေးသည် မိုင်ပေါင်းများစွာ ခရီးပေါက်ခဲ့သည်။ နောက်ဆုံးတွင် တိုင်းပြည်တစ်ပြည်သို့ ရောက်လာသည်။ ထိုတိုင်းပြည်၏ ဘုရင်တွင် အလွန် ချောမော လှပသော သမီးတော်လေးတစ်ပါး ရှိသည်။ ဘုရင်သည် သမီးတော်လေးကို မြင့်မားသော မျှော်စင်ကြီးတစ်ခုပေါ်တွင် ထားသည်။ မျှော်စင်တွင် ကြီးမားသော ပြတင်းပေါက်ကြီး ခုနစ်ပေါက်ရှိသည်။ ပြတင်းပေါက် တစ်ခုစီသည် မြေပြင်မှ ခုနစ်ပေ ကွာဝေးသည်။

ထိုနေရာသို့ မင်းသားလေး ရောက်သွားသောအခါ မျှော်စင်ပတ်လည်တွင် အလွန်ကြီးမားသော လူအုပ်ကြီး ဝိုင်းအုံနေသည်ကို တွေ့ရသည်။ သေချာစွာ ကြည့်သောအခါ ထိုသူများမှာ လူငယ်လူရွယ်များဖြစ်ကြောင်း တွေ့ရသည်။ သူတို့သည် ပြတင်းပေါက်ပေါ်သို့ တွယ်တက်ကာ မင်းသမီးလေးထံ သွားရန် ကြိုးစားကြသည်။ မင်းသမီးလေးသည် သူ၏ ရှည်လျားလှသော ဆံပင်ကြီးကို ဖြန့်ချကာ ပြတင်းပေါက်ပေါ် တွယ်တက်နေသူများကို ငုံ့ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေးသည် အနီးရှိ လူများအား အကျိုးအကြောင်း မေးကြည့်သည်။ ထိုသူများက "ဘုရင်ကြီးသည် သူ့သမီးတော်ရှိရာ မျှော်စင်ပေါ်သို့ ရောက်အောင် တက်နိုင်သူအား သမီးတော်နှင့် လက်ထပ် ထိမ်းမြားပေးမည်" ဟု ကြေညာထားကြောင်း ပြောပြကြသည်။ ထိုအကြောင်းကို သိရလျှင် မင်းသားလေးသည် သူကိုယ်တိုင်လည်း ပါဝင် ယှဉ်ပြိုင်လိုစိတ် ပေါ်လာသည်။ ထို့ကြောင့် သူသည် အလွန်တရာ ချောမွေ့ ပြောင်လက်နေသော နံရံကို စတင်တက်သည်။ သူသည် မျှော်စင်နံရံရှိ သေးငယ်သော အပေါက်ကလေးများကို လက်ဖြင့် ကုပ်ကာ တဖြည်းဖြည်း တက်သည်။ ဤသို့ဖြင့် အထက်သို့ တဖြည်းဖြည်း ရောက်လာသည်။ မကြာမီပင် သူသည် အခြား ယှဉ်ပြိုင်ဘက်များထက် ပို၍မြင့်သော နေရာသို ရောက်လာသည်။ သူသည် သန်မာထွားကျိုင်းသူ ဖြစ်သည်။ စိတ်ဓာတ်လည်း ကြံ့ခိုင်သူ ဖြစ်သည်။ ပြတင်းပေါက် ရှိရာသို့ ရောက်အောင် တက်ရန်လည်း ဆုံးဖြတ်ထားသည်။

အောက်ဘက်ရှိ လူအုပ်ကြီးသည် မင်းသားအား ဝိုင်းကြည့်နေကြသည်။ အခြား ယှဉ်ပြိုင်ဘက်များမှာ မည်မျှ ကြိုးစားစေကာမူ ခြေချော်၍ အောက်သို့သာ ပြုတ်ကျကုန်ကြသည်။ မင်းသားသည် တဖြည်းဖြည်း ပြတင်းပေါက်နှင့် နီးကပ်လာသည်။ သူသည် မည်မျှ အမြင့် ရောက်ပြီကို သိလို၍ ငုံ့ကြည့်ရန် ခေတ္တ ရပ်နားလိုက်မိသည်။ ဤတွင် သူသည် ခြေချော်ကာ အောက်သို့ ကျသွားတော့သည်။

သူသည် လဲနေရာမှ လူးလဲထကာ "ငါ ထပ်ကြိုးစားဦးမယ်" ဟု ဆိုသည်။ အနီးရှိ လူငယ်များကလည်း သူ့ကို ဩဘာပေးကြသည်။ သူသည် နောက်တစ်ကြိမ် ထပ်၍ ကြိုးစားသည်။ ဤတစ်ကြိမ်တွင် တက်ရသည်မှာ ပို၍ လွယ်ကူလာသည်။ သူသည် ဖွဲမလျှော့ရန် ဆုံးဖြတ်ထားသည်။ မင်းသမီးလေးကလည်း သူ့အား ငုံ့ကြည့်ကာ "ဆက်ကြိုးစားပါ မောင်၊ ဒီတစ်ခါတော့ အောင်မြင်ရမယ်" ဟု အားပေးသည်။ ယခုတစ်ကြိမ်တွင် သူသည် အောက်သို့ လုံးဝ ငုံ့မကြည့်တော့ပေ။ ပြတင်းပေါက်ဆီသို့သာ ဦးတည်ထားသည်။ အံခဲ၍ ကြိုးစားတက်သည်။ နောက်ဆုံးတွင် မင်းသမီးလေးရှိရာ ပြတင်းပေါက်သို့ ရောက်သွားသည်။ မင်းသမီးလေးသည် သူ့အား အတွင်းသို့ ခေါ်ဆောင်သွားသည်။ လူအုပ်ကြီးကလည်း သူတို့အား ကောင်းချီးပေးကြရာ အသံများမှာ ဆူညံနေတော့သည်။

လူအုပ်ကြီးက မင်းသားအား မည်သည့်အရပ်မှ ဖြစ်ကြောင်း မေးကြသည်။ မင်းသားက သူသည် အီဂျစ်ပြည်မှဖြစ်ကြောင်း ပြောပြသည်။ ဤသတင်းကို မင်းကြီးကြားလျှင် အလွန်ပင် ဒေါသထွက်သွားသည်။ သူသည် အီဂျစ်အာဏာနှင့် မသင့်မမြတ် ဖြစ်နေရာ မင်းသားအား

www.burmeseclassic.com

www.burmeseclassic.com



သတ်ရန် အမိန့်ပေးလိုက်သည်။ ဤသတင်းကို မင်းသမီးလေး ကြားလျှင် "မင်းသား သေပါက မိမိပါ လိုက်၍သေမည်" ဟု ပြောသည်။

ထိုသတင်းကို မင်းကြီးကြားသော် အလွန် အံ့သြသွားသည်။ "မင်းသားသည် မည်သို့သောသူမျိုး ဖြစ်သနည်း" ဟု သိလိုလာသည်။ ထို့ကြောင့် မင်းသားအား မသတ်ဘဲ မိမိရှေ့တော်သို့ သွင်းရန် အမိန့်ပေးလိုက်သည်။

မင်းသားအား တွေ့သောအခါ ဘုရင်သည် အလွန်သဘောကျသွားသည်။ မင်းသားလေးသည် ရုပ်ရည် ချောမောရုံသာမက ရဲစွမ်းသတ္တိနှင့်လည်း ပြည့်စုံသည်။ စိတ်ကောင်းနှလုံးကောင်းလည်း ရှိသည်။ ဘုရင်က မင်းသားလေးအား အဘယ်ကြောင့် အီဂျစ်ပြည်မှ ထွက်ခွာလာရကြောင်း မေးသည်။ မင်းသားလေးက သူသည် မည်သူဖြစ်ကြောင်းနှင့် အဘယ့်ကြောင့် ခရီးထွက်လာကြောင်း ရှင်းပြသည်။ မင်းသားလေး၏ အဖြေကို ကြားလျှင် ဘုရင်သည် ပိုမို နှစ်သက်သွားသည်။ ထို့ကြောင့် သမီးတော်နှင့် လက်ဆက်ပေးကာ နန်းတော်တွင် ပျော်ရွှင်စွာ နေစေသည်။

မင်းသားလေးနှင့် မင်းသမီးလေးတို့လည်း ပျော်ရွှင်စွာနေထိုင်ကြသည်။ သို့သော် ကာလအတန်ကြာသောအခါ မင်းသားလေးသည် ထိုနိုင်ငံတွင် နေရသည်ကို ငြီးငွေ့လာသည်။ သူသည် မိမိဇာတိ အီဂျစ်ပြည်သို့ ပြန်လိုလာသည်။ မင်းသမီးလေးက မိမိလည်း မင်းသားနှင့်အတူ လိုက်ပါလိုကြောင်း ငိုယိုပြောဆိုသည်။ သို့သော် မင်းသားလေးက "ဤမျှ ကြမ်းတမ်းသော လမ်းခရီးသည် မိန်းမသားတစ်ဦးနှင့် မသင့်တော်ပါ။ သူ မကြာမီ ပြန်လာပါမည်။ သူသည် သစ္စာရှိသူ ဖြစ်ပါသည်" ဟု နှစ်သိမ့်စကား ဆိုသည်။ မင်းသမီးလေးကို ထားခဲ့ကာ အဖော်မွန် ဖြစ်သော ခွေးကလေးနှင့်သာ သွားရန် စီစဉ်သည်။

မင်းသား ခရီးမထွက်မီ ညတွင် ထူးဆန်းသော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်သည်။ ထိုညတွင် မင်းသားသည် ဖဲအိပ်ရာကြီးပေါ်တွင် အိပ်နေသည်။ မင်းသမီးလေးက အနီးမှ စောင့်နေသည်။ ညသန်းခေါင်ယံ အချိန်သို့ ရောက်လျှင် နန်းတော်၏ နံရံတွင်းမှ မကောင်းဆိုးဝါး မြွေကြီးတစ်ကောင် ထွက်လာသည်။ မြွေကြီးသည် အိပ်ပျော်နေသော မင်းသားကို ပေါက်သတ်မည်ပြုသည်။ မင်းသမီးလေးသည် ဤအဖြစ်ကို မြင်လျှင် အလွန် ထိတ်လန့်သွားကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ထို့နောက်မှ အကြံရကာ နွားနို့ပူပူကို ခွက်ကြီးတစ်ခွက်တွင် ထည့်၍ မြွေကြီးအား တိုက်သည်။ မြွေကြီးသည် နွားနို့များကို အားရအောင် သောက်ပြီးသော် ဗိုက်ပြည့်ကာ အိပ်ပျော်သွားတော့သည်။ မြွေကြီး အိပ်ပျော်နေစဉ် မင်းသမီးလေးသည် မြွေကြီးအနီးသို့ အသာကပ်သွားကာ ဓားဖြင့် ထိုးသတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားလည်း အသံများကြား၍ အိပ်ရာမှ နိုးလာသည်။ မြွေသေကြီးကို တွေ့သော် သူသည် အလွန်အံ့ဩသွားသည်။ သူ့စိတ်တွင်း၌လည်း 'ဒုတိယ ဟောကိန်းတော့ ပျက်ပြယ်သွားပြီ။ တတိယဟောကိန်းပဲ ကျန်တော့တယ်' ဟု ဆိုမိသည်။

နောက်တစ်နေ့တွင် မင်းသားသည် မင်းသမီးလေးအား နှုတ်ဆက်ပြီးနောက် ခွေးကလေးကို ဆွဲကာ ခရီးထွက်ခဲ့သည်။ ခရီး အတန်ငယ် ပေါက်မိသော် ရေကန်ကြီးတစ်ကန်ကို တွေ့ရသည်။

ထိုအချိန်တွင် ရာသီဥတုမှာ အလွန်ပူသည်။ မင်းသားလေးသည် ပင်ပန်း နွမ်းနယ်နေပြီး တစ်ကိုယ်လုံးမှာလည်း ညစ်ပေနေသည်။ ထို့ကြောင့် ရေချိုးရန် ရေထဲသို့ ဆင်းလိုက်သည်။ ခွေးကလေးကလည်း သူနှင့် ထက်ကြပ်မကွာ လိုက်ကာ ရေကူးသည်။

ထိုရေကန်ထဲတွင် ရောမ မိကျောင်းကြီးတစ်ကောင် ရှိသည်။ ထိုမိကျောင်းကြီးသည် ရုတ်တရက် ပေါ်လာကာ မင်းသားလေးနောက်သို့ လိုက်လေတော့သည်။ မင်းသားလေးနှင့် ခွေးကလေးတို့သည် ကမ်းစပ်သို့ရောက်အောင် ကူး၍ ပြေးကြသည်။ မိကျောင်းကြီးကလည်း နောက်မှ ရေကူး၍ လိုက်သည်။ မကြာမီ မိကျောင်းကြီးသည် သူတို့ကို မီလာသည်။

ဤတွင် မင်းသားလေးသည် အရှုံးမပေး၊ ရဲရံ့စွာဖြင့် ခါးကြားမှ ဓားမြှောင်ကို ထုတ်ကာ မိကျောင်းကြီးကို တိုက်ခိုက်သည်။ ခွေးကလေးကလည်း မင်းသားလေးဘက်မှ ကူညီသည်။ နောက်ဆုံးတွင် မိကျောင်းကြီးသည် အရေးနိမ့်ကာ မင်းသားလေး၏ လက်ချက်ဖြင့် သေဆုံးသွားလေသည်။ မင်းသားလေးက 'တတိယဟောကိန်း ပျက်ပြယ်ပြန်ပြီ' ဟု ဝမ်းမြောက်ဝမ်းသာ ဆိုကာ ဆက်လက် ထွက်ခွာလာခဲ့သည်။


မကြာမီ သူသည် အီဂျစ်ပြည်သို့ ရောက်ရှိသည်။ ခမည်းတော်နှင့် မယ်တော်တို့သည် သားတော်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။ မင်းသားလေးက ဟောကိန်းများ ပျက်ပြယ်သွားပြီ ဖြစ်ကြောင်းနှင့် မင်းသမီးလေး အကြောင်းကို ပြောပြသည်။

ခမည်းတော်နှင့် မယ်တော်တို့လည်း ဝမ်းမြောက်မဆုံး ရှိကြသည်။ သူတို့၏ ခွင့်ပြုချက်အရ မင်းသားလေးသည် အခြွေအရံများနှင့် အတူ ခမ်းနား ကြီးကျယ်စွာဖြင့် မင်းသမီးလေးကို သွားရောက် ခေါ်ငင်သည်။ သားတော်နှင့် သမီးတော်ကို အကြောင်းပြု၍ မင်းနှစ်ပါးလည်း သင့်မြတ်သွားကြသည်။ မင်းသားလေးတို့ မောင်နှံသည် မင်းသားလေး နိုင်ငံတွင် တစ်လှည့်၊ မင်းသမီးလေး နိုင်ငံတွင် တစ်လှည့် ပျော်ရွှင်စွာ စံမြန်း နေထိုင်ကြလေသည်။

(အီဂျစ်ပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com



## လိုတရကြက်ဥလုံး

တစ်ခါက တောစပ်နားရှိ တဲကလေးတစ်ခုတွင် အဘိုးအိုနှင့် အဘွားအို ဇနီးမောင်နှံ နှစ်ဦးတို့ နေထိုင်ကြသည်။ သူတို့သည် အလွန်ပင် ဆင်းရဲကြသည်။ သူတို့တွင် နွား၊ မြင်း၊ ဝက် စသော အဖိုးတန် တိရစ္ဆာန် တစ်ကောင်မျှ မရှိ။ အညိုရောင် ကြက်မကလေး တစ်ကောင်သာ ရှိသည်။

ထိုကြက်မကလေးသည် တစ်ခါမျှ ဥ မအုပေ။ ထို့ကြောင့် တစ်နေ့တွင် အဘိုးအိုက သူ့ဇနီးအား "ရှင်မရေ၊ ဒီကြက်မက တစ်ခါမှလည်း ဥ မအုဘူး။ ဒါကြောင့် သူ့ကို သတ်စားရအောင်။ ဒါဆိုရင် တို့အတွက် အနည်းဆုံး တစ်နပ်စာ ဟင်းကောင်းကောင်းလည်း ရမယ်။ နောက်ပြီး ကြက်သားစွပ်ပြုတ် တစ်ပန်းကန်လောက်လည်း ကောင်းကောင်းရမယ်" ဟု ပြောလိုက်သည်။

အဘွားအိုလည်း သဘောတူသည်။ ထို့ကြောင့် အဘိုးအိုသည် ကြက်ကို သတ်စားရန် ထွက်သွားသည်။ သို့သော် အဘိုးအိုသည် ကြက်မကလေး၏ အနီးသို့ရောက်သော် အလွန် အံ့သြသွားသည်။ အကြောင်းမှာ ကြက်မကလေးသည် ကြက်ဥတစ်လုံးကို အုထားသောကြောင့် ဖြစ်သည်။ အဘိုးအိုသည် ကြက်ဥကို ကောက်ယူလိုက်ရာ သူ့လက်မှ လွတ်ကာ မြေပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ကျသွားသည်။ သို့သော် ကြက်ဥသည် လုံးဝ မကွဲပေ။ သေချာစွာ ကြည့်လိုက်သောအခါ ကြက်ဥမှာ ရွှေကြက်ဥတစ်လုံး ဖြစ်နေသည်ကို တအံ့တဩ တွေ့ရသည်။

အဘိုးအိုသည် အလွန် ဝမ်းသာသွားသည်။ 'ငါတို့တော့ ကြက်ကို သတ်စားစရာ မလိုတော့ဘူး။ ကြက်မကလေးဟာ နောက်နေ့တွေမှာလည်း ရွှေကြက်ဥတွေ အများကြီး ဥဦးမှာပဲ။ တို့တော့ သူဌေးဖြစ်တော့မယ်' ဟု စိတ်ကူးမိသည်။

အဘိုးအို ဇနီးမောင်နှံသည် ကြက်မကလေးကို မသတ်တော့ပေ။ သူတို့သည် ကြက်မကလေးကို သူတို့၏ အိမ်တွင်း၌ ကောင်းမွန်စွာ ထားတော့သည်။

တစ်နေ့သော် ကြက်မကလေးသည် ခပ်လှမ်းလှမ်းရှိ တောအုပ်ထဲသို့ လျှောက်လည်ရင်းမှ မျက်စိလည် လမ်းမှားကာ အိမ်သို့ ပြန်ရောက်မလာတော့ပေ။

အဘွားအိုသည် ဝမ်းနည်းလွန်းသဖြင့် ငိုရှာသည်။ "ကြက်မကလေးကို တစ်ယောက်ယောက် ခိုးသွားပါပြီ။ ဒါဟာ ရှင် အသုံးမကျလို့ ဖြစ်ရတာပဲ" ဟု အဘိုးအိုအား အံပြစ်တင်ပြောဆိုလေသည်။

အဘိုးအိုက "သိပ်လည်း စိတ်မပူပါနဲ့ကွာ။ ငါ သွားရှာပေးပါ့မယ်" ဟု ပြောကာ ထွက်ခွာသွားလေသည်။ အဘိုးအိုသည် အသက်ကြီးပြီဖြစ်၍ ခြေထောက်များမှာ ကောင်းစွာ မသန်တော့ပေ။ ထို့ကြောင့် တောင်ဝှေး လက်စွဲပြုလျက် တောတွင်းသို့ ထွက်ခဲ့သည်။

အဘိုးအိုသည် တောတွင်း၌ ကြက်ကို နေရာအနှံ့ လျှောက်၍ရှာရာ တဖြည်းဖြည်း ခြေကုန်လက်ပန်း ကျလာသည်။ သို့သော် ကြက်မကလေးကိုကား အရိပ်အယောင်မျှ မမြင်ရပေ။

မကြာမီ အဘိုးအိုသည် စုန်းမအိုကြီးတစ်ဦး နေထိုင်သော တဲကလေးတစ်ခုသို့ ရောက်သွားသည်။ စုန်းမအိုကြီးသည် တံမြက်စည်း တစ်ချောင်းကို လက်တွင်ကိုင်ကာ တံခါးဝတွင် ရပ်နေသည်။

အဘိုးအိုက စုန်းမကြီးအား လေးစားစွာ နှုတ်ဆက်သည်။ စုန်းမကြီးကလည်း ကောင်းမွန်စွာပင် ပြန်လည် နှုတ်ဆက်သည်။

အဘိုးအိုက စုန်းမကြီးအား သူ့ကြက်မကလေး ပျောက်သွားသည့် အကြောင်းကို ပြောပြပြီး "ကြက်မကလေးအား တွေ့မိပါသလော" ဟု မေးသည်။

စုန်းမအိုကြီးမှာ သနားကြင်နာတတ်သူ ဖြစ်သည်။ စုန်းမအိုကြီးက "လုံးဝ မတွေ့မိပါဘူး။ ဒါပေမဲ့ ကျွန်ုပ် သင့်ကို တစ်ခု ကူညီပါ့မယ်။ သင့်ကို လိုတရတဲ့ မြင်းတစ်ကောင် ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်။ သင့်နှုတ်က "မြင်းကလေးရယ် ဟီလိုက်စမ်းပါကွယ်" လို့ ဆိုလိုက်ပါ။ ဒီအခါ မြင်းကလေးက သင့်အတွက် စားစရာတွေ အများကြီး ပေးပါလိမ့်မယ်" ဟု ပြောသည်။

အဘိုးအိုလည်း စုန်းမကြီးအား ကျေးဇူးတင်စကား အကြိမ်ကြိမ် ဆိုသည်။ "အို ကျွန်တော့်ဇနီးသာ သိရင် သိပ်ကို ဝမ်းသာရှာမှာပဲ" ဟု ပြောသည်။

ထို့နောက် အဘိုးအိုသည် မြင်းကို လှမ်းကြည့်လိုက်ရာ အလွန် အံ့သြသွားသည်။ မြင်းမှာ အားအင်ချည့်နဲ့၍ အလွန်ကြုံလှီသော မြင်းပိန်ကလေး တစ်ကောင် ဖြစ်နေသည်။ လည်ဆံမွေးများမှာလည်း ကျိုးတိုးကျဲတဲနှင့် ဖရိုဖရဲ ဖြစ်နေသည်။

အဘိုးအိုက "ကိစ္စမရှိပါဘူး ခင်ဗျာ၊ မြင်းက အမြင်မလှပေမယ့် အကျိုးပြုမှာပါ" ဟု ဆိုကာ မြင်းကို ဆွဲလျက် ထိုနေရာမှ ထွက်လာခဲ့သည်။

မကြာမီ သူသည် ထမင်းဆိုင် တစ်ဆိုင်သို့ ရောက်လာသည်။ ဆိုင်အပြင်ဘက်၌ ဆိုးသွမ်းသော လူငယ်တစ်စုသည် တစ်ဦးနှင့်တစ်ဦး လှောင်ပြောင် အော်ဟစ်ကာ မတ်တတ်ရပ်နေကြသည်။ သူတို့သည် အဘိုးအိုနှင့် မြင်းပိန်ကလေးကို မြင်သောအခါ ဝိုင်း၍ ရယ်မောကာ ပြောင်လှောင်ကြသည်။

အဘိုးအိုက "ရယ်ကြပါ၊ ရယ်ကြပါ သူငယ်တို့ရယ်။ ဒါပေမဲ့ "မြင်းကလေးရယ် ဟီလိုက်စမ်းပါကွယ်" လို့တော့ မပြောလိုက်နဲ့" ဟု ပြောလိုက်သည်။

လူငယ်များလည်း အရယ်ရပ်လိုက်ကြသည်။ လျှို့ဝှက်ချက်ကို သိလိုသဖြင့် ချက်ချင်းပင် "မြင်းကလေးရယ် ဟီလိုက်စမ်းပါကွယ်" ဟူ၍ တစ်ပြိုင်နက်တည်း အော်ကြသည်။ ထိုသို့ အော်လိုက်သည်နှင့် တစ်ပြိုင်နက် မြင်းက ဟီလိုက်ရာ ပန်းကန်နှင့် အပြည့်ထည့်ထားသော စားကောင်း သောက်ဖွယ်များသည် ထူးဆန်းစွာပင် သူတို့ရှေ့တွင် ပေါ်လာသည်။

အဘိုးအိုလည်း လူငယ်များအား "တွေ့ကယ်မဟုတ်လား၊ ငါပြောသားပဲ" ဟု ဆိုလိုက်သည်။

လူငယ်များသည် အဘိုးအိုအား ရိုသေလေးစားသည့် အသွင် ပြကြသည်။ သူတို့သည် အဘိုးအိုအား ထမင်းဆိုင်တွင်း၌ တစ်ညတာမျှ တည်းခို အိပ်စက်ပါရန် လှည့်ဖြား ဖိတ်ခေါ်ကြသည်။ အဘိုးအိုလည်း သူတို့ကို ယုံကြည်ကာ ဖိတ်ခေါ်ချက်ကို လက်ခံလိုက်သည်။ အဘိုးအိုသည် အလွန် မောပန်းလာရကား ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားတော့သည်။ အဘိုးအို အိပ်ပျော်နေစဉ် အချိန်အတွင်း ဆိုးသွမ်းသော လူငယ်များသည် အဘိုးအို၏ မြင်းကို အခြား မြင်း တစ်ကောင်နှင့် လဲယူထားလိုက်ကြသည်။

www.burmeseclassic.com



အဘိုးအိုသည် အိပ်ရာမှ နိုးလာသောအခါ မြင်းကို ဆွဲ၍ လျှင်မြန်စွာ ထွက်ခွာသွားသည်။ သူသည် သူ့မြင်းအား လဲယူထားသည်ကို လုံးဝ သတိမပြုမိပေ။

အိမ်သို့ ရောက်သည်နှင့် အဘိုးအိုသည် ဇနီးဖြစ်သူအား လှမ်းခေါ်ကာ "ကြည့်ပါဦး ရှင်မရေ၊ မင်းအတွက် အကောင်းဆုံးလက်ဆောင် ပါလာတယ်။ 'မြင်းကလေးရယ် ဟီလိုက်စမ်းပါကွယ်' လို့ ရှင်မနှုတ်က ပြောလိုက်ရုံနဲ့ တို့ရှေ့ကို စားကောင်းသောက်ဖွယ်တွေ အများကြီး ရောက်လာလိမ့်မယ်" ဟု အော်ပြောလိုက်သည်။

အဘွားအိုလည်း ဝမ်းမြောက် ဝမ်းသာပင် အိမ်အပြင်သို့ ပြေးထွက်လာသည်။ အဘွားအိုက "မြင်းကလေးရယ် ဟီလိုက်စမ်းပါကွယ်" ဟု ပြောသည်။ သို့သော် ဘာမျှ ပေါ်မလာပေ။ အကြိမ်ကြိမ် အဖန်ဖန် ပြောသော်လည်း မည်သည့်အရာမျှ ပေါ်မလာခဲ့ပေ။ အဘွားအိုသည် အဘိုးအိုအား "ရှင်ဟာ အရူးပဲ" ဟု ဆိုကာ လှေကားထိပ်မှ လှမ်း၍ တံမြက်စည်းဖြင့် ရိုက်လေသည်။

အဘိုးအိုသည် စိတ်ပျက်လက်ပျက် ဖြစ်ကာ မြင်းကိုဆွဲ၍ အိမ်မှ ထွက်လာခဲ့သည်။ သူသည် ခြေဦးတည့်ရာ လျှောက်သွားရာ အတန်ကြာသော် စုန်းမအိုကြီး၏ တဲရှေ့သို့ ပြန်ရောက်လာသည်။ အဘိုးအိုလည်း စုန်းမအိုကြီးအား အပြစ်တင် ပြောဆိုသည်။ စုန်းမအိုကြီးက "ဒီမြင်းဟာ သင့်ကို ကျွန်ုပ်ပေးလိုက်တဲ့မြင်း မဟုတ်ဘူး။ လမ်းမှာ သင် ဘယ်နေရာတွေ ဝင်ခဲ့သေးလဲ" ဟု မေးလိုက်သည်။

ထိုအခါကျမှ အဘိုးအိုသည် လမ်းရှိ ထမင်းဆိုင် တစ်ဆိုင်တွင် သူ အိပ်ပျော်သွားခဲ့ကြောင်းကို ပြန်လည် သတိရလာသည်။ သူက စုန်းမအိုကြီးအား အကျိုးအကြောင်း ပြောပြသည်။

စုန်းမအိုကြီးက "ဒါဆိုရင် ဟောဒီ ကြိမ်လုံးကို ယူပြီး ထမင်းဆိုင်ကို ပြန်သွားပါ။ မြင်းခိုးသွားတဲ့ သူငယ်တွေကို တွေ့ရင် "ရိုက်၊ ရိုက်" လို့ အော်ပါစေ။ ကြိမ်လုံးဟာ လေထဲမှာ ပျံဝဲသွားပြီး သူတို့ကို ရိုက်ပါလိမ့်မယ်။ နောက်ဆုံးမှာ သူတို့က အရိုက်ရပ်ဖို့ တောင်းပန်ပြီး မြင်းကို ပြန်ပေးပါလိမ့်မယ်" ဟု ပြောလိုက်သည်။

အဘိုးအိုလည်း စုန်းမအိုကြီးအာ ကျေးဇူးတင်စကား ဆိုကာ ထမင်းဆိုင် ရှိရာသို့ ပြန်လည် ထွက်ခွာသွားတော့သည်။

ထမင်းဆိုင်ရှိ လူငယ်များသည် အဘိုးအိုကို မြင်လျှင် ရယ်မောကြကာ "အဘိုးကြီး ဒီတစ်ခါတော့ ဘာမျှား ပါသေးသလဲ" ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက "ဒီတစ်ခါတော့ မင်းတို့အတွက် လိုတရကြိမ်လုံးပဲ ပါတယ်။ သူ့ကို 'ရိုက်၊ ရိုက်' လို့တော့ မအော်လိုက်ကြပါနဲ့နော်" ဟု ပြောလိုက်သည်။

သို့သော် လူငယ်များသည် လျှို့ဝှက်ချက်ကို သိချင်ကာ "ရိုက်၊ ရိုက်" ဟု ပြိုင်တူ အော်လိုက်ကြသည်။ ဤသို့ အော်လိုက်သည်နှင့် တစ်ပြိုင်နက် ကြိမ်လုံးသည် လေထဲသို့ ပျံဝဲသွားပြီးနောက် ထိုလူငယ်တစ်စုအား တရွှမ်းရွှမ်းမြည်အောင် ရိုက်လေတော့သည်။ ကြိမ်လုံးဖြင့် ရိုက်သောဒဏ်မှာ လူငယ်များအဖို့ တစ်သက်တွင် မကြုံဘူးလောက်အောင် ပြင်းထန်လှပြီး အလွန် နာကျင်ကြလေသည်။ နောက်ဆုံးတွင် သူတို့သည် မခံမရပ်နိုင်သဖြင့် "ကယ်တော်မူပါ၊ ကယ်တော်မူပါ" ဟု အော်ဟစ် တောင်းပန်ကြသည်။

အဘိုးအိုက "မင်းတို့ ခိုးထားတဲ့ ငါ့မြင်းကို ပြန်ပေးရင် မင်းတို့ကို အရိုက်ရပ်ဖို့ ပြောပေးမယ်" ဟု ဆိုသည်။

လူငယ်များလည်း အဘိုးအို၏မြင်းကို ပြန်ပေးလိုက်ကြသည်။ အဘိုးအိုက ကြိမ်လုံးအား "ရပ်ပေတော့" ဟု ဆိုလိုက်သည်။ ကြိမ်လုံးလည်း အရိုက် ရပ်သွားသည်။ ဆိုးသွမ်းလူငယ်များလည်း ထိတ်လန့်သွားကြသည်။ နောင်အခါ မကောင်းမှု မပြုရန် ဆုံးဖြတ်လိုက်ကြသည်။ အဘိုးအိုလည်း သူ့မြင်းကိုယူကာ ဂုဏ်ယူဝင့်ကြွားစွာဖြင့် အိမ်သို့ ပြန်လာခဲ့လေသည်။

အိမ်၌ အဘွားအိုသည် အဘိုးအိုအား စောင့်မျှော်နေသည်။ သူသည် အဘိုးအိုအား တံမြက်စည်းဖြင့် ရိုက်မိသည့်အတွက် အလွန် စိတ်မကောင်း ဖြစ်နေရှာသည်။ သူ့ခင်ပွန်း ပြန်လာသည်ကို မြင်သောအခါ တောင်းပန်သည်။ အဘိုးအိုက ခွင့်လွှတ်ကာ တကယ့် လိုတရမြင်း အစစ်ကို ပြသောအခါ အဘွားအိုသည် အလွန် ဝမ်းသာသွားသည်။ ထိုနေ့မှစ၍ အဘွားအိုသည် အိမ်မှုကိစ္စများကို ဘာမျှ မလုပ်ရတော့ပေ။ မြင်းထံမှ အစာများ တောင်းခံကာ သူတို့ ဇနီးမောင်နှံသည် အသက်ထက်ဆုံး ချမ်းချမ်းသာသာ နေထိုင်သွားကြရလေတော့သည်။

(ကော့ကေးရှပ်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## ပျားရည်တစ်စက်

ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် ဘုရင်တစ်ပါး ရှိသည်။ ထိုဘုရင်တွင် အကျင့်တစ်ခု ရှိသည်။ ထိုအကျင့်မှာ ထမင်းစားပြီးတိုင်း ပျားရည်လျက်ခြင်းပင် ဖြစ်သည်။

တစ်နေ့သော် ထိုဘုရင်သည် ခါတိုင်းကဲ့သို့ပင် ထမင်းစားပြီးချိန်တွင် ပျားရည်လျက်သည်။ ထိုအခါ ပျားရည်တစ်စက်သည် နန်းတော်ကြမ်းပြင်ပေါ်သို့ ဖိတ်ကျသွားသည်။ ထိုအခြင်းအရာကို ယင်ကောင်တစ်ကောင်က မြင်သွားသည်။ ယင်ကောင်သည် တစ်နေရာတွင် နားနေရာမှ ကြမ်းပြင်ပေါ်သို့ ပျံဆင်းလာကာ ပျားရည်ကို သောက်သည်။ ထိုယင်ကောင်ကို အိမ်မြှောင်တစ်ကောင်က ချောင်းနေသည်။ အိမ်မြှောင်သည် အလစ်တွင် ယင်ကောင်ကို ဖမ်းယူ၍ စားလိုက်သည်။ ထိုအိမ်မြှောင်မှာလည်း ဘေးရန်မှ မလွတ်၊ နန်းတော်တွင်းရှိ ကြောင်တစ်ကောင်သည် သူ့အနီးတွင် အိပ်နေသည်။ ထိုကြောင်သည် အိပ်နေရာမှ နိုးလာသည်။ သူသည် အိမ်မြှောင်ကိုမြင်သော် ဖမ်းယူကာ စားလိုက်တော့သည်။

ဤသို့ ကြောင်က အိမ်မြှောင်ဖမ်းသည်ကို နန်းတွင်းသား တစ်ယောက်၏ ခွေးက မြင်တွေ့သွားသည်။ ထိုခွေးသည် မနေနိုင်၊ ကြောင်ကို ဖမ်းပြန်သည်။ ဤတွင် ကြောင်နှင့်ခွေးတို့ အပြန်အလှန် လုံးထွေး သတ်ပုတ်ကြတော့သည်။ နောက်ဆုံးတွင် ခွေးက အနိုင်ရရှိသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခွေးသည် ကြောင်ကို နန်းတော် အပြင်ဘက်သို့ ချီသွားကာ ကိုက်သတ်လိုက်တော့သည်။

သေဆုံးသွားသော ကြောင်မှာ ဘုရင့်အစေအပါး တစ်ဦး၏ ကြောင် ဖြစ်သည်။ သူသည် ထိုကြောင်ကို အလွန်ချစ်သည်။ ကြောင်သေဆုံးသဖြင့် သူသည် အလွန် ဒေါသဖြစ်ကာ ခွေးပိုင်ရှင် နန်းတွင်းသားနှင့် စကားများ ရန်ဖြစ်ကြတော့သည်။ နောက်ဆုံးတွင် ရန်ပွဲမှာ အလွန်ပြင်းထန်လာသည်။ ခွေးပိုင်ရှင်သည် ကြောင်ပိုင်ရှင်ကို ဓားဖြင့် ခုတ်လေသည်။ ကြောင်ပိုင်ရှင်လည်း နေရာတွင်ပင် သေဆုံးသွားသည်။

ထိုအဖြစ်အပျက်သည် တစ်ခဏအတွင်းမှာပင် နန်းတော်တစ်ခုလုံးသို့ တောမီးပမာ ပျံ့နှံ့သွားသည်။ သေဆုံးသွားသူ၏ မိတ်ဆွေများသည် ထိုသတင်းကို ကြားသည်နှင့် တစ်ပြိုင်နက် ခွေးပိုင်ရှင်ထံသို့ စုရုံး ရောက်ရှိလာကြသည်။ ခွေးပိုင်ရှင်လည်း သူ့မိတ်ဆွေများထံ အပြေးအလွှား သွားရောက် လူစုသည်။ မကြာမီပင် ထိုအုပ်စုနှစ်စုသည် ရင်ဆိုင် တွေ့ကြသည်။ တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် တိုက်ခိုက်ကြသည်။

ထိုသတင်းသည် ဘုရင့်နားတော်သို့ ရောက်သွားသည်။ ဘုရင်လည်း သူ၏ ရဲမက်တို့ကို အလျင်အမြန် စေလွှတ်ကာ ရန်ပွဲကို ဖြေရှင်းစေသည်။ သို့သော် မအောင်မြင်ပေ။ မကြာမီပင် ဘုရင်ကိုယ်တိုင်မှာလည်း အုပ်စု တစ်စု၏ ဓားချက်ဖြင့် မတော်တဆထိကာ နတ်ရွာစံသွားသည်။ ဤတွင် အုပ်စုတစ်စုက အခြား အုပ်စုတစ်စုအား "ဘုရင်ကို လုပ်ကြံလို၍ ဤသို့ ဉာဏ်ဆင်ခြင်း ဖြစ်သည်" ဟု စွပ်စွဲတော့သည်။ အစွပ်စွဲခံရသော အုပ်စုကလည်း မခံမရပ်နိုင်ဖြစ်ကာ တုံ့ပြန်ကြသည်။ ရန်ပွဲမှာ ပိုမို ပြင်းထန်လာသည်။ ရန်ပွဲဘဝမှ စစ်ပွဲငယ်ကလေး အဖြစ်သို့ ကူးပြောင်းသွားသည်။ မြို့ရွာများ မီးလောင် ပျက်စီးကုန်ကြသည်။ လူများ သေဆုံးကြသည်။ နောက်ဆုံးတွင် တစ်နိုင်ငံလုံး ပျက်စီးသွားလေတော့သည်။

ဤသတင်းကို အိမ်နီးချင်း တိုင်းပြည် တစ်ပြည်၏ ဘုရင်က ကြားသည်။ ထိုဘုရင်သည် စစ်ပွဲစတင်ချိန်မှ နောက်ဆုံးအချိန်အထိ အခြေအနေ အရပ်ရပ်ကို စောင့်ကြည့်နေသည်။ အဆိုပါတိုင်းပြည် ပျက်စီးသွားကြောင်းကို ကြားလျှင်ကြားချင်း ထိုဘုရင်သည် တပ်တော်များနှင့်အတူ ဝင်ရောက်ကာ ထိုတိုင်းပြည်ကို အလွယ်တကူ သိမ်းပိုက်လိုက်လေသည်။ 'ပျားရည်တစ်စက်ကြောင့် တိုင်းပြည်ပျက်ရသော ဖြစ်ရပ်ကား သင်ခန်းစာယူဖွယ် ဖြစ်ပေသည်' ဟု ပညာရှိများက ဆိုကြပေသည်။

(မြန်မာပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com



## အရည်အချင်းရှိသူ

တစ်ခါက တိုင်းပြည်တစ်ပြည်တွင် ဘုရင်တစ်ပါး ရှိသည်။ တစ်နေ့သော် ထိုဘုရင်၏ ထံပါးတွင် ခစားနေသော အမတ်ချုပ်ကြီးသည် ကွယ်လွန်အနိစ္စ ရောက်သွားသည်။ ထို့ကြောင့် ဘုရင်သည် ထိုအမတ်ကြီးနေရာတွင် ခန့်အပ်ရန် လိုလာသည်။ ဤတွင် ဘုရင်အဖို့ အခက်အခဲ တစ်ခုနှင့် ရင်ဆိုင်ရတော့သည်။ အကြောင်းမှာ အမတ်ကြီး၏ နေရာအတွက် သင့်လျော်သော သူမှာ အမတ်သုံးဦး ရှိနေသောကြောင့် ဖြစ်သည်။ ဘုရင်သည် ထိုသုံးဦးထဲမှ မည်သူ့ကို ရွေးချယ်ရမှန်းမသိ ဖြစ်ကာ အခက်တွေ့နေသည်။

တစ်နေ့သ၌ ဘုရင်သည် နောက်လိုက်နောက်ပါ အခြွေအရံများနှင့် အတူ မြစ်ကမ်း စပ်သို့ ပျော်ပွဲစား ထွက်လာသည်။ ဘုရင်၏ အခြွေအရံများထဲတွင် အထက်ဖော်ပြပါ အမတ် သုံးဦးလည်း ပါလာခဲ့သည်။ သူတို့ ပျော်ပွဲစား ထွက်လာချိန်တွင် ပတ်ဝန်းကျင် တစ်ခုလုံးမှာ အလွန်သာယာသည်။ နေရောင်ခြည်ကြောင့် မြစ်ရေပြင်တစ်ခုလုံးမှာ တလက်လက် တောက်ပ နေသည်။ ထိုမြစ်ရေထဲတွင် ရေချိုးရသည်မှာ အရသာတစ်မျိုး ရှိလှသည်။ အခြွေအရံများက လည်း ဘုရင့်အား အတီးအမှုတ် အကအခုန်များဖြင့် ဖျော်ဖြေကြသည်။ ထို့နောက် သူတို့သည် မြက်ခင်းပေါ်တွင် ထိုင်ကာ အစားစားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်သည် မြစ်ဘက်သို့ မျက်နှာမူလျက် ထိုင်နေသည်။ သူ့အနီး၌ အမတ်ချုပ်အဖြစ် လျာထားသူ အမတ်သုံးဦးလည်း ထိုင်နေသည်။ ဤသို့ ရှိနေစဉ် မြစ်ထဲတွင် လုံးဝန်းသော အရာငယ်တစ်ခု မျောလာသည်ကို တွေ့ရသည်။

ဘုရင်က "ဟိုက မျောလာတာဟာ ဘာပါလိမ့်" ဟု မေးသည်။ ထိုအခါ အမတ်သုံးဦး ထဲမှ တစ်ဦးသည် ထိုအရာဝတ္ထုကို သေချာစွာ လှမ်းကြည့်ပြီးနောက် "မှန်လှပါ၊ အခု မျောလာတဲ့ အရာဟာ သစ်သီးတစ်လုံး ဖြစ်ဟန် တူကြောင်းပါ ဘုရား" ဟု လျှောက်ထားလိုက်သည်။

ဒုတိယအမတ်ကမူ ထိုင်နေရာမှထကာ ရေစပ်နားသို့ သွားရောက် ကြည့်ရှုသည်။ ထို့နောက် ဘုရင်ရှိရာသို့ ပြန်လှည့်လာကာ "မှန်လှပါ၊ သရက်သီးတစ်လုံး မျောလာကြောင်း ပါ ဘုရား" ဟု လျှောက်ထားလိုက်သည်။

ထိုစဉ် တတိယအမတ်သည် ထိုင်ရာမှထကာ မြစ်ကမ်းနားသို့ လျင်မြန်စွာ ပြေးသွား သည်။ ထို့နောက် ခေါင်းပေါင်းနှင့် အင်္ကျီကို ချွတ်ကာ ခါးတောင်းကျိုက်လျက် မြစ်အတွင်းသို့ ခုန်ဆင်းသွားသည်။ သူသည် သရက်သီးရှိရာသို့ လျင်မြန်စွာ ကူးခတ်သွားပြီး သရက်သီးကို ဆယ်ယူကာ မင်းကြီးအား ဆက်သသည်။

"အနံ့အရသာနှင့် အလွန်ပြည့်စုံသော သရက်သီး ဖြစ်ကြောင်းပါ ဘုရား။ အရှင်မင်း ကြီး သုံးဆောင်တော်မူပါ" ဟု သူက လျှောက်ထားသည်။

ဘုရင်သည် ထိုသူ၏ လုပ်ရည်ကိုင်ရည်ကို အလွန် ကျေနပ် အားရသွားသည်။ "အမတ် ချုပ်အဖြစ် ရွေးသင့်တဲ့သူကို ငါ အခုတွေ့ပြီ။ ဒီလို လုပ်ရည်ကိုင်ရည်ရှိတဲ့ သူမျိုးသာ အမတ် ချုပ် ဖြစ်သင့်တယ်" ဟု တစ်ကိုယ်တည်း ပြောဆိုလိုက်သည်။

ညနေစောင်းသော် သူတို့အားလုံး နန်းတော်သို့ ပြန်လာကြသည်။ နောက်တစ်နေ့ ညီလာခံတွင် ဘုရင်က "ကျွန်ုပ်ရဲ့ အမတ်ချုပ် နေရာအတွက် သင့်လျော်တဲ့သူကို ဒီနေ့ပဲ ရွေးလိုက်ပါပြီ။ ဒီလိုရွေးရာမှာ ရေထဲမျောပါလာတဲ့ သရက်သီးက အများကြီး အထောက်အကူ ပြုပါတယ်။ ရေထဲဆင်းပြီး သရက်သီး ဆယ်ယူပေးတဲ့ အမတ်ကို အမတ်ချုပ်အဖြစ် ရွေးလိုက် ပါပြီ" ဟု ဆိုကာ ယမန်နေ့က အဖြစ်အပျက်ကို ပြောပြသည်။ ဤတွင် အားလုံးပင် ဘုရင်၏ ရွေးချယ်မှုကို ထောက်ခံကာ တတိယအမတ်၏ လုပ်ရည်ကိုင်ရည် ရှိမှုကို ချီးကျူး ထောက်ခံ ကြလေသည်။

(မြန်မာပုံပြင်)

www.burmeseclassic.com

www.burmeseclassic.com



## အကြံပိုင်သူ

တစ်ရံရောအခါက တိုင်းပြည် တစ်ပြည်တွင် ဘုရင်တစ်ပါး ရှိသည်။ ထိုဘုရင်သည် မြင်းစီး ဝါသနာပါသည်။ ထို့ကြောင့် အားလပ်ချိန်များတွင် အနီးအနားရှိ နေရာဒေသများသို့ မြင်းစီးထွက်လေ့ ရှိသည်။

တစ်နေ့သော် ဘုရင်သည် ခါတိုင်းကဲ့သို့ပင် မြင်းစီးထွက်လာရာ တစ်နေရာသို့ အရောက်တွင် လယ်တဲကလေး တစ်ခုကို တွေ့ရသည်။ ထိုလယ်တဲကလေး၏ ဝင်းတံခါး၌ 'သောက မရှိ' ဟူသော ဆိုင်းဘုတ်ငယ်တစ်ခု ရေးသား ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ဘုရင်လည်း အလွန် စိတ်ဝင်စားသွားသည်။ သူက "ထူးဆန်းလိုက်တာ။ ငါဟာ တိုင်းပြည်ကို အုပ်ချုပ်တဲ့ဘုရင် ဖြစ်ပေမဲ့ ငါ့မှာ ပူပင်သောကတွေ အများကြီးပဲ။ လောကမှာ ပူပင်သောက မရှိဘဲ နေနိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား" ဟု စဉ်းစားနေသည်။ ထို့နောက် သူသည် သိလိုစိတ် ပြင်းထန်လာရကား လယ်တဲအတွင်းသို့ ဝင်ရောက်သွားတော့သည်။

လယ်တဲအတွင်းသို့ ရောက်သော် လယ်သူမကြီးတစ်ဦးကို တွေ့ရသည်။ လယ်သူမကြီးသည် ဘုရင်မှန်း မသိပေ။ သူ့စိတ်တွင်း၌ 'ခရီးသွားတစ်ဦး' ဟုသာ ထင်နေသည်။

ဘုရင်က "သင့်မှာ သောက မရှိဘူးလား" ဟူ၍ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လယ်သူမကြီးက "သောက ရှိပါတယ်။ ကျွန်မမှာ သားတွေရှိတယ်။ သူတို့ကို ကျွေးမွေး ပြုစု၊ အဝတ်အစား ဆင်ပေးဖို့ အမြဲ ကြောင့်ကြနေရပါတယ်။ သောက ရှိပါတယ်" ဟု ပြန်ဖြေသည်။

ဘုရင်က "ဒီလိုဆိုရင် ခြံဝမှာ ရေးထားတဲ့ 'သောကမရှိ' ဆိုတဲ့ ဆိုင်းဘုတ်ဟာ အလကား ပဲပေါ့။ ဘယ် အဓိပ္ပာယ် ရှိတော့မလဲ" ဟု ပြန်ပြောလိုက်သည်။

လယ်သူမကြီးက "ဒီစာကို ကျွန်မရေးတာ မဟုတ်ပါဘူး။ ကျွန်မတို့နေတဲ့ အခုတဲအိမ် ကို ပိုင်တဲ့သူက ရေးထားတာပါ" ဟု ဖြေသည်။

ဘုရင်က "တဲအိမ်ပိုင်ရှင်ဟာ ဘယ်သူလဲ" ဟု မေးသည်။

လယ်သူမကြီးက "ဘုရင့်ကိုယ်ရံတော် ကိုသောနပါ" ဟု ဖြေသည်။ ဘုရင်လည်း လယ်သူမကြီးထံမှ ထွက်ခွာကာ နန်းတော်သို့ ပြန်သွားသည်။

နောက်တစ်နေ့ နံနက်တွင် ဘုရင်သည် ကိုသောနကို ရှေ့တော်သို့ သွင်းစေသည်။ "မောင်မင်းမှာ သောကမရှိဘူးလို့ ကြားသိရတယ်။ အမှန်ပဲလား" ဟု မေးသည်။

ကိုသောနက "မှန်ပါတယ် အရှင်၊ ကျွန်တော်မျိုးဟာ အရှင့်ဆီက တစ်ပတ်တစ်ခါ အခကြေးငွေ ရပါတယ်။ ဒီငွေထဲက အတန်အသင့်ပဲ သုံးပြီး ပိုတာကို စုဆောင်း ထားနိုင်ခဲ့ ပါတယ်။ ဒါကြောင့် ကျွန်တော်မျိုးမှာ ဘာသောကမှ မရှိပါဘူး အရှင်" ဟု ပြန်ပြောသည်။

ဤတွင် ဘုရင်က "ကောင်းပြီ၊ ဒါဆို သင့်ကို ငါ တစ်ခုပြောမယ်။ ငါ့မှာ ပူပင်သောက ဖြစ်စရာတွေ အများကြီး ရှိတယ်။ ဒါပေမဲ့ သောကမရှိတဲ့ မင်းက ငါ့ကို ဘာမှ မကူညီဘူး။ ဒါကြောင့် ခုအချိန်ကစပြီး မင်းကို အလုပ်ထုတ်ပစ်လိုက်ပြီ။ မင်း ငါ့ဆီမှာ ခစားစရာ မလို တော့ဘူး" ဟု ရုတ်တရက် ပြောလိုက်သည်။

ကိုသောနလည်း အလွန် ထိတ်လန့်သွားသည်။ ချက်ချင်းပင် သောကများ ဝင်လာ သည်။ သူက ဘုရင်အား အမိန့်ကို ပြန်လည်စဉ်းစားပါရန် တောင်းပန်ရှာသည်။ ဘုရင်သည် အတန်ကြာအောင် စဉ်းစားပြီးလျှင် "ကောင်းပြီ၊ မင်းကို သက်ညှာတဲ့အနေနဲ့ အမိန့်တစ်ခု ချမှတ်မယ်။ ငါ မင်းကို မေးခွန်းသုံးခု မေးမယ်။ ဒီမေးခွန်းကို သုံးရက်အတွင်းမှာ မင်း ဖြေ နိုင်ရင် အပြစ်ဒဏ်က ချမ်းသာပေးမယ်၊ အလုပ်မထုတ်ဘူး။ မဖြေနိုင်ရင်တော့ အမိန့်အတိုင်း လိုက်နာရလိမ့်မယ်။ အလုပ်က ထွက်ရမယ်။ အဲဒီမေးခွန်းတွေကတော့ (၁) ပင်လယ်ရေတွေ အားလုံး ကုန်အောင်ခပ်ဖို့ ရေခွက် ဘယ်နှခွက် ရှိသလဲ။ (၂) ကမ္ဘာကြီးကို တစ်ပတ် ပတ်နိုင်ဖို့ ဘယ်နှရက် ကြာမလဲ။ (၃) ငါ ဘာတွေ စဉ်းစားနေသလဲ ဆိုတာကို ပြောပြရမယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်း သုံးခုပဲ။ မင်း ဖြေနိုင်အောင် ကြိုးစားပေတော့။ ကဲ မင်း ပြန်ပေတော့" ဟု ပြောလိုက်သည်။

ကိုသောနလည်း စိတ်မချမ်းမသာ ဖြစ်ကာ အိမ်သို့ ပြန်လာသည်။ သူသည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းငိုက်စိုက်ချကာ ပြန်လာစဉ် လမ်း၌ မိတ်ဆွေတစ်ဦးနှင့် တွေ့သည်။ ထိုမိတ်ဆွေမှာ ဉာဏ်ပညာကြီးသူ ဖြစ်သည်။ သူနှင့်လည်း ရုပ်ချင်း အလွန်တူသည်။

ထိုမိတ်ဆွေက သူ့အား "ဘယ်လိုဖြစ်နေတာလဲ ကိုသောနရယ်၊ ခင်ဗျားကို ကြည့်ရတာ တစ်ခုခု ဖြစ်လာတဲ့ပုံပဲ" ဟု မေးသည်။

ကိုသောနလည်း အကျိုးအကြောင်းကို ပြန်လည်ပြောပြသည်။ ပြီးလျှင် သူက "ဒီအတွက် ကျွန်တော် သိပ်စိတ်ညစ်နေပါတယ်" ဟု ဆိုသည်။

ထိုမိတ်ဆွေက "စိတ်ညစ်စရာ မလိုပါဘူးဗျာ၊ ကျုပ် ကူညီနိုင်ပါတယ်။ ကဲ ခင်ဗျားနဲ့ ကျုပ် အဝတ်အစားချင်း လဲဝတ်ရအောင်၊ ဘာမှ စိတ်မပူပါနဲ့" ဟု ပြောသည်။

သူတို့ မိတ်ဆွေနှစ်ဦးသည် အဝတ်အစားချင်း လဲလှယ် ဝတ်ဆင်ကြသည်။ ထို့နောက် သုံးရက်မြောက်သောနေ့တွင် ကိုသောန၏ မိတ်ဆွေသည် ကိုသောနကိုယ်စား ဘုရင့်ထံ အခစား ဝင်ရောက်သည်။

ဘုရင်လည်း ထိုသူအား ကိုသောနအမှတ်ဖြင့် သူ၏ မေးခွန်းများကို မေးတော့သည်။ ဘုရင်က "ကဲ အဖြေတွေ ရခဲ့ပြီလား။ ပင်လယ်ရေတွေ အားလုံးကုန်အောင် ခပ်နိုင်ဖို့ ရေခွက် ဘယ်နခွက် လိုသလဲ" ဟု မေးလိုက်သည်။

ထိုအခါ ကိုသောန၏ မိတ်ဆွေက "ပင်လယ်ပြင်လောက်ကြီးတဲ့ ရေခွက်ကြီး လုပ်နိုင်ရင် တစ်ခွက်ပဲ လိုပါတယ်" ဟု ပြန်ဖြေသည်။

ဘုရင်က "တော်ပါပေတယ်။ ကဲ ဒုတိယမေးခွန်းကို ဖြေပါဦး။ ကမ္ဘာကို တစ်ပတ်ပတ်နိုင်ဖို့ ဘယ်နှရက် ကြာမလဲ" ဟု ထပ်မံ မေးလိုက်သည်။

ထိုသူက "နေပေါ်ကို ထိုင်လိုက်သွားနိုင်မယ် ဆိုရင် နှစ်ဆယ့်လေးနာရီ ကြာပါမယ်" ဟု ပြန်ဖြေသည်။

ဘုရင်က "သိပ်ကို အမြော်အမြင် ရှိပါပေတယ်။ ကဲ နောက်ဆုံး မေးခွန်း တစ်ခုပဲ ကျန်ပါတော့တယ်။ ငါ အခု ဘာတွေစဉ်းစားနေတယ် ဆိုတာ သိရဲ့လား" ဟု မေးလိုက်သည်။

ထိုသူက "မှန်လှပါ၊ အရှင့်စိတ်ထဲမှာ ကိုတော်မျိုးကို ကိုသောနလို့ ထင်နေပါတယ်။ တကယ်တော့ ကျွန်တော်မျိုးဟာ ကိုသောန မဟုတ်ပါဘူး။ ကျွန်တော်မျိုးဟာ ကိုသောနရဲ့ မိတ်ဆွေပါ" ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်လည်း မိမိထက် ဉာဏ်သာသော ကိုသောနု၏ မိတ်ဆွေအား သဘောကျလှသဖြင့် ရယ်မောလေသည်။ ထို့နောက် ကိုသောနုအား အလုပ် ထုတ်မပစ်ဘဲ သူ့ထံ၌ ပြန်လည် ခစားခွင့် ပြုလိုက်လေတော့သည်။

(ဟော်လန်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## ဉာဏ်ကြီးရှင်

တစ်ခါက အိန္ဒိယပြည်တွင် လူတစ်ယောက် ရှိသည်။ ထိုသူသည် ဆင်းရဲသည့်အပြင် ကံလည်း မကောင်းရှာပေ။

သူနှင့် ပတ်သက်ပြီး လူအများတွင် အစွဲအလမ်းတစ်ခု ရှိသည်။ ထိုအစွဲအလမ်းမှာ 'အကယ်၍ တစ်စုံတစ်ယောက်သောသူသည် ထိုသူဆင်းရဲ၏ မျက်နှာကို နံနက်စောစောတွင် မြင်လိုက်ရပါက ထိုသူအဖို့ ထိုနေ့တစ်နေ့လုံး အစာငတ်ရေငတ် ဖြစ်ရသည်' ဟူသော အစွဲအလမ်း ဖြစ်သည်။ ဤအချက်ကြောင့် လူအများသည် သူ့ကို ရှောင်ဖယ်လိုကြသည်။

ထိုသူ၏ သတင်းသည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် အရပ်ရပ် အနယ်နယ်သို့ ပျံ့နှံ့သွားသည်။ နောက်ဆုံးတွင် ဘုရင်၏ ရွှေနားတော်သို့ပင် ပေါက်ကြားသွားသည်။ ဘုရင်သည် ထိုသတင်းကိုကြားလျှင် အဖြစ်မှန်ကို သိလိုစိတ် ပြင်းပြလာသည်။ ထို့ကြောင့် တစ်နေ့တွင် သူဆင်းရဲအား သူ့ရှေ့တော်မှောက်သို့ ခေါ်ကာ နန်းတော်တွင်း၌ တစ်ညလုံး နေစေသည်။

နောက်တစ်နေ့ နံနက်သို့ ရောက်၍ ဘုရင်သည် သူဆင်းရဲ၏ မျက်နှာကို မြင်တွေ့သည်နှင့် တစ်ပြိုင်နက် သူ့စိတ်ထဲ၌ "ငါတော့ ဒီနေ့အဖို့ အစာ ငတ်တော့မှာပဲ" ဟု အောက်မေ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်သည် ကိုယ်လက် သန့်စင်ပြီးသည်နှင့် နံနက်စာစားရန် ဟန်ပြင်လိုက်သည်။ ထိုစဉ် မင်းချင်းတစ်ဦးသည် ဘုရင့်ထံ အလျင်အမြန် ပြေးလာသည်။ အနီးသို့ရောက်လျှင် သူက မိဖုရားကြီးသည် ရုတ်တရက် နာမကျန်းဖြစ်လာသဖြင့် ဘုရင့်အား အခေါ်လွှတ်လိုက်ကြောင်း သံတော်ဦးတင်သည်။

ဘုရင်လည်း နံနက်စာပင် မစားနိုင်တော့ဘဲ မိဖုရားထံ ချက်ချင်း သွားရသည်။ မိဖုရားထံ ရောက်သော် မိဖုရား၏ ရောဂါကို ကုသရန် သမားတော်ကြီးအား အခေါ်လွှတ်ရသည်။ သမားတော်ကြီး ရောက်လာပြီး မိဖုရား၏ရောဂါ သက်သာသွားသည်အထိ ဘုရင်သည် မိဖုရားအနီးတွင် ထိုင်စောင့်နေရသည်။

မကြာမီ မိဖုရား၏ ရောဂါ သက်သာသွားသည်။ ဤတွင် ဘုရင်သည် နံနက်စာစားရန် ပြန်လာသည်။ သို့သော် သူသည် နံနက်စာကို မစားဖြစ်တော့ပေ။ နံနက်စာစားရန် ဟန်ပြင်လိုက်သည်နှင့် ဝမ်းဗိုက်မှ အလွန်အမင်း နာကျင်လာသည်။ ထို့ကြောင့် သူ့အား အိပ်ခန်းတွင်းသို့ သယ်ယူသွားကြရသည်။

မကြာမီ သမားတော်ကြီး ရောက်ရှိလာပြီး ဘုရင်အား စမ်းသပ် ကြည့်ရှုသည်။ သမားတော်ကြီးက ဘုရင်အား ထိုနေ့အဖို့ ဘာအစာမျှ မစားရန် ညွှန်ကြားသည်။

ဘုရင်က "အစာ နည်းနည်းလေးတောင်မှ မစားရဘူးလား" ဟု မေးသည်။

သမားတော်ကြီးက "မစားရပါဘူး အရှင်၊ နောက်တစ်ခါ ဒီလို ထပ်ပြီး ဗိုက်မနာချင်ရင် နောက်တစ်နေ့အထိ ဘာမှ မစားပါနဲ့။ နောက်ပြီး မနက်က နံနက်စာ စားထားသေးတယ် မဟုတ်လား အရှင်" ဟု ဆိုလိုက်သည်။

ဘုရင်က "ဟင့်အင်း၊ ကျုပ် ဘာမှ မစားရသေးဘူး" ဟု ပြန်ပြောလိုက်သည်။

သမားတော်ကြီးက "ဒါဆို ပိုကောင်းတာပေါ့၊ ရောဂါ မြန်မြန်ပျောက်ချင်ရင်တော့ ဒီနေ့ တစ်နေ့လုံး ဘာမှမစားပါနဲ့ အရှင်" ဟု ပြောလိုက်သည်။

ထို့နောက် သမားတော်ကြီးသည် ပြန်ရန် ပြင်ဆင်သည်။ မပြန်မီ သူက ဘုရင်အား "အရှင်မင်းကြီး၊ ဒီနေ့မနက်မှာ ကံမကောင်းသူရဲ့ မျက်နှာကို မြင်လိုက်ရလို့ ဒီလိုဖြစ်တာနဲ့ တူတယ်" ဟု နောက်ပြောင်သွားသည်။

ထိုအခါ ဘုရင်ကြီးက "အို ဟုတ်ပါရဲ့၊ အခုမှ သတိရတယ်။ မနက်က အဲဒီ သူဆင်းရဲကို တွေ့လိုက်တယ်။ ဒါကြောင့် လူတွေက သူ့ကို တွေ့လိုက်တဲ့သူတိုင်းဟာ အဲဒီနေ့အဖို့ တစ်နေ့လုံး အစာငတ်တယ်လို့ ပြောကြတာ ဖြစ်မယ်။ ဒီကောင်ကို လူ့ပြည်မှာ မထားသင့်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ထားရင် သူ့ကို တွေ့မိတဲ့သူတိုင်းဟာ အစာငတ် ရေငတ် ဖြစ်ကုန်ကြလိမ့်မယ်" ဟု ပြောလိုက်သည်။

ထို့နောက် ဘုရင်သည် သူဆင်းရဲအား နောက်တစ်နေ့တွင် 'သတ်စေ' ဟု အမိန့်ပေးလိုက်သည်။

သူဆင်းရဲသည် ထိုသတင်းကိုကြားလျှင် အလွန် စိတ်ထိခိုက်သွားသည်။ သူသည် ဘုရင်၏ ပညာရှိအမတ်အား တွေ့ခွင့်တောင်းကာ သူ့အသက်ကို ကယ်တင်ပါရန် တောင်းပန်သည်။ အမတ်ကြီးသည် အကြောင်းစုံ မေးမြန်းပြီးနောက် သူ့အား တစ်စုံတစ်ခုကို တီးတိုးပြောဆို သင်ကြားပေးလိုက်သည်။ ထို့နောက် သူဆင်းရဲအား အကျဉ်းထောင်သို့ ပြန်ပို့ပေးသည်။

နောက်တစ်နေ့ နံနက်ရောက်သော် မှူးမတ်တစ်ဦးနှင့် အာဏာသားများသည် သူဆင်းရဲအား သူသတ်ကုန်းသို့ ခေါ်သွားကြသည်။ ရောက်လျှင် သူ့ကို မသတ်မီ ထုံးစံအတိုင်း နောက်ဆုံးဆန္ဒအဖြစ် အလိုရှိရာကို တောင်းဆိုစေသည်။ ထိုအခါ သူဆင်းရဲက ဘုရင်အား တွေ့ဆုံပြီး အချိန်အနည်းငယ်မျှ စကားပြောဆို လျှောက်ထားလိုကြောင်း ခွင့်တောင်းသည်။ အာဏာပိုင်တို့ကလည်း သူ့ဆန္ဒကို လိုက်လျောကြသည်။ သူ့အား ဘုရင့်ထံ ခေါ်သွားကြသည်။

ဘုရင့်ရှေ့တော်မှောက်သို့ ရောက်သော် သူက "အရှင်မင်းမြတ်၊ ကျွန်တော်မျိုးရဲ့ မျက်နှာကို နံနက်စောစောမှာ မြင်လိုက်ရတဲ့အတွက် မနေ့က တစ်နေ့လုံး အရှင်မင်းမြတ် အစာငတ် ရေငတ် ဖြစ်ခဲ့ရတာ ကျွန်တော်မျိုး စိတ်မကောင်းပါဘူး။ ဒီအတွက် ကျွန်တော်မျိုး အရှင့်ကို တောင်းပန်ပါတယ်" ဟု လျှောက်တင်သည်။

ဘုရင်က "ဟုတ်တယ်၊ ဒါ အမှန်ပဲ။ မောင်မင်းရဲ့ မျက်နှာကို နံနက်စောစောမှာ မြင်လိုက်ရတဲ့အတွက် ငါကိုယ်တော်မြတ် တစ်နေ့လုံး အစာငတ်ခဲ့ရတယ်" ဟု ပြောလိုက်သည်။

သူဆင်းရဲက "ဒီစကား မှန်ပါတယ် အရှင်။ ဒါပေမဲ့ အရှင့်ရဲ့ မျက်နှာကို နံနက်စောစောမှာ မြင်လိုက်ရတဲ့ ကျွန်တော်မျိုးမှာ ဘာတွေဖြစ်ရတယ် ဆိုတာရော အရှင် သိပါသလား" ဟု ပြန်မေးလိုက်သည်။

ဘုရင်က "ငါမသိဘူး" ဟု ပြန်ဖြေသည်။

သူဆင်းရဲက "ကျွန်တော်မျိုးဟာ အရှင်မင်းကြီးရဲ့ မျက်နှာကို နံနက်စောစောမှာ မြင်လိုက်ရလို့ အခုလို သူသတ်ကုန်းမှာ ထုတ်ပြီး အသတ်ခံရတယ်ဆိုတာ အရှင်မင်းကြီး မမေ့မိဘူး ထင်ပါတယ်" ဟု ပြောလိုက်သည်။

ဘုရင်က "သင် ဘာကို ဆိုလိုတာလဲ" ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူဆင်းရဲက "ကျွန်တော်မျိုး လျှောက်ထားချင်တာက ဒီလိုပါ။ အရှင်မင်းကြီးဟာ ကျွန်တော်မျိုးရဲ့ မျက်နှာကို မြင်လိုက်ရလို့ တစ်နေ့လုံး အစာငတ်ခဲ့ရတယ်လို့ ယူဆနေပါတယ်။ ကျွန်တော်မျိုး အဖို့မှာတော့ အရှင့်ရဲ့မျက်နှာကို မြင်လိုက်ရလို့ သူ့သတ်ကုန်းမှာ ထုတ်ပြီး အသတ်ခံရပါတော့မယ်။ လူတွေကတော့ ကျွန်တော်မျိုးကို သနားနေကြတယ်။ သူတို့က အရှင်မင်းကြီးရဲ့ မျက်နှာကို မြင်လိုက်ရလို့သာ ကျွန်တော်မျိုး အသတ်ခံရတယ်လို့ ပြောနေကြပါတယ်" ဟု လျှောက်တင်သည်။

ဘုရင်သည် သူဆင်းရဲ၏ စကားကို နားလည် သဘောပေါက်သွားသည် ချက်ချင်းပင် သူဆင်းရဲအား အသက်ဘေးမှ ချမ်းသာပေးလိုက်သည်။ သူဆင်းရဲ မထွက်ခွာသွားမီ ဘုရင်က သူ့အား "ဒီလို သင့်အသက်ကို လွတ်ကင်းအောင် တင်လျှောက်ဖို့ ဘယ်သူက သင်ပေးတာလဲ" ဟု မေးသည်။

သူဆင်းရဲက "မှန်လှပါ၊ အရှင့်ရဲ့ ပညာရှိ အမတ်ကြီးက သင်ပေးတာပါ။ သူ့ကို ကျွန်တော်မျိုး သိပ် ကျေးဇူးတင်နေပါတယ်" ဟု ပြန်ပြောသည်။

ဤတွင် ဘုရင်က "ဟုတ်တာပေါ့၊ ဒါ ပညာရှိ အမတ်ကြီးရဲ့ ဉာဏ်ပဲ။ သင့်အသက် ချမ်းသာရာရအောင် သူက အလိမ္မာသုံးပြီး ကယ်တင်ခဲ့တာပဲ။ နောက်ပြီး သင့်ကို သတ်ခိုင်းတာဟာလည်း ငါကိုယ်တော်မြတ် ရက်စက်ရာ ကျလွန်းပါတယ်။ ဒီအတွက် လူတွေ အကဲ့ရဲ့ ခံရမယ်။ ဒါကြောင့် ငါကိုယ်တော်မြတ်နဲ့ သင့်ကို ကယ်တင်တဲ့ ပညာရှိ အမတ်ကြီးကို ငါကိုယ် တော်မြတ်ကလည်း ကျေးဇူးတင်ရမှာပါ" ဟု ပြောလိုက်လေသည်။

(အိန္ဒိယပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ကောင်းရှိသူ

တစ်ခါက လူတစ်ယောက်တွင် ဇနီးနှစ်ယောက် ရှိသည်။ ထိုသူသည် ဇနီးငယ်အား ဇနီးကြီးထက် ပို၍ ချစ်သည်။

တစ်နေ့သော် ထိုသူသည် ကုန်အရောင်းအဝယ် ကိစ္စဖြင့် ခရီးထွက်သွားသည်။ ထိုအခါ အိမ်တွင် ဇနီးနှစ်ယောက်သာ ကျန်ခဲ့သည်။ ဇနီးငယ်သည် ခင်ပွန်းမရှိသောအခါ ဇနီးကြီးကို အနိုင်ကျင့်လေတော့သည်။ သူသည် ဇနီးကြီးကို အစေခံတစ်ဦးပမာ အိမ်ရှိ အလုပ်များကို မနားမနေ ခိုင်းစေသည်။ အစားအသောက်ကိုလည်း ဝအောင် မကျွေးပေ။

တစ်နေ့တွင် ဇနီးငယ်သည် ဇနီးကြီးအား "ကျွန်မခေါင်းက သန်းတွေကို ရှာပေးစမ်းပါ" ဟု ပြောသည်။ ဇနီးကြီးလည်း သန်းများ ရှာပေးသည်။ ဤသို့ သန်းရှာပေးရာမှ ဇနီးကြီးသည် ဇနီးငယ်၏ ဆံပင်အချို့ကို မတော်တဆ နှုတ်မိသွားသည်။ ထိုအခါ ဇနီးငယ်သည် အလွန် စိတ်ဆိုးပြီးလျှင် ဇနီးကြီး၏ ခေါင်းပေါ်မှ ဆံပင်များ အားလုံးကို ရိတ်ပစ်လိုက်သည်။ ထို့နောက် ဇနီးကြီးကို အိမ်မှ နှင်ထုတ်လိုက်တော့သည်။ ဇနီးကြီးသည် ခေါင်းတုံးမ ဖြစ်သွားသည့် အတွက် အလွန်အရှက်ရကာ ခြေဦးတည့်ရာ လျှောက်သွားသည်။ သူသည် 'အစာငတ်၍ဖြစ်စေ၊ တောကောင် တစ်ကောင်ကောင်နှင့် တွေ့၍ဖြစ်စေ သေသွားလျှင် ကောင်းမည်' ဟုပင်

www.burmeseclassic.com



အောက်မေ့မိသည်။ ထိုစဉ် အဘွားအို တစ်ယောက်သည် မြစ်ကမ်းဘေး၌ မြေးမကလေးနှင့် အတူ အဝတ်လျှော်နေသည်ကို တွေ့သည်။ လျှော်စရာ အဝတ်များမှာ များပြားလှသည်။ ဇနီးကြီးသည် စိတ်ကောင်းရှိ၍ သူတစ်ပါးကို ကူညီတတ်သူ ဖြစ်သည်။ အဘွားအိုနှင့် မြေးငယ်တို့ ပင်ပန်းကြီးစွာ အဝတ်လျှော်နေသည်ကို တွေ့ရသောအခါ မိမိသောကကိုပင် မပွားနိုင်။ ဝင်ရောက် ကူညီ၍ အဝတ်လျှော်ပေးသည်။ အဘွားအိုနှင့် မြေးငယ်တို့ကလည်း သူ့ကို ကျေးဇူး စကား ဆိုသည်။ "သူ စိတ်ချမ်းသာပါစေ" ဟူ၍လည်း မေတ္တာပို့ကြသည်။ သူသည် မြေးအဘွား ထံမှ ထွက်ခွာလာရာ လယ်သမားတစ်ဦး၏ ဇနီးကို တွေ့ရသည်။ လယ်သမား၏ ဇနီးသည် သူ့ယောက်ျားထံ ထမင်းပို့သွားခြင်း ဖြစ်သည်။ သူသည် နို့စို့ကလေးကို တစ်ဖက်မှချီလျက် ထမင်းတောင်းကို ခေါင်းပေါ်တွင်ရွက်ကာ သွားနေရှာသည်။ ဇနီးကြီးသည် ကူညီသောအားဖြင့် ထမင်းတောင်းကို ကူညီရွက်၍ ပို့ပေးသည်။ ထိုအခါ လယ်သမားဇနီးက သူ့ကို ကျေးဇူးတင်ကာ သူ့အတွက် ဆုမွန်ကောင်းတောင်းသည်။

ဇနီးကြီးသည် ဆက်လက် ထွက်ခွာလာရာ တောစပ် တစ်နေရာတွင် သစ်ကိုင်းသစ်ခက်များဖြင့် ဆောက်လုပ်ထားသော တဲကလေး တစ်တဲကို တွေ့ရသည်။ တဲအနီး၌ ရသေ့တစ်ပါး တရားထိုင်နေသည်။ ဇနီးကြီးသည် ရသေ့၏ နောက်ပါး၌ ရပ်နေသည်။ ရသေ့က "သင် ဘယ်သူလဲ ရှေ့မှာ လာထိုင်ပါ၊ နောက်မှာ ရပ်မနေပါနှင့်။ ငါ့စကားကို နားထောင်မယ် ဆိုရင်တော့ မင်းရဲ့ဒုက္ခတွေ သက်သာအောင် ငါ ကူညီပေးမယ်" ဟု ပြောလိုက်သည်။

ထိုမိန်းမသည် အလွန် အံ့ဩသွားသည်။ ကြောက်လည်း ကြောက်လန့်သွားသည်။ ထို့ကြောင့် သူသည် ရသေ့ကြီး၏ရှေ့တွင် ရိုသေစွာ ထိုင်လိုက်သည်။ ရသေ့ကြီးက အကျိုးအကြောင်း မေးသည်။ ထိုမိန်းမက "တပည့်တော်မရဲ့ ခင်ပွန်းဟာ တပည့်တော်မကို မချစ်ပါဘူး၊ ဇနီးငယ်ကိုပဲ ချစ်ပါတယ်။ ဒါကို အခွင့်ကောင်းယူပြီး ဇနီးငယ်က တပည့်တော်မကို အမြဲ နှိပ်စက်ပါတယ်။ အခုလည်း တပည့်တော်မရဲ့ ဆံပင်တွေကို ရိတ်ပစ်ပြီး နှင်ထုတ်လိုက်ပါတယ်။ တပည့်တော်မကို သနားသဖြင့် ကယ်တော်မူပါ" ဟု ပြောသည်။

ရသေ့ကြီးက "ကောင်းပြီ၊ ဟို ခပ်လှမ်းလှမ်းမှာ မြင်ရတဲ့ ရေကန်ထဲကို ဆင်းပြီး ငုပ်လိုက်။ ပြီးရင် ချက်ချင်း ငါ့ဆီ ပြန်လာခဲ့။ တစ်ခု သတိပြုရမှာက ရေထဲကို တစ်ကြိမ်ပဲ ငုပ်ရမယ်။ ကဲ သွားပေတော့" ဟု ပြောလိုက်သည်။

ထိုမိန်းမလည်း ရေကန်ရှိရာသို့ သွားကာ ရသေ့ကြီး၏ စကားအတိုင်း ရေကို တစ်ကြိမ်သာငုပ်သည်။ ရေကန်မှ ပြန်ထွက်လာသော အခါ၌ကား သူ့အသွင်မှာ အပြောင်းအလဲကြီး ပြောင်းလဲနေပေပြီ။ သူ့ခေါင်းပေါ်၌ မည်းနက် ထူထဲသော ဆံပင်များဖြင့် ဖုံးအုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်များမှာ ခြေဖျားတိုင်အောင် ရှည်လျားသည်။ အသားအရေမှာလည်း ချောမွတ်ပြီး အလွန်စိုပြည်လာသည်။ သူ့ကို ကြည့်ရသည်မှာ လှပပြီး နုပျိုနေသည်။ သူသည် ဝမ်းသာအားရဖြစ်သွားသည်။ ရသေ့ကြီးကို ကျေးဇူးလည်း အထူးတင်သည်။ သူသည် ရသေ့ကြီးအား ရိုသေစွာ ရှိခိုးသည်။ ရသေ့ကြီးက "ထပါဦး မိန်းကလေး၊ ဟိုတဲထဲကို သွားပါ။ အထဲမှာ ဆွဲခြင်းတွေ အများကြီးရှိတယ်။ အဲဒီအထဲက ကြိုက်ရာတစ်ခုကို ယူပါ" ဟု ပြောလိုက်သည်။

ထိုမိန်းမလည်း တဲတွင်းသို့ ဝင်သွားသည်။ သူသည် တဲတွင်း၌ တွေ့ရသောဆွဲခြင်းများအနက် အညံ့ဆုံးဆွဲခြင်း တစ်ခြင်းကို ယူကာ ပြန်ထွက်လာသည်။ ရသေ့ကြီး၏ ရှေ့သို့ ရောက်လျှင် ခြင်းကို ဖွင့်လိုက်သည်။ ခြင်းထဲတွင် ရွှေငွေ ကျောက်မျက်ရတနာများ အပြည့်ထည့်ထားသည်ကို တွေ့ရသည်။ ရသေ့ကြီးက "မိန်းကလေး ဒီခြင်းကို ယူသွားပါ။ ဒီခြင်းရဲ့ ထူးခြားချက်ကတော့ အထဲက ကျောက်မျက်ရတနာတွေဟာ ဘယ်နှကြိမ်ပဲယူယူ မလျော့ဘူး။ အမြဲတမ်း ပြန်ပြည့်နေလိမ့်မယ်။ ကဲ ဒီခြင်းကို ယူပြီး သွားပေတော့။ အခုလိုပဲ စိတ်ကောင်းအမြဲထားပါ။ သူတစ်ပါးကို ကူညီပါ။ မိန်းကလေး စိတ်ချမ်းသာပါစေကွယ်" ဟု ပြောလိုက်သည်။ ထိုမိန်းမသည် ရသေ့ကြီးကို ရိုသေစွာ ကန်တော့ပြီးလျှင် ထိုနေရာမှ ထွက်ခွာသွားသည်။

ထိုအချိန်၌ အိမ်တွင် ကျန်ခဲ့သော ဇနီးငယ်သည် တံခါးဝတွင်ရပ်ကာ အပြင်သို့ ငေးကြည့်နေသည်။ သူသည် လှပသော မိန်းမတစ်ဦး သူ့အိမ်ရှိရာသို့ လာနေသည်ကို တွေ့ရသဖြင့် ငေးကြည့်နေသည်။ အနီးသို့ရောက်လျှင် ထိုမိန်းမမှာ အခြားသူ မဟုတ်ဘဲ သူနှင်ထုတ်ခဲ့သော ဇနီးကြီး ဖြစ်နေသည်ကို တအံ့တသြ တွေ့ရတော့သည်။ ဇနီးကြီးသည် ဇနီးငယ်အားအမျက်မထားဘဲ ခင်မင်စွာ ဆက်ဆံသည်။ ကျောက်မျက်ရတနာများကို ခွဲဝေပေးသည်။ ဇနီးငယ်သည် ဤပစ္စည်းများ ရရုံဖြင့် မကျေနပ်။ ဇနီးကြီးကဲ့သို့ပင် ဆံပင်များ သန်စွမ်းပြီး လှပလိုသည်။ ထို့ကြောင့် ဇနီးကြီးကို အဖြစ်အပျက်များ မေးသည်။ ဇနီးကြီးလည်း ရသေ့ကြီးမ,စပုံကို ပြန်လည်ပြောပြသည်။ ဤတွင် ဇနီးငယ်သည် ခေါင်းတုံးရိတ်ကာ ရသေ့ကြီးထံသွားရန် ဆုံးဖြတ်လိုက်သည်။

သူသည် ခရီးထွက်ခဲ့ရာ လမ်းတွင် အဝတ်လျှော်နေသော အဘွားအိုနှင့် မြေးငယ်ကို တွေ့သည်။ သို့သော် သူသည် ဘာမျှ အကူအညီ မပေးဘဲ ကျော်ဖြတ်သွားသည်။ ရှေ့သို့ ဆက်လက် ထွက်ခွာလာရာ လယ်သမားထံ ထမင်းသွားပို့သော ဇနီးသားအမိကို တွေ့ပြန်သည်။ သို့သော် သူသည် လုံးဝ အရေးမထား။ ရှေ့သို့ ခရီးဆက်ခဲ့ရာ မကြာမီပင် ရသေ့ကြီးထံ ရောက်လာသည်။ ရသေ့ကြီးလည်း သူ့ကို ကန်အတွင်း၌ တစ်ကြိမ်တည်း ငုပ်ရန် ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် ရေကို တစ်ကြိမ်ငုပ်ပြီး ပြန်ထွက်လာရာ အလွန်ရှည်လျားသော ဆံပင်များဖြင့် ကျက်သရေရှိသော မိန်းမတစ်ဦး ဖြစ်သွားသည်။ ဤတွင် သူသည် လောဘမသတ်နိုင် ဖြစ်လာသည်။ ရေထဲတွင် ဒုတိယအကြိမ် ထပ်ငုပ်ပါက ထို့ထက်ပို၍ လှပမည်ဟု ထင်လာသည်။ ထို့ကြောင့် သူသည် ရသေ့ကြီး၏ စကားကို နားမထောင်ဘဲ ရေထဲသို့ နောက်တစ်ကြိမ် ထပ်၍ ငုပ်သည်။ သည်တစ်ကြိမ် ရေထဲမှ ထွက်လာသော အခါ၌ကား သူ့မှာ အထင်နှင့် အမြင် တက်တက်စင် လွဲလေပြီ။ သူ့ခေါင်းရှိ ဆံပင်များမှာ လုံးဝမရှိတော့ဘဲ စောစောက အတိုင်းပင် ခေါင်းတုံးပြန်ဖြစ်သွားသည်။ ရုပ်ရည်မှာလည်း အရုပ်ဆိုးနေတော့သည်။ သူသည် ရသေ့ကြီးထံ အပြေး ထွက်သွားသည်။ ဤတွင် ရသေ့ကြီးက သူ့အား "မင်းဟာ လောဘကြီးပြီး မိုက်မဲတဲ့ မိန်းမပဲ။ မင်းကို ငါ ဘာမှမကူနိုင်တော့ဘူး။ ဒီနေရာက အခုထွက်သွားပေတော့" ဟု နှင်ထုတ်လိုက်သည်။ မိန်းမငယ်သည် အိမ်သို့ ဝမ်းနည်းပက်လက်ဖြင့် ပြန်လာသည်။

မကြာမီ ခင်ပွန်းသည် ခရီးထွက်ရာမှ ပြန်လာသည်။ သူသည် ရှည်လျား နက်မှောင်သော ဆံပင်ကြီးဖြင့် အထူး လှပ နုပျိုနေသော သူ၏ ဇနီးကြီးကို တွေ့သော် အလွန် အံ့သြသွားသည်။ အံ့သြရာမှ အလွန် ချစ်ခင် မြတ်နိုးသွားသည်။ ခေါင်းတုံးကြီးနှင့် ဖြစ်နေသော ဇနီးငယ်၏ ဖြစ်အင်ကို ကြည့်၍လည်း အံ့သြသွားသည်။ အကျိုးအကြောင်း မေးမြန်းရာ အားလုံး သိရှိသွားသည်။ သူသည် ဇနီးငယ်အား ဆိုဆုံးမသည်။ နောင်ကို စိတ်ကောင်းထားရန် နှင့် စိတ်ကောင်းမထားပါက အိမ်မှ နှင်ချမည်ဖြစ်ကြောင်း သတိပေးစကား ပြောကြားသည်။ ဇနီးငယ်လည်း သူ၏အမှားကို သိမြင်ကာ နောင်တကြီးစွာ ရသွားသည်။ ခင်ပွန်းနှင့် ဇနီးကြီး အား တောင်းပန်ကာ စိတ်ကောင်းမွေး၍ နေထိုင်မည်ဖြစ်ကြောင်း ကတိပြုလေသည်။

(ဘင်္ဂါလီပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## စေးနှဲသူ

တစ်ခါက ဗာရာဏသီပြည်တွင် ငွေတိုးပေးစားသူ သူဌေးကြီးတစ်ဦး ရှိသည်။ သူသည် အလွန် ချမ်းသာကြွယ်ဝသော်လည်း အလွန် ကပ်စေးနှဲလှသည်။

တစ်နေ့သော် ထိုသူဌေးကြီးသည် သူ့အိမ်၌ ဧည့်သည်များနှင့် စကားပြောနေသည်။ ထိုစဉ် အိမ်တွင်းသို့ စာဆိုတစ်ယောက် ဝင်လာသည်။ သူဌေးကြီးသည် စာဆိုအား ပျူငှာစွာ ကြိုဆိုပြီးလျှင် သူ့အနီးတွင် ထိုင်စေသည်။

စာဆိုလည်း ဤသို့ အရေးတယူ အပြုခံရသည်ကို ဝမ်းသာလွန်းသဖြင့် သူဌေးကြီး၏ ဂုဏ်ရည်ကို ချီးကျူး၍ ကဗျာဖွဲ့ဆိုပြသည်။ ထိုခေတ်က စာဆိုများသည် မင်း၊ မှူးမတ်၊ သူဌေးသူကြွယ်တို့၏ အကြောင်းကို စာဖွဲ့ပြလျှင် ထိုသူတို့က စာဆိုအား ဆုများ ချီးမြှင့်ရသော ထုံးစံရှိသည်။

သူဌေးကြီးသည် စာဆို ကဗျာရွတ်ပြသည်ကို နားထောင်ပြီး အလွန်ပင် ပီတိဖြစ်နေသည်။ သို့သော် သူသည် ကပ်စေးနှဲသူ ဖြစ်ရကား စာဆိုအား ဆုမချီးမြှင့်လိုပေ။ သူ ဤသို့ ဆုမချီးမြှင့်လိုသည်ကိုလည်း စာဆို မသိစေလိုပေ။ ထို့ကြောင့် သူသည် စာဆိုအား "အသင် စာဆို သင်ဟာ သိပ်ကို တော်ပါပေတယ်။ သင့်ကဗျာတွေဟာ ကျုပ်နဲ့ လိုက်ဖက်ပါပေတယ်။

www.burmeseclassic.com

www.burmeseclassic.com



တော်ပါပေတယ်။ ဒါကြောင့် သင့်ကို ဆုချီးမြှင့်လိုပါတယ်။ နက်ဖြန်ကျရင် ကျွန်ုပ်ထံကို လာခဲ့ပါ" ဟု ပြောလိုက်သည်။

စာဆိုလည်း ဝမ်းသာအားရ ပြန်သွားသည်။ နောက်တစ်နေ့ နံနက်သို့ရောက်သော် စာဆိုသည် သူဌေးကြီးထံသို့ ရောက်လာသည်။

ထိုအခါ သူဌေးကြီးသည် စာဆိုအား တစ်ခါမျှ မမြင်ဘူးသည့် လူစိမ်းတစ်ဦးပမာ ဆက်ဆံသည်။ စာဆိုက မခံမရပ်နိုင် ဖြစ်လာပြီးလျှင် "သူဌေးကြီးခင်ဗျာ၊ ကျွန်တော်ဟာ သူဌေးကြီးအကြောင်းကို မနေ့က ကဗျာစပ်ဆိုခဲ့တဲ့သူပါ။ သူဌေးကြီးက ဒီနေ့ ဆုချီးမြှင့်မယ် ဆိုလို့ လာခဲ့တာပါ" ဟု ပြောလိုက်သည်။

သူဌေးကြီးက "သင်ဟာ စာဆိုတစ်ယောက် ဆိုတာ ကျုပ်သိပါတယ်။ ဒါထက် ဒီကို ဘာလာလုပ်တာလဲ" ဟု ပြန်မေးလိုက်သည်။

စာဆိုက "သင်ပဲ ကျုပ်ကို ဒီနေ့ လာခဲ့ဖို့ မှာခဲ့တယ် မဟုတ်လား" ဟု ပြန်ပြောလိုက်သည်။

သူဌေးကြီးက "ဟုတ်ပါပြီလေ။ ဒါပေမဲ့ သင်ဟာ ကျုပ်ရဲ့ စကားတွေကို နားမလည်တဲ့ လူမိုက်တစ်ယောက်ပဲ" ဟု ပြောလိုက်သည်။

စာဆိုက "ဒါပေမဲ့ သင်က..."

"ဟုတ်ပါပြီလေ။ ကျုပ်ပြောတာကို သေချာအောင် နားထောင်ပါဦး။ သင်ဟာ ကျုပ်အကြောင်း ချီးကျူးတဲ့ ကဗျာတွေကို စပ်ဆိုပြီး ကျုပ်ကို ကျေနပ် နှစ်သိမ့်စေခဲ့တယ် မဟုတ်လား။ ဒါကြောင့် ကျုပ်ကလည်း သင့်ကို ပြန်ပြီး ချီးကျူးစကားဆိုပြီး နှစ်သိမ့်ခဲ့တယ်။ သင်က ကျုပ်ကို ဘာမှ ပေးတာမှ မဟုတ်ဘဲ။ ဒီတော့ ကျုပ်ကလည်း ဘာပြန်ပေးစရာ လိုသေးလဲ။ ဒီနေရာက ထွက်သွားတာ အကောင်းဆုံးပဲ။ နောက်ကို ဘယ်တော့မှ မလာခဲ့နဲ့တော့" ဟု သူဌေးကြီးက ပြောလိုက်သည်။

စာဆိုလည်း ဝမ်းနည်းစွာဖြင့် ထိုနေရာမှ ထွက်ခွာသွားတော့သည်။

သူသည် ဝမ်းနည်းစွာဖြင့် ထွက်ခွာလာခဲ့ရာ လမ်းတွင် ဘုရင်၏ အမတ် ပညာရှိကြီးနှင့် သွားချွေ့သည်။ ဤတွင် စာဆိုက သူဌေးကြီးနှင့် သူ့အကြောင်းကို အမတ်ကြီးအား ပြန်လည် ပြောပြသည်။

ထိုအခါ အမတ်ကြီးက စာဆိုအား အကြံတစ်ခု ပေးသည်။ စာဆို၏ ရင်းနှီးသော မိတ်ဆွေတစ်ဦးအား သူဌေးကြီးကို ထမင်းစား ဖိတ်စေသည်။ ထို ထမင်းစားပွဲသို့ အမတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လည်း တက်ရောက်မည်ဟု ပြောသည်။ စာဆိုလည်း အမတ်ကြီး ပြောသည့်အတိုင်း ဆောင်ရွက်သည်။

နှစ်ရက်မျှ အကြာတွင် သူတို့၏ အစီအစဉ်အတိုင်း ထမင်းစားပွဲကို ပြုလုပ်ကြသည်။ ထိုပွဲသို့ သူဌေးကြီးကို ဖိတ်ကြားသည်။ အမတ်ကြီးလည်း ရုပ်ဖျက် တက်ရောက်လာသည်။

လူစုံသောအခါ စာဆို၏ မိတ်ဆွေသည် ရုပ်ဖျက်ထားသော အမတ်ကြီးနှင့် သူဌေးကြီးကို မိတ်ဆက်ပေးသည်။ ထို့နောက် သူတို့သုံးဦးသည် ဝိုင်းဖွဲ့ကာ စကားပြောဆိုနေကြသည်။ တဖြည်းဖြည်းနှင့် ညဉ့်နက်လာသည်။ သို့သော် ညစာကိုကား တည်ခင်းဧည့်ခံ ကျွေးမွေးခြင်း မပြုပေ။

အမှန်မှာ အမတ်ကြီး၏ အစီအစဉ်အတိုင်း အမတ်ကြီးနှင့် စာဆို၏ မိတ်ဆွေတို့သည် ညစာကို သူတို့၏အိမ်မှ ဝလင်စွာ စားခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် လုံးဝ မဆာပေ။ သူဌေးကြီးမှာမူ သူတို့၏ အစီအစဉ်ကို မသိ။ ထို့ကြောင့် သူသည် အကယ်ပင် ညစာစားရမည် ထင်ကာ ဘာမျှ မစားခဲ့သောကြောင့် အလွန် ဆာလောင်နေသည်။

အချိန် အတန်ကြာသည်အထိ ညစာစားပွဲကို အရိပ်အယောင်မျှ မမြင်ရသောအခါ သူဌေးကြီးသည် စိတ်တိုလာသည်။ သူက "ဘယ်တော့ ညစာ စားရမှာလဲ" ဟု မေးလိုက်သည်။

ထိုအခါ အိမ်ရှင်က "ညစာ ဟုတ်လား၊ ကျွန်တော်တို့ ညစာစားပြီးခဲ့ကြတာ ကြာမှပဲ" ဟု ပြန်ပြောလိုက်သည်။

ထိုစကားကို ကြားရသောအခါ သူဌေးကြီးသည် အလွန် ဒေါသဖြစ်သွားသည်။ သူသည် ဒေါသတကြီးဖြင့် "ဒါဆို ဘာကြောင့် ကျုပ်ကို ညစာစားဖို့ ဖိတ်ရတာလဲ" ဟု ပြန်မေးလိုက်သည်။

အိမ်ရှင်က "ဒါကတော့ သင်ကျေနပ်အောင် နှစ်သိမ့်အောင် ပြုတာပါ" ဟု ပြန်ပြောသည်။

သူဌေးကြီးသည် ဆာလည်းဆာ၊ ဒေါသလည်း ထွက်လာသဖြင့် အိမ်သို့ ပြန်သွားရန် နေရာမှထသည်။ သို့သော် အမတ်ကြီးနှင့် အိမ်ရှင်က သူ့အား ပြန်ခွင့်မပေးပေ။ ဤတွင် သူဌေးကြီးနှင့် ရန်ဖြစ်ကာ ထိုးကြိတ် သတ်ပုတ်ကြသည်။ အမတ်ကြီးတို့မှာ နှစ်ယောက်ဖြစ်ရကား သူဌေးကြီးသည် မကြာမီပင် ရှုံးနိမ့်သွားသည်။ ဤတွင် အမတ်ကြီးက သူဌေးကြီးအား "သင်ဟာ အံ့သြစရာ ကောင်းတဲ့သူပဲ။ စာဆိုကို သင်က ဆုချီးမြှင့်မယ် လာခဲ့ပါဆိုပြီး အိမ်ကို ခေါ်တယ်။ လာတဲ့အခါကျတော့ ဆုမချီးမြှင့်ဘဲ ငြင်လွှတ်တယ်။ သူက သင့်ကို နှစ်သိမ့်စေတဲ့အတွက် သင်ကလည်း သူ့ကို ပြန်ပြီး နှစ်သိမ့်စေတယ်လို့ ပြောတယ်။ အခု ဒီမိတ်ဆွေက

www.burmeseclassic.com

www.burmeseclassic.com



သင့်ကို ညစာကျွေးမယ်လို့ ဖိတ်ပြီး မကျွေးဘဲနေတော့ သင်က စိတ်ဆိုးတယ်။ သင့် အပြုအမူဟာ တရားပါရဲ့လား" ဟု ပြောလိုက်သည်။

သူဌေးကြီးသည် ထိုစကားကိုကြားသော် ပိုမို စိတ်ဆိုးသွားသည်။ "ငါ့ကို ဒီလိုလုပ်ဖို့ သင့်ကို ဘယ်သူက မြှောက်ပေးတာလဲ" ဟု မေးလိုက်သည်။

ဤတွင် အမတ်ကြီးက "ကျွန်ုပ်ဟာ ဘုရင်ရဲ့ အမတ်ကြီး ဖြစ်ပါတယ်" ဟု ပြောလိုက်သည်။ ပြောပြောဆိုဆိုဖြင့် အမတ်ကြီးသည် သူ၏ကိုယ်ပေါ်မှ ရုပ်ဖျက်ထားသော အဝတ်များကို ဖယ်လိုက်သည်။

သူဌေးကြီးသည် အမတ်ကြီးကို မြင်လိုက်ရလျှင် အလွန် ကြောက်ရွံ့သွားသည်။ သူသည် အမတ်ကြီး၏ ခြေအစုံကို ဖက်ကာ "ကျွန်တော်မျိုးကို အပြစ်မှ ခွင့်လွှတ်တော်မူပါ။ နောက်ကို ဒီလို အပြုအမူမျိုး ဘယ်တော့မှ မလုပ်တော့ပါဘူး။ နက်ဖြန်ကျရင် စာဆိုကို ကျွန်တော်မျိုးထံ လွှတ်လိုက်ပါ။ ကျွန်တော်မျိုး ငွေကြေးအများကြီး ချီးမြှင့်ပါ့မယ်။ စာဆိုကို အမတ်ကြီးတို့ ပေးခိုင်းသလောက် ကျွန်တော်မျိုး ပေးပါ့မယ်" ဟု ပြောသည်။ အမတ်ကြီးလည်း သဘောတူလိုက်သည်။

နောက်တစ်နေ့သို့ ရောက်သော် စာဆိုသည် သူဌေးကြီးထံ ရောက်လာသည်။ ဤတစ်ကြိမ်တွင်မူ သူဌေးကြီးသည် မကောက်ကျစ်ရဲတော့ပေ။ သူ့ကတိအတိုင်းပင် စာဆိုအား ငွေများပေးသည်။ ထိုနေ့မှစကာ သူဌေးကြီးသည် နောင်တရသွားသည်။ ဤသို့သော အပြုအမူမျိုးကို နောက်ထပ် ဘယ်တော့မှ မပြုလုပ်တော့ပေ။

(အိန္ဒိယပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသော မိန်းမသုံးဦး

တစ်ခါက တိုင်းပြည် တစ်ပြည်တွင် မင်းသားတစ်ပါး ရှိသည်။ ထိုမင်းသားသည် ချောမောလှပသော မင်းသမီး တစ်ပါးနှင့် မေတ္တာသက်ဝင်လျက် ရှိသည်။ မင်းသမီးကလေးသည် ချောမောလှပသော်လည်း ဗိုင်းငင်ခြင်း၊ ရက်ကန်းရက်ခြင်း စသည့် အလုပ်များကို မလုပ်တတ်။ အနုပညာ ဝါသနာ ပါသဖြင့် တေးဆိုခြင်း၊ ကခုန်ခြင်း စသည်တို့ကိုသာ ပြု လုပ်တတ်သည်။

မင်းသား၏ မိခင်ဖြစ်သူ မိဖုရားကြီးသည် ဤအချက်ကို မကျေနပ်။ "မင်းသမီးကလေးသည် မိန်းမ မပီသ၊ ချွေးမကောင်း မဟုတ်" ဟု ယူဆမိသည်။

ထို့ကြောင့် သားတော်အား "မယ်တော် သူ့ကို အလုပ်သုံးခု လုပ်ခိုင်းမယ်။ လုပ်နိုင်ရင် သားတော်နဲ့ ထိမ်မြားပေးမယ်။ မလုပ်နိုင်ရင်တော့ ထိမ်းမြားမပေးနိုင်ဘူး" ဟူ၍ ပြောဆိုသည်။

မင်းသားသည် ထိုအကြောင်းကို မင်းသမီးအား ညှိုးငယ်စွာ ပြောပြသည်။ မင်းသမီး မှာလည်း မင်းသားနည်းတူပင် မေတ္တာစစ် မေတ္တာမှန်ဖြင့် ချစ်မိနေသည်။ ထို့ကြောင့် နှမ တော် မိဖုရားကြီး ခိုင်းသမျှ အစွမ်းကုန် လုပ်ကိုင်ကြည့်ပါ့မယ်" ဟူ၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးလည်း မင်းသမီးကလေးအား ခေါ်ယူစေသည်။ ထို့နောက် မျှော်စင်ကြီး တစ်ခုပေါ်ရှိ အခန်းတစ်ခုသို့ ခေါ်သွားသည်။ အခန်းတွင်း၌ ရစ်တစ်ခုနှင့် ဗိုင်းတောင့်အနည်းငယ် ရှိသည်။

မိဖုရားကြီးက မင်းသမီးလေးအား "ဒီဗိုင်းတောင့်တွေကို အရုဏ်မတက်မီ ပြီးအောင် ချည်ငင်ရမယ်၊ တကယ်လို့ မပြီးဘူးဆိုရင်တော့ မင်းကို ငါ့သားတော်နဲ့ မပေးစားနိုင်ဘူး" ဟု ပြောလိုက်သည်။ ထို့နောက် သူသည် အပြင်သို့ ထွက်သွားကာ အခန်းတံခါးကို အပြင်မှ သော့ခတ်လိုက်သည်။

မိဖုရားကြီး ထွက်သွားသည်နှင့် မင်းသမီးလေးသည် "ဒုက္ခပါပဲ ငါတော့ ဘယ်လိုလုပ်ရမလဲ မသိဘူး" ဟု ဆိုသည်။ သို့ရာတွင် ကြိုးစားကြည့်သည်၊ မအောင်မြင်ပေ။ ထိုအခါ ထိုင်ငိုလေတော့သည်။ ဤသို့ ငိုနေစဉ် ပြတင်းပေါက်မှ အသံခပ်တိုးတိုး တစ်ခုကို ကြားလိုက်ရသည်။ သူသည် ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ရာ အလွန်ထူးဆန်းသော အမယ်အိုတစ်ယောက်ကို တွေ့လိုက်ရသည်။ အမယ်အို၏ ခန္ဓာကိုယ်မှာ အလွန်သေးကွေးသော်လည်း သူ၏ ခြေထောက်များမှာ အလွန်ရှည်လျားသည်။

အမယ်အိုက မင်းသမီးလေးအား နှုတ်ဆက်လိုက်သည်။ မင်းသမီးလေးက အမယ်အိုအား "သင် ဘယ်သူလဲ၊ ဘယ်က လာတာလဲ။ အမေ့ကို အလျင်က တစ်ခါမှ မမြင်ဖူးပါဘူး" ဟု မေးလိုက်သည်။

အမယ်အိုက "ငါ့နာမည် မယ်ခြေထောက်ကြီးလို့ ခေါ်တယ်။ ဘာကြောင့်များ ငိုနေတာလဲ မင်းသမီးလေး" ဟု ပြောလိုက်သည်။

မင်းသမီးလေးက "ကျွန်မချစ်သူရဲ့ မိခင် မိဖုရားကြီးက ဒီဗိုင်းတောင့်တွေကို ပေးပြီး အရုဏ်မတက်ခင် အပြီး ချည်ငင်ခိုင်းတယ်။ မပြီးရင် ကျွန်မကို သူ့သားနဲ့ လက်ထပ်ခွင့်မပြုဘူး ပြောတယ်။ ကျွန်မ ကြိုးစားပြီး ချည်ငင်ကြည့်ပါတယ်၊ မအောင်မြင်လို့ ငိုနေတာပါ" ဟု ပြောပြသည်။

မယ်ခြေထောက်ကြီးက "ဒီအတွက် မပူစမ်းပါနဲ့၊ အမေ ကူညီပါ့မယ်။ အမေ့ကို ကတိတစ်ခုတော့ ပေးရမယ်။ သမီးရဲ့ လက်ထပ်ပွဲမှာ အမေ့ကိုဖိတ်ပြီး အမေ့ကို သမီးရဲ့မိတ်ဆွေလို့ ပြောရမယ်။ ဒါဆိုရင် သမီးကို အမေ ကူညီမယ်" ဟု ပြောသည်။ မင်းသမီးလေးလည်း "ကောင်းပါပြီ" ဟု ကတိပေးလိုက်သည်။

အမယ်အိုလည်း ချည်ကို စတင်၍ ငင်သည်။ မင်းသမီးလေးလည်း အမယ်အို ချည်ငင်သည်ကို စောင့်ကြည့်နေရင်းမှ နောက်ဆုံးတွင် အိပ်ပျော်သွားတော့သည်။ မင်းသမီးလေး

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှ နိုးသောအခါ နှင်းခဲကြီးပမာ ဖြူဖွေးလှပသော ချည်ခင်ကြီးကို တွေ့ရသည်။ အမယ်အိုကိုကား မတွေ့ရတော့ပေ။

နံနက်လင်းသောအခါ မိဖုရားကြီး ရောက်ရှိလာသည်။ သူသည် ချည်ခင်ထွေးကြီးကို တွေ့သော် အလွန် အံ့ဩသွားသည်။ ကျေလည်း ကျေနပ်သွားသည်။ သူက "ချည်ခင်ကို အပြီး ချည်ငင်နိုင်လိမ့်မယ်လို့ မထင်ခဲ့မိဘူး၊ တော်ပါပေတယ်။ ကဲ ဒုတိယအလုပ် တစ်ခု ထပ်ပေးမယ်။ အခု ငင်ထားတဲ့ ချည်တွေအားလုံးကို အရုဏ်မတက်ခင်မှာ ဖျင်စတစ်ခု ပြီးအောင် ရက်လုပ်ရမယ်။ မပြီးရင်တော့ ငါ့သားနဲ့ လက်ထပ်ခွင့် မပြုနိုင်ဘူး" ဟု ပြောကာ ထိုနေရာမှ ထွက်ခွာသွားသည်။

မင်းသမီးလေးသည် စိတ်ညစ်သွားသည်။ သူသည် အစွမ်းကုန် ကြိုးစားပြန်သည်။ သို့သော် မအောင်မြင်ပြန်သဖြင့် ငိုနေမိပြန်သည်။ ထိုသို့ရှိစဉ် ပြတင်းပေါက်မှ အသံတစ်သံကို ကြားရသည်။ တံခါးကို ဖွင့်ကြည့်လိုက်သောအခါ အဘွားအို တစ်ယောက်ကို တွေ့ရပြန်သည်။ ထိုအဘွားအို၏ လက်မကြီးမှာ အလွန်ကြီးရာ သူ့ကို ကြည့်ရသည်မှာ အထူးအဆန်းသဖွယ် ဖြစ်နေသည်။ အဘွားအိုနှင့် မင်းသမီးလေးတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နှုတ်ဆက်ကြသည်။ အဘွားအိုက "အမေ့နာမည် မယ်လက်မကြီးလို့ ခေါ်တယ်။ ဘာကြောင့်လဲဆိုတော့ ငါ့လက်မက သိပ်ကြီးနေလို့ပဲ။ ကဲ မင်း ဘာများ အလိုရှိသလဲ" ဟု မေးလိုက်သည်။

မင်းသမီးလေးသည် ချည်ခင်ကိုပြကာ အရုဏ်မတက်မီ အပြီးရက်ရမည့်အကြောင်း ပြောပြသည်။ မယ်လက်မကြီးက "ဒီအတွက် မပူပါနဲ့၊ အမေ ကူညီပါ့မယ်။ ဒါပေမဲ့ သမီးရဲ့ လက်ထပ်ပွဲမှာ အမေ့ကို ဖိတ်ကြားပြီး သမီးရဲ့မိတ်ဆွေ ဖြစ်ကြောင်း လူတွေကို ပြောပြရမယ်" ဟု ပြောသည်။ မင်းသမီးလေးလည်း "ကောင်းပါပြီ" ဟု ကတိပေးသည်။ မယ်လက်မကြီးလည်း ချည်ခင်များကို အထည်ဖြစ်အောင် စတင် ရက်လုပ်သည်။ မင်းသမီးလေးသည် အမယ်အို ရက်လုပ်နေသည်ကို စောင့်ကြည့်နေရင်းမှ မကြာမီ အိပ်ပျော်သွားသည်။

မင်းသမီးလေး အိပ်ရာမှ နိုးလာသောအခါ အရုဏ်တက်၍ လင်းကြက်များပင် တွန်နေပြီ။ မယ်လက်မကြီးကိုလည်း မတွေ့ရတော့ပေ။ လှပသော ဖျင်စ တစ်စကိုသာ တွေ့ရသည်။

မကြာမီပင် မိဖုရားကြီးသည် အခန်းတွင်းသို့ ဝင်လာသည်။ သူက "ကဲ ဒုတိယအလုပ် ပြီးပြီလား" ဟု မေးလိုက်သည်။ မင်းသမီးလေးသည်း "ပြီးပါပြီ" ဟု ဆိုကာ ဖျင်စကို ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီးလည်း ဖျင်စကိုကြည့်ကာ မယုံနိုင်အောင် ဖြစ်သွားသည်။ ထို့နောက် သူက "ကောင်းပြီလေ။ ဒါဆိုရင် တတိယ အလုပ်တစ်ခု ပေးမယ်။ ဒီဖျင်စကို သားတော်အတွက် အင်္ကျီတစ်ထည်ရအောင် နက်ဖြန်နံနက် အပြီးချုပ်ရမယ်။ မချုပ်နိုင်ရင်တော့ သားတော်နဲ့ ဝေးရမှာပဲ" ဟု ပြောလိုက်သည်။ ထို့နောက် ထုံးစံအတိုင်းပင် အခန်းတံခါးကို သော့ခတ်ကာ ထွက်ခွာသွားသည်။

မိဖုရားကြီး ထွက်သွားသည်နှင့် မင်းသမီးလေးသည် အခန်းတွင်းရှိ ကတ်ကြေးနှင့် အပ် စသည်တို့ကို ကြိုးစား၍ ရှာဖွေကာ အင်္ကျီချုပ်သည်။ သို့ရာတွင် မအောင်မြင်သဖြင့် ငိုမိပြန်သည်။ ထိုစဉ် တံခါးဝမှ အသံများ ကြားရသည်။ မင်းသမီးလေးလည်း အပြေးသွားကာ ဖွင့်လိုက်သည်။ တံခါးဝတွင် အမယ်အိုတစ်ယောက်ကို တွေ့ရသည်။ အမယ်အို၏ မျက်လုံးများမှာ ပန်းကန်ပြားများပမာ ဝိုင်းစက် ကြီးမားလှသည်။ ထိုမျက်လုံးများကြောင့် သူ့အသွင်မှာ အလွန် ထူးခြားနေသည်။

သူက မင်းသမီးလေးအား "ဘာကြောင့် ငိုနေရတာလဲ သမီး" ဟု မေးသည်။ မင်းသမီးလေးက အကျိုးအကြောင်း ပြောပြသည်။

အမယ်အိုက "ကောင်းပြီ၊ အမေ ကူညီမယ်။ ဒါပေမဲ့ အမေ့ကို သမီးရဲ့ လက်ထပ်ပွဲမှာ ဖိတ်ကြားပြီး သမီးရဲ့ မိတ်ဆွေအဖြစ် လူတွေကို ပြောပြမယ်လို့ ကတိပေးရမယ်၊ ဘယ့်နှယ်လဲ" ဟု မေးသည်။

မင်းသမီးလေးလည်း ကတိပေးလိုက်သည်။ အမယ်အိုလည်း မင်းသမီးလေး၏ အလုပ်ကို ဆက်လက် လုပ်ကိုင်သည်။ မင်းသမီးလေးသည် အမယ်အိုကို စောင့်ကြည့်နေရာမှ မကြာမီ အိပ်ပျော်သွားသည်။

အမယ်အိုသည် တစ်ညလုံးပင် အင်္ကျီချုပ်သည်။ ထို့ကြောင့် မိဖုရားကြီး ရောက်မလာမီပင် အင်္ကျီမှာ ပြီးသွားတော့သည်။

မကြာမီပင် နံနက်လင်း၍ မိဖုရားကြီး ရောက်လာသည်။ မိဖုရားကြီးသည် အင်္ကျီချုပ်ပြီးလိမ့်မည်ဟု မထင်ပေ။ သို့သော် ချုပ်ပြီးသားအင်္ကျီကို တွေ့လိုက်ရသော် အလွန် အံ့သြသွားသည်။ သူသည် သူ့စကားနှင့်သူ မိနေကာ မင်းသမီးလေးအား မင်းသားနှင့် လက်ဆက်ခွင့် ပြုလိုက်ရတော့သည်။

လက်ထပ်ပွဲကို ခမ်းနားကြီးကျယ်စွာ ကျင်းပသည်။ လက်ထပ်ပွဲသို့ မင်းသမီးလေး၏ မိတ်ဆွေသုံးဦးဖြစ်သော မယ်ခြေထောက်ကြီး၊ မယ်လက်မကြီးနှင့် မယ်မျက်လုံးကြီးတို့ ရောက်ကြသည်။ သူတို့သုံးဦးအား ဘုရင်ကြီး မြင်လျှင် အကျိုးအကြောင်းကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးလေးက သူ၏ မိတ်ဆွေများ ဖြစ်ကြောင်း ပြောပြသည်။ ဘုရင်ကြီးလည်း အဘွားအို သုံးဦးထံ သွားရောက် တွေ့ဆုံသည်။

မယ်ခြေမကြီးက "ကျွန်တော်မျိုးမရဲ့ ခြေထောက် ကြီးရတာဟာ ငယ်စဉ်ကတည်းက စပြီး ချည်ငင်တဲ့အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ခဲ့ရလို့ပါ" ဟု ပြောသည်။

ဘုရင်ကြီးလည်း အလွန် စိတ်ဝင်စားသွားသည်။

မယ်လက်မကြီးကလည်း "ကျွန်တော်မျိုးကတော့ ရက်ကန်းရက်တဲ့ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ခဲ့ရလို့ အခုလို လက်မ ကြီးနေတာပါ" ဟု ပြောသည်။

မယ်မျက်လုံးကြီးကလည်း "ကျွန်တော်မျိုးမရဲ့ မျက်လုံးတွေ ကြီးမားနေရတာဟာ အပ်ချုပ်တဲ့ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ခဲ့ရလို့ပါ" ဟု ပြောသည်။

အဘွားအို သုံးဦး၏ စကားကို ကြားသော် ဘုရင်သည် အလွန် ထိတ်လန့်သွားသည်။ ထို့ကြောင့် သူက "ကောင်းပြီ၊ ဒါဆိုရင် အမိန့်တစ်ခု ချမှတ်မယ်။ ငါ့ရဲ့ ချွေးမတော်လေးဟာ ဒီနေ့ကစပြီး တစ်သက်လုံး ချည်ငင်တဲ့အလုပ်၊ ရက်ကန်းရက်တဲ့ အလုပ်နဲ့ အင်္ကျီချုပ်တဲ့ အလုပ်ကို မလုပ်ရဘူး" ဟု ဆိုလိုက်သည်။ မိဖုရားကြီးကလည်း လက်ခံလိုက်ရပေသည်။


မင်းသားလေးနှင့် မင်းသမီးလေးတို့လည်း အလွန် ဝမ်းသာသွားကြသည်။ သူတို့နှစ်ဦးသည် ပျော်ရွှင်စွာ ပေါင်းဖက်ကြရသည်။ မင်းသမီးလေးသည် သူ ဝါသနာပါသော အက အခုန်နှင့် တေးဆိုမှုတို့ကို ကြိုးစား၍ လုပ်ကိုင်ရာ မကြာမီပင် နေပြည်တော်၌ အတော်ဆုံးသော အနုပညာရှင်တစ်ဦး ဖြစ်လာလေတော့သည်။ မင်းသားလေးနှင့်တကွ ဘုရင်ကြီးနှင့် မယ်တော်တို့ပါ ဂုဏ်ယူမဆုံး ရှိကြလေသည်။

(ဆွီဒင်ပုံပြင်)

◆

www.burmeseclassic.com

www.burmeseclassic.com



## ဝမ်းဘဲသုံးကောင်

တစ်ရံရောအခါ ဝမ်းဘဲမလေး သုံးကောင် ရှိသည်။ သူတို့ သုံးကောင်သည် ဝံပုလွေကြီး တစ်ကောင်၏ ရန်ကို အမြဲတမ်း ကြောက်ရွံ့နေကြရသည်။ ညအခါတွင် ဝံပုလွေကြီး ရောက်လာပြီး သူတို့ကို ကိုက်သတ်မည်ကို စိုးရိမ်နေကြသည်။ ထို့ကြောင့် သူတို့သုံးကောင် စုဝေး တိုင်ပင်ကြသည်။

အစ်မကြီးဖြစ်သူ ဝမ်းဘဲမလေးက "ဝံပုလွေကြီးရန်က ကာကွယ်နိုင်အောင် အိမ်ကလေး တစ်လုံး ဆောက်ပြီး နေကြမယ်။ ဝံပုလွေကြီး အထဲကို မဝင်နိုင်တော့ဘူး" ဟု အကြံပြုသည်။ သူ့အကြံကို အားလုံးက သဘောတူသည်။ ထို့ကြောင့် သူတို့သည် အိမ်ဆောက်လုပ်ရန် ကောက်ရိုး အရှာ ထွက်ခဲ့ကြသည်။

မကြာမီပင် လမ်း၌ ကောက်လှိုင်းစည်း တစ်စည်းကို ထမ်းလာသော လူတစ်ယောက်နှင့် တွေ့သည်။ သူတို့သည် ထိုသူထံမှ အိမ်ဆောက်ရန် ကောက်ရိုးအနည်းငယ် တောင်းသည်။ ထိုသူသည် ကူညီတတ်သူ ဖြစ်သည်။ သူတို့ကို ကောက်ရိုးအချို့ ပေးလိုက်သည်။ သူတို့သည် ထိုသူအား ကျေးဇူးစကားဆိုကာ ထိုနေရာမှ ထွက်ခွာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် စိမ်းလန်းစိုပြည်၍ သာယာလှပသော မြက်ခင်းကြီး တစ်ခုပေါ်တွင် အိမ်ဆောက်လုပ်ရန် စီစဉ်ကြသည်။ သူတို့သည် ညီညီညာညာဖြင့် ဝိုင်းဝန်း ဆောက်လုပ်ကြရာ မကြာမီ အိမ်ကလေးတစ်ဆောင် ပြီးသွားသည်။

အိမ်ကလေးသည် အလွန်လှသည်။ အစ်မကြီးသည် အိမ်ကလေးကို သူတစ်ဦးတည်း ပိုင်လိုသော လောဘစိတ် ဝင်လာသည်။ ထို့ကြောင့် ကျန်ဘဲကလေးများကို "ညီမလေးတို့ အပြင်မှာ ခဏ နေခဲ့ကြဦး၊ အိမ်ကလေး ကျယ် မကျယ် အစ်မကြီး တက်ကြည့်လိုက်ဦးမယ်။ အိမ်ထဲကို ဝင်မလာကြနဲ့ဦး" ဟု ပြောလိုက်သည်။ ထို့နောက် သူသည် အိမ်တွင်းသို့ လျင်မြန်စွာ ပြေးဝင်ကာ အိမ်တံခါးကို အတွင်းမှ မင်းတုပ် ထိုးလိုက်သည်။ မကြာမီပင် ကျန်ဘဲမကလေး နှစ်ကောင်သည် အိမ်တံခါးအနီးသို့ ပြေးလာကြသည်။ ထိုအခါ သူက "ဒီအိမ်ရဲ့ အခန်းလေးဟာ ငါတစ်ယောက်စာပဲ ရှိတယ်။ ညည်းတို့နေစရာ မရှိဘူး။ ဒါကြောင့် ဒီနေရာက အမြန်ဆုံး ထွက်သွားကြပေတော့" ဟု အော်ဟစ် ပြောဆိုလိုက်သည်။

ဘဲကလေး နှစ်ကောင်လည်း ယခင်မြက်ခင်းပြင်ကြီး ရှိရာသို့ သွားသည်။ နောက်ထပ် အိမ်တစ်လုံးကို ဆောက်လုပ်ကြပြန်သည်။ ထိုအိမ်ကလေးမှာ ပထမအိမ်ထက် ပို၍ကြီးသည်။ အိမ်ကလေး ပြီးသွားသော် ဒုတိယ ဘဲမကလေးသည် သူ၏ အစ်မကြီးကဲ့သို့ပင် အိမ်ကလေးကို သူတစ်ယောက်တည်း ပိုင်ဆိုင်လိုလာပြန်သည်။ ထို့ကြောင့် သူက အငယ်ဆုံး ညီမလေးအား "ညီမလေးရေ အိမ်အောက်မှာပဲ ခဏ နေခဲ့ဦးနော်၊ အစ်မနောက်ကို မလိုက်ခဲ့နဲ့။ အိမ်ကလေး ကောင်း မကောင်း အစ်မ ဝင်ကြည့်လိုက်ဦးမယ်။ ဒါပေမဲ့ အစ်မကတော့ အစ်မကြီးလို မလုပ်ပါဘူးကွယ်။ စိတ်ချပါ" ဟု ပြောလိုက်သည်။ ထို့နောက် အိမ်အတွင်းသို့ ဝင်ရောက်ကာ တံခါးကို အတွင်းမှ ပိတ်ထားလိုက်တော့သည်။

အငယ်ဆုံး ဘဲမကလေးသည် အစ်မဖြစ်သူကို အပြင်မှ စောင့်ရှာသည်။ အချိန် အတော်ကြာသည်အထိ အစ်မဖြစ်သူ ပြန်ထွက်မလာသောအခါ သူသည် စိတ်မရှည် ဖြစ်လာသည်။ အိမ်တံခါးကို ခေါက်သည်။ သူ့ကို အတွင်းသို့ ဝင်ခွင့်ပြုရန် ပြောသည်။ ဤတွင် လောဘဖောတိုက်နေသော အစ်မဖြစ်သူက "ဒီအိမ်မှာ ငါနေဖို့ အခန်း တစ်ခန်းပဲ ရှိတယ်၊ ညည်းဖို့ နေစရာ မရှိဘူး။ ဒါကြောင့် တခြားကို ထွက်သွားပေတော့" ဟု နှင်လိုက်သည်။

ဘဲမကလေးလည်း ဝမ်းနည်းလွန်းသဖြင့် မြက်ခင်းပြင်ကြီး တစ်လျှောက် ပြေးလွှားကာ ငိုကြွေးရှာသည်။ ထိုစဉ် အနီးသို့ လယ်သမားတစ်ဦး ရောက်လာသည်။ ထိုလယ်သမားသည် သနား ကြင်နာစိတ် ရှိသူ ဖြစ်သည်။ သူသည် ဘဲမကလေးကို အကျိုးကြောင်း မေးမြန်းသည်။ ဘဲမကလေးလည်း သူ၏ အဖြစ်အပျက် အားလုံးကို ပြန်လည်ပြောပြသည်။ ထိုအခါ လယ်

www.burmeseclassic.com

www.burmeseclassic.com



သမားက "ဘဲမလေးရယ် ငိုမနေပါနဲ့ကွယ်။ မင်းအတွက် အိမ်ကောင်းကောင်း တစ်လုံး ငါ ဆောက်ပေးပါ့မယ်။ သူတို့လို ကောက်ရိုးအိမ်တောင် မဟုတ်ဘူး၊ တကယ့်အိမ်ကလေး ဆောက်ပေးမယ်" ဟု ပြောလိုက်သည်။

ထို့နောက် လယ်သမားသည် အုတ်ခဲများ၊ ကျောက်တုံးများ၊ သစ်များဖြင့် ခိုင်ခံ့လှပသော အိမ်ကလေးတစ်ဆောင်ကို ဆောက်လုပ်ပေးသည်။ မကြာမီ အိမ်ကလေး ပြီးသွားသည်။ အိမ်ကလေးမှာ ခိုင်ခံ့ရုံသာမက အမိုးပေါ်တွင် မီးခိုးခေါင်းတိုင်ကလေးပါ ပါသည်။ အိမ်ရှေ့တံခါးမှာလည်း လုံခြုံသည်။ အိမ်ကလေးကို မြင့်မားသော ခြံစည်းရိုးဖြင့်လည်း ကာရံထားရာ ဝံပုလွေကြီး အလွယ်တကူ မဝင်နိုင်ပေ။

ဘဲမကလေးသည် ဝမ်းသာလွန်းသဖြင့် လယ်သမားကို ကျေးဇူးတင်စကား ပြောရှာသည်။ ထို့နောက် အိမ်အတွင်းသို့ ဝင်နေလိုက်တော့သည်။ သူ့အဖို့ ကြောက်စိတ်များလည်း မရှိတော့ပေ။

BURMESE CLASSIC

ထိုနေ့ည သန်းခေါင်ယံ အချိန်သို့ ရောက်သော် ဝံပုလွေကြီးသည် ဘဲမကလေးတို့၏ အိမ်ကလေးများဆီသို့ ခြေသံပြင်းပြင်း နင်းကာ ရောက်လာတော့သည်။ သူသည် လေထဲတွင် အနံ့ခံ ရှူရှိုက်ပြီးလျှင် "ဘဲသားနံ့ ရတယ်ဟေ့" ဟု ဆိုလိုက်သည်။ ရှေးဦးစွာ အကြီးဆုံး ဘဲမလေး၏ တဲဆီသို့ ဦးတည်သွားသည်။ နှုတ်ကလည်း "ဘဲမလေး နင့်ကို ငါ မျိုချလိုက်မယ်" ဟု ကြုံးဝါးလာသည်။ ကောက်ရိုးတဲကလေးသည် မခိုင်သဖြင့် ဝံပုလွေကြီးက အလွယ်တကူ ဖျက်ဆီးကာ ဘဲမကလေးကို မျိုချလိုက်လေတော့သည်။

ထို့နောက် တစ်ဖန် ဝံပုလွေကြီးသည် ထိုနေရာမှ ဖြတ်ကျော်ကာ ဒုတိယ ဘဲမလေး၏ အိမ်ရှိရာသို့ သွားပြန်သည်။ နှုတ်ကလည်း ယခင်နည်းအတိုင်း ရွတ်ဆိုလာပြန်သည်။ သူ့ကိုလည်း ယခင်နည်းတူပင် မျိုချလိုက်ပြန်သည်။ ထို့နောက် သူသည် အငယ်ဆုံး ဘဲမလေး၏ အိမ်သို့ ရောက်လာသည်။

အငယ်ဆုံး ဘဲမလေး၏ အိမ်မှာ ယခင်အိမ်များနှင့် မတူ တစ်မူထူးခြား ခိုင်ခံ့နေသည်။ ထို့ကြောင့် အိမ်တံခါးဝတွင် ရပ်ကာ "အိမ်ရှင်တို့၊ အိမ်ရှင်တို့" ဟု ခေါ်လိုက်သည်။

ဘဲမလေးက "ဘယ်သူလဲ" ဟု ပြန်မေးလိုက်သည်။ ဝံပုလွေကြီးက "ဦးဝံပုလွေပါကွယ်၊ တစ်ဆိတ်လောက် အိမ်ထဲကို ဝင်ခွင့်ပြုပါ" ဟု ပြောလိုက်သည်။

ဘဲမကလေးက "တံခါး ဖွင့်မပေးနိုင်ဘူး" ဟု ဆိုကာ အိမ်အတွင်း၌ ငြိမ်သက်စွာ နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေကြီးလည်း တံခါးဖွင့်ပေးပါရန် အကြိမ်ကြိမ် တောင်းဆိုသည်။ "ဘဲမလေးရယ် မင်းဟာ ဘာကြောင့် ငါနဲ့ မိတ်ဆွေမဖြစ်ချင်ရတာလဲ။ မင်း ငါနဲ့အတူ ညစာ မစားချင်ဘူး လား။ တကယ်လို့ ငါက ညစာအတွက် ခေါက်ဆွဲနဲ့ ဒိန်ခဲတွေ ဝယ်လာရင် မင်းက ငါ့အတွက် ချက်ပြုတ်မပေးနိုင်ဘူးလား" ဟု မေးလိုက်သည်။

ဘဲမလေးကလည်း "လုံးဝ ချက်မပေးနိုင်ဘူး" ဟု ငြင်းဆိုသည်။

သို့သော် ဝံပုလွေကြီးသည် ဖွဲမလျှော့ပေ။ သူသည် "ခေါက်ဆွဲနှင့် ဒိန်ခဲများကို ဝယ်လာခဲ့မည်" ဟု ပြောကာ နေရာမှ ထွက်ခွာသွားသည်။ အတန်ကြာသော် ခေါက်ဆွဲနှင့် ဒိန်ခဲများ ဝယ်ကာ ပြန်ရောက်လာသည်။ သူသည် ဘဲမလေး၏ အိမ်ရှေ့တွင် ရပ်ကာ သူရောက်နေကြောင်း အော်ပြောလိုက်သည်။ သို့သော် ဘဲမလေးက လုံးဝ တံခါးဖွင့်မပေးပေ။ ဘဲမလေးက "ပစ္စည်းတွေကို ပြတင်းပေါက်ပေါင်ပေါ်မှာ တင်ထားခဲ့ပါ" ဟု ပြောသည်။

ဝံပုလွေကြီးသည် အလွန် စိတ်ညစ်သွားသည်။ သို့သော် သူသည် ဘဲမလေး၏ စကားအတိုင်းပင် ပါလာသော ပစ္စည်းများကို ပြတင်းပေါက်ပေါင်ပေါ်သို့ လှမ်းတင်လိုက်ကာ နေရာမှ ထွက်ခွာသွားသည်။

အိမ်အတွင်းရှိ ဘဲမလေးသည် ဝံပုလွေကြီး ထွက်သွားသည်နှင့် တစ်ပြိုင်နက် တံခါးကို လျင်မြန်စွာဖွင့်ကာ ပစ္စည်းများကို အိမ်အတွင်းသို့ သွင်းထားလိုက်သည်။ ပြီးလျှင် တံခါးကို လျင်မြန်စွာ ပြန်ပိတ်လိုက်သည်။

ထို့နောက် အစားအစာများကို စတင် ချက်ပြုတ်သည်။ ဝံပုလွေကြီးလည်း မြေပေါ်တွင် လဲလျောင်းကာ အစားအသောက်များကို အနံ့ခံနေသည်။ အတန်ကြာသော် ဝံပုလွေကြီးသည် အိမ်တံခါးအနီးသို့ သွားကာ "ချက်ပြုတ်လို့ မပြီးသေးဘူးလား ဘဲမလေး" ဟု မေးလိုက်သည်။

ဘဲမလေးက "မပြီးသေးဘူး" ဟု ပြန်ပြောသည်။ ဝံပုလွေကြီးလည်း ထပ်မံ၍ စောင့်နေပြန်သည်။ အတန်ကြာသော် ဝံပုလွေကြီးသည် တံခါးအနီးသို့ နောက်တစ်ကြိမ် သွားပြန်သည်။ ယခင်နည်းအတိုင်း မေးပြန်သည်။ ဘဲမလေးကလည်း "စားစရာတွေက အရမ်းပူနေတယ်၊ စားလို့ မရသေးပါဘူး" ဟု ပြန်ပြောလိုက်သည်။ ဝံပုလွေကြီးက "ဒီလိုဆိုရင် စားစရာတွေ မြန်မြန်အေးသွားအောင် ငါ လာမှုတ်ပေးမယ်လေ။ အိမ်တံခါး ဖွင့်ပေးပါ" ဟု ပြောလိုက်သည်။ သို့သော် ဘဲမလေးက တံခါးဖွင့်မပေး။ "အိမ်ထဲကို မဝင်ပါနဲ့၊ စားစရာတွေကို အေးအောင် မှုတ်ပေးချင်ရင်တော့ ဟောဒီ သော့ပေါက်ထဲကနေပြီး လှမ်းမှုတ်ပေးပါ" ဟု ပြောလိုက်သည်။

ဝံပုလွေကြီးကလည်း "ကောင်းပြီ" ဟု ဆိုကာ သော့ပေါက်မှတစ်ဆင့် လေမှုတ်ပေးသည်။ သူသည် ဤသို့ လေကို အဆက်မပြတ် မှုတ်ပေးနေရာ အတန်ကြာသော် အမောဆို့

www.burmeseclassic.com

www.burmeseclassic.com



ပြီး ရင်ကွဲနာကျကာ သေဆုံးသွားလေသည်။ ဝံပုလွေကြီး ရင်ကွဲ၍ သေသောအခါ သူမျိုချထားသော ဘဲမလေးနှစ်ကောင်သည် အပြင်သို့ အလိုလို ထွက်ကျလာသည်။ ဝံပုလွေကြီးသည် အလွန် ဆာလောင် မွတ်သိပ်နေရကား ဘဲမလေးနှစ်ကောင်ကို ဝါးမစားဘဲ အကောင်လိုက် မျိုချခဲ့သဖြင့် ယခုကဲ့သို့ အသက်မသေဘဲ ရှိနေကြခြင်း ဖြစ်သည်။

ဘဲမလေးနှစ်ကောင်သည် နောင်တရသွားသည်။ သူတို့၏ ညီမထွေး ဘဲမလေးအား သူတို့၏အမှားကို ဝန်ချ တောင်းပန်သည်။ "နောင်အခါ တစ်ကိုယ်ကောင်းဆန်သော အမှုကို လုံးဝမပြုတော့ပါ" ဟူ၍လည်း ကတိပေးသည်။ စိတ်ထားမြင့်မြတ်သော ညီမထွေးလေးကလည်း အစ်မကြီးများကို အပြစ်မယူ၊ ခွင့်လွှတ်သည်။ သူ့အိမ်တွင် အစ်မများကို ခေါ်ထားသည်။ ဤသို့ဖြင့် ဘဲမလေးသုံးကောင်သည် တစ်ကောင်နှင့်တစ်ကောင် ချစ်ခင်စွာဖြင့် အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်သွားကြလေသည်။

(အီတလီပုံပြင်)

◆

ခင်ရီဝင်း

www.burmeseclassic.com